

7Day Daily သတင်းစာ ဝိုင်းတော်သားများက တင်ဆက်ထားသော အထူးအချပ်ပို ၁၆ မျက်နှာကို မေတ္တာလက်ဆောင် ထည့်သွင်းပေးထားပါသည်

၇ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
http://www.7daynewsjournal.com

အတွဲ(၁၂)၊ အမှတ်(၂၆) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၅ ခုနှစ်၊ ဝါခေါင်လကွယ်နေ့ ၊ ဗုဒ္ဓဟူး ၊ (စက်တင်ဘာ ၄ ၊ ၂၀၁၃)

TRI
LIVES BRILLIANTLY

# ပုဒ်မ ၁၈ ဂယက်

**အောင်ခိုင်**

'ပုဒ်မ ၁၈ အလိုမရှိ၊ မတရားဖမ်းဆီးချုပ်နှောင်ထားသူများ လွှတ်ပေးရေးတို့အရေး၊ တရားဥပဒေစိုးမိုးရေး . . တို့အရေး'

မိုးသည်းထန်စွာ ရွာသွန်းနေသော်လည်း လူတစ်စုကမူ ဆူးလေစေတီတော်ဘက်သို့လမ်းလျှောက်ချီတက်ဆန္ဒဖော်ထုတ်နေကြသည်။

ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်ဥပဒေပုဒ်မ ၁၈ လုံးဝပယ်ဖျက်ရန် စမ်းချောင်းမြို့နယ်မှ ကျောက်တံတားမြို့နယ်ထိ ခုနစ်မြို့နယ် လမ်းလျှောက်ချီတက်တောင်းဆိုနေကြခြင်းဖြစ်သည်။ လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူများက ယင်းဥပဒေသည်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်နေပြီး နိုင်ငံသားတို့ရပိုင်ခွင့်များကို ဖိနှိပ်ထားသဖြင့် ကန့်ကွက်ရခြင်းဖြစ်သည်ဟုဆိုသည်။

အချပ်ပို(၂)သို့




ပုဒ်မ(၁၈)ဖြင့်အမှုဖွင့်ခံထားရသူများက ဩဂုတ် ၂၇ရက်တွင် ပုဒ်မ(၁၈)ကိုဖျက်သိမ်းပေးရန် ရန်ကုန်မြို့တွင် ဆန္ဒပြနေစဉ် ဓာတ်ပုံ-ကျော်ဇင်သန်း

# ဘာကြောင့် ဝမ်းနိုင်းနိုင်း အလုပ်မဖြစ်သလဲ

**အောင်ခိုင်၊ရဲနောင်**

"လိုအပ်တဲ့ အကူအညီအတွက် အကောင်းဆုံးကူညီနေပါတယ်။ မင်းအနေနဲ့ တိကျတဲ့ညွှန်ကြားချက်တွေလိုက်နာဖို့လိုတယ်နော်။ ရဲတပ်ဖွဲ့က ငါးမိနစ်အတွင်း မင်းဆီရောက်လာလိမ့်မယ်"

လူသတ်သမားတစ်ယောက်၏ ပစ်မှတ်ထားခံနေရသူက သွေးပျက်ချောက်ချားစွာဖြင့် ၉၁၁ အရေးပေါ်ဌာနသို့ ဖုန်းဖြင့်အကူအညီတောင်းခံနေမှုကို တာဝန်ကျရဲအရာရှိက ဂရုတစိုက် လက်ခံဖြေရှင်းနေသည်။ The Call ရုပ်ရှင်ဇာတ်လမ်းတွင် နာမည်ကျော် သရုပ်ဆောင်မင်းသမီး ဟယ်လီဘယ်ရီက အရေးပေါ်ဌာန တာဝန်ကျရဲဝန်ထမ်းအဖြစ် ဖုန်းလက်ခံဖြေနေသော ဇာတ်ဝင်ခန်းသာဖြစ်သည်။

နိုင်ငံသားများတွင် အသက်အိုးအိမ်စည်းစိမ်တို့ နှောင့်ယှက်ဖျက်ဆီးခံရမှုအခြေအနေများကြုံတွေ့လာလျှင်ပြည်သူ့ဝန်ထမ်းဖြစ်သော ရဲဌာနများအနေဖြင့်လိုအပ်သော အကူအညီများပေးနိုင်ရန်အတွက် ဂဏန်းသုံးလုံးထက် မပို၍ အရေးပေါ်ခေါ်ဆိုနိုင်သည့် ဖုန်းနံပါတ်တစ်ခုပုံသေထားလေ့ရှိသည်။ မြန်မာနိုင်ငံတွင်မူ ၁၉၉ (ဝမ်းနိုင်းနိုင်း)ဟုခေါ်ပါသည်။

သို့သော်လည်း မြန်မာနိုင်ငံတွင်အရေးပေါ်အကူအညီလိုအပ်နေသော ပြည်သူများက ၁၉၉သို့ခေါ်ဆိုရာ၌ဆက်သွယ်၍မရခြင်း၊ ဖုန်းမကိုင်ခြင်းတို့နှင့်သာအများစုကြုံတွေ့နေရပါသည်။ ထို့ကြောင့် ပင်အရေးပေါ်နံပါတ်၁၉၉အပေါ် ပြည်သူများအားထားယုံကြည်ရမှုကို မေးခွန်းထုတ်ရန်အခြေအနေဖြစ်လာသည်။

"ပြီးခဲ့တဲ့ တစ်လကျော်လောက်က ပုဇွန်တောင်ဘက်မှာ ညဘက်အိမ်ပြန်ရင်းနောက်မှာလူနှစ်ယောက် လိုက်လာတာတွေ့တယ်။ လူကလည်းအရမ်းရှင်းနေတယ်။ ဒါနဲ့ ဝမ်းနိုင်းနိုင်းကိုဖုန်းဆက်တာလုံးဝမဝင်ဘူး။ ကြောက်ကြောက်နဲ့ ကားဂိတ်ရောက်အောင်အမြန်သွားလိုက်ရတယ်" ဟုအသက်၃၂နှစ်အရွယ်အိမ်တွင်းအလှပြင်ဆင်သူ ကိုကျော်သူက အရေးပေါ် ဖုန်းခေါ်ဆိုရာတွင်ကြုံတွေ့ရမှုကိုပြန်ပြောင်းပြောပြသည်။

စာ(၈)သို့

အင်တာဗျူး

## 'တရားဥပဒေ စိုးမိုးရေးအပိုင်းကို ပြန်ကြည့်ရင် အားလုံးလိုက်နာမှ ဖြစ်တာ'

ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်နှင့် တွေ့ဆုံခြင်း

စာ(၂၀)သို့



## အရိုးစွဲနေတဲ့ မှောင်ခိုကုန်သွယ်ရေး တိုက်ဖျက်ရာဝယ်

ဆောင်းပါးအပြည့်အစုံ-စာ(၃)သို့

## အတိတ်မှာ နေကြသူများ



ဆောင်းပါးအပြည့်အစုံ-စာ(၇)သို့



7DAY NEWS JOURNAL
Vol.12, No.26 • SEPTEMBER 4 , 2013

# တပ်သိမ်းမြေများပြန်ပေးရာတွင် မသမာမှုမရှိစေရန် လယ်ယာမြေ စုံစမ်းရေးကော်မရှင် စောင့်ကြည့်မည်

**ထွန်းနိုင်**

**ရန်ကုန်၊ စက်တင်ဘာ-၁**

တပ်မတော်မှ သိမ်းဆည်းလယ်ယာမြေများကို တောင်သူလယ်သမားများထံ ပြန်လည်ပေးအပ်ရာတွင် မသမာမှုများ မရှိစေရေးအတွက် လေ့လာစောင့်ကြည့်မှုများပြုလုပ်သွားမည်ဖြစ်ကြောင်း လယ်ယာမြေစုံစမ်းစစ်ဆေးရေးကော်မတီအဖွဲ့ဝင်များက ပြောသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၁ ခုမှ တပ်သိမ်းမြေ ဧကလေးသောင်းနီးပါးကို တောင်သူများထံ ပြန်ပေးမည်ဖြစ်ပြီး ထပ်မံပေးနိုင်ရန်လည်း စိစစ်နေကြောင်း ဩဂုတ်လ နောက်ဆုံးပတ်အတွင်းက အစိုးရသတင်းစာများမှ တစ်ဆင့် ထုတ်ပြန်အပြီး စုံစမ်းစစ်ဆေးရေးကော်မတီအဖွဲ့ဝင်များက ယင်းကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

မည်သည့်အချိန်တွင်နောက်ဆုံးထားပြီး ပြန်ပေးမည်ဆိုသည့် အချိန်ကာလသတ်မှတ်ချက်ကို ဖော်ပြထားခြင်းမရှိသည့် အဆိုပါကြေညာချက်ထဲတွင် စွန့်လွှတ်မည့် မြေများအတွက် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့သို့ အပ်နှံသွားမည်ဖြစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့မှ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ စီမံခန့်ခွဲမှုဖြင့် ဒေသခံတောင်သူများသို့


*သီလဝါမှတပ်ပိုင်မြေမကျူးကျော်ရဆိုသောဆိုင်းဘုတ်*
ဓာတ်ပုံ-ကျော်ဇင်သန်း

လုပ်ကိုင်ခွင့်ရရှိရန် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဟု ဖော်ပြထားသည်။

တပ်မတော်မှ ယင်းကဲ့သို့ ပြန်လည်ပေးအပ်မည့် မြေများအတွက် အမှန်တကယ် နစ်နာသည့် တောင်သူများ ပြန်လည်ရရှိရန်နှင့်မသမာမှုများ မဖြစ်စေရေးအတွက် စောင့်ကြည့်သွားမည်ဖြစ်ကြောင်း လယ်ယာမြေစုံစမ်းရေးကော်မရှင်တွင် ပါဝင်သည့် ရေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိမြင့်သန်းက ပြောသည်။

"အဲဒါ(ပြန်ပေးမယ့်မြေတွေကိစ္စ) က ကျွန်မတို့ခေါင်းပေါ်ပဲ ရောက်လာမှာပေါ့။ အဆင့်ဆင့် မသမာမှုတွေ မရှိရအောင်တော့ စောင့်ကြည့်မှုတွေ လုပ်မယ်" ဟု ဒေါ်မိမြင့်သန်းက ပြောသည်။

ပြန်လည်ပေးအပ်မည်ဟု ထုတ်ပြန်သည့် မြေများထဲတွင် စစ်ကိုင်းတိုင်းဒေသကြီးက အများဆုံးဖြစ်ပြီး ဧကပေါင်းနှစ်သောင်းနီးပါးရှိသည်။ တပ်မတော်ပိုင်မြေများတွင် အသုံးပြုရန် လိုအပ်ခြင်းမရှိသောမြေများနှင့်ပတ်သက်၍ ထပ်မံစွန့်လွှတ်ပေးနိုင်ရေးအတွက် ဆက်လက်စိစစ်နေကြောင်းလည်း အစိုးရသတင်းစာမှတစ်ဆင့် ထုတ်ပြန်သည်။









# အရှိုးစွဲနေတဲ့ မှောင်ခိုကုန်သွယ်ရေး တိုက်ဖျက်ရာဝယ်

**ပြည်သိမ်း၊ အိမြူလွင်၊ သိမ့်သိမ့်စိုး**

အာဆီယံနိုင်ငံများတွင် မြန်မာနိုင်ငံသည် တရားမဝင်ကုန်သွယ်မှု(မှောင်ခို)အများဆုံးနိုင်ငံတစ်ခုဖြစ်သည်။ ထိုင်း၊ အင်ဒိုနီးရှားနိုင်ငံတို့တွင် ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး(GDP)တွင်ကုန်သွယ်ရေးအပါအဝင် အခွန်မှရငွေပါဝင်မှု ၃၀ ရာခိုင်နှုန်းနီးပါးရှိနေသည်။ သို့သော် မြန်မာနိုင်ငံတွင် အခွန်မှရငွေပါဝင်မှု ၃ ရာခိုင်နှုန်းသာရှိသည်။ နိုင်ငံ့ဝင်ငွေလေလွင့်ဆုံးရှုံးမှုကို ကာကွယ်ရန် တရားမဝင်ကုန်သွယ်မှု တားဆီးရေး၊ ဗဟိုကော်မတီကိုအစိုးရသစ်လက်ထက်တွင် ဖွဲ့စည်းပြီး ကုန်ကွယ်ရေးတွင် စစ်ဆေးဆောင်ရွက်မှုများ ပြုလုပ်နေသည်။

မြန်မာနိုင်ငံ သမိုင်းတစ်လျှောက်တွင် တရားမဝင်ကုန်သွယ်မှု(မှောင်ခို)နှစ်၅၀ကျော်ကြီးစိုးခဲ့သည်။ အတိတ်တစ်ချိန်က မော်လမြိုင်ဈေး၊ စိန်ဂျွန်းဈေးတို့မှာ မှောင်ခိုရောင်းဝယ်မှု ခေတ်စားခဲ့သကဲ့သို့ ယနေ့တွင်လည်း နာမည်ကြီးဈေးများ၊ စူပါမားကက်များ၊ အရောင်းစင်တာအချို့တွင် မှောင်ခိုပစ္စည်းများ စိုးမိုးနေရာယူထားဆဲဖြစ်သည်။



*ရန်ကုန်မြို့ သာကေတဆိပ်ခံတံတားတွင် မှောင်ခိုပစ္စည်းကွန်တိန်နာများအား တွေ့ရစဉ်*

ဓာတ်ပုံ-နစ်ကီ

မှောင်ခိုကုန်သွယ်မှုကို တားဆီးရန် ၂၀၁၂ အောက်တိုဘာလမှစ၍ အဓိကမှောင်ခိုစီးကြောင်းများဖြစ်သော မူဆယ်၊ မြဝတီလမ်းကြောင်းတို့တွင် ရွှေ့လျားစစ်ဆေးရေးအဖွဲ့များနှင့် စစ်ဆေးဆောင်ရွက်နေသည်။ ယခုလပိုင်းအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်ရေးကိုပါ စစ်ဆေးနေပြီဖြစ်သည်။ သို့သော် မှောင်ခိုကုန်သွယ်မှုအားကြီးနေသည့်နိုင်ငံတွင် စစ်ဆေးရေးအဖွဲ့များမှာ ကုန်သည်များနှင့် ညှိနှိုင်း၍ လာဘ်စားမှုများဖြစ်လာနိုင်သည်ဟု လုပ်ငန်းရှင်များနှင့် ပညာရှင်များက ပြောလာကြသည်။

“တားဆီးစစ်ဆေးတာတွေက သမာသမတ်ကျဖို့လိုတယ်။ စစ်တောင်းတွေဆိုရင်တော့မလွယ်”ဘူးဟု စီးပွားရေးပညာရှင်ဦးလှမောင်က ဆိုသည်။

သမ္မတဦးသိန်းစိန် အစိုးရလက်ထက် ကုန်သွယ်ရေးနှင့်ပတ်သက်၍ စစ်ဆေးရေးဂိတ်များ၊ လုပ်ထုံးလုပ်နည်းများစွာ ဖြေလျှော့ပေးခဲ့သည်။ ထို့နောက် ကုန်စည်ကူးသန်းရောင်းဝယ်ရေးတွင် တစ်လပြီးတစ်လ နိုင်ငံတော်မှ အခွန်ငွေရရှိမှုလျော့နည်းလာသည်။ ယင်းကို ပြန်လည်ထိန်းကျောင်းနိုင်ရန် စစ်ဆေးတားဆီးရေးအဖွဲ့များနှင့်ဆောင်ရွက်လိုသော်လည်း ခြစားမှုများ ကြုံတွေ့လာမည်ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က စိုးရိမ်သည်။

တရားမဝင်ကုန်သွယ်မှုတားဆီးရေးကို ဆောင်ရွက်ရာတွင် ဝန်ထမ်းများ လာဘ်ပေးလာဘ်ယူမှုများရှိပါက ကော်မတီသို့တိုင်ကြားနိုင်သည်။ တိုင်ကြားမှုများကိုစုံစမ်းစစ်ဆေးရန် တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းသိမ်းရေးဗဟိုကော်မတီမှ ဖွဲ့စည်းပေးထားသည့် စုံစမ်းစစ်ဆေးရေးကော်မတီက တာဝန်ယူလုပ်ကိုင်သွားမည်ဟု ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က လွှတ်တော်တွင် ပြောကြားသည်။

“ဝန်ထမ်းနဲ့ကုန်သည်တွေအနေနဲ့ မမှန်မကန်ဆောင်ရွက်တာစစ်ဆေးတွေ့ရှိရင် ထိထိရောက်ရောက်အရေးယူဆောင်ရွက်သွားမယ်”ဟု ဦးဝင်းမြင့်က ပြောသည်။

တရားမဝင်ကုန်သွယ်ရေးမရှိစေရန် ဖွင့်လှစ်စစ်ဆေးသောဂိတ်များမှာ အမှန်တကယ်စစ်ဆေးရေးထက် ငွေရရှိရေးကိုသာဦးတည်ဆောင်ရွက်နေသည့်ဂိတ်များဖြစ်လာနိုင်ကြောင်း မြဝတီ-ရန်ကုန်ကုန်တင်ယာဉ်ပြေးဆွဲနေသော လုပ်ငန်းရှင်တစ်ဦးက ပြောလာသည်။

“စစ်ဆေးသူတွေတောင်းကောင်းအောင်တရားဝင်လုပ်ပေးလိုက်သလိုမျိုးပဲ”ဟု မူဆယ်မြို့မှ ဆန်ကုန်သည် ဦးမင်းသိန်းကလည်း သူ့အမြင်ကို ပြောပါသည်။

မှောင်ခိုကုန်သွယ်မှု ပပျောက်ရန် ကုန်သည်များ၏ ကုန်ပစ္စည်းများကို စစ်ဆေးအရေးယူမှုများပြုလုပ်သကဲ့ သို့ ဝန်ထမ်းများ လာဘ်စားမှုများရှိပါကစနစ်တကျစစ်ဆေးပြီး ထောင်ချအရေးယူသင့်ကြောင်း မြဝတီမြို့မှ ကုန်သည်တစ်ဦးက သူ၏အမြင်ကို ပြောသည်။

**စာ(၁၉)သို့**



7 DAY NEWS JOURNAL
Vol.12, No.26 • SEPTEMBER 4 , 2013

## CRIME မှုခင်းသတင်း CORNER

# တာချီလိတ်မြို့တွင် ကျပ်သန်းနှစ်ထောင်ခန့် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိ

**အောင်သစ်လွင်　ရန်ကုန်၊ စက်တင်ဘာ-၁**

ဩဂုတ်၃၁ရက်ညနေက တာချီလိတ်မြို့တွင် တန်ဖိုးကျပ်သန်းနှစ်ထောင်နီးပါးရှိသော စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးနိုင်ခဲ့ကာ အဓိကတရားခံမှာထွက်ပြေးတိမ်းရှောင်နေကြောင်း တာချီလိတ်မြို့ မရဲစခန်းမှသတင်းရရှိသည်။

ကြိုတင်သတင်းပေးချက်ရရှိထားသောကြောင့် တာချီလိတ်မူးယစ်အထူးအဖွဲ့မှအရာရှိများဦးဆောင်၍ မိုင်းဖုန်းကားလမ်း၊ ပါခုတ်ပူးပေါင်းစစ်ဆေးရေးဂိတ်မှ စောင့်ဆိုင်းဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း မြို့မရဲစခန်းမှရဲအရာရှိတစ်ဦးကပြောသည်။

"လွတ်မြောက်နေတဲ့ တရားခံက အခုဖမ်းမိတဲ့သူကို ထိုင်းဘတ်ငွေဆယ်သိန်းပေးပြီး ကယ်ရီလုပ်ခိုင်းတာပါ။ နောက်ဆက်တွဲသံသယရှိသူတွေကိုဖမ်းနိုင်ဖို့စစ်ဆေးနေပါတယ်"ဟု အဆိုပါရဲစခန်းမှ ရဲအရာရှိကပြောသည်။

ဖမ်းဆီးရမိသူမှာ တာချီလိတ်မြို့၊ မိုင်းဖုန်း(ခ)အုပ်စု၊ ဝမ်တုံကျေးရွာနေ အိုက်အွမ်ဆိုသူဖြစ်ပြီး ၎င်းပိုင်ကားနှင့် တန်ဖိုးငွေကျပ်၁,၉၆၈သန်းတန်ဖိုးရှိ　စိတ်ကြွရူးသွပ်ဆေးပြား ၉ဒသမ ၈သိန်းပြားကို သယ်ဆောင်လာခြင်းဖြစ်သည်။ ၎င်း၏ နေအိမ်မှ မြန်မာကျပ်ငွေသိန်း ၂၆၀နီးပါးရှိ အမေရိကန်ဒေါ်လာ ၂၆,၈၀၀ ကိုလည်းသိမ်းဆည်းနိုင်ခဲ့ကြောင်းသတင်းရရှိသည်။

စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသော အိုက်အွမ်ကိုတာချီလိတ်မြို့မရဲစခန်းတွင် ထိန်းသိမ်းထားပြီး အဓိကတရားခံဖြစ်သူ မိုင်းကိုးကျေးရွာအုပ်စု၊ စီဝမ်းရွာနေ အိုက်စံဆိုသူကိုစုံစမ်းရှာဖွေနေကာ၎င်းတို့နှစ်ဦးကိုပြစ်မှုပုဒ်မ၁၅/၁၉(က)/၂၀(က)/၂၁ဖြင့်အမှုဖွင့်အရေးယူထားကြောင်းသိရသည်။

# ဆီးဂိမ်းတွင် နေပြည်တော်ဟိုတယ်များ အားကစားသမားနှင့် ဧည့်သည်များ သတင်းပို့ပြီးမှသာ နေရာချထားပေးရန် ညွှန်ကြား

**ခန့်ထက်**

**ရန်ကုန်၊ စက်တင်ဘာ-၁**

ဆီးဂိမ်းပြိုင်ပွဲကာလအတွင်း နေပြည်တော်ဇုန်ရှိဟိုတယ်များတွင် တည်းခိုသော အားကစားသမားများနှင့်ဧည့်သည်များကိုဟိုတယ်များအနေဖြင့် မိမိတို့ အစီအစဉ်ဖြင့် တည်းခိုရန် အခန်းနေရာချထားခြင်းလုံးဝမပြုလုပ်ရန်ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြောသည်။



*နေပြည်တော်ရှိ အဆင့်မြင့်ဟိုတယ်တစ်လုံး*

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ပြိုင်ပွဲကာလအတွင်း တည်းခိုမည့် နိုင်ငံခြားသားဧည့်သည်များကိုနေရာချထားခြင်းကိုတည်းခိုရေးနှင့်အစားအသောက်ဧည့်ခံကျွေးမွေးရေးကော်မတီနှင့်ပြိုင်ပွဲကျင်းပရေးကော်မတီသို့တင်ပြပြီးယင်းကော်မတီ၏ အစီအစဉ်ဖြင့်နေရာချထားမှုကို ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က ပြောသည်။

"ဟိုတယ်အခန်းခနှုန်းထားတွေကိုလည်း သတ်မှတ်နှုန်းထားအတိုင်းသာ တောင်းခံရမယ်။ မိမိတို့ဟိုတယ်အစီအစဉ်နဲ့ အခန်းခတွေကို တိုးပြီးတောင်းခံတာ မပြုကြပါနဲ့"ဟု ပြည်ထောင်စုဝန်ကြီးက ဩဂုတ် ၃၁ ရက်က နေပြည်တော်ဟိုတယ်ဇုန်ရှိ ဟိုတယ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံစဉ်ပြောခဲ့သည်။

ပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားသမားများ၊ အသင်းအုပ်ချုပ်သူများအား အားကစားရွာတွင် နေရာချထားပေးမည်ဖြစ်ပြီး အချို့အားကစားသမားများနှင့် ဒိုင်များ၊ မီဒီယာများ၊ ကြည့်ရှုမည့်သူများအား နေပြည်တော်ဟိုတယ်ဇုန်တွင် နေရာချထားပေးမည်ဖြစ်ရာ စုစုပေါင်းတည်းခိုမည့်သူ ၃၇၀၀ ခန့်ရှိနိုင်ကြောင်း ဟိုတယ်/ခရီးဝန်ကြီးဌာနက ခန့်မှန်းထားသည်။

နေပြည်တော်ဟိုတယ်ဇုန်၌ လိုင်စင်ချထားပြီး အလုံးရေနှင့် အခန်းအရေအတွက် ၂,၅၃၇ ခန်း ရှိနေပြီး ဆီးဂိမ်းအမီ နောက်ထပ် ဟိုတယ် ၁၃ လုံးဖွင့်လှစ်နိုင်မည်ဖြစ်ရာ အခန်းအရေအတွက် ၄,၂၈၆ ခန်းအထိ ရှိလာမည်ဖြစ်ကြောင်း ဟိုတယ်/ခရီးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

လာရောက်တည်းခိုမည့် အားကစားသမားများ၊ ပြည်ပမီဒီယာသမားများ၊ နိုင်ငံခြားသားဧည့်သည်များသည် အားကစားဝန်ကြီးသို့ အောက်တိုဘာ ၃၀ ရက် နောက်ဆုံးထားပြီး စာရင်းပေးပို့ရမည်ဖြစ်ကြောင်း ဦးခင်အောင်ထွန်းက ပြောသည်။



Life
7DAY NEWS JOURNAL
Vol.12, No.26 • SEPTEMBER 4 , 2013

# ကြိုက်ဈေးကိုက်ဈေး ရင်လေးတယ်

စိုးဘားနိုင်

ကျွန်တော်ထိုင်နေသည့်စားပွဲနှင့်ကပ်လျက်တွင် လက်ဖက်ရည်ဆိုင်ပိုင်ရှင် ထိုင်လျက်ရှိပြီး သူ့စားပွဲတွင် လူသုံးယောက်က ပလတ်စတစ်အိတ်ကလေးတွေဖြင့် ထည့်ထားသည့် အဖြူမှုန့်ကလေးတွေကို တစ်ထုပ်ချင်း ကိုင်ပြကာ စကားပြောလျက်ရှိလေသည်။

"ဒီကောင်ကတော့ တစ်ဆယ်သားကို နှစ်သောင်းကျော်လောက်ကျတယ်။ ကွာလတီပိုကောင်းတာပေါ့။ ဆိုင်မှာ ကွာလတီကောင်းတာသုံးချင်ရင်တော့ ဒီကောင်နဲ့ ပိုကိုက်တယ်။ ဒီကောင့်လောက် မသုံးချင်ဘူးဆိုရင်တော့ ဒီကောင်လေးကို သုံးလို့ရတယ်။ ဒီကောင်လေးကတော့ တစ်ဆယ်သားတစ်သောင်းခုနစ်ထောင်လောက်ပေးရမယ်။ ဒါကို မသုံးနိုင်သေးဘူးဆိုရင် ဟောဒါတော့ တစ်သောင်းကျော်ရုံလေးပဲ။ တစ်သောင်းအောက် သုံးမယ်ဆိုရင်လည်း ဒါလေးကို သုံးနိုင်တာပေါ့။ ခုနစ်ထောင်၊ ရှစ်ထောင်လောက်ပဲ သုံးချင်ရင်လည်း မှာပေးလို့ရတယ်။ ကိုက်မယ့်ဈေး၊ ကြိုက်တဲ့ဈေးပြောပါ။ ကျွန်တော်တို့ စီစဉ်ပေးလို့ရပါတယ်"




စားပွဲချင်းကပ်နေသဖြင့် သူပြောနေသည့် စကားကို အတိုင်းသားကြားရသလို သူပြနေတာတွေကိုလည်း ထင်ထင်လင်းလင်းမြင်နေရသည်။ နို့မှုန့်ထုပ်များကို ပြကာ စပ်ဟပ်နေခြင်းဖြစ်သည်။ ဆိုင်ရှင်ကလည်း သူပြတာတွေကို တစ်ထုပ်ချင်းယူကြည့်နေသည်။ ကျွန်တော့်ဘက်လှည့်ကြည့်ရင်းလည်း ပြုံးပြလိုက်သည်။ ဆိုင်ရှင်ပြုံးပြလိုက်သည့် ကျွန်တော့်ဘက်ကို နို့မှုန့်လာပြသူက လှမ်းကြည့်ပြီး ပြုံးပြသည်။ ကျွန်တော်ကလည်း ပြုံးပြလိုက်သည်။ ကျွန်တော်တို့ အားလုံး ပြုံးကြသည်။ အဓိပ္ပာယ်ကတော့ မတူကြပေ။

နို့မှုန့်လာစပ်သူကတော့ စကားတွေကိုဆက်ပြောနေသည်။ လက်ဖက်ရည်ဆိုင်တွင် သုံးရန်သာမဟုတ်၊ မုန့်ထုတ်လုပ်သူတွေကိုလည်းသူတို့ကသွင်းနေရကြောင်း၊ ကိုက်မည့်ဈေးကို ညှိနှိုင်း ဆောင်ရွက်ပေး၍ ရကြောင်း၊ အမှတ်တံဆိပ်ဆိုတာက ကြိုက်တာတပ်၍ရကြောင်း၊ သူတို့နို့မှုန့်ကတော့ အမှတ်တံဆိပ်တွေတပ်မနေကြောင်း၊ ဖောက်သည်ကိုလိုအပ်သလိုဆောင်ရွက်ပေးနိုင်ကြောင်း ရောနှောပြီး ပါကင်ပိတ် တံဆိပ်တပ်ရောင်းသူတွေကိုလည်းသူတို့က သွင်းပေးရကြောင်း၊ ဖောက်သည်လိုချင်သည့် ကြိုက်ဈေးအတိုင်း မှာပေး၍ ရကြောင်းစသည်ဖြင့်ပြောနေသည်။

သူပြောနေတာတွေကို နားထောင်ရင်း ကျွန်တော့်သူငယ်ချင်းခဲပုံတူရေးတာကို သတိရလာသည်။ ကျွန်တော့်သူငယ်ချင်းက ခဲပုံတူကို တစ်ပုံတစ်သောင်းခွဲယူသည်။ တချို့ကငါးထောင်လောက်ပဲ ပေးချင်ကြသည်။ သူငယ်ချင်းကတော့ ငါးထောင်ပေးလည်း ယူပြီး ရေးပေးသည်။

"ခဲမှုန့်ကလေးတွေနဲ့ ပွတ်ကာပွတ်ကာ ရေးတာပဲ။ ငါးထောင်လောက်ဆို တော်ရောပေါ့တဲ့။ ငါးထောင်တန်လိုချင်ရင်လည်းရတယ်လို့ ပြောလိုက်တယ်။ ဒါပေမဲ့ တစ်ခုတော့ရှိတယ်။ ကျွန်တော့်နာမည်ဆိုင်းတော့ မထိုးပေးနိုင်ဘူးလို့။ စာရွက်က ဘယ်လောက်ပဲကျတာ၊ ခဲမှုန့်က ဘယ်လောက်ပဲကျတာ။ အားလုံးပေါင်းမှ တစ်ထောင်ဖိုးလောက်ပဲရှိတာလို့တွက်ပြကြသေးတာကွ။ ဆိုင်းလေးထိုးတာ ဘယ်လောက်ကုန်လို့လဲ ဆိုတာ ရှိသေးတယ်"

တချို့ကျတော့ ပုံတူရင်ပြီးရော ဆိုင်းမပါလည်းရတယ်ဟုဆိုကာ ငါးထောင်ဖြင့် အပ်သွားကြသည်။ တချို့ကျတော့ တာရှည်ခံအောင်လုပ်ပေးပါ။ ဆိုင်းပါဖို့လိုတယ်ဟုဆိုကာ တစ်သောင်းခွဲပေးသွားကြသည်။

**စာမျက်နှာ(၆)သို့**



7DAY NEWS JOURNAL
Vol.12, No.26 • SEPTEMBER 4 , 2013

စာမျက်နှာ (၅)မှ

## ကြိုက်ဈေးကိုက်ဈေး ရင်လေးတယ်

ပုံတူကို ဖောက်သည်လိုချင်သည့် ဈေးဖြင့်ရေးပေးသော သူငယ်ချင်းကို ကျွန်တော်တို့က ဝိုင်းနောက်ခဲ့ကြသည်။

ယခုနို့မှုန့်လာစပ်သူကလည်း ကျွန်တော့်သူငယ်ချင်းလိုပင်လိုချင်သည့်ဈေး၊ ကိုက်သည့်ဈေးဖြင့် ရအောင် သူတို့ဆောင်ရွက်ပေးနိုင်သည်ဟုဆိုနေသည်။ သူတို့ပြန်သွားတော့ ဆိုင်ရှင်က ကျွန်တော့်စားပွဲကိုကူးလာပြီး စောစောက နို့မှုန့်လာစပ်သူအကြောင်းကိုလာပြောပြနေသည်။ တစ်ဖက်နိုင်ငံကနေ အိတ်ကြီးများဖြင့်ဝင်လာသော နို့မှုန့်တွေကို မုန့်ထုတ်လုပ်ရာတွင် သုံးရန်အတွက်လိုက်စပ်ဟပ်နေခြင်းဖြစ်သည်။

လက်ရှိမန္တလေးတွင် ပေါက်နေသည့် နွားနို့ဈေးနှုန်းက တစ်ပိဿာကို ၁၂၀၀ ကျပ် အနည်းဆုံးပေးရသည်။ နို့မှုန့်တစ်ပိဿာရဖို့ နွားနို့ ၁၀ ပိဿာအနည်းဆုံး လိုအပ်သည်ဟု ဆိုသည်။ နို့မှုန့် တစ်ပိဿာ၏ ဈေးသည်တစ်သောင်းနှစ်ထောင်လောက်ရှိသည်။ ထုတ်လုပ်မှုစရိတ်၊ သယ်ယူပို့ဆောင်မှုစရိတ်တွေ ထပ်ပေါင်းလိုက်လျှင် တစ်သောင်းသုံးထောင်လောက်ရှိနေသည်။ ပြည်တွင်းမှာပင် တစ်သောင်းသုံးထောင်လောက် ကျသင့်နေသည့် နို့မှုန့်တစ်ပိဿာကို ပြည်ပကနေ ခြောက်ထောင်၊ ခုနစ်ထောင်နှင့် မှာယူရောင်းချပေးနိုင်သည်ဟူသော နို့မှုန့်သည် ဘယ်လိုနို့မှုန့်မျိုးဖြစ်နိုင်မလဲဟု သူက ကျွန်တော့်ကို မေးခွန်းလာထုတ်နေသည်။ ပြည်ပကနေ လမ်းပေါင်းစုံက ဝင်ရောက်လာမည့် ထိုနို့မှုန့် သယ်ယူပို့ဆောင်စရိတ်တွေကိုလည်း သူက ခန့်မှန်းခိုင်းနေသည်။

"သူတို့ဆီမှာ နွားနို့ကပဲ ပေါပေါလောလော ရနေတာလား။ ဘာတွေထည့်ပြီး ဘာတွေရောထားလို့ဈေးပေါပေါရောင်းနိုင်တာလဲ။ အရသာကို လေးလေးပင်ပင်ရချင်သလား၊ သဘာဝနွားနို့နံ့ကို လှိုင်လှိုင်ရချင်တာလားဆိုတာကလည်းပါသေးတယ်။ ကျွန်တော်ကတော့ နားထောင်ရင်းနဲ့ ကြက်သီးတောင်ထတယ်ဗျာ။ သူတို့ရထားတဲ့ဖောက်သည်တွေကလည်း နည်းတာမဟုတ်ဘူး။ ဟုတ်လား၊ မဟုတ်လားတော့ မသိဘူးပေါ့"

သူ့ဆိုင်တွင်နို့မှုန့်သုံး၍ ထုတ်လုပ်ရသော မုန့်တွေ သိပ်များများစားစားမရှိ၍ ငြင်းလိုက်သည်ဟု သူက ဆိုသည်။ နို့မှုန့်အကြောင်းပြောရာကနေ အချိုခြောက် အကြောင်း ရောက်သွားသည်။ လက်ဖက်ရည်ကြမ်းထဲ ထည့်ခတ်သည့် လက်ဖက်ခြောက်ရော၊ လက်ဖက်ရည်ဖျော်သည့် အချိုခြောက်ရော၊ နို့မှုန့်လိုပင် စိတ်ကြိုက်ဈေးနှင့် ဝယ်၍ရသည်ဟု ဆိုသည်။ အချို့အချိုခြောက်တွေဆိုလျှင် တံဆိပ်ကပ်ပြီး ရောက်လာသော်လည်း တံဆိပ်မပါသည့်အချိုခြောက်တွေလည်း ဖောခြင်းသောခြင်း ရနေသည်ဟု ဆိုသည်။

"အရင်တုန်းကတော့ တရုတ်က အချိုခြောက်တွေ သိပ်မဝင်ဘူးဗျ။ အခါးခြောက်ပဲ ဝင်တာ။ အခါးခြောက်တောင်မှပြုပြင်ထားတဲ့ဆေးဖက်ဝင်တယ်ဆိုတဲ့ အခါးခြောက်တွေဝင်တာ။ ဈေးလည်း ကောင်းတယ်။ ပါကင်လည်းကောင်းတယ်။ ဘလောက်တုံးတွေလည်းဝင်တယ်။ ခုနောက်ပိုင်းကျတော့ အချိုခြောက်ရော၊ ဈေးပေါတဲ့ အခါးခြောက်တွေရော ဝင်လာတယ်။

ပြည်တွင်းကထုတ်လုပ်သည့် အချိုခြောက်တွေက လက်ဖက်ရည်နှပ်ထားတာ ကြာလျှင် အရောင်က မည်းလိုက်လာသည်ဟု ဆိုသည်။ တရုတ်ပြည်က ဝင်လာသည့် အချိုခြောက်တွေကတော့ ဘယ်လောက်ကြာကြာ အရောင်မည်းသွားခြင်းမရှိဘဲ အရောင်က မြဲနေသည်ဟု ဆိုသည်။

ပယင်းရောင်မြဲနေသော လက်ဖက်အချိုခြောက်၊ အခါးခြောက်တွေကို သုံးစွဲသူတွေ များလာသဖြင့် တရုတ်အချိုခြောက်သည် ဈေးကွက်ထဲတွင် နေရာတဖြည်းဖြည်းရလာပြီး ပြည်တွင်း အချိုခြောက်ဈေးကွက်ကို ဝါးမျိုလာနိုင်ပြီဟုသူကတွက်ပြသည်။ သူပြောပြတာတွေနှင့်ဆက်စပ်ပြီးပလောင်လက်ဖက်တောင်သူတွေ ပြောပြတာကို ကြားယောင်လာသည်။

ပလောင်လက်ဖက်တောင်သူများမှာ ယင်းတို့စိုက်ပျိုးထားသည့် လက်ဖက်၏ ၇၀ ရာခိုင်နှုန်းကို အချိုခြောက်အဖြစ် ထုတ်လုပ်ပြီး လက်ဖက်စိုနှင့် အခါးခြောက်ကိုတော့ ၃၀ ရာခိုင်နှုန်းပဲထုတ်လုပ်ခဲ့ကြသည်ဟု ဆိုသည်။ ၂၀၁၀ နောက်ပိုင်းကစ၍ အချိုခြောက်ရောင်းအားကျလာသဖြင့် ၅၀ ရာခိုင်နှုန်းလောက် ထုတ်တာကိုပင် တစ်နှစ်တာလုံး ရောင်း၍ မကုန်ဘဲ နောက်ပိုင်းတွင် အခါးခြောက်နှင့် လက်ဖက်အစိုကိုပို၍ထုတ်လုပ်လာကြရပြီးထုတ်လုပ်သလောက်ကိုဈေးကွက်ကမဖြုန်းနိုင်သဖြင့် လျှော့ထုတ်လာကြရသည်ဟု ဆိုသည်။

"ကျွန်တော်တို့ရဲ့အချိုခြောက်ဈေးကွက်ကို တရုတ်အချိုခြောက်တွေက ဖဲ့သိမ်းသွားပြီ။ ဈေးကလည်း သက်သာတယ်။ ကျွန်တော်တို့အချိုခြောက်တွေလိုလည်းမည်းမသွားဘူးတဲ့။ ဝင်လာတာကလည်း လမ်းပေါင်းစုံကနေ ဝင်နေတာ။ အရောင်မပြောင်းအောင် သူတို့ဘယ်လိုလုပ်ထားသလဲတော့ မသိဘူး။ ဈေးကလည်း အစားစားပဲ။ အနံ့ကလည်းအမျိုးမျိုးပဲ။ ကျွန်တော်တို့ကတော့သဘာဝကပေးသလောက်ပဲ ရတာလေ"

ကြိုက်ဈေးကိုက်ဈေးတွေနှင့် ရနေသော နို့မှုန့်နှင့် လက်ဖက်အချိုခြောက်တွေအကြောင်း နားထောင်ရင်း ကျွန်တော်တို့စားသုံးနေသော နို့မှုန့်တွေ၊ သောက်နေကြသည့်လက်ဖက်ရည်တွေသဘာဝနှင့် ဘယ်လောက်တိမ်းစောင်းနေကြလေပြီလဲဟုတွေးနေမိသည်။ သဘာဝနှင့်တိမ်းနေရုံဖြင့် ပြီးလေပြီလား။ ကျွန်တော် ကြက်သီးထလာသည်။ ပေါချောင်ကောင်းဟူသောစကားကိုကျွန်တော်တို့မကြာမကြာကြားနေရပါသည်။ ပေါတာချောင်တာ ကောင်းပါသည်။ တကယ်ကောင်းတာကော ဟုတ်ရဲ့လား။ ဘယ်လိုကောင်းနေတာလဲ။ ကောင်းတာက ရိုးရိုးကောင်းတာလား။ ဆန်းဆန်းကောင်းတာလား။ ကောင်းတာတွေက ဘေးထွက်ဆိုးကျိုး ကင်းရဲ့လား။ ကြိုက်ဈေးကိုက်ဈေးဆိုတာကကော ဘယ်သူ့အတွက်ဖြစ်မလဲ။ ကြက်သီးထရုံသာမကတော့ဘဲ ထိတ်လန့်တုန်လှုပ်လာသည်။ ဖွဟဲ့ လွဲပါစေ လောက်နဲ့ ပြီးရတော့လေမလား။



### ဒိုလီလေး ချက်ကြရအောင်

ဝိုက်ဖီ

## မျှစ်စပ်ဟင်းလျာ

ဒီတစ်ပတ်ဝိုက်ဖီကမျှစ်စပ်ဟင်း လေးတစ်ခွက်ချက်ထားပါတယ်။ ဒီဟင်းချက်ဖို့အတွက် မျှစ်စပ်ကို ခပ်ပါးပါးလေးတွေလှီးပြီး တစ်ည ရေစိမ်ထားပါမယ်။ မနက်ကျမှ ပြုတ်ပါ။

ပြုတ်ပြီးသားမျှစ်စပ်တွေကို ဆယ်ပြီးရင် ငါးပိမန်ကျည်းစေ့ခန့်၊ ကြက်သားမှုန့်၊ ကိုင်းခရမ်းချဉ်သီးတစ်လုံး(လက်နဲ့ညှစ်ပြီး ထည့်လိုက်ရုံ)၊ ဆီအနည်းငယ်ထည့်တည်ပါတယ်။ ဆီပြန်လာသည့်အထိ မွှေပြီးတည်ထားပါ။ ဆီပြန်လာတော့မှ ငရုတ်သီးစိမ်းအခြမ်းလေးတွေအုပ်လိုက်ပါ။ ငရုတ်သီးစိမ်းနံ့လေးမွှေးပြီး နံ့သွားပြီဆိုမှ နောက်ဆုံးမှာ ပင်စိမ်းအုပ်ပြီး ချလိုက်ပါမယ်။

မျှစ်စပ်ကိုပုံမှန်တော့ကြက်သားလေးနဲ့ ကြော်ချက်လေးချက်ပြီး ကင်းပုံညွန့်ဒါမှမဟုတ် ဂေါ် ရခါးညွန့်လေးထည့်ပြီးချက်ကြလေ့ရှိပါတယ်။ ခုဝိုက်ဖီရေးထားတဲ့ ချက်နည်းသစ်လေးကိုလည်း မြည့်စမ်းကြည့်ကြပါဦး။






# အတိတ်မှာနေကြသူများ

ငြိမ်းချမ်း

အသက် (၅၇)နှစ်အရွယ် တောင်းရမ်း၍ ရလာသော ဒေါ်သန်းမြင့် တစ်ယောက် ပိုက်ဆံခပ်နွမ်းနွမ်းများကို ရေတွက်နေသည်။ ၎င်း၏ဘေးနားတွင် အသက်(၇)နှစ်အရွယ်မြေးယောက်ျားလေးတစ်ဦးကတော့ မုန့်ဆီကြော်ကို အားရပါးရစားနေသည်။ ရရှိလာသော ပိုက်ဆံများနှင့်မုန့်ဆီကြော်များကတော့ ဂန့်ဂါရွာဘုရားပွဲတွင် တောင်းရမ်းရာမှ ရရှိခဲ့ခြင်းဖြစ်သည်။

သမိုင်းဆရာတို့က သူတို့ကို ဘုရားကျွန်ဟုဆိုကြပြီး သူဖုန်းစားများကတော့ သူတို့မှာ မာတင်မျိုးနွယ်စုမှ ဆင်းသက်လာသူများဟု ယုံကြည်နေကြပြီး သူတို့ထဲမှအချို့မှာလက်ရှိအချိန်ထိတောင်းရမ်းသူများလည်းရှိနေသေးပါသည်။ ဝါခေါင်လပြည့်ကျော် ၃ ရက်တွင်ကျရောက်သော ပုဂံမြို့တောင်ဘက် ညောင်ဦးမြို့နှင့် ဆယ်မိုင်ခန့်ဝေးသော ဂန့်ဂါရွာဘုရားပွဲတော်တွင် သူတောင်းစားများ နှစ်စဉ်လာရောက်တောင်းခံနေမြဲ။



*ကျေးရွာတစ်ရွာတွင် တောင်းရမ်းနေသော သူဖုန်းစားနှစ်ဦး* ဓာတ်ပုံ-ငြိမ်းချမ်း

"အဆင်ပြေလာရင်တော့ ဒီအလုပ်ကို မလုပ်ချင်တော့ပါဘူး" ဟု ယခုနှစ်ဝါခေါင်လပြည့်ကျော် ၃ရက်တွင် ကျရောက်သည့် ပုဂံ ညောင်ဦးမြို့နယ်၊ ဂန့်ဂါရွာဘုရားပွဲတော်တွင် ငယ်စဉ်ကတည်းက လာရောက်တောင်းရမ်းနေသော မင်္ဂလာသာစည်ရပ်ကွက်မှ သူဖုန်းစားတစ်ဦးဖြစ်သော အသက်(၅၇) နှစ်အရွယ် ဒေါ်သန်းမြင့်က ပြောသည်။ သူဖုန်းစားများအစုနေထိုင်သော ရပ်ကွက်မှာ ညောင်ဦးမြို့ ရွှေစည်းခုံဘုရားအနောက်ဘက်ရှိ မင်္ဂလာသာစည်ရပ်ကွက် ဖြစ်သည်။ လက်ရှိအချိန်တွင်မူ သာမန်လူတန်းစားများလည်း လာရောက်နေထိုင်လျက်ရှိပါသည်။ ထိုရပ်ကွက်တွင်နေထိုင်သော သူဖုန်းစားများမှ ခေတ်ရေစီးကြောင်းအရ ပြောင်းလဲသူများလည်းရှိနေပြီး အချို့မှာဘဝပေးအခြေအနေအရ ပြောင်းလဲမှုမရှိသေးဘဲ တောင်းရမ်းမှု ပြုလုပ်နေဆဲဖြစ်သည်။

အိမ်ထောင်စု ၁၆၂ အိမ်ရှိသော မင်္ဂလာသာစည်ရပ်ကွက်တွင် အိမ်ထောင်စုအများစုသည် တောင်းရမ်းမှုမလုပ်တော့ဘဲ အိမ်ထောင်စု ၃၀ ဝန်းကျင်သာ တောင်းရမ်းမှုများပြုလုပ်နေသည်။ ရွာများတွင် တစ်နှစ်တစ်ခါ ပြုလုပ်သည့် ဘုရားပွဲများ၌သာ တောင်းရမ်းကြလေ့ရှိပါသည်။

ရှေးယခင်ကတည်းက တောင်းရမ်းလာမှုကြောင့် ၎င်းတို့သွားနေကျဘုရားပွဲများသို့ မသွားရောက်ဖြစ်ခဲ့ပါက စိတ်ဝေဒနာရောဂါဖြစ်ခြင်း၊ ကိုယ်လက်အင်္ဂါများမကောင်းခြင်း၊ ခန္ဓာကိုယ်ယားခြင်း စသည်တို့ဖြစ်တတ်သည်ဟု ယခင်က ယုံကြည်ခဲ့ကြသော်လည်း ယခုအချိန်တွင်မူ ထိုအရာများအားလုံးကို လက်ရှိတောင်းရမ်းနေသူများကပင် အယုံကြည်မရှိတော့ပါ။

"သူတောင်းစားမှန်ရင် တိုက်ပုံအင်္ကျီပါရတယ်။ တကယ်လို့မပါရင်လည်း အပေါ်ယံအင်္ကျီလက်ရှည်တော့ ဝတ်ရတယ်။ တောင်းတာက ခုဆိုရှက်စရာလို့မထင်တော့ပါဘူး" ဟု ဆယ်နှစ်ကျော် တောင်းရမ်းလာခဲ့သူ အသက် ၁၉ နှစ်အရွယ်ကိုဇာနည်မောင်ကပြောသည်။

ယခုလို တောင်းလာခဲ့မှုများကြောင့် တောင်းနေကျ ဘုရားပွဲများရောက်၍ မတောင်းရလျှင် စိတ်ကမနေနိုင်ကြောင်း ကိုဇာနည်မောင်ကဆက်လက်ပြောသည်။ သူဖုန်းစားများသည်တောင်းရန်အတွက် ရောက်ရှိသောရွာ၏ ဘုရားတွင်တည်းခိုပြီး ယင်းဘုရား ပရိဝုဏ်ကို ဦးစွာသန့်ရှင်းရေးပြုလုပ်ပေးလေ့ရှိသည်။ ထို့နောက်မှ တောင်းရန်အတွက် ရွာထဲသို့သွားကြသည်။ ရရှိလာသည့် မုန့်များ၊ ထမင်းများကို ဘုရားမှာ ဦးစွာကပ်လေ့ရှိသည်။

မြန်မာနိုင်ငံတွင် မန္တလေး၊ စစ်ကိုင်း၊ မကွေးတိုင်းဒေသကြီးများရှိ ဒေသအချို့တွင် သူဖုန်းစားများရှိသော်လည်း မင်္ဂလာသာစည်ရပ်ကွက်ထဲမှ သူဖုန်းစားများနှင့် ကွာခြားမှုရှိသည်။ မင်္ဂလာသာစည်ရပ်ကွက်မှ သူဖုန်းစားများက ၎င်းတို့တွင် ရှည်လျားသောသမိုင်းကြောင်းရှိပြီး၊ ၎င်းတို့မှာ အစဉ်အလာနှင့်ရိုးရာကို ဆက်လက်ထိန်းသိမ်းသူများဟု ယုံကြည်နေကြသည်။

ဗာရာဏသီပြည်၌ ဖြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် မြို့ပြင်ဘက်မှ ဒွန်းစဏ္ဍား(သူတောင်းစား)ရွာတွင် ဘုရားလောင်းမာတင်(တောင်းရမ်းသောသူ)ကို မွေးဖွားခဲ့သည်ဟု ဗုဒ္ဓဝင်ကျမ်းစာများတွင် ဖော်ပြထားသောပုံတော်စုံနိပါတ်တော်လာ ဇာတ်တော်ငါးရာငါးဆယ်အနှစ်ချုပ်တွင် ရေးသားဖော်ပြထားသည်။ သူတို့က ထိုဘုရားလောင်းမျိုးနွယ်စုမှ ဆင်းသက်လာသည်ဟု မင်္ဂလာသာစည် ရပ်ကွက်နေသူများ ယုံကြည်ခဲ့ခြင်းကြောင့် ယခင်ကတည်းက တောင်းရမ်းလာခဲ့ခြင်းဖြစ်ကြောင်း ယင်းရပ်ကွက်ရှိဒေသခံများကဆိုကြသည်။

**စာမျက်နှာ (၃၂)သို့**



7DAY NEWS JOURNAL
Vol.12, No.26 • SEPTEMBER 4 , 2013

## ၂၀၁၃ စက်တင်ဘာ ၄ မှ ၁၀ ရက်ထိ
## မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်နဲ့ တောင်တရုတ်ပင်လယ်ပြင်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နဲ့ ဘင်္ဂလားပင်လာအော်မှာ အများအားဖြင့် မုတ်သုံလေအားအသင့်အတင့်သာ ရှိနိုင်ပါတယ်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းမှာ လေထုမငြိမ်မသက်ဖြစ်ပေါ်နိုင်ပေမယ့် မုန်တိုင်းဖြစ်ဖို့အလားအလာများ လျော့နည်းနေပါသေးတယ်။ တောင်တရုတ်ပင်လယ်ပြင်မှာ လေထုမငြိမ်မသက်ဖြစ်ပေါ်နိုင်ပါတယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်သာရှိနိုင်ပြီး လှိုင်းအမြင့် ၃ ပေမှ ၄ ပေခန့်ရှိနိုင်ပါတယ်။

**နေ့အပူချိန်များအခြေအနေ**

မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနဲ့ နေပြည်တော်တိုင်းဒေသကြီးတွေမှာ နေ့အပူချိန်များဟာ ၃၃ ဒီဂရီ စင်တီဂရိတ်မှ ၃၇ ဒီဂရီစင်တီဂရိတ်နဲ့ ကျန်ပြည်နယ်နဲ့ တိုင်းဒေသကြီး တွေမှာ ၂၀ ဒီဂရီစင်တီဂရိတ်မှ ၃၁ ဒီဂရီစင်တီဂရိတ်ရှိနိုင်ပါတယ်။

**မိုးတိမ်တောင်အခြေအနေ**

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အထူးသဖြင့် အထက်မြန်မာပြည်ဒေသများတွင် မိုးတိမ်တောင်များဖြစ်ရန် သေချာမှု ၅၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင် နှုန်းအထိ ရှိနိုင်ပါတယ်။

**မိုးရွာသွန်းမှုအခြေအနေ**

တစ်ပြည်လုံးမှာ ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နေနိုင်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊စစ်ကိုင်းတိုင်းဒေသကြီး၊ နေပြည်တော် တိုင်းဒေသကြီးနဲ့ မကွေးတိုင်းဒေသကြီးတို့မှာ နေရာကွက်ကျားနဲ့ ကျန် တစ်ပြည်လုံးတွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် ၃ ရက်မှ ၅ ရက်ခန့် မိုးထစ် ချုန်းရွာသွန်းနိုင်ပါတယ်။ ရွာရန်ရာနှုန်း ၈၀ ရာခိုင်နှုန်းမှ ၁၀၀ ရာခိုင်နှုန်း အထိ ရှိပါတယ်။

**ရေဖုံးလွှမ်းနိုင်မှုအခြေအနေ**

ရခိုင်ပြည်နယ်(ကျောက်ဖြူမြို့နယ်)၊ ပဲခူးတိုင်း (ပဲခူးမြို့နယ်)၊ ရန်ကုန်တိုင်း(မင်္ဂလာဒုံမြို့နယ်)၊ ဧရာဝတီတိုင်း(မအူပင်မြို့နယ်)နဲ့ မွန်ပြည်နယ်(သထုံမြို့နယ်)တို့မှာ ရေဖုံးလွှမ်းမှုအန္တရာယ်အလားအလားမြင့်မားမှုများ ဆက်လက်လျော့ကျလာနိုင်ပါတယ်။ **ဒေါက်တာထွန်းလွင်** (MCCW)

မျက်နှာဖုံးမှ

# ဘာကြောင့်ဝမ်းနိုင်းနိုင်းအလုပ်မဖြစ်သလဲ



"သင့်ပတ်ဝန်းကျင်ထူးခြားမှုရှိပါက ဖုန်းအမှတ် ၁၉၉ သို့ဆက်သွယ်ပါ"

အရေးပေါ်အခြေအနေနှင့် မသက်ာစရာများရင်ဆိုင်ကြုံတွေ့လျှင် ဆက်သွယ်သတင်းပေးပို့၍ အကူအညီတောင်းခံနိုင်ရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့က သတင်းမီဒီယာများတွင် ထည့်သွင်းဖော်ပြထားသော နံပါတ်ဖြစ်သည်။

သို့သော် မန္တလေးမြို့နေကိုအောင်(အမည်လွှဲ)ကလွန်ခဲ့သောရက်ပိုင်းအတွင်း သူ၏အိမ်ရှေ့၌ လူငယ်တစ်စုက အခြားသူတစ်ဦးကို အုပ်စုဖွဲ့အနိုင်ကျင့်ရိုက်နှက်နေသည်ကိုတွေ့ရှိသောကြောင့် အရေးပေါ်ဖုန်းနံပါတ်ဝမ်းနိုင်းနိုင်း (၁၉၉)သို့ခေါ်ဆိုသောအခါဆက်သွယ်၍ မရခဲ့ပါ။

ကမ္ဘာ့နိုင်ငံ အများစုတွင် ပြည်သူများအနေဖြင့်အသက်အိုးအိမ်စည်းစိမ်များခြိမ်းခြောက်ဖျက်ဆီးခံရမှုများ(သို့မဟုတ်)ပတ်ဝန်းကျင်၌ ထူးခြားမှုများရှိပါက ကွန်ပျူတာမြေပုံစနစ်ဖြင့် ထိန်းချုပ်ထားသော အရေးပေါ်ဆက်သွယ်နိုင်မည့် ဖုန်းနံပါတ်ဌာနမှ အထူးလေ့ကျင့်ထားသော ဆက်သွယ်ရေးအရာရှိများက ဆက်သွယ်သူများ၏ ပြဿနာများကိုညွှန်ကြားဖြေရှင်းကြပြီးလိုအပ်ပါက အနီးဆုံးတွင်တာဝန်ထမ်းဆောင်နေသော ရဲဝန်ထမ်းများနှင့် ချိတ်ဆက်၍ အကူအညီပေးလေ့ရှိသည်။ အကယ်၍ အမှုအခင်းဖြစ်ပွားပါက အဆိုပါနေရာသို့ ရဲတပ်ဖွဲ့ဝင်များ အမြန်ဆုံးရောက်ရှိလာမည်ဖြစ်သည်။ အမေရိကန်နိုင်ငံတွင် ၉၁၁၊ ဥရောပနိုင်ငံအများစုတွင် ၁၁၂ နှင့် အခြားနိုင်ငံများတွင်လည်း ၉၉၉၊ ၁၁၉ အစရှိသော အရေးပေါ်ဖုန်းနံပါတ်များကိုအသုံးပြုကြသည်။

မြန်မာနိုင်ငံတွင်မူ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရဲတပ်ဖွဲ့ရုံး၊ ခရိုင်ရဲတပ်ဖွဲ့ရုံးများတွင် ၁၉၉ နံပါတ်များကို တပ်ဆင်ပေးထားသော်လည်း နည်းပညာနှင့် အခြားအခက်အခဲလိုအပ်ချက်များစွာရှိနေသည်။

"နိုင်ငံတကာမှာက ဘယ်နေရာမှာ ဘာဖြစ်တယ်။ ဖုန်းဆက်အကြောင်းကြားရင် ဒီဖုန်းဘယ်ကလာတာလဲ မြေပုံ (GPS)စနစ်နဲ့သွားတာ။ ဒီမှာက အဲဒီလိုမရှိသေးဘူး။ အရေးကြီးမှ ဆက်သွယ်ရေးကတစ်ဆင့်သွားတာ။ လုပ်ပေးနေပေမယ့် အားနည်းချက်က အများကြီးရှိတယ်။ ပြည်သူတွေ မကျေနပ်ဖြစ်တာတွေကတော့ ဖြစ်နေဦးမှာပဲ။ အဓိကက Facility နဲ့ ရန်ပုံငွေအားနည်းမှုပါ"ဟု နေပြည်တော်မှုခင်းရဲတပ်ဖွဲ့မှ အဆင့်မြင့်အရာရှိတစ်ဦးက ကြုံရသည့်အခက်အခဲများကိုရှင်းလင်းပြောဆိုသည်။

၁၉၉ သို့ ခေါ်ဆိုရာတွင်လည်း အချို့သောသူများမှာ အမှန်တကယ်အကူအညီလိုအပ်ခြင်းမရှိဘဲတမင်အနှောင့်အယှက်ပေးလိုသော ရည်ရွယ်ချက်ဖြင့် ခေါ်ဆိုခြင်းမျိုးကို ကြုံတွေ့နေရသည်ဟုတာဝန်ရှိသူများကဎင်းတို့၏အခက်အခဲများကို ရှင်းပြ၏။

"ဥပမာ ဘယ်နားမှာ လူစုလူဝေးရှိတယ်။ ဘာဖြစ်တယ်ဆိုပြီးတော့သွားရင် ဘာမှမတွေ့ရဘူး" ဟု အထက်ပါနေပြည်တော်မှုခင်းရဲတပ်ဖွဲ့အရာရှိက သူ၏အတွေ့အကြုံကို ပြောပြသည်။

ဥပဒေပညာရှင်အချို့ကမူ ရဲတပ်ဖွဲ့သည်တရားဥပဒေစိုးမိုးရေးအတွက် အဓိကတာဝန်ယူဆောင်ရွက်ရသည့်အဖွဲ့ဖြစ်သည်။

ယင်းအတွက်ကြောင့် အမှန်တကယ်အကူအညီလိုအပ်၍ အရေးပေါ်တယ်လီဖုန်းများသို့ ခေါ်ဆိုကြသော ပြည်သူများအားကိုးယုံကြည်အောင် ဆောင်ရွက်သင့်သည်ဟု ထောက်ပြပြောဆိုသည်။

"ကျွန်တော်တစ်ခါမေးဖူးတယ်။ ဖုန်းသရဲတွေကြောင့် မကိုင်တာလို့ပြောတယ်။ ခေတ်မီနေတဲ့ခေတ်ကြီးမှာ ဒီလိုအနှောင့်အယှက်ပေးသူရှိရင် စုံစမ်းအရေးယူပေါ့။ ဒါကြောင့် မကိုင်တာဆိုရင် တကယ်လိုတဲ့ပြည်သူဆက်တာဆို ဘယ်လိုလုပ်မလဲ"ဟု ရှေ့နေဦးခင်ဇော်(မရမ်းကုန်း)ကဆိုသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် အရေးပေါ်ဖုန်းခေါ်ဆိုမှုများအတွက် ၂၄ နာရီအချိန်ပြည့် ဂျူတီချထား၍ မှတ်တမ်းတင်မှုများပြုလုပ်ထားသည်။ ဆက်သွယ်၍ မရခြင်းမှာ ခေါ်ဆိုသော အရေးအတွက်များ၍ ဖုန်းလိုင်းမအားမှုကြောင့်ဖြစ်သည်ဟုဆိုသည်။ အရေးပေါ် ၁၉၉ ဖုန်းသို့ခေါ်ဆိုလျှင် အနီးဆုံးရဲစခန်းရှိ ဖုန်းနှင့် ချိတ်ဆက်ရန် ဆက်သွယ်ထားသောကြောင့် အဆိုပါ ဖုန်းမအားပါက ခေါ်ဆို၍ မရတော့ဟုလည်း တာဝန်ရှိသူများက ရှင်းလင်းပြောဆိုသည်။ ရဲတပ်ဖွဲ့က ဦးစီးထုတ်ဝေသော သတင်းမီဒီယာများအရ လူဦးရေ ခြောက်သန်းခန့်ရှိသော ရန်ကုန်မြို့တွင် တစ်ပတ်လျှင် အရေးပေါ် ၁၉၉ ဖုန်းသို့ ပြည်သူများကမှုခင်းသတင်းပေးပို့မှုမှာ ၁၀ ကြိမ်ခန့်သာရှိသည်။

ထို့အပြင်မြန်မာနိုင်ငံတွင် အချို့ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ၁၉၉ အရေးပေါ်ဖုန်း ကိုဂျီအက်စ်အမ်၊ စီဒီအမ်အေဖုန်းများဖြင့်ခေါ်ဆို၍ မရသောကြောင့် အခြားအရေးပေါ်သုံး Hot- Line များထားပေးသည်ဟုဆိုသည်။

"၁၉၉ကိုတကယ်လို့ခေါ်မရရင် ပြည်သူတွေ စိတ်ပြိုငြင်မှု မယုံကြည်မှုဖြစ်လာမယ်။ ဒီတော့ ဖုန်းအားလုံးခေါ်နိုင်မယ့်ဂျီအက်စ်အမ်တစ်လုံးထိုင်ဖို့ဆက်သွယ်ရေးနဲ့ညှိနှိုင်းထားတယ်"ဟု မုံရွာခရိုင်၊ ရဲတပ်ဖွဲ့မှူးရဲမှူးကြီးတင်ထွန်းက ပြောသည်။

သတင်းနည်းပညာ ကျွမ်းကျင်သူပညာရှင်တစ်ဦးကမူ ယနေ့နည်းပညာနှင့် သီအိုရီများအရယင်းအခက်အခဲမှာ ဖြေရှင်းနိုင်သည်ဟု သုံးသပ်ပြောဆိုသည်။

"သီအိုရီအရ ရနိုင်ပါတယ်။ ဘာမှမခက်ပါဘူး။ တစ်ကမ္ဘာလုံးမှာလည်း အရေးပေါ်ဖုန်းကို အားလုံးကခေါ်လို့ရတယ်။ ဆက်သွယ်ရေးမိုဘိုင်းဌာနကိုတော့ တင်ပြဖို့လိုတယ်"ဟု ဖြေရှင်းနိုင်မည့်နည်းလမ်းကို ရှင်းပြသည်။

"ကူညီပါရစေ၊ ပြည်သူ့လုံခြုံမှုအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အစွမ်းကုန်ဆောင်ရွက်ပါမည်၊ ပြည်သူလူထုမှ ပူးပေါင်းပါဝင်ကူညီကြပါ"။

တရားဥပဒေစိုးမိုးရေးလက်တွဲဆောင်ရွက်ရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှပြည်သူများသို့ အသိပေးဖော်ပြထားသည့် ဆောင်ပုဒ်များပင်ဖြစ်သည်။ ယင်းဆောင်ပုဒ်များအတိုင်း ရဲနှင့်ပြည်သူလက်တွဲ၍ ရပ်ရွာတည်ငြိမ်အေးချမ်းရေး ဆောင်ရွက်နိုင်ရန် ၂၄ နာရီဆက်သွယ်ရနိုင်သည့် အရေးပေါ်တယ်လီဖုန်းလိုင်းများ လိုအပ်ပါသည်။

"အရေးပေါ်ဆိုရင် ဘယ်ကိုဆက်နိုင်မလဲ။ ရေဒီယို၊ မီဒီယာတွေကတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့် အသိပေးဖို့ လိုနေပြီ"ဟု ဦးခင်ဇော်(မရမ်းကုန်း)က ပြောပါသည်။

**TRADEMARK CAUTION NOTICE**

**SOWIND SA,** a company organized under the laws of **SWITZERLAND** carrying on business as Swiss high-end watches and having its principal office at Place Girardet 1, 2301 La Chaux-de-Fonds, Switzerland is the owner and sole proprietor of the following Trademark:-

**GP**
**GIRARD-PERREGAUX**
Reg. No. 4/1407/2013

Used in respect of:-
Horological and chronometric instruments; jewels, jewellery.

Any unauthorised use, imitation, infringements or fraudulent intentions of the above mark will be dealt with according to law.

**Tin Ohnmar Tun &The Law Chambers**
Ph: 0973150632
Email: law_chambers@seasiren.com.mm
(For. IP HUB ASIA PTE LTD, Singapore)
Dated 4.9.2013

3MDG
**The Three Millennium Development Goal Fund**
ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်သုံးမျိုး ရန်ပုံငွေ

**HIV, tuberculosis and malaria**

Call for expressions of interest
**Deadline 20 September 2013**

The Three Millennium Development Goal Fund (3MDG) requests eligible organisations to express their interest to implement activities in three separate disease areas: HIV, TB and malaria.

This is to provide funding support for the period of 2014 onwards.

Further information, eligibility criteria and Expression of Interest forms are available on the 3MDG website, **3mdg.org**

Specific questions can be directed to: info@3mdg.org

# Health

7 DAY NEWS JOURNAL
Vol.12, No.26 • SEPTEMBER 4 , 2013

## HIV၊ တီဘီနှင့် ငှက်ဖျားရောဂါများအတွက် လုပ်ငန်းဆောင်ရွက်မည့်အဖွဲ့များအား SMDG ထောက်ပံ့မည်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဩဂုတ်-၃၁**

HIV၊ တီဘီနှင့် ငှက်ဖျားရောဂါများအတွက် လုပ်ငန်းများဆောင်ရွက်ရန် စိတ်ပါဝင်စားသည့်အဖွဲ့အစည်းများအား ရန်ပုံငွေချထားပေးမည်ဖြစ်ကြောင်း ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက် သုံးမျိုးရန်ပုံငွေ (3MDG)မှသတင်းရရှိသည်။

၂၀၁၄ ခုနှစ်တစ်နှစ်လုံးအတွက် ရန်ပုံငွေထောက်ပံ့ပေးမည်ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်ရန်နေရာဒေသ သတ်မှတ်ထားခြင်းမရှိသော်လည်း ရန်ပုံငွေရရှိသူများအတွက် လုပ်ကိုင်ရမည့်လမ်းညွှန်ချက်များ ချမှတ်ပေးထားကြောင်း သိရသည်။

လမ်းညွှန်ချက်များတွင် ခုခံကျကာလသားရောဂါနှင့် ပတ်သက်၍ အန္တရာယ်လျော့ချရေးလုပ်ငန်းများအပြင် မက်သဒုန်းကုသမှုဆိုင်ရာလုပ်ငန်းများ ပြုလုပ်ရမည်ဖြစ်သည်။

တီဘီရောဂါနှင့် ပတ်သက်၍ ဆေးရုံများတွင် တီဘီရောဂါစစ်ဆေးခြင်းများ၊ ငွေကြေးချို့တဲ့သည့်မြို့များနှင့်စီးပွားရေးအချက်အချာနေရာများတွင် တီဘီစစ်ဆေးမှုများဆောင်ရွက်ရန်၊မိခင်နှင့် ကလေးကျန်းမာရေးစောင့်ရှောက်မှုပေးသည့်နေရာများတွင် တီဘီနှင့်ပတ်သက်သည့်ဝန်ဆောင်မှုများပူးပေါင်းထားရှိရန်နှင့် သွားလာရခက်ခဲပြီး ကျန်းမာရေးစောင့်ရှောက်မှုနည်းပါးသည့်ဒေသများအထိ သွားရောက်စစ်ဆေးကုသရန် သတ်မှတ်ထားသည်။

အာတီမီစီးနင်း ငှက်ဖျားဆေးယဉ်ပါးမှုဆိုင်ရာတုံ့ပြန်သည့် လုပ်ငန်းများဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

(3MDG Fund)သည်စီမံကိန်းကာလငါးနှစ်အတွင်း မိခင်နှင့် ကလေးကျန်းမာရေး လုပ်ငန်းများအဓိကဆောင်ရွက်မည်ဖြစ်ကာ ထို့အတွက် အမေရိကန်ဒေါ်လာ သန်း ၃၀၀ ခန့်အသုံးပြုသွားဖွယ်ရှိသည်။

ယခင်က အိတ်ချ်အိုင်ဗီ၊ တီဘီနှင့်ငှက်ဖျားရောဂါများအတွက် ပံ့ပိုးပေးခဲ့သော ရောဂါသုံးမျိုးရန် ပုံငွေအဖွဲ့ (3D Fund)အစားထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်သုံးမျိုး ရန်ပုံငွေ (Three Millennium Devlop-ment Goals Fund/3MDG Fund) အဖြစ် ပြောင်းလဲထောက်ပံ့မည်ဖြစ်ပြီး စီမံကိန်းကာလငါးနှစ် အတွင်း 3DFမှ ထောက်ပံ့ခဲ့သည့် ရောဂါ သုံးမျိုးအပြင် မိခင်နှင့် ကလေးကျန်းမာရေးအတွက် ပါ ဆောင်ရွက်မည်ဖြစ်သည်။

## ယခုနှစ် ဆေးတက္ကသိုလ်ဘွဲ့ရများအား စက်တင်ဘာလအတွင်း (ဆမ) ထုတ်ပေးမည်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဩဂုတ်-၃၁**

၂၀၁၃ ခုနှစ်အတွင်း ဆေးတက္ကသိုလ်များမှ ဘွဲ့ရရှိပြီးသူဆရာဝန်များကိုဆေးကုသခွင့်လိုင်စင်(ဆမ) များ စက်တင်ဘာလအတွင်းထုတ်ယူနိုင်ကြောင်း မြန်မာနိုင်ငံဆေးကောင်စီမှ သတင်းရရှိသည်။

အချက်အလက်များပြည့်စုံစွာတင်ပြထားသူများကို နာမည်၏ ပထမစာလုံးအင်္ဂလိပ်အက္ခရာစဉ်အတိုင်းစက်တင်ဘာ ၉ရက်မှ ၂၀ ရက်အထိ ထုတ်ပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆေးကောင်စီမှ သိရသည်။



*ဆေးတက္ကသိုလ်(ရန်ကုန်)၏ (၄၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ပွဲကျင်းပစဉ်* ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ယခင်က ဆေးတက္ကသိုလ်များမှ ဘွဲ့ရရှိပြီးဆေးကုသခွင့်လိုင်စင်ရရှိပြီးလျှင် တာဝန်ထမ်းဆောင်ရန် ဖြေဆိုရသည့်လက်ထောက်ဆရာဝန်စာမေးပွဲများအတွက် အချိန်ကြာမြင့်စွာစောင့်ဆိုင်းခဲ့ရပြီး သုံးနှစ်တစ်ခါခန့်သာ စာမေးပွဲများကျင်းပ၍ စာမေးပွဲ တစ်ခုစီတွင် လူဦးရေငါးရာခန့်သာ ခန့်ထားနိုင်ခဲ့သည်။

ယခုနှစ်တွင် ၂၀၁၃ခုနှစ်အထိဘွဲ့ရရှိထားသူများပါဝင်ရောက်ဖြေဆိုနိုင်မည့် လက်ထောက် ဆရာဝန်လစ်လပ်နေရာ တစ်ထောင်ကျော်အတွက် ပြည်ထောင်စု ရာထူးဝန်အဖွဲ့မှ လျှောက်လွှာများခေါ်ယူထားသည်။

"အရှေ့က ကျောင်းပြီးခဲ့တဲ့သူတွေ ဆိုရင်အနည်းဆုံး၁နှစ် ၂နှစ်တော့စောင့်ရတယ်။ ဒီနှစ်အောင်တဲ့သူတွေကတော့ အခုလက်ထောက်ဆရာဝန်ခေါ်တာနဲ့ တစ်ခါတည်းတိုးတယ်"ဟု ၂၀၁၃ ခုနှစ် ဘွဲ့ရရှိထားသည့်ဆရာဝန်တစ်ဦးကပြောသည်။ နှစ်စဉ်ဆေးတက္ကသိုလ်လေးခုမှ လူဦးရေနှစ်ထောင်ကျော်ဘွဲ့ရရှိနေကြောင်း သိရသည်။ မြန်မာနိုင်ငံတွင်ဆေးတက္ကသိုလ်များမှ ဘွဲ့ရရှိထားသူ သုံးသောင်းကျော် ရှိနေပြီးဆေးကုသမှု လိုင်စင်လျှောက်ထားသူ ဦးရေနှစ်သောင်းကျော်ရှိနေသည်။

## တိုင်းရင်းဆေးဝါးဥပဒေကြမ်း အများပြည်သူလေ့လာနိုင်ရန် ထုတ်ပြန်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဩဂုတ်-၃၀**

အချို့သော ပြစ်ဒဏ်များအတွက် ဒဏ်ငွေတိုးမြှင့်ထားပြီး စကားလုံးအသုံးအနှုန်းအချို့ ပြင်ဆင်ထားသည့် တိုင်းရင်းဆေးဝါးဥပဒေမူကြမ်းကို ဩဂုတ် ၂၉ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

ဥပဒေကြမ်း၌ "ဆေးမြီးတို" ဆိုသည့် စကားနေရာတွင် "အလွယ်တကူဖော်စပ်သုံးစွဲနိုင်သော အရပ်သုံးဆေးဝါး"ဆိုသည့်စကားလုံး အစားထိုးထားသည့်အပြင် အချို့သောပြစ်ဒဏ်များအတွက် ဒဏ်ငွေများလည်း တိုးမြှင့်ပြဋ္ဌာန်းလိုက်သည်။

"ဥပဒေကိုပိုလေးနက်အောင် ဒဏ်ငွေတွေတိုးလိုက်တာပါ။ ငွေဒဏ်နည်းနေရင် လေးစားမှု မရှိတာတွေဖြစ်မှာစိုးလို့ပါ"ဟု တိုင်းရင်းဆေးဦးစီးဌာန၏ ဆေးဝါးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ယခင်က ငွေဒဏ်ကျပ်သုံးသောင်း ချမှတ်ထားသည့် ပြစ်ဒဏ်များတွင် ယခုကျပ်သုံးသိန်းအထိ တိုးမြှင့်ထားပြီး ဩဂုတ် ၂၉ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

တိုးမြှင့်လိုက်သည့် ပြစ်ဒဏ်များမှာ စံချိန်မမီတိုင်းရင်းဆေးများ၊ မှတ်ပုံတင်မထားသည့် တိုင်းရင်းဆေးများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ သုံးစွဲရန်မသင့် ကြေညာထားသည့် တိုင်းရင်းဆေးဝါးများ တင်သွင်းထုတ်လုပ်ရောင်းချခြင်း စသည်တို့တွင် ချမှတ်ထားသည့် ငွေဒဏ်များဖြစ်ကြောင်း တိုင်းရင်းဆေးဝါးဦးစီးဌာနမှ သတင်းရရှိသည်။

ယခုနှစ်အတွင်း ကျန်းမာရေးဝန်ကြီးဌာနကဥပဒေ ၂၀ခုခန့် ပြင်ဆင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။






7DAY NEWS JOURNAL
Vol.12, No.26 • SEPTEMBER 4 , 2013

# အမျိုးသားကျန်းမာရေးကွန်ရက် တောင်ကိုရီးယား သားဖွား မီးယပ်ဆရာဝန်များနှင့် ပူးပေါင်း၍ အခမဲ့ကုသပေးမည်

**ဟေမာနှင်း**

**ရန်ကုန်၊ ဩဂုတ်-၃၁**

အမျိုးသား ကျန်းမာရေး ကွန်ရက်နှင့် တောင်ကိုရီးယား နိုင်ငံသားဖွားမီးယပ်ဆရာဝန်များ အသင်းတို့ပူးပေါင်း၍ ဒဂုံဆိပ်ကမ်းမြို့နယ်၌ အခမဲ့ဆေးဝါး ကုသပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဩဂုတ် ၃၀ ရက်နှင့်စက်တင်ဘာ ၁ ရက်တို့တွင် ယင်းမြို့နယ် အတွင်းရှိ သားဖွား၊ မီးယပ် ဝေဒနာရှင်များအား သွားရောက်ကုသပေးမည်ဖြစ်ကြောင်း အမျိုးသား ကျန်းမာရေးကွန်ရက်မှ ဒေါက်တာတင်မျိုးဝင်းကပြောသည်။

“တောင်ကိုရီးယားကလာတဲ့ ဆရာဝန်တွေနဲ့ပေါင်းပြီး ပထမဦးဆုံးအကြိမ်ဒဂုံဆိပ်ကမ်းမြို့နယ်မှာလုပ်သွားမှာပါ။ နောက်အခါက်တွေကျရင် အခြားမြို့နယ်တွေပါလုပ်ဆောင်သွားမှာပါ”ဟု ဒေါက်တာတင်မျိုးဝင်းက ပြောသည်။ တောင်ကိုရီးယားနိုင်ငံမှ လာရောက်မည့် ဆေးကုသရေး အဖွဲ့တွင် သားဖွား၊ မီးယပ်ပါရဂူ ဆရာဝန် လေးဦးပါဝင်မည်ဖြစ်ပြီး နံနက် ၉ နာရီခွဲခန့်မှ စတင်ကာ ဆေးကုသမှုများပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ထို့အပြင်သားဖွား၊မီးယပ်နှင့် ဆိုင်သော ရောဂါများအကြောင်း ဆွေးနွေးဟောပြောပွဲများကိုလည်း ဩဂုတ် ၃၁ ရက်တွင် ယင်းဒဂုံဆိပ်ကမ်းမြို့နယ်၌လည်းကောင်း၊ စက်တင်ဘာ ၂ ရက် တွင် အမျိုးသားကျန်းမာရေး ကွန်ရက်ရုံး၌လည်းကောင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။




# စနေ၊ တနင်္ဂနွေရက်များတွင် ပိုမိုအိပ်စက်ခြင်းဖြင့် ဆီးချို အန္တရာယ်ကို လျှော့ချနိုင်

**လော့စ်အန်ဂျလိစ်၊ ဩဂုတ်-၂၉**

တစ်ညတာအိပ်ချိန် ခြောက်နာရီသာရှိသော အရွယ်ရောက်ပြီးသူများတွင် ၎င်းတို့၏ခန္ဓာကိုယ်တွင်း အင်ဆူလင်တုံ့ပြန်မှုကြောင့် ဆီးချိုရောဂါအန္တရာယ်တိုးလာနိုင်သည်ဟု အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။ နေ့စဉ်နေ့တိုင်း အိပ်ရေးဝဝအိပ်ခြင်းသည် ဆီးချိုရောဂါကို လျှော့ချရာတွင် များစွာအထောက်အကူပြုသည်ဟုလည်း သုတေသနပညာရှင် ပီတာလူးက ပြောကြားသည်။

သုတေသနပညာရှင်များသည် ဆီးချိုရောဂါမရှိသော အမျိုးသား ၁၉ ဦး၏ အင်ဆူလင်တုံ့ပြန်မှုစွမ်းရည်ကို ၎င်းတို့၏ တစ်နေ့တာအိပ်ချိန်ပေါ် မူတည်၍ လေ့လာစစ်ဆေးခဲ့ကြသည်။ အဆိုပါ အမျိုးသား ၁၉ ဦးသည် အလုပ်တက်ရသော တနင်္လာနေ့မှ သောကြာနေ့အထိ တစ်ညလျှင် ခြောက်နာရီသာအိပ်ပြီး အလုပ်နားရက် စနေနှင့်တနင်္ဂနွေနေ့များတွင် ၁၀ နာရီခန့်အိပ်ကြသည်။ ယင်းသို့ ပိုအိပ်လိုက်သော အမျိုးသားများတွင် ဆီးချိုရောဂါအန္တရာယ်တိုးလာနိုင်သော်လည်း စနေ၊ တနင်္ဂနွေရက်များ၌ ပြန်လည်ဖြည့်စွက်အိပ်လိုက်ခြင်းဖြင့် ရောဂါကို ချေဖျက်ပေးသည့် အင်ဆူလင် တုံ့ပြန်မှုတိုးလာစေနိုင်သည်ဟု သုတေသနပညာရှင်များက ရှာဖွေတွေ့ရှိခဲ့သည်။ ယင်းရှာဖွေတွေ့ရှိချက်အရ လူအများအနေဖြင့် အိပ်ရေးဝဝ မှန်မှန်အိပ်သင့်သည်ဟု မစ္စတာပီတာလူးက အကြံပြုထားသည်။

—*Ref: UPI*

# ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းမှ သားအိမ်ခေါင်းကင်ဆာအပါအဝင် ကူးစက်ခြင်းမဟုတ်သည့်ရောဂါများ စာရင်းကောက်မည်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဩဂုတ်-၃၁**

ရွှေပါရမီကျန်းမာရေး ဖောင်ဒေးရှင်းက ဖြစ်ပွားမှုများပြားနေသည့် သားအိမ်ခေါင်းကင်ဆာရောဂါ အပါအဝင် ကူးစက်ခြင်းကြောင့် ဖြစ်ပွားခြင်းမဟုတ်သည့်သွေးတိုး၊ ဆီးချိုကဲ့သို့ ရောဂါများ စာရင်းကောက်ယူခြင်းနှင့်ကာကွယ်ကုသရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဖြစ်ပွားမှုများပြားနေသည့် သားအိမ်ခေါင်းကင်ဆာရောဂါအတွက် ကြိုတင်ကာကွယ်ရေးနှင့် ကုသရေးစီမံချက်ကို အင်္ဂလန်နိုင်ငံမှ ဆရာဝန်ကြီးနှင့် မြန်မာနိုင်ငံမှ သားဖွားနှင့်မီးယပ်ဆရာဝန်ကြီးတို့ ပူးပေါင်းရေးဆွဲခဲ့ပြီး ပြည်နယ်နှင့်တိုင်းတစ်ခု ရွေးချယ်က ရှေ့ပြေးစီမံချက်အဖြစ် ဆောင်ရွက်မည်ဖြစ်ပြီး နောက်ပိုင်းတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း ဖောင်ဒေးရှင်း ဥက္ကဋ္ဌဦးရှိန်ဝင်းက ပြောသည်။

ထို့အပြင် ပြည်နယ်နှင့် တိုင်းဒေသများရှိ ဒေသအလိုက် သွေးတိုး၊ ဆီးချိုနှင့် နှလုံးရောဂါများဆိုင်ရာ အချက်အလက်များကို ဆေးတက္ကသိုလ် ၂ မြောက်ဥက္ကလာပရှိသင်ကြားရေးနှင့်ကုသရေးဌာနများနှင့်ပူးပေါင်း၍ မှတ်တမ်းများဆောင်ရွက်ထားကြောင်း သိရသည်။

အာဟာရချို့တဲ့သောနေရာများတွင် အာဟာရဖြည့်တင်းခြင်းများနှင့် မျက်စိခွဲစိတ်မှုများ၊ သွေးလှူဒါန်းမှုများအပြင် အခြားဆောင်ရွက်မည့် လုပ်ငန်းများကို ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်း၏ ၂ နှစ်ပြည့်အခမ်းအနားတွင် ပြောကြားခဲ့သည်။

ဆရာတော်အရှင်ဆန္ဒာဓိက ဦးစီးဖွဲ့စည်းထားသည့် ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းတွင် ဆေးဝါးကုသရန် အခက်အခဲရှိသူများအား ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးနေသည့် အဖွဲ့အစည်း ဖြစ်သည်။

ကျန်းမာရေးကွင်းဆင်းကုသမှုများတွင် မျက်စိ၊ သွားနှင့်ခံတွင်း၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ အထွေထွေရောဂါ၊ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ၊ မီးယပ်၊ ကလေးရောဂါ၊ အရေပြားရောဂါများအပြင် ခွဲစိတ်ရောဂါများကိုပါဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

Regional
7DAY NEWS JOURNAL
Vol.12, No.26 • SEPTEMBER 4 , 2013

# ချမ်းမြသာစည်လေယာဉ်ကွင်းအနီး မြေကွက်များ ရောင်းမှား၊ ဝယ်မှားမဖြစ်ရန် မန္တလေးစည်ပင်သတိပေး



*ငုရွှေဝါလမ်း၏ တောင်ဘက်ရှိ မြေယာပြဿနာဖြစ်နေသော မြေကွက်များကို တွေ့ရစဉ်*

**ညီညီဇော်**

**မန္တလေး၊ ဩဂုတ်- ၃၀**

မန္တလေးမြို့ ချမ်းမြသာစည်လေယာဉ်ကွင်းဟောင်းအနီးရှိ မြေကွက်များကို မြို့ပြစီမံကိန်းများတည်ဆောက်နေပြီဖြစ်သည့်အတွက် မသိနားမလည်သူများ ရောင်းမှား၊ ဝယ်မှားမဖြစ်စေရန် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ အသိပေးထားကြောင်း သတင်းရရှိသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ မြေယာစီမံခန့်ခွဲမှုဌာနမှ တာဝန်ရှိသူတစ်ဦးက "အဲဒီနေရာက လန (၃၉) ကျပြီးတဲ့ စီမံကိန်းမြေတွေပါ။ ဘုမသိဘမသိနဲ့ ဟိုရောင်းဒီရောင်းဖြစ်တဲ့အခါ တာဝန်ရှိသူတွေက အသိမပေးဘူးဆိုတာတွေဖြစ်လာတယ်။ ဒါကြောင့် ကြိုတင်အသိပေးရတာပါ"ဟု ပြောကြားသည်။

မန္တလေးချမ်းမြသာစည်မြို့နယ် လေယာဉ်ကွင်းဟောင်းအနီး ပဲဖြူကုန်းမြေနေရာအုံးအင်းကွင်း ကွင်းအမှတ်(၄၁၁)၊ဧရိယာ(၄၀၄ ဒသမ၄၆)ဧကရှိ မြေများသည် စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရန်နှင့်မြို့ကွက်သစ်ဖော်ထုတ်ရန်အတွက် ၁၉၈၀ ပြည့်နှစ်တွင် မန္တလေးတိုင်း ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့မှ မြို့မြေ တိုးချဲ့ရေးအဖွဲ့၊ မန္တလေးမြို့တော်စည်ပင်သာယာရေးအဖွဲ့သို့ လန (၃၉) ခွင့်ပြုခဲ့ကြောင်း ၊ မြို့ကွက်သစ်ဖော်ထုတ်မည့် အစိတ်အပိုင်းများကို မြို့ကွက်သစ်ဖော်ထုတ်ပြီး မြေနေရာများချထားပေးခဲ့ကြောင်း၊ ၇၃ လမ်းအနောက်ဘက်၊ ငုရွှေဝါလမ်းနှင့် မနော်ဟရီလမ်းကြားရှိ မြေနေရာသည် စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရန် လျာထားသည့်နေရာဖြစ်ကြောင်း၊ ယခုအခါ စီမံကိန်းဧရိယာပေါ်တွင် မင်္ဂလာမန္တလေးစီမံကိန်း၊ မြန်မာ့သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်စသည့် စီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ ထုတ်ပြန်ချက်တွင်ပါရှိသည်။ မန္တလေးမြို့တွင် မြေဝယ်ယူမည်ဆိုပါက စီမံကိန်းမြေဟုတ်၊ မဟုတ် စုံစမ်းပြီးမှ ဝယ်ယူရန်လိုအပ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မြေယာစီမံခန့်ခွဲမှုဌာနမှ တာဝန်ရှိသူက အကြံပြုပြောကြားသည်။

လွန်ခဲ့သောတစ်နှစ်ခန့်က ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်၊ ကံကြီးကုန်းဇီးအုပ်ရပ်ကွက်များတွင် လန ၃၉ ကျပြီး မြို့ပြစီမံကိန်းအကောင်အထည်ဖော်မည်ဟုဆိုသည့် မြေကွက်များကို ရောင်းဝယ်ရာမှတစ်ဆင့် မြေယာပြဿနာများစွာဖြစ်ပွားခဲ့ကြသည်။ ယခုအချိန်အထိလည်း ယင်းပြဿနာများမှာ ရှုပ်ထွေးနေဆဲဖြစ်ကြောင်း ချမ်းမြသာစည်မြို့နယ်တွင်နေထိုင်သူအချို့က ဆိုသည်။ ယင်းနေရာများတွင် မြေအရောင်းအဝယ်များ ပြန်လည်ပြုလုပ်နေသည်ဟုကြားသိရကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအကြီးအကဲတစ်ဦးကပြောသည်။

## အာဆီယံနိုင်ငံများမှ ထုတ်ကုန်များနှင့်ပတ်သက်၍ စားသုံးသူ နစ်နာပါက တိုင်ကြားနိုင်

**ညီညီဇော်**

**မန္တလေး၊ ဩဂုတ်- ၃၀**

အာဆီယံနိုင်ငံများအတွင်းမှထုတ်ကုန်များနှင့်ပတ်သက်၍ စားသုံးသူအတွက် နစ်နာသည့်ဖြစ်စဉ်မျိုးပေါ်ပေါက်ပါက ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနသို့ တိုင်ကြားနိုင်ကြောင်း သတင်းရရှိသည်။

ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနသည် အာဆီယံနိုင်ငံများ၏ စားသုံးသူအကာအကွယ်ပေးရေး အဖွဲ့တွင် ပါဝင်ဆောင်ရွက်နေပြီး အာဆီယံဆယ်နိုင်ငံအတွင်းမှ ထုတ်လုပ်သည့် လုံခြုံစိတ်ချရမှု မရှိသည့်ပစ္စည်းများရှိပါက တိုင်ကြားနိုင်သည်ဟု ဆိုသည်။ စစ်ဆေးမှုများပြုလုပ်သွားမည်ဖြစ်ပြီး သုံးစွဲရန်မသင့်တော်ကြောင်း တွေ့ရှိရပါက ထုတ်လုပ်သည့်နိုင်ငံသို့ပစ္စည်းများ ပြန်လည်သိမ်းဆည်း ဖျက်ဆီးပေးရန် တောင်းဆိုသွားမည်ဖြစ်ကြောင်း ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးခင်ဇော်က ပြောကြားသည်။

အာဆီယံ ဆယ်နိုင်ငံအတွင်း သွားလာရင်း ထုတ်ကုန်ပစ္စည်းများနှင့် ပတ်သက်၍ နစ်နာမှုကြောင့် တိုင်ကြားလိုပါက ယင်းနိုင်ငံများတွင် ဖုန်း၊ ဖက်စ်တို့ဖြင့်တိုင်ကြားရန်စီစဉ်ပေးထားပြီး အွန်လိုင်းစနစ်ဖြင့်လည်းတိုင်ကြားနိုင်ကြောင်း မြန်မာနိုင်ငံတွင်လည်း အွန်လိုင်းစနစ်ဖြင့် တိုင်ကြားနိုင်ရန် စီစဉ်နေကြောင်း ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန တာဝန်ရှိသူများက ပြောသည်။

ဩဂုတ်လ ၂၉ ရက် မွန်းလွဲ ၁ နာရီက မန္တလေးမြို့ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းရုံးတွင် စားသုံးသူအကာအကွယ်ပေးရေး ကိစ္စများနှင့်ပတ်သက်၍ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန တာဝန်ရှိသူများနှင့် မန္တလေးမြို့ခံ ကုန်သည်များ၊ လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးခဲ့သည်။

သင် အမှန်တကယ် ကိုယ်အလေးချိန်ကို စနစ်တကျ လျှော့ချချင်ပါသလား? Join with "Your Slimming Guide"

စက်တင်ဘာလ (၇)ရက်နေ့ (စနေနေ့) မနက် (၁၀)နာရီကနေ ညနေ (၆)နာရီထိ Junction Square မှာ ဆုံကြမယ်နော်

- ခန္ဓာကိုယ်ထဲမှာရှိတဲ့ အဆီပမာဏ၊ ရေပမာဏ၊ ကြွက်သားထုထည်၊ ကလီစာပေါ်ရှိအဆီ နဲ့ တစ်နေ့တာ အဆီလောင်ကျွမ်း နှုန်းတွေကိုလည်း အတိအကျတွက်ချက်ပေးမယ်
- ကိုယ်အလေးချိန်လျှော့ချဖို့အတွက် ဘယ်လိုအစားအသောက်တွေကို စားသင့်တယ် ဆိုတာကိုလည်း ပြောပြပေးဦးမယ်
- လွယ်ကူရိုးရှင်းပြီး အချိန်ကုန်သက်သာတဲ့ လေ့ကျင့်ခန်းတွေကိုလည်း အကြံပြုပေးဦးမယ်
- အထူးအစီအစဉ်အနေနဲ့ Diet Consultant တွေနဲ့ Fitness Consultant တွေက စနစ်တကျ ကိုယ်အလေးချိန်လျှော့ချဖို့ ဆွေးနွေးပေးဦးမှာနော်

Sponsored by G Trim
The Natural Fat Burner

" Your Slimming Guide နဲ့အတူ Weight ချကြရအောင် "

E-mail: yourslimmingguide@gmail.com

7 DAY NEWS JOURNAL
Vol.12, No.26 • SEPTEMBER 4 , 2013

# ကလေး – ဂန့်ဂေါ်ရထားခရီးစဉ်များ ပြန်လည်ပြေးဆွဲ

**မျိုးမင်းဦး**

**မုံရွာ၊ ဩဂုတ်- ၃၁**

ကလေးခရိုင်အတွင်းမိုးသည်းထန်စွာ ရွာသွန်းမှုကြောင့်ကလေး-ဂန့်ဂေါ်ရထားလမ်းပေါ်ရှိ ရထားချောင်းကူးတံတားအချို့ ပျက်စီးခဲ့သဖြင့် ဩဂုတ် ၂၀ ရက်မှစ၍ ရပ်နားခဲ့သော ရထား ခရီးစဉ်များ ဩဂုတ် ၂၉ ရက်တွင် ပြန်လည်ပြေးဆွဲပြီဖြစ်ကြောင်း သတင်းရရှိသည်။ ကလေး-ဂန့်ဂေါ်ရထားလမ်းပေါ်ရှိ မှန်တောဘူတာနှင့် စည်ဟောင်းဘူတာအကြား မိုင်တိုင်အမှတ် (၆၈၇/၁၀-၁၁)အကြား ရထားလမ်းချောင်းကူး တံတား(ဂန့်ဂေါ်ဘက်အခြမ်း) ချဉ်းကပ်ခုံမှာ အလျား ၆၀ပေ၊အနံ ၂၀ပေ၊ အမြင့် ၂၀ပေခန့် ရေတိုက်စားမှုဖြစ်ပေါ်ခဲ့သဖြင့် ကလေး-ဂန့်ဂေါ်ရထားများ သွားလာမှုလုံးဝရပ်ဆိုင်းခဲ့ခြင်းဖြစ်သည်။

ကလေးမြို့၊ မြန်မာ့မီးရထားမှ အငယ်တန်းအင်ဂျင်နီယာ ဦးတင်ဝင်းနှင့်အဖွဲ့သွားရောက်ပြုပြင်ခဲ့ရာ ဩဂုတ် ၂၈ ရက် ညမှစတင်၍ ရထားလမ်းပိုင်း ပုံမှန် ဖွင့်လှစ်ပြေးဆွဲနိုင်ခဲ့ကြောင်း သတင်းရရှိသည်။



*မုံရွာကုန်စည်ဒိုင်တွင် ပထမဆုံးဟောပြောပွဲ ကျင်းပစဉ်* ဓာတ်ပုံ- မျိုးမင်းဦး

# မုံရွာကုန်စည်ဒိုင်တွင် မြန်မာ့စီးပွားရေး အပြောင်းအလဲ ဟောပြောပွဲကျင်းပ

**မျိုးမင်းဦး**

**မုံရွာ၊ ဩဂုတ် – ၃၁**

မုံရွာမြို့၊ ကုန်သည်ပွဲစားစက်ပိုင်များ မဟာဘုံကထိန်တော်အသင်း (မုံရွာကုန်စည်ဒိုင်)တွင် မြန်မာ့စီးပွားရေးအပြောင်းအလဲခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောပွဲကို ပထမဆုံးအကြိမ်အဖြစ် ဩဂုတ် ၃၁ ရက်က ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

"မြန်မာ့စီးပွားရေး အပြောင်းအလဲခေါင်းစဉ်နဲ့ စီးပွားရေးကဏ္ဍ ဆွေးနွေးဟောပြောပွဲက ပထမဆုံးအကြိမ်ကျင်းပတာဖြစ်ပါတယ်။ အရင်နှစ်တွေတုန်းက စီးပွားရေးကဏ္ဍနဲ့ပတ်သက်ပြီး သင်တန်းတွေပြုလုပ်ခဲ့တာတော့ ရှိပါတယ်။ ဒီလိုဟောပြောပွဲက ပထမဆုံးအကြိမ်ပါ"ဟု မုံရွာကုန်စည်ဒိုင်သတင်းနှင့်ပြန်ကြားရေးအဖွဲ့မှ ဦးပေါက်ကျော်က ပြောကြားသည်။

မုံရွာကုန်စည်ဒိုင်အလုပ်အမှုဆောင်အဖွဲ့ဝင် တစ်ဦးက "မုံရွာကုန်စည်ဒိုင်က ကုန်သည်၊ ပွဲစား၊ စက်ပိုင်တွေတင်မကပါဘူး။ နည်းပညာတက္ကသိုလ်ကရော ကွန်ပျူတာအသင်းကရော စီးပွားရေးကဏ္ဍကို လာရောက်လေ့လာဆွေးနွေးခဲ့ကြပါတယ်" ဟုဆိုသည်။

အဆိုပါဆွေးနွေးဟောပြောပွဲတွင် ဩစတြေးလျနိုင်ငံမှဒေါက်တာမျိုးညွန့်(ကထိက-ငြိမ်း)နှင့် ဒေါက်တာတံခွန်(စီးပွားရေးတက္ကသိုလ်)တို့က Economic Changes In Myanmar ခေါင်းစဉ်ဖြင့်ဟောပြောဆွေးနွေးခဲ့သည်။

# တပ်မတော်သားတစ်ဦး ဆွဲကြိုးချသေဆုံးမှု တောင်တွင်းကြီးတွင် ဖြစ်ပွား

**ဟသ်ာ**

**တောင်တွင်းကြီး၊ ဩဂုတ်- ၃၁**

မကွေးခရိုင်တောင်တွင်းကြီးမြို့နယ်၊ ကုက္ကိုကုန်းရဲစခန်းအနီးတွင် တပ်မတော်သားတစ်ဦး ဆွဲကြိုးချသေဆုံးခဲ့ကြောင်း သတင်းရရှိသည်။ ဩဂုတ် ၂၈ ရက် နေ့လယ်က အခင်းဖြစ်ပွားရာနေရာသို့သွားရောက်စစ်ဆေးခဲ့ရာက. ပ. စ(၁၈) တပ်အတွင်းရှိ တပ်တွင်းစခန်းနှင့် တစ်မိုင်ခန့်အကွာတွင် တပ်သားမျိုးနိုင်အသက်(၂၃)နှစ်သည်ပုဆိုးကို စုတ်ဖြဲ၍ ကျစ်ထားသည့် ကြိုးဖြင့် အစတစ်ဖက်အားသစ်ကိုင်းတွင်ချီကာ ကျန်အစတစ်ဖက်ကို လည်ပင်းတွင် ချီလျက် ဆွဲကြိုးချသေဆုံးနေခြင်းဖြစ်သည်။

သေဆုံးသူတပ်သားမျိုးနိုင်မှာ စိတ်ကစဥ့်ကလျား ဖြစ်နေ၍ တပ်တွင်းဆေးခန်း၌ ဩဂုတ်လ ၂၇ ရက်က တက်ရောက်ဆေးကုသခံနေပြီး ည ၈ နာရီခွဲတွင် အိမ်သာသွားတက်ရာမှ ပြန်လည်ရောက်ရှိလာခြင်း မရှိ၍ လိုက်လံရှာဖွေရာ နောက်တစ်နေ့ ဩဂုတ် ၂၈ ရက်တွင် ဆွဲကြိုးချသေဆုံးနေသည်ကို ပြန်လည်တွေ့ရှိရသည်ဟု ဆိုသည်။ ဖြစ်စဉ်ကို သေမှုသေခင်းဖြင့်အမှုဖွင့်စစ်ဆေးလျက်ရှိသည်။

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဘကကျောင်း ဆရာ၊ ဆရာမများထောက်ပံ့လစာ စတင်ထုတ်ပေး

**မျိုးမင်းဦး**

**မုံရွာ၊ ဩဂုတ်-၃၁**

စစ်ကိုင်းတိုင်းဒေသကြီး၊သာသနာရေးဦးစီးဌာန၊ သာသနာတော်ပြန့်ပွားရေးဦးစီးဌာနလက်အောက်ရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၁၉၂ ကျောင်းမှ ဆရာ၊ ဆရာများအား ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ဩဂုတ်လကုန်ပိုင်းမှစ၍ လစာထောက်ပံ့ကြေးထုတ် ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

"စစ်ကိုင်းတိုင်းဒေသကြီးအတွင်းဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှာ ပညာသင်ကြားပို့ချလျက်ရှိတဲ့ ဆရာ၊ ဆရာမတွေ အတွက် ဧပြီလမှစပြီး လစာထောက်ပံ့ပေးတာဖြစ်ပါတယ်။ တစ်လလျှင် ထောက်ပံ့ကြေးငွေ ၂၃,၈၅၈,၀၀၀ ကျပ်ထောက်ပံ့ပေးသွားမှာဖြစ်ပြီး ပထမအကြိမ်လေး လစာထုတ်ပေးတဲ့ထောက်ပံ့ကြေးငွေပေါင်းက ၉၅,၄၃၂,၀၀၀ ကျပ်ဖြစ်ပါတယ်။ ဩဂုတ်လကစပြီး တစ်လတစ်ကြိမ်ထောက်ပံ့ပေးအပ်သွားမှာ"ဟု စစ်ကိုင်းတိုင်းဒေသကြီး ဘုန်းတော်ကြီးသင်ပညာရေးကြီးကြပ်မှုအဖွဲ့ ဆရာတော်တစ်ပါးကမိန့်ကြားသည်။ သို့သော် ဝေးလံသော နယ်များရှိ ဘကကျောင်းများသို့ လစာပို့ပေးနေဆဲဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီး အတွင်း မြို့နယ် ၃၅ မြို့နယ်တွင် ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်း ၁၂၅ ကျောင်း၊ မူလတန်းလွန်ကျောင်း ၅၄ ကျောင်း၊ အလယ်တန်းကျောင်း၁၃ကျောင်း၊ စုစုပေါင်းဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၁၉၂ ကျောင်းရှိသည်။ အဆိုပါ ကျောင်းများတွင် ပညာသင်ကြား ပို့ချလျက်ရှိသည့် မူလတန်းပြ ဆရာ၊ ဆရာမ ၅၀၁ ဦး၊ မူလတန်းလွန် ဆရာ၊ ဆရာမ ၁၀၈ ဦး၊ အလယ်တန်းပြ ဆရာ၊ ဆရာမ ၃၄ ဦး၊ ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူ မူလတန်းအဆင့် ၁၉,၅၇၁ ဦး၊ မူလတန်းလွန်အဆင့် ၄,၁၂၈ ဦး၊ အလယ်တန်းအဆင့် ၁,၃၄၄ ဦးရှိသည်။

သာသနာရေးဝန်ကြီးဌာနသည် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ဆရာ၊ ဆရာမများအတွက်မူလတန်းအဆင့်ကျပ် ၃၆,၀၀၀၊ အလယ်တန်းအဆင့် ကျပ် ၄၁,၀၀၀ ပေးအပ်သွားမည်ဖြစ်ပြီး တစ်နိုင်ငံလုံးရှိ ကျောင်းများအတွက် ကျပ်သုံးဘီလီယံခန့် အသုံးပြုသွားမည်ဖြစ်သည်။

# တန်ဖိုးနည်း ဂျီအက်စ်အမ်ဖုန်း မောင်တောတွင် တစ်သိန်းနှစ်သောင်းကျော် ဈေးပေါက်

**မောင်ကံ**

**မောင်တော၊ ဩဂုတ်- ၃၁**

ဩဂုတ်လမှစတင်ကာမောင်တောခရိုင်အတွင်း ချပေးခဲ့သည့် တန်ဖိုးနည်းကျပ် ၁၅၀၀ တန် ဂျီအက်စ်အမ်ဖုန်းများမှာ ပြင်ပဈေးကွက်တွင် တစ်ကတ်လျှင် တစ်သိန်းနှစ်သောင်းကျော်အထိဈေးပေါက်နေကြောင်း သတင်းရရှိသည်။

လက်ရှိ မောင်တောနယ်စပ်ဒေသတွင် ဒုတိယအသုတ်အဖြစ် ဂျီ အက်စ်အမ်ကတ် ၄၅၀ နှင့် ဘူးသီးတောင်မြို့နယ်အတွက် ကတ် ၆၀၀ ကို မဲစနစ်ဖြင့် ရောင်းချပေးခဲ့သည်။ အဆိုပါ တန်ဖိုးနည်း ဂျီအက်စ်အမ်ကတ်များကို ဌာနဆိုင်ရာနှင့် ပြည်သူများအတွက် ခွဲတမ်းသတ်မှတ်ရောင်းချပေးခဲ့ခြင်းဖြစ်ပြီး ဖုန်းလိုင်းမိနိုင်သည့် မြို့ပေါ်ရပ်ကွက်များသို့ဦးစားပေး ချပေးခဲ့ခြင်း ဖြစ်သည်။

တန်ဖိုးနည်းကတ်များ ပြင်ပဈေးကွက်တွင် တစ်သိန်းနှစ်ကျော်အထိ ဈေးပေါက်နေသော်လည်း မောင်တောမြို့ပေါ်ရှိ မိသားစု အများစုမှာ ယခင်ချပေးခဲ့သည့် နှစ်သိန်းကျပ်တန် ဂျီအက်စ်အမ်ကတ်နှင့် ငါးသိန်းကျပ်တန် စီဒီအမ်အေကတ်ဝယ်ယူထားသူမှာ တစ်အိမ်လျှင် တစ်လုံးကျရှိနေသည့် အတွက် ပြင်ပပေါက်ဈေးဖြင့်ရောင်းချနေသည့် ဖုန်းများကို ဝယ်ယူရန် စိတ်ဝင်စားမှုနည်းနေကြောင်း၊ နိုင်ငံခြားကုမ္ပဏီများမှရောင်းချပေးမည့် ဖုန်းများကိုသာအများစု စိတ်ဝင်စားနေသည်။

ဒါန ဘုရားဖူးအဖွဲ့၏ ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်
သံဝေဇနီယ နှင့် အဝိဇဟိတ ဗုဒ္ဓဌာနများ၊ နယူးဒေလီ၊ အာဂရာ တပ်ချ်မဟာ နေရာများသို့ (၁၄ည / ၁၅ ရက် MAI ) ခရီးစဉ် 950 USD + ၅၀၀၀၀ိ/-
သံဝေဇနီယ ( ၄ )ဌာန နှင့် ဗုဒ္ဓဌာနများ (၇ည/ ၈ရက်) ခရီးစဉ် 850 USD + ၅၀၀၀၀ိ/-
သက်သနဂိုရ် အစလစေတီတော်ဌာပနာပိတ်ပွဲ နှင့် သီတင်းကျွတ်လပြည့်နေ့ ဆီမီးတစ်ထောင်ပူဇော်ပွဲ အခမ်းအနားများသို့ တက်ရောက်လိုသူ ဘုရားဖူးအလှူရှင်များတို့သည် အောက်တိုဘာလ(၁၂)ရက်နေ့ ထွက်ခွာမည့်အဖွဲ့နှင့် လိုက်ပါစာရင်းသွင်းနိုင်ပြီဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။
(ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များ အောက်တိုဘာလ (၅) ရက်နေ့မှ စ၍ အပတ်စဉ် စနေနေ့တိုင်း ထွက်ခွာပါမည်။)
ဒါနဘုရားဖူးအဖွဲ့ - အမှတ် (၂၅)၊ အခန်းအမှတ် (၃၀၃)၊ တတိယထပ်၊ ဓါတ်လှေခါးအမှတ်(၂)၊ ယုဇနစီးပွားရေးတာဝါ၊ ဗမ္မစေတီလမ်း၊ စမ်းချောင်း၊
ဖုန်း - 536348, 537707, 537708,09 500 1763, 09 501 3727, 09 7322 5849, 09 516 4664
မဇ္ဈိမဒေသသာသနာပြုအဖွဲ့ - အမှတ် (၁၃/က)၊ ငါးထပ်ကြီးဘုရားလမ်း၊ ပဟန်း၊ ရန်ကုန် • ဖုန်း - 545215, 545216, 555173
ပုဒ္ဓဗမ္မဒါနစေတနာရှင်များအဖွဲ့-ရွှေမြင့်တင်ဦးညို - အမှတ် (၁၂)၊ မြို့သစ် (၁)လမ်း၊ ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန် • ဖုန်း- 542236
မန္တလေးရုံးခွဲ-(၃၀၈-B)၊၆၂ လမ်း၊၂၈×၂၉ လမ်းကြား၊ချမ်းအေးသာစံမြို့နယ်၊မန္တလေး • ဖုန်း -09 402 64 8989, 09 5300305

# လားရှိုးနှင့် မူဆယ်ခရိုင်အတွင်း မြေဧကခြောက်သိန်းတွင်တည်ဆောက်မည့် လောင်စာဆီစက်ရုံစီမံကိန်းဒေသခံများ သဘောမတူ

**ခွန်ဇော်ဦး၊ အောင်ခိုင်**

**ရန်ကုန်၊ စက်တင်ဘာ-၁**

ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးခရိုင်နှင့်မူဆယ်ခရိုင်အတွင်းရှိမြေလွတ်မြေရိုင်းဧက ခြောက်သိန်းကို တာမိုးညဲချမ်းသာ သစ်အခြေခံစက်မှုလုပ်ငန်းကုမ္ပဏီနှင့် တရုတ်နိုင်ငံအခြေစိုက် ကုမ္ပဏီတို့ ကွင်းဆင်းလေ့လာနေခြင်းကြောင့် စိုးရိမ်နေရသည်ဟု ဒေသခံများကပြောသည်။

ယင်းကုမ္ပဏီနှစ်ခုပူးပေါင်း၍ ဇီဝလောင်စာဆီထုတ်လုပ်ရန် နှစ်ရှည်ပင်များစိုက်ပျိုးခြင်းနှင့် စက်ရုံတည်ဆောက်ခြင်းတို့အတွက် ကွင်းဆင်းလေ့လာနေခြင်း ဖြစ်သည်။ အဆိုပါစီမံကိန်းအကောင်အထည်ဖော်ရန်စီစဉ်နေခြင်းကို သဘောမတူကန့်ကွက်ကြောင်း ဒေသခံတိုင်းရင်းသားပြည်သူများက ဩဂုတ် ၂ရက် ရက်စွဲဖြင့် နိုင်ငံတော်သမ္မတထံတင်ပြထားသည်။

"ဒီစီမံကိန်းတကယ်လုပ်ဖြစ်သွားရင် တောသူတောင်သားတွေအတွက် တောင်ယာမြေ၊ ကျွဲ၊ နွားတွေအတွက် စားကျက်မြေဆိုတာ ကျန်မှာတောင်မဟုတ်ဘူး။ သူတို့လုပ်ဖြစ်သွားလို့ ကျွန်တော်တို့ ကျွဲ၊ နွားတွေ သူ့တို့ပိုင်နက်ထဲဝင်ပြီး မြက်စားရင် တောင်တရားစွဲခံရနိုင်တယ်။ ဝမ်းစာအတွက် တောင်ယာဝင်လုပ်ရင်လည်း မုံရွာလက်ပံတောင်းတောင်ကိစ္စမျိုးလိုဖြစ်မလာနိုင်ဘူးလို့ ဘယ်သူက အာမခံနိုင်မှာလဲ"ဟု တိုင်းရင်းသားတစ်ဦးကပြောသည်။

ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ နှင့် ကွတ်ခိုင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးတီခွန်မြတ်က မူယင်းစီမံကိန်းကိုပြည်နယ်ဝန်ကြီးချုပ်က လူထုသဘောထားအမြင်တောင်းခံနေပြီး ယခုကဲ့သို့ အချိန်တွင် သက်ဆိုင်ရာမှလက်လွတ်စပယ် ခွင့်ပြုလိမ့်မည်မဟုတ်ဟု ပြောကြားထားသည်။

"ကျွန်တော်တို့ခရိုင်အနေနဲ့ ဒီစီမံကိန်းမဖြစ်နိုင်ကြောင်း အထက်ကို တင်ပြထားတယ်။ မူဆယ်မြေစာရင်းကတော့ ခွင့်ပြုထားတယ်လို့ ကြားပါတယ်"ဟု လားရှိုးမြို့နယ် မြေစာရင်းရုံးမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။



*စီမံကိန်းဆောင်ရွက်မည်ဟုသတင်းထွက်ပေါ်နေသော ဒေသကိုတွေ့ရစဉ်* ဓာတ်ပုံ - ခွန်ဇော်ဦး

"အရင်က သက်ဆိုင်ရာက လာရှင်းပြတာတွေ တော့ရှိပါတယ်။ မြေလွတ်မြေရိုင်းတွေပေါ့။ ဒါကသေချာမသိလို့ပါ။ကေလည်း နည်းတာမဟုတ်ဘူး။ လူထုက မလိုလားဘူး"ဟု ကချင်နှစ်ခြင်းအသင်းတော်ကွတ်ခိုင်မြို့နယ်(နမ်ဖက်ကာ)အတွင်းရေးမှူး ဒေါက်တာတူးထန်က ပြောသည်။

# ကမ်းပါးပြိုနေ၍ စာသင်ကျောင်းရွှေ့ရန် လိုအပ်ဟုဆို

**သင်းသင်းသော်**

**မန္တလေး၊ စက်တင်ဘာ-၁**

ဧရာဝတီမြစ်ရေတိုက်စားပြီး ကမ်းပါးများပြိုကျနေသည့်အတွက် သူဌေးကုန်းကျေးရွာမှ စာသင်ကျောင်းကို ဘေးလွတ်ရာသို့ ရွှေ့ပေးရန် လိုအပ်နေပြီဖြစ်ကြောင်း သူဌေးကုန်းကျေးရွာ ရွာဦးကျောင်းဆရာတော်က မိန့်ကြားသည်။

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ ဝက်လွတ်ကျေးရွာအုပ်စု၊ သူဌေးကုန်းကျေးရွာသည် ဧရာဝတီမြစ်ကြောင်း ရေလယ်ခုံတွင် တည်ရှိသည်။ နှစ်စဉ်ဝါဆိုဝါခေါင်တွင် မြစ်ရေကြီးတတ်သော်လည်း ယခုနှစ်ရေကျချိန်တွင် ကမ်းပါးပြိုမှုများကြောင့် သူဌေးကုန်းကျေးရွာ မူလတန်းကျောင်းခွဲနှင့် ရွာဦးဘုန်းကြီးကျောင်းမှာ အလျင်အမြန်ရွှေ့ပြောင်းရန် လိုအပ်နေကြောင်း ဆရာတော်က မိန့်သည်။

"ကမ်းပါးပြိုတာက စာသင်ကျောင်းနဲ့ နီးနီးလာတယ်။ စိုးရိမ်စရာဖြစ်နေပြီ။ အိမ်တွေလည်း ရွှေ့နေကြပြီ။ ရပ်ကျေးဥက္ကဋ္ဌကို အကြောင်းကြားတော့ စာသင်ကျောင်းကို အရွှေ့မခံသေးဘူး။ တချို့မိဘတွေက စိုးရိမ်ကြလို့ ကျောင်းနုတ်သွားတာတွေ ရှိတယ်။ ဒါကို အမြန်ဆုံး ဆောင်ရွက်ပေးစေချင်တာပါ" ဟု ဆရာတော်က မိန့်သည်။

မူလတန်းကျောင်းခွဲတွင် စာသင်ကြားနေသော ကျောင်းသားပေါင်း ၅၂ ဦးရှိပြီး ယခုအခါတွင် မိဘများက စိုးရိမ်စိတ်ကြောင့် ကျောင်းနုတ်သွားသည့် ကလေးများရှိသောကြောင့် ၄၉ ဦး သာကျန်ရှိတော့သည်။ ရွာရှိဒေသခံများနှင့် ရွာဦးဆရာတော်တို့က စာသင်နေစဉ် ကမ်းပါးပြိုကျမည်ကို စိုးရိမ်နေသောကြောင့် ရွှေ့ပြောင်းလိုနေခြင်းဖြစ်သည်ဟု သိရသည်။

လွန်ခဲ့သော နှစ်ပတ်ခန့်ကလည်း ကမ်းပါးပြိုကျမှုကြောင့် ရွာရှိ အိမ်ခြေ ၇၄ လုံးမှ အိမ်ခြေ ၃၂ အိမ်ရွှေ့ပြောင်းခဲ့သည်။

လွန်ခဲ့သော နှစ်ပတ်ခန့်က မြို့နယ်အုပ်ချုပ်ရေးမှူးကိုယ်တိုင် ကွင်းဆင်းပြီး ရွှေ့ပြောင်းအိမ်ရာများကို စာရင်းကောက်ယူသွားကြောင်း သတင်းရရှိသည်။

"တကယ်ရွှေ့ရတာက ၃၂ အိမ်ရှိတယ်။ ဒါပေမဲ့ သူလာတဲ့အချိန်မှာ အိမ်ဖျက်ပြီး ရွှေ့နေတဲ့ စာရင်းကိုပဲ ယူသွားတော့ ခြောက်အိမ်တည်းဖြစ်နေတယ်။ ရပ်ကျေးကလည်း စာသင်ကျောင်းကို အရွှေ့မခံသေးဘူး။ မနေ့ညက ထပ်ပြီး ကမ်းပါးပြိုကျတယ်။ ရပ်ကျေးက သတင်းပဲပို့ခိုင်းနေတယ်။ စာသင်ကျောင်းနဲ့ ဆရာတော်ကျောင်းနဲ့က မျက်နှာချင်းဆိုင်ပဲ။ ကိုယ့်သဘောနဲ့ကိုယ် ရွှေ့မယ်ဆိုတော့လည်း အရွှေ့မခံဘူး"ဟု ဆရာတော်က မိန့်သည်။

ကျေးရွာအုပ်ချုပ်ရေးမှူးသို့ ဖုန်းနှင့် ဆက်သွယ်မေးမြန်းရာ "အဲဒီလောက်လည်း မစိုးရိမ်ရပါဘူး။ ဝဲကိုက် (ကမ်းပါးပြို)တာပါ။ တကယ်စိုးရိမ်ရရင် ရွှေ့မှာပါ။ အိမ်တွေကတော့ အရင်လကတည်းက ရွှေ့ထားပါတယ်။ ပြီးတော့ အထက်ကိုလည်း တင်ပြထားပါတယ်"ဟု ၎င်းကပြန်လည်ဖြေကြားသည်။

## ကောလင်းဘူတာတွင် တရားမဝင် ကျောက်စိမ်းများ ဖမ်းမိ

**စိုင်းလူမင်း**

**ကောလင်း၊ ဩဂုတ်-၂၉**


မြစ်ကြီးနားဘက်မှ ထွက်ခွာလာသည့် အမှတ် ၅၈၊ အစုန်ရထားသည် ကောလင်းဘူတာအရောက် တွဲအမှတ် ၅ နှင့် ၆ တွင် တရားမဝင်သယ်ဆောင်လာသည့် ကျောက်စိမ်း ၁၅ အိတ်ကာလတန်ဖိုး ကျပ်ဆယ့်တစ်သိန်းတန်ဖိုးကိုဩဂုတ် ၂၈ ရက် နံနက်ပိုင်းတွင် ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါကျောက်စိမ်းအိတ် ၁၅ အိတ်ကို မြန်မာ့မီးရထားမှ လက်ထောက်မန်နေဂျာ(သွားလာရေး)ဦးဇော်လွင်ဦးဆောင်သည့် စီမံချက်အဖွဲ့က စစ်ဆေးစဉ်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ရထားရဲစခန်း(ကောလင်း)မှရဲအုပ်သန့်ဇော်က တရားခံဖေါ်ထုတ်ဖမ်းဆီးရမိရေးအတွက် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။




## (၁)နှစ်ပြည့် အလွမ်း



ချစ်လှစွာသော သားလေး ဟိန်းသူရိန်ဇော်(ခ)မင်းသား(ခ) Alex Noctis (၁-၉-၂၀၁၃) မှာ သားလေးချစ်တဲ့သူတွေနဲ့ ခွဲခွာပြီး သားလေးကိုဟဲဟိုးမြို့၊ အင်းခေါင်းဗုဒ္ဓေါဇိနော ဘုန်းကြီးကျောင်းမှာ သွားထားခဲ့ရတာ (၁)နှစ်တောင်ပြည့်သွားပြီဆိုတာ အ. ထ. က(၄)တောင်ကြီး(၁၉၉၈-၂၀၀၉)၊ တောင်ကြီးတက္ကသိုလ် ပထမနှစ် အင်္ဂလိပ်စာ (၂၀၀၉-၂၀၁၀) မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံး၊ ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင်သင်တန်း(၁/၂၀၁၀) Star Business Group (Star & Models Int'l) Training Course No.(11M2011) နှင့် ဗဟန်း၊ စမ်းချောင်း နိုင်ငံရပ်ခြားမှ မိတ်ဆွေသူငယ်ချင်း ဆွေမျိုးများကို အလွမ်းပြေမှတ်မိစေဖို့ အသိပေးလိုက်ပါတယ်။ Crown ရဲ့ မလွမ်းချင်ဘူး သီချင်းလေးမှာ သရုပ်ဆောင်ခဲ့တဲ့ သားလေးက ကျန်ခဲ့တဲ့သူတွေကို လွမ်းစေခဲ့ပါတယ်။ (၁)နှစ်ပြည့်တဲ့နေ့မှာ ဗဟန်းအိမ်၊ တောင်ကြီးအိမ်တို့မှာ ပြုလုပ်ပေးတဲ့ ကုသိုလ်ကောင်းမှုအားလုံးကို ရောက်ရာ ဘဝမှ သားလေးသာဓုခေါ်နိုင်ပါစေ။

ဖေဖေဦးဇော်ဝင်းထွန်း(မင်းသား)+မေမေဒေါ်မေသက်လှိုင်(အ. ထ. က(၁၀)တောင်ကြီး)

ကိုအောင်ဖြိုးသိမ်း+မမသက်ဟေမာန်ဇော်(TESCO)

မမသက်ပေရယ်ဇော်(TELSTAR) ညီလေး ရှိန်းထက်မြက်ဇော်

7 DAY NEWS JOURNAL
Vol.12, No.26 • SEPTEMBER 4 , 2013

# တပ်မတော်ဆေးအဖွဲ့သားများပါဝင်သော ဘာသာပေါင်းစုံဆရာဝန်များက သံဃာတော်များအား ကုသိုလ်ဖြစ်ဆေးကုသ

**ခွန်ဇော်ဦး**

**လားရှိုး၊ စက်တင်ဘာ-၂**

လားရှိုးမြို့ ပဋ္ဌိပက္ခတွင် အစ္စလာမ် ဘာသာဝင်များကို စောင့်ရှောက်ပေးခဲ့သော သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းဆရာတော်၊ တပ်မတော်ဆေးတပ်မှ ဆရာဝန်များ၊ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများနှင့် အစ္စလာမ်ဘာသာဝင်ဆရာဝန်များပူးပေါင်းကာ ဩဂုတ် ၃၁ ရက်က မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများကို လှည့်လည်၍ ကုသိုလ်ပြု ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

"ဆရာတော်တို့အနေနဲ့ ဒီလိုညီညီညွတ်ညွတ်ဖြစ်ချင်တာကြာပြီ။ အခုမှပဲ လက်တွေ့အကောင်အထည်ပေါ်တော့တယ်။ အနယ်နယ်အရပ်ရပ်က ဘာသာမတူသူတွေအားလုံး ဒီလိုပဲ ပူးပေါင်းလုပ်ဆောင်နိုင်တဲ့ လူမှုအကျိုးပြုလုပ်ငန်းတွေကို ရှာဖွေကြရမယ်။ အဲဒီဘာသာမတူသူတွေအားလုံး ဒီလိုပဲ ပူးပေါင်းလုပ်ဆောင်သွားခြင်းဖြင့် ရင်းနှီးမှုနဲ့ နားလည်မှုတွေရရှိလာရင် ငြိမ်းချမ်းရေးဆိုတာ အလိုလိုဖြစ်ပေါ်လာမှာပါ"ဟု ဆရာတော်တစ်ပါးက မိန့်ကြားသည်။



*သံဃာတော်များအား ကုသိုလ်ဖြစ် ဆေးကုသပေးနေစဉ်*

ဓာတ်ပုံ- ခွန်ဇော်ဦး

ဘာသာပေါင်းစုံ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့မှ လားရှိုးမြို့ပေါ်ရှိ မန်ဆူဘုရားကြီးကျောင်းတိုက်၊ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်၊ ကာမိုင်းကျောင်းတိုက်တို့မှ ဆရာတော်၊ သံဃာတော်နှင့်ရှင်သာမဏေအပါး ၂၀၀ အား ဘာသာပေါင်းစုံချစ်ကြည်ရင်းနှီးစွာစုပေါင်းကုသိုလ်ပြုသည့် အနေဖြင့် ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုများပြုလုပ်ခဲ့သည်။

"အခုလို တပ်မတော်သားဆေးအဖွဲ့တွေရယ်၊ အစ္စလာမ်ဘာသာဝင်ဆရာဝန်တွေရော၊ တခြားဘာသာပေါင်းစုံက ဆေးဝါးကျွမ်းကျင်သူတွေနဲ့ အခုလိုရင်းရင်းနှီးနှီးဆက်ဆံရပြီး ကုသိုလ်ပြုခွင့်ရတာ ကျွန်တော်တစ်ခါမှ မကြုံဖူးဘူး။ တစ်ယောက်ချင်းကုသိုလ်ပြုဖို့တောင် မလွယ်တာ။ အခုလို လူအများနဲ့ ဘာသာပေါင်းစုံနဲ့ ဒီလိုလုပ်ခွင့်ရတာ ကျွန်တော်တို့မြို့အတွက်တော့ ဂုဏ်ယူစရာပဲဗျာ။ ဘာသာပေါင်းစုံတွေလည်း ရင်းနှီးမှုပိုတိုးတာပေါ့။ နောက်နောင်လည်း ဒီလိုကောင်းတဲ့လုပ်ရပ်တွေ ကျွန်တော်တို့မြို့မှာ အမြဲတမ်းလုပ်နိုင်ရင်ကောင်းမယ်"ဟု ဆေးတပ်ဖွဲ့ဝင်တစ်ဦးက ပြောသည်။

ဩဂုတ် ၁၁ ရက်က လားရှိုးမြို့နယ်၊ ရပ်ကွက်(၃)၊ ရွှေဖူးစာခန်းမ၌ ကျင်းပပြုလုပ်ခဲ့သော ဘာသာပေါင်းစုံမိတ်ဆုံစားပွဲတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်စိုးက ဘာသာပေါင်းစုံနဲ့ လူမျိုးပေါင်းစုံများ မကြာခဏတွေ့ဆုံ၍ လူထုအကျိုးပြုလုပ်ငန်းများကို ပူးပေါင်းလုပ်ဆောင်ကြရန်လိုအပ်ကြောင်းပြောကြားခဲ့သည်။ တပ်မတော်သားများပါဝင်သည့် ယင်းဘာသာပေါင်းစုံ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့သည် ဆက်လက်၍ အပတ်စဉ်စနေနေ့တိုင်း၊ မြို့တွင်းနှင့် မြို့ပြင်များရှိ ကျောင်းတိုက်အသီးသီးများသို့လည်း လှည့်လည်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကုသိုလ်ပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ILBC
Progress Through Education

**Professional Training and Testing Division**

အရည်အသွေးရှိသောပညာရေးဖြင့် မြန်မာလူငယ်များအား အစဉ်ပံ့ပိုးပေးရန် ရည်ရွယ်လျှက် **ILBC** ၏ Professional Training and Testing Division မှ အင်္ဂလိပ်စာသင်တန်းများ ဖွင့်လှစ်ပေးလျှက်ရှိပါသည်။ သင်တန်းများအားလုံး နိုင်ငံခြားသားဆရာများမှ ကျောင်းသားကျောင်းသူများအား အောက်ဖော်ပြပါကဲ့သို့ အဆင့်ဆင့် ပို့ချပေးသွားမည်ဖြစ်ပါသည်။

- **Beginner**
- **Pre-intermediate**
- **Intermediate**
- **Upper-intermediate**

နေ့စဉ်နှင့်အမျှ ပြောင်းလဲတိုးတက်နေသော မြန်မာပြည်ကြီးနှင့်အတူ သင်၏ အင်္ဂလိပ်စာ အရည်အသွေးကို မြှင့်တင်ပါ။ ကမ္ဘာတစ်ဝှမ်းမှ မြန်မာပြည်၏အကြောင်းကို ပြောနေကြပါသည်။ သင်၏အသံများကို ကမ္ဘာတစ်ဝှမ်းမှကြားနိုင်၍ နိုင်ငံတကာမှပြောသော ဘာသာစကားကို သင်သိရှိနိုင်ပါစေ။

**ILBC** ၏ Professional Training and Testing Division သို့ ယခုပင်လာရောက်၍ မည်သည့်အတန်းမှမဆို စတင်တက်ရောက်နိုင်ရန် သင့်လျော်မည့်အရည်အချင်းစစ်စာမေးပွဲများကို အခမဲ့ဖြေဆိုနိုင်ပါသည်။

**ILBC - Professional Training and Testing Division**
Building 9, Junction Square, Pyay Rd., Kamayut Tsp., Yangon.
For more information please contact : 09 4311 4111, 09 4317 2992

# ဆရာတော်ဦးဥတ္တမ အထိမ်းအမှတ်ပြတိုက် စစ်တွေမြို့ ရွှေစေတီကျောင်းတွင် စတင်တည်ဆောက်

**မောင်မိုးသက်**

**စစ်တွေ၊ စက်တင်ဘာ-၂**

မြန်မာနိုင်ငံလွတ်လပ်ရေး မီးရှူးတန်ဆောင်ဆရာတော် ဦးဥတ္တမအား လေးစားဂုဏ်ပြုသောအားဖြင့် စစ်တွေမြို့ ရွှေစေတီဘုန်းကြီးကျောင်းတွင် ဦးဥတ္တမပြတိုက်အား စက်တင်ဘာ ၁ ရက်တွင် အုတ်မြစ်ချစတင်တည်ဆောက်နေကြောင်း သတင်းရရှိသည်။

အဆိုပါရွှေစေတီဘုန်းတော်ကြီးကျောင်းမှာ ဆရာတော်အရှင်ဦးဥတ္တမငယ်စဉ်ကပင် သီတင်းသုံးနေထိုင်ခဲ့သော ကျောင်းတော်ဖြစ်ပြီး စစ်တွေမြို့တွင် သက်တမ်းရင့်သမိုင်းဝင်ကျောင်းတော်ကြီးဖြစ်ကာ လက်ရှိတွင် ဘုန်းတော်ကြီးသင်ပညာရေး၊ အခမဲ့ဆယ်တန်းစာသင်ကျောင်းနှင့် British Council ၏ စစ်တွေမြို့စာကြည့်တိုက်အပြင် ယခု ဦးဥတ္တမပြတိုက်တည်ဆောက်ခြင်းဖြစ်ကြောင်း ကျောင်းထိုင်ဆရာတော် ဦးအရိယာဝံသက မိန့်ကြားဖူးသည်။



*ဆရာတော်ဦးဥတ္တမဓာတ်ပုံနှစ်ပုံနှင့် ဗိုလ်ချုပ်*

ဓာတ်ပုံ- မောင်မိုးသက်

"မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် အာရှတိုက်တစ်ခွင် အသိပညာ၊ အတတ်ပညာပေါင်းစုံကို သင်ကြားပြီး နယ်ချဲ့ကို တော်လှန်ဖို့ စတင်မျိုးစေ့ချပေးခဲ့တဲ့ ဆရာတော်နဲ့ပတ်သက်တဲ့သမိုင်းအမွေ၊ ဓာတ်ပုံ၊ မှတ်တမ်း၊ ပေစာတွေကို ထိန်းသိမ်းပြသဖို့နဲ့ နောင်မျိုးဆက်လူငယ်တွေ သိရှိအောင် ရည်ရွယ်ပါတယ်" ဟု အုတ်မြစ်ချ အခမ်းအနားတွင် မိန့်ကြားခဲ့သည်။

ဆရာတော်ဦးဥတ္တမပြတိုက်ကို ငါးထပ်ဆောင်ဆောက်လုပ်မည်ဖြစ်ပြီး အလှူရှင်များ စစ်တွေမြို့ရွှေစေတီ ကျောင်းတိုက် ဂေါပကအဖွဲ့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

# Education

7 DAY NEWS JOURNAL

Vol.12, No.26 • SEPTEMBER 4 , 2013

## အခြေခံပညာကျောင်းများ ဖွံ့ဖြိုးရေး မိဘဆရာအသင်းနှင့် အကျိုးတော်ဆောင် အရေးပါ



*ရှမ်းပြည်နယ်တစ်နေရာရှိ အခြေခံပညာကျောင်းတစ်ကျောင်း*

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

**နေလင်းထွန်း**

**ရန်ကုန်၊ ဩဂုတ်-၃၁**

မြို့ပြနှင့် ကျေးလက်ဒေသရှိ အခြေခံပညာကျောင်းများ ဖွံ့ဖြိုးတိုးတက်မှုအတွက်မိဘဆရာအသင်းနှင့် ကျောင်းအကျိုးဆောင်အဖွဲ့တို့၏ အခန်းကဏ္ဍသည်အရေးပါလာကြောင်း ပညာရေးအသိုင်းအဝိုင်းကပြောသည်။

အစိုးရသစ်တက်လာပြီး ကျောင်းသားများထံမှ ငွေကြေးကောက်ခံမှုမပြုလုပ်ရန်ကန့်သတ်လိုက်ပြီးနောက် အခြေခံပညာကျောင်းများ၏ အထွေထွေအသုံးစရိတ်များနှင့်ဖွံ့ဖြိုးရေးအစီအစဉ်များအတွက် မိဘဆရာအသင်းနှင့် ကျောင်းအကျိုးဆောင်အဖွဲ့ကို အားကိုးနေရကြောင်း ကျောင်းအုပ်ဆရာအသိုင်းအဝိုင်းကဆိုသည်။

“ငွေမကောက်ရ အမိန့်ကြောင့် မိဘဆရာအသင်းနဲ့အကျိုးတော်ဆောင်က အဓိကျတယ်။ ပညာရေးဝန်ကြီးဌာနက မနှစ်ကစပြီး အထွေထွေအသုံးစရိတ်ပေးတယ်။ ဒီနှစ်လည်း အသုံးစရိတ်တွေကို တင်ပြခိုင်းထားတယ်။ ဒါပေမဲ့စည်းကမ်းတကျသုံးမှ လုံလောက်မှာပါ။ တံမြက်စည်းတစ်ချောင်းမပျက်စီးအောင်သုံးဖို့လည်းအရေးကြီးသွားတယ်” ဟု ရန်ကုန်မြို့လယ်ရှိ မူလတန်းကျောင်းအုပ်ဆရာမကြီးတစ်ဦးကပြောသည်။

ယခုအခြေအနေတွင် ငွေကြေးပြည့်စုံသော ကျောင်းသားများတက်ရောက်နေကြသည့် နာမည်ကြီးကျောင်းများသည်မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့၏ပံ့ပိုးမှုကြောင့် ဖွံ့ဖြိုးရေးအစီအစဉ်များ၊ အထွေထွေအသုံးစရိတ်များအတွက် အဆင်ပြေနေသော်လည်း ဆင်ခြေဖုံးနှင့်ကျေးလက်ဒေသရှိကျောင်းများသည် ဘဏ္ဍာရေးခက်ခဲနေဆဲဖြစ်ကြောင်း သိရသည်။

“နာမည်ကြီးကျောင်းတွေမှာ ကျောင်းသားတွေစုပြုံနေတာ ဆင်ခြေဖုံးကျောင်းတွေက ဘဏ္ဍာရေးမလုံလောက်ဘူးလေ။ အိမ်သာတို့၊ သောက်ရေသန့်တို့က အစအခက်အခဲရှိတယ်။ အဲဒါကြောင့် ရန်ကုန်မြို့က နာမည်ကြီး ကျောင်း ၁၀ ကျောင်းလောက်မှာ ဝင်ခွင့်ရဖို့အတွက် အပြိုင်အဆိုင်ဖြစ်လာတာပါ”ဟု အခြေခံပညာဦးစီးဌာနမှ လုပ်သက်နှစ်ပေါင်းနှစ်နှစ်ဆယ်ရှိအရာထမ်းတစ်ဦးကပြောသည်။

အခြေခံပညာကျောင်းများတွင် ကျောင်းသုံး၊ ရုံးသုံးပစ္စည်းများအနေဖြင့် မြေဖြူ၊ ကျောင်းသင်ပုန်းဖျက်၊ ကျောက်သင်ပုန်းသုတ်ဆေး၊ သောက်ရေအိုး၊ သောက်ရေခွက်၊ ရေစစ်၊ ရေပုံး၊ တံမြက်စည်း၊ အမှိုက်ပုံး၊ အမှိုက်ဂေါ်ပြားစသည့် အသုံးစရိတ်များအတွက်ကျောင်းသားပမာဏပေါ်မူတည်၍ အခက်အခဲရှိနေဆဲဖြစ်သည်။

“မိဘတွေက ကျောင်းကြီးတွေဆို ပိုလှူချင်တယ်။ ကျောင်းငယ်လေးတွေမှာ ပိုဆိုးနေတယ်။ တံမြက်စည်းလေးလှူပါဆိုတာနဲ့တိုင်တော့တာပါပဲ”ဟု အထက်ပါကျောင်းအုပ်ဆရာမကြီးက ဆိုသည်။

## ဗြိတိသျှကောင်စီက အင်္ဂလိပ်စာ ဆရာ၊ ဆရာမတွေ့ဆုံပွဲကျင်းပ

**နေလင်းထွန်း**

**ရန်ကုန်၊ ဩဂုတ်-၃၁**

ဗြိတိသျှကောင်စီမှ ကြီးမှူးကျင်းပသော အင်္ဂလိပ်စာဆရာ၊ ဆရာမများ၏ (၁၄)ကြိမ်မြောက် နှစ်ပတ်လည်တွေ့ဆုံပွဲသို့ အင်္ဂလိပ်စာဆရာ၊ ဆရာမ ၄၅၀ ကျော် တက်ရောက်ခဲ့ကြောင်း ဗြိတိသျှကောင်စီမှ သတင်းထုတ်ပြန်ထားသည်။

အဆိုပါတွေ့ဆုံပွဲကိုဩဂုတ် ၂၄ နှင့် ၂၅ ရက်တို့တွင် ရန်ကုန်မြို့၊ ဆီဒိုနားဟိုတယ်၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး ပညာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်နှင့် အရာရှိကြီးများ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခများ၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ အစိုးရနှင့် ပုဂ္ဂလိကကျောင်းများမှ အင်္ဂလိပ်စာဆရာ၊ ဆရာမများနှင့်နိုင်ငံတကာမှဆရာ၊ ဆရာမ စုစုပေါင်း ၄၅၀ ကျော်တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံတွင် အင်္ဂလိပ်ဘာသာအသုံးချမှုမှာ လွန်စွာကျယ်ပြန့်နေပြီဖြစ်သောကြောင့် အင်္ဂလိပ်ဘာသာစကားတတ်မြောက်ရန်၊ အထူးသဖြင့် ပြောဆိုတတ်ရန်မှာ အလွန်ပင်အရေးကြီးလာပြီဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့၏ ကျောင်းသား၊ ကျောင်းသူများ အင်္ဂလိပ်စကားပြောကို ရေလည်စွာပြောဆိုနိုင်ရန် သင်ကြားပေးရန်လိုအပ်လာပြီဖြစ်ကြောင်း၊ နှီးနှောဖလှယ်ပွဲတွင် လေ့လာမည့် သင်ကြားမှုနည်းစနစ်များသည် အထောက်အကူဖြစ်နိုင်စေမည်ဟု မျှော်လင့်ပါကြောင်း ဗြိတိသျှကောင်စီ၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးကယ်ဗင်မက်ကန်စီက ပြောသည်။

ယခုနှစ် အင်္ဂလိပ်စာဆရာ၊ ဆရာမများ တွေ့ဆုံပွဲတွင် အလုပ်ရုံဆွေးနွေးပွဲ ၅၆ ပွဲ ပြုလုပ်ခဲ့ပြီး ဗြိတိသျှကောင်စီသည် အဆိုပါတွေ့ဆုံပွဲများကို ၁၉၉၉ ခုနှစ်မှစ၍ ရန်ကုန်မြို့၌ ပြုလုပ်ခဲ့ကာ ၂၀၁၁ ခုနှစ်တွင် မန္တလေးမြို့တွင် နှစ်စဉ်ပြုလုပ်ခဲ့သည်။

## မူကြိုကျောင်းဝင်နှုန်း ကယားပြည်နယ် အမြင့်ဆုံးဖြစ်နေ

**သန်းထူး**

**နေပြည်တော်၊ ဩဂုတ်-၃၁**

မြန်မာနိုင်ငံတစ်ဝန်းကလေးသူငယ်မူကြိုကျောင်းဝင်နှုန်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအနက် ကယားပြည်နယ်က ၆၀ ဒသမ ၇ ရာခိုင်နှုန်းဖြင့် အမြင့်ဆုံးဖြစ်ကြောင်းပညာရေးဝန်ကြီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးသိမ်းကြီးက ပြောကြားသည်။

ပဋိပက္ခဖြစ်ပွားခဲ့ပြီး ဆင်းရဲနွမ်းပါးမှုနှုန်းမြင့်မားသော ရခိုင်ပြည်နယ်မှာ ၅ ဒသမ ၄ ရာခိုင်နှုန်းဖြင့် အနိမ့်ဆုံးဖြစ်နေကြောင်း ဩဂုတ် ၃၀ ရက်က နေပြည်တော်ရှိ အမ်အိုင်စီစီခန်းမ၌ပြုလုပ်သည့် ဘက်စုံလွှမ်းခြုံနိုင်သောပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးအဆင့်(၁) အစီရင်ခံစာရှင်းလင်းပွဲတွင် ၎င်းကပြောကြားခဲ့ခြင်းဖြစ်သည်။


မူကြိုကျောင်းဝင်နှုန်းဒုတိယအများဆုံးပြည်နယ်မှာ ရှမ်းပြည်နယ်(တောင်ပိုင်း)ဖြစ်၍ ၃၅ ရာခိုင်နှုန်းဖြင့်ရှိနေပြီး တတိယအများဆုံးအဖြစ် ကချင်ပြည်နယ်က ၃၄ ဒသမ ၆ ရာခိုင်နှုန်း၊ ရန်ကုန်တိုင်းဒေသကြီးက ၃၄ ရာခိုင်နှုန်းဖြင့် စတုတ္ထနေရာ၌သာ ရပ်တည်လျက်ရှိသည်။

ဖွံ့ဖြိုးမှုအနည်းဆုံးဒေသအဖြစ်သတ်မှတ်ထားသော ချင်းပြည်နယ်ကမူ ၃၂ ဒသမ ၇ ရာခိုင်နှုန်းဖြင့် ပဉ္စမနေရာ၌အံ့ဩဖွယ်ရှိနေကြောင်း အဆိုပါအစီရင်ခံစာတွင် ဖော်ပြပါရှိသည်။ တစ်နိုင်ငံလုံးအနေဖြင့် ကလေးငယ်များမူကြိုကျောင်းဝင်နှုန်းသည် ၂၂ ဒသမ ၉ ရာခိုင်နှုန်းသာရှိသည်။

မူကြိုကျောင်းဝင်နှုန်းတွင် မြို့ပြနှင့် ကျေးလက်ကွာဟမှုကြီးမားလျက်ရှိပြီး မြို့ပြတွင် ၃၉ ရာခိုင်နှုန်းကျော်နှင့် ကျေးလက်တွင် ၁၆ ရာခိုင်နှုန်းနီးပါးသာရှိသည်။ ထို့အပြင် ပုံမှန်ဝင်ငွေအောက်နိမ့်သောမိသားစုသားသမီးများမူကြိုဝင်နှုန်းမှာလည်း ၇ ဒသမ ၆ ရာခိုင်နှုန်းသာရှိပြီး ဝင်ငွေမြင့်သောမိသားစုများမှ ကလေးမူကြိုဝင်နှုန်းမှာမူ ၄၆ ရာခိုင်နှုန်းရှိသည်။



7DAY NEWS JOURNAL
Vol.12, No.26 • SEPTEMBER 4 , 2013





ရန်ကုန်အဝေးသင်တက္ကသိုလ်အဆောက်အအုံ ဓာတ်ပုံ-7DayNews

# အဝေးသင် ပထမနှစ်စာအုပ်ဖိုးနှင့် သင်ခန်းစာပို့ချကြေးမြင့်တက်

**နေလင်းထွန်း**

**ရန်ကုန်၊ ဩဂုတ်-၃၁**

အဝေးသင်တက္ကသိုလ် တက်ရောက်ကြမည့်ပထမနှစ်ကျောင်းသား၊ ကျောင်းသူများအနေဖြင့်စာအုပ်ဖိုးနှင့် သင်ခန်းစာပို့ချချက်အခွေများအတွက်ပေးသွင်းရမည့်အခကြေးငွေကျပ်ငါးထောင်ခန့်ပိုသွင်းရကြောင်းသတင်းရရှိသည်။

လွန်ခဲ့သည့်ပညာသင်နှစ်က စာအုပ်ဖိုးနှင့် သင်ခန်းစာပို့ချချက်စီဒီများအတွက် ကျပ်တစ်သောင်းခန့်ပေးသွင်းရန် သတ်မှတ်ခဲ့သော်လည်း လာမည့်ပညာသင်နှစ်အတွက်ပြဋ္ဌာန်းစာအုပ်များ၊ လေ့လာမှုလမ်းညွှန်စာအုပ်များ၊ စာစဉ်မေးခွန်းများ၊ သင်ခန်းစာပို့ချချက်၊ စီဒီနှင့် ဗီစီဒီအခွေများအတွက်ကျပ်တစ်သောင်းခွဲခန့်ပေးသွင်းရမည်ဖြစ်ကြောင်းပညာရေးဝန်ကြီးဌာနမှ သိရသည်။

အဝေးသင်တက္ကသိုလ်တက်ရောက်မည့် ကျောင်းသားများ၏ ပထမနှစ်ကျောင်းဝင်ခွင့်အတွက် မှတ်ပုံတင်ကြေး၊ ကျောင်းဝင်ကြေး၊ သင်တန်းကြေး၊ သိပ္ပံဘာသာရပ်ဓာတ်ခွဲခန်းကြေးနှင့် စာမေးပွဲကြေးစုစုပေါင်း ကျပ်နှစ်ထောင်ပေးသွင်းရမည်ဖြစ်ပြီး သတ်မှတ်ကြေးပြောင်းလဲခြင်းမရှိကြောင်း သိရသည်။

"စာအုပ်ကြေး၊ သင်ခန်းစာပို့ချကြေးတွေမြင့်တက်သွားတာ သိပ်ပြဿနာမဟုတ်ပါဘူး။ ဒါပေမဲ့ အဲဒီစာအုပ်တွေ၊ စီဒီတွေကို ကျွန်တော်တို့က ဝယ်သာဝယ်လိုက်တယ်။ ပြန်မလေ့လာဖြစ်ဘူး။ ကျူရှင်ပဲအဓိကတက်ဖြစ်တယ်"ဟု အဝေးသင်တက္ကသိုလ် ပထမနှစ်တက်ရောက်နေသော ကျောင်းသားတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံတွင် အဝေးသင်တက္ကသိုလ်တက်ရောက်နေသော ကျောင်းသား၊ ကျောင်းသူအရေအတွက် သုံးသိန်းတစ်သောင်းကျော်ရှိနေပြီး ယခင်နှစ်ထက် ကျောင်းသားဦးရေနှစ်သောင်းကျော်မြင့်တက်သွားခြင်းဖြစ်သည်။

၂၀၁၂ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ တစ်သိန်းခြောက်သောင်းကျော်တွင် အဝေးသင်တက္ကသိုလ်ဝင်ခွင့်ရရှိသော ပထမနှစ်ကျောင်းသားခြောက်သောင်းနီးပါးရှိပြီး ဝိဇ္ဇာဘာသာရပ်များဦးစားပေးရွေးချယ်ခဲ့ကြကြောင်းသိရသည်။



# လုပ်သားအကျိုးခံစားခွင့်များ မြှင့်တင်ရန် စီစဉ်

**အေးမြတ်သူ**

**ရန်ကုန်၊ ဩဂုတ်-၃၁**

ပြည်တွင်းလုပ်သားများ အလုပ်ထုတ်ခံရပါက နစ်နာကြေးရရှိရန် အပါအဝင် အကျိုးခံစားခွင့်များ တိုးမြှင့်၍ ညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

ပြည်တွင်း၌ အလုပ်ရှင်များက အလုပ်သမားများကို အလုပ်ထုတ်ရပ်စဲပါက နစ်နာကြေးပေးမှုမှာ လုပ်သက်သုံးနှစ်နှင့်အထက်ရှိ လုပ်သားများကို လုပ်ခလစာငွေ၏ ငါးလစာ အမြင့်ဆုံးသတ်မှတ်ထားသည်။ ၂၀၁၂ ခုနှစ် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေအရ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ပြန်လည်ပြင်ဆင်သတ်မှတ်နိုင်ကြောင်း ဥပဒေတွင် ဖော်ပြထားသည်။

ယခုနှစ်ပိုင်းအတွင်း လုပ်သားများအနေဖြင့် အလုပ်ထုတ်ရပ်စဲခံရမှုနှင့်ပတ်သက်၍ အလုပ်ရှင်နှင့် အငြင်းပွားမှုဖြစ်ကာ ဆန္ဒပြတောင်းဆိုကြသည့် လုပ်သားအများစုကို အလုပ်ရှင်က နစ်နာကြေးပေးကာ အလုပ်မှထုတ်ပယ်နေမှုများရှိသည်။



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ယခုအခါ အလုပ်ထုတ်ခံရသော လုပ်သားအချို့မှာ စက်ရုံ၊ အလုပ်ရုံတွင် လုပ်သက်ကြာမြင့်သော်လည်း ၎င်းတို့၏ အမြင့်ဆုံးအကျိုးခံစားခွင့်နှုန်းထားမှာ ငါးလစာဖြစ်သည့်အတွက် အစိုးရက အလုပ်ရှင်များဖြင့် ညှိနှိုင်းဆွေးနွေးလျက်ရှိသည်။

အလုပ်မှထုတ်ပယ်ခံရပါက အလုပ်သမားတစ်ဦးလုပ်သက်နှစ်အလိုက်ရရှိမည့် နစ်နာကြေးပြောင်းလဲမည်ဖြစ်ရာ နှစ်ပေါင်း ၂၀ ကျော် လုပ်သက်ရှိသော အလုပ်သမားအား အလုပ်မှရပ်စဲပါက ၁၀ လစာပေးရမည်ဟု ယာယီအတည်ပြုဆွေးနွေးခဲ့ပြီးပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ တင်ပြထားသည်။

"အလုပ်ထုတ်ရပ်စဲမှုနစ်နာကြေးပြန်သတ်မှတ်တာကို ရှေ့နေချုပ်ရုံးကို ပို့ထားတယ်။ အဲဒီကနေအတည်ပြုရရင်တော့ ဝန်ကြီးဌာနအနေနဲ့ အမိန့်ကြော်ငြာစာအဖြစ် ထုတ်ပြန်မှာပါ"ဟု အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဝင်းက ပြောသည်။

ထို့အပြင် ၁၉၅၁ ခုနှစ် ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေပါ အကျိုးခံစားခွင့်တို့ကိုလည်း ယခင်လုပ်သက် တစ်နှစ်နှင့်အထက်ရှိသောလုပ်သားအနေဖြင့် ခွင့် ၁၀ ရက်သာ တရားဝင်ပြဋ္ဌာန်းထားသော်လည်း ယခုအခါ ၁၅ ရက်အဖြစ် ထပ်မံတိုးမြှင့် ရန် ညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်း သတင်းရရှိသည်။

အဆိုပါဥပဒေတွင်ယခင်က ပါဝင်ခဲ့ခြင်းမရှိသည့် မီးဖွားခွင့်ရက်ကိုလည်း ထပ်မံအစားထိုးဖြည့်စွက်ကာ မီးဖွားခွင့်အတွက် စုစုပေါင်း သီတင်း၁၄ ပတ်အထိ ခွင့်ယူနိုင်ကြောင်း ဥပဒေတွင် အစားထိုး သတ်မှတ်ရန် ဩဂုတ် ၂၇ ရက်တွင် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်းသတင်းရရှိသည်။

"ခွင့်ရက်၊ အလုပ်ပိတ်ရက်နဲ့ ပတ်သက်လို့ ဆွေးနွေးတာ ထူးထူးခြားခြားမရှိပါဘူး။ ခွင့်ရက်ကို အရင် ၁၀ ရက်ကနေ ၁၅ ရက်ထိ တိုးပေးမယ်။ အရင်တုန်းက မီးဖွားခွင့်မပါဘူး။ ဖူလုံရေးမှာပဲပါတာ။ အခု မီးဖွားခွင့်တစ်ခု ပိုထည့်ပေးထားတယ်။ ဒီလိုမျိုးဥပဒေပြန်ပြင်ဆင်သတ်မှတ်တာကို ကျယ်ကျယ်ပြန့်ပြန့် ပိုလုပ်စေချင်တယ်။ အခုက လူနည်းစုနဲ့ပဲ ပြီးသွားတော့ တကယ်ဆို အလုပ်သမားကိုယ်စားလှယ်တွေ ဒီထက်ပါဖို့လိုတယ်လို့ သုံးသပ်မိတယ်"ဟု တိုင်ရီအလုပ်သမားသမဂ္ဂမှ ဥက္ကဋ္ဌ မမိုးဝေက ပြောကြားသည်။

## Free Classified — ဝန်ထမ်းအလိုရှိသည် — အခမဲ့ကြော်ငြာကဏ္ဍ

**Asia Central Link Co.,Ltd**

1. Reservation Staff F (3) Posts
2. Tour Operator M/F (1) Post
(Japan ဘာသာဖြင့် ဘွဲ့ရသူ)
3. Tour Operator M/F (1) Post
(German ဘာသာဖြင့် ဘွဲ့ရသူ)

Tel: (95-9)73589999
Email: office@asiacentrallink.com

---

**အလိုရှိသည်**

မူကြိုဆရာမ အလိုရှိသည်။
ဖုန်း- ၀၉ ၇၃၁၆၉၀၇၉

---

**The Fingers Food Garden**

၁။ အချက်အပြုတ်ကျွမ်းကျင် (ယိုးဒယား၊ တရုတ်၊ ရှမ်း)
၂။ မီးဖိုချောင်အကူ/ပန်းကန်ဆေး
အမှတ်-၅၅၊ ရှမ်းကုန်းလမ်း၊ မြေနီကုန်း။
ဖုန်း- ၀၁ ၅၃၅၃၅၀

---

**ဝန်ထမ်းအလိုရှိသည်**

၁။ ခေါင်းလျှော် မ (၃) ဦး
၂။ လက်သည်းခြေသည်း မ (၁) ဦး
**Y1 Hair Design** ဖုန်း- ၀၁ ၅၄၀၆၀၅

---

**အလိုရှိသည်**

Vinyl ရိုက်၊ လက်ကမ်းစာစောင်ဝေ ရန် (အချိန်ပိုင်း)အလုပ်သမားအလိုရှိသည်။ အသက် ၃၀အောက်၊ Vinyl ရိုက်ဖူးသူ။
ဖုန်း- ၀၉ ၄၃၁၉၂၆၈၄

---

**ဝန်ထမ်းအလိုရှိသည်**

၁။ မန်နေဂျာ ကျား (၁) ဦး
၂။ ရုံးဝန်ထမ်း ကျား (၂) ဦး
၃။ အထွေထွေဝန်ထမ်း ကျား (၁၀) ဦး
၄။ ယာဉ်မောင်း(ကျွမ်းကျင်) ကျား(၂)ဦး
အမှတ် (၄၅)၊ သမ္မာဒိဋ္ဌိလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

---

**ဂျပန်နိုင်ငံတွင် အလုပ်လုပ်ကိုင်ရန်**

အမျိုးသမီး (မော်တာစက်ချုပ်ကျွမ်းကျင်)များအလိုရှိသည်။
**Power Support Services Co.,Ltd**
ဖုန်း-၀၁ ၃၈၀၆၀၂

---

**ဝန်ထမ်းအလိုရှိသည်**

၁။ ပိတ်ညှပ်ကျွမ်းကျင် မ (၂) ဦး
၂။ စက်ချုပ်ကျွမ်းကျင် မ (၃) ဦး
၃။ စီးကွင့်ကျွမ်းကျင် မ (၃) ဦး
၄။ အထွေထွေ၊ အရောင်းဝန်ထမ်း မ(၂) ဦး
ဖုန်း- ၀၉ ၅၄၀၉၀၉၇

---

**ဟိုတယ်ရွှေဂုံတိုင်**

1. Receptionist M (2) Posts
2. Cashier F (3) Posts
3. Driver M (3) Posts
4. သန့်ရှင်းရေး (ကျား/မ) (၅) ဦး
အမှတ်(၂၇၃/အေ)ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

---

**Peace House Tour & Travel**

1. Tour Department (5) Posts
2. Ticketing Department (5) Posts
Good Command of English is a must.
Tel: 01 251935

---

**ဝန်ထမ်းအမြန်အလိုရှိသည်**

1. Marketing Executive F/M (3) Posts
2. Marketing Staff F/M (7) Posts
အခြေခံလစာ တစ်သိန်းနှင့်အထက် အမှတ်(၁၇၈)၊ ၃၃ လမ်းအပေါ်၊ ကျောက်တံတား၊ ရန်ကုန်။

---

**ဝန်ထမ်းအလိုရှိသည်**

1. B.E (Electrical Power) M (2) Posts
2. B.Tech (EP) M (3) Posts
3. Training M (20) Posts
4. ရုံးဝန်ထမ်း F (2) Posts
ဖုန်း- ၀၁ ၃၉၁၇၅၆

---

**ဝန်ထမ်းအလိုရှိသည်**

1.Lab Technician M/F (2) Posts
2. Accountant F (2) Posts
3. Cashier F (2) Posts
4. Nurse-Aid F (10) Posts
5. လုံခြုံရေးဝန်ထမ်း M (5) Posts
6. အထွေထွေဝန်ထမ်း M (5) Posts
ကန်တော်လေးအထူးကုဆေးခန်း။
ဖုန်း- ၀၁ ၃၈၄၀၄၂

---

**ဝန်ထမ်းအလိုရှိသည်**

1. Resources Mobilization Officer (1) Post
www.myanmarredcrossocietv.org တွင် အသေးစိတ် အချက်အလက်များကို ကြည့်ရှုနိုင်ပါသည်။

---

**ဝန်ထမ်းအမြန်အလိုရှိသည်**

1. Website Development Trainer M/F (2) Posts
2. Java (J2SE) Programming Trainer M/F (1) Post
အခန်း(၄)၊ MICT Park၊လှိုင်မြို့နယ်။

---

**ဝန်ထမ်းအလိုရှိသည်**

အထည်ရောင်းဝန်ထမ်း မ (၅) ဦး
အမှတ်(၃၈၅၊ ၃၈၉)၊ ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ Global Tower (၁၂လွှာ)၊ ကျောက်တံတား။

---

**ဝန်ထမ်းအလိုရှိသည်**

အမျိုးသမီးစက်ချုပ်ကျွမ်းကျင်(အမြန်) အလိုရှိသည်။ဖုန်း- ၀၉ ၃၁၅၅၉၈၁၇

---

**ဝန်ထမ်းအလိုရှိသည်**

1. Pharmacist F (3) Posts
2. Pharmacy Sales F (5) Posts
3.Medical Imaging Technologist M/F (2) Posts
ကန်တော်လေးအထူးကုဆေးခန်း
ဖုန်း- ၀၁ ၃၈၄၀၄၂

---

**အလိုရှိသည်**

စက်ချုပ်ကျွမ်းကျင်သူ မ(၃) ဦး
အလုပ်အတွေ့အကြုံ တစ်နှစ်ရှိရမည်။
**ချစ်သောနွေအပ်ချုပ်ဆိုင်**
ဖုန်း- ၀၉ ၅၀၁၉၅၇၉

---

**ဝန်ထမ်းအလိုရှိသည်**

၁။ စာရင်းကိုင် ကျား/မ (၂) ဦး
၂။ အရောင်းဝန်ထမ်း ကျား/မ (၁၀) ဦး
၃။ Marketing ရုံးထိုင် ကျား/မ (၂) ဦး
၄။ ယာဉ်မောင်း ကျား (၂) ဦး
ဖုန်း- ၀၁ ၂၃၀၄၃၄၄

---

**ဝန်ထမ်းအလိုရှိသည်**

1. Marketing Supervisor F (1) Post
2. Sales & Marketing F (4) Posts
3. Driver(ရောင်းမောင်း) (4) Posts
အမှတ် (၄၀)၊ တရုတ်ကျောင်းလမ်း၊ သံတံတားရပ်ကွက်၊ စမ်းချောင်းမြို့နယ်။

---

**စာရင်းစစ်လုပ်ငန်း**

1.Assistant Auditor M/F (5) Posts
2. Computer Operator M/F (5) Posts
3. Admin Staff F (1) Post
4. Admin Assistance M/F (1) Post
5. ကျွမ်းကျင်ယာဉ်မောင်း (3) Posts
ဖုန်း- ၀၁ ၆၆၃၉၀၁

---

**ဝန်ထမ်းအလိုရှိသည်**

1. Marketing Executive (10) Posts
2. Marketing Manager (1) Post
3. Graphic Designer (2) Posts
Room-B(228),Muditar Condo, Baho Street, Mayangone Township.

---

**ဝန်ထမ်းအလိုရှိသည်**

သတို့သမီးဝတ် ဂါဝန်အငှားဆိုင်တွင် ခန့်ထားရန် အချုပ်အလုပ်ကျွမ်းကျင်သူ မ(၃) ဦးအလိုရှိသည်။ Exposure
ဖုန်း- ၀၉ ၅၀၁၉၅၇၉

---

**ဝန်ထမ်းအလိုရှိသည်**

၁။ ဆံပင်ပိုင်းဆိုင်ရာ ဆံပင်ညှပ် ကျား (၅) ဦး
၂။ ဆံထုံး၊ မိတ်ကပ် ကျား (၁၀) ဦး
၃။ လက်သည်း မ (၂) ဦး
အခမဲ့သင်တန်းပေးမည်။
ဖုန်း- ၀၉ ၄၂၁၁၆၄၂၂၇

---

**ဝန်ထမ်းအမြန်အလိုရှိသည်**

၁။ အရောင်းဝန်ထမ်း ကျား/မ (၁၀) ဦး
လစာငွေ-၅၀၀၀၀ ကျပ်အပြင် ကော်မရှင်ခံစားခွင့်ရှိပါသည်။
အမှတ်(၁၃၂)၊ မြေညီ၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်။

---

**အလိုရှိသည်**

မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် Int'l သင်ကြားပေးနိုင်သော ဆရာ/ဆရာမများအလိုရှိသည်။
ဖုန်း- ၀၉ ၄၃၁၉၂၆၈၄

---

**ဝန်ထမ်းအလိုရှိသည်**

ယာဉ်မောင်း ကျား (၅) ဦး အလိုရှိသည်။ သက်တမ်း ငါးနှစ်အထက်၊ အသက် ၃၀မှ ၅၀ နှစ်အတွင်း၊ မော်ဒယ်မြင့်အမျိုး အစားမျိုးစုံကျွမ်းကျင်စွာမောင်းနှင်နိုင်သူ၊ (၉၅/အေ)လမ်းသစ်လမ်း၊ နံ့သာကုန်း၊ အင်းစိန်။ (၉. ၉. ၂၀၁၃)နောက်ဆုံး။

---

**ဝန်ထမ်းအလိုရှိသည်**

ယာဉ်မောင်းကျွမ်းကျင် (၁) ဦး
ယာဉ်မောင်းအတွေ့အကြုံ (၅) နှစ် ရှိရမည်။ အသက် (၄၅-၅၀) နှစ် သုဝဏ္ဏမြို့တွင်းနေသူဦးစားပေးမည်။
ဖုန်း- ၀၅ ၅၀၉၃၀၁၅

---

**ယာဉ်မောင်းအလိုရှိသည်**

Light Truck၊ ကုန်တင်ယာဉ် မောင်းနိုင်ရမည်။ လိုင်စင်သက်တမ်း(၅) နှစ်ရှိရမည်။ တိုက်(B)၊အခန်း(၈)၊ ရွှေမာလာရိပ်မွန်၊ ရွှေကံ့ကော်လမ်း၊ ဘုရင့်နောင်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်းဆားဗစ် Hardware/software ကျွမ်းကျင်သူ ကျား/မ တစ်ဦးအလိုရှိသည်။ အမှတ် ၁၀၅၊ အထက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင် ညဈေးမှတ်တိုင်။
ဖုန်း- ၀၉ ၇၃၀၈၈၇၅၀

---

EASIA TRAVEL, MYANMAR

1. Sales (5) Posts
2. Chief Accountant (1) Post
Good Command of English
PH: 09 5053460

---

**ဝန်ထမ်းအလိုရှိသည်**

1. Marketing F (4) Posts
2. Accountant F (2) Posts
3. Cashier F (1) Post
PH: 01 8550610

---

**ဝန်ထမ်းအလိုရှိသည်**

၁။ ဆံပင်ညှပ်ကျွမ်းကျင် ကျား (၂) ဦး
၂။ ဆံပင်ညှပ်ကျွမ်းကျင် မ (၂) ဦး
၃။ Shampoo ကျွမ်းကျင် မ (၃) ဦး
ဖုန်း- ၀၉ ၃၆၁၃၇၇၂၄

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

7DAY NEWS JOURNAL
Vol.12, No.26 • SEPTEMBER 4 , 2013

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောသော ပြင်ဦးလွင်က 'ဂဲလောင်းချောင်း'

မေမြို့ ချစ်ဆွေ

**"ပြင်ဦးလွင်မြို့သည် ချယ်ရီမြို့တော်၊ ပန်းမြို့တော်ဟု ခေါ်ဆိုသော တပ်မြို့ဖြစ်ပြီး တပ်နှင့်ပြည်သူတစ်သားတည်းရှိသော မြို့တစ်မြို့လည်း ဖြစ်ကြောင်း ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ပြင်ဦးလွင်မြို့တွင်း ရေကြီး၍ လူအသေအပျောက်ရှိခဲ့ဖူးသဖြင့် ရေကြီးရေလျှံမှု မဖြစ်စေရေး၊ ဂဲလောင်းချောင်းအပါအဝင်ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးသွားကြစေလိုကြောင်း"** ဖြင့် ဩဂုတ်လ ၂၂ ရက်နံနက်ပိုင်းတွင် ပြင်ဦးလွင် စာပေ(၂) အစည်းအဝေးခန်းမ၌ ပြင်ဦးလွင် တပ်နယ်မှ အရာရှိကြီးများအား ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မှာကြားသွားပါသည်။


*ပြင်ဦးလွင်မြို့မှ ဂဲလောင်းချောင်း*

**ပြင်ဦးလွင်သမိုင်းထဲက 'ဂဲလောင်းချောင်း'**

ပြင်ဦးလွင်ကို ၁၈၈၅ ခုနှစ်တွင် အထက်မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ သိမ်းပိုက်ပြီး နောက်တစ်နှစ်ဖြစ်သော ၁၈၈၆ ခုနှစ်၊ နိုဝင်ဘာလတွင်ကာနယ်အိတ်ချ်အိုမေ (Col.H.O May)ဦးစီးသော အမှတ်(၅)ဘင်္ဂလားခြေလျင်တပ်ရင်း (5th Bengal Infantry) က တက်ရောက်သိမ်းပိုက်ခဲ့လေသည်။

ထို့နောက် ၁၈၉၆ ခုနှစ် ဇွန်လတွင် မြန်မာနိုင်ငံ၏ ယာယီကော်မရှင်နာမင်းကြီး ဒီအမ်စမီတန် (Governor D.M. Smeaton I.C.S) သည်မြန်မာပြည်အင်ဂျင်နီယာချုပ်၊ မစ္စတာဟွိုင်းဖောက် (Mr.Hoy Fox, A.R.I.B Chief Engineer) နှင့်အတူ ပြင်ဦးလွင်သို့ရောက်ရှိလာကြပြီးပြင်ဦးလွင်၏ ရေမြေတောတောင် အနေအထား၊ ရာသီဥတု၊ လမ်းပန်းဆက်သွယ်ရေး အလားအလာများကို အသေးစိတ်လေ့လာပြီး အပန်းဖြေ တောင်စခန်းမြို့အဖြစ်တည်ဆောက်ရန် ဆုံးဖြတ်ခဲ့လေသည်။

**'ဂဲလောင်းချောင်း'ကို ဗဟိုပြု၍ ပြင်ဦးလွင်ကို မြို့အဖြစ် စတင်တည်ဆောက်ခြင်း**

၁၈၉၆နှစ်မှာပင်မြန်မာနိုင်ငံ အင်ဂျင်နီယာချုပ်နှင့် အင်္ဂလန်မှ မြို့ပြတည်ဆောက်ရေး ကျွမ်းကျင်သူ အင်ဂျင်နီယာများ ရောက်ရှိလာပြီး "ဂဲလောင်းချောင်း"ကို ဗဟိုပြု၍ စတင်တည်ဆောက်ခဲ့ပါသည်။

မြို့သစ်တည်ဆောက်ရာတွင်'ဂဲလောင်းချောင်း'အတွင်းသို့ စီးဝင်စေမည့် ရေနုတ်မြောင်းများ၊ ဒူးလမ်းကြားနှင့် လက်တံမြောင်းများ ဖော်ထုတ်ခြင်း၊ မြို့တွင်းလမ်းများ ဝဲယာတစ်ဖက်တစ်ချက်တွင် ရေနုတ်မြောင်းများဖော်ထုတ်ခြင်းတို့ကို ဆောင်ရွက်ပြီးမှ ရပ်ကွက်များ ဖော်ထုတ်ကာ မြေနေရာများ စနစ်တကျချပေးခဲ့လေသည်။

**ပြင်ဦးလွင်မှသည် မေမြို့သို့**

မြို့အဖြစ် စတင်တည်ဆောက်ပြီးနောက် ၁၈၉၇ ခုနှစ်က ပြင်ဦးလွင်ကို ၁၈၈၆ ခုနှစ်တွင် တက်ရောက် သိမ်းပိုက်နိုင်ခဲ့သော ကာနယ်မေ (Col.May)ကို အစွဲပြု၍ မေမြို့ (Maymyo)ဟု အမည်ပေးခဲ့လေသည်။

**ပထမဦးဆုံး မြူနီစီပယ်အဖွဲ့နှင့် ဂဲလောင်းချောင်း**

၁၉၀၂ ခုနှစ် ဧပြီလ ၂၈ ရက်တွင် ပြင်ဦးလွင် (မေမြို့)အား မြန်မာပြည် မြူနီစီပယ်ဥပဒေ (၂၁၀) အရ၊ မြို့ကော်မတီခေါ် Town Comittee ကို ဖွဲ့စည်းပြီး မြို့သာယာလှပရေးနှင့် သန့်ရှင်းရေးကို စနစ်တကျ လုပ်ကိုင်စေခဲ့ပါသည်။

ထို့နောက် ယခုအမျိုးသားကန်တော်ကြီးအတွင်း**ဂဒက်တော**သဘာဝရေထွက်မှ ချောင်းဖျားခံပြီး ပွဲကောက်ရေတံခွန်အထိ ၁၅ မိုင်ရှည်လျားသော 'ဂဲလောင်း




ချောင်း'၏ ဝဲယာတစ်ဖက်တစ်ချက် ပေ ၄၀ ကွာအတွင်းရှိ မြေများနှင့် ယခင်ဘန်းလုပ် (Bun Road)ယခု ဗိုလ်ချုပ်လမ်းရှိ ရေနုတ်မြောင်းမကြီးဝဲ/ယာတစ်ဖက်တစ်ချက်ရှိ မြေများ၊ ဒူးလမ်းကြားမြေများစသည်တို့ကို မြူနီစီပယ်ပိုင်မြေအဖြစ် သတ်မှတ်ပြီး နေအိမ်ဆောက်လုပ်ရန်နှင့် မြေဂရန်များ ချပေးခြင်း မပြုလုပ်ရန် သတ်မှတ်ခဲ့ပါသည်။

**'ဂဲလောင်းချောင်း' အတွင်း စီးဆင်းရန် ဆောင်ရွက်ထားသည့် ရေနုတ်မြောင်းများ၊ လက်တံမြောင်းများ ပျက်စီးယိုယွင်းလာခြင်း**

သို့သော် နဝတ(နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေး)နှင့် နအဖ(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ) အစိုးရလက်ထက်၊ ပြင်ဦးလွင်ခရိုင် ခဝတ၊ ခအဖဥက္ကဋ္ဌနှင့် အထွေထွေအုပ်ချုပ်ရေးမှူးတို့က ဂဲလောင်းချောင်းနှင့် ဒူးလမ်းကြားမြေများကို ၎င်းတို့သဘောဖြင့် ၁၉၉၉ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ မြေဂရန်များ ချပေးခဲ့ပြီး နေအိမ်တိုက်တာများ ဆောက်လုပ်ခွင့်ပေးခဲ့ပါသည်။

"ဂဲလောင်းချောင်း"ဆိုလျှင် ချောင်းနှင့်ကပ်၍ နေအိမ်တိုက်တာများ ဆောက်လုပ်ခွင့်ပေးခဲ့သဖြင့် ချောင်းမှာ ပျက်စီးယိုယွင်းလာသည်နှင့်အမျှထိုနေအိမ်တိုက်တာများမှ စွန့်ပစ်သော အမှိုက်သရိုက်များကြောင့် ချောင်း၏ ရေစီးရေလာကို ပိတ်ဆို့စေခဲ့သဖြင့် မိုးရာသီတွင် ဂဲလောင်းချောင်းတစ်လျှောက် ရေကြီး၊ ရေလျှံ ရေဘေးဒုက္ခနှင့် ကြုံတွေ့ခဲ့ရလေသည်။

"ဂဲလောင်းချောင်း" တစ်လျှောက် မြေရရှိထားသူများက ယနေ့အထိ နေအိမ်တိုက်တာများ ဆောက်လုပ်ခွင့်ပေးထားရာတွင် ယခုလက်ရှိပြည်ထောင်စုဝန်ကြီးတစ်ဦးလည်း ပါဝင်နေပါသည်။ ဂဲလောင်းချောင်းတွင် မြေဂရန်ရရှိထားသူများမှာ နဝတနှင့် နအဖလက်ထက်တွင် ခရိုင်ဥက္ကဋ္ဌနှင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးနှင့် အလွှမ်းသင့်သူများ၊ အာဏာရှိသူများသာ ဖြစ်ပါသည်။ ယခုအခါ ဂဲလောင်းချောင်းမြေပေါက်ဈေးမှာ ကျပ်သိန်း ၅၀၀ မှ ကျပ်သိန်း ၁၀၀၀ အထိ ပေါက်ဈေးရှိနေပါသည်။ ဂဲလောင်းချောင်းတစ်လျှောက်တွင် ဂရန်ရ၍ ဆောက်ပြီး တိုက်အိမ် ၅၉ လုံးရှိပြီး ဂရန်ရပြီး ဆောက်လုပ်မည့် အိမ်ပေါင်းလည်း များစွာကျန်ရှိနေပါသေးသည်။ ॥

International Finance Corporation
World Bank Group

VACANCY ANNOUNCEMENT

IFC, a member of the World Bank Group, is the largest global development institution focused exclusively on the private sector. Working with private enterprises in more than 100 countries, we use our capital, expertise, and influence to help eliminate extreme poverty and promote shared prosperity. In FY13, our investments climbed to an all-time high of nearly $25 billion, leveraging the power of the private sector to create jobs and tackle the world's most pressing development challenges. For more information, visit www.ifc.org.

IFC's strategy in Myanmar focuses on: (i) strengthening the role of the private sector and in particular MSMEs in creating economic opportunity ; (ii) promoting inclusive growth ; (iii) supporting the country's economic reform process ; and (iv) addressing Myanmar's infrastructure needs.

IFC's Myanmar Office is seeking a qualified local candidate for the **Country Officer position.** The Country Officer is a senior position responsible for developing and maintaining relations with the Government, the business community and development partners. The Country Officer also plays an important role to promote and coordinate IFC's activities in Myanmar.

Interested candidates should review the complete job description and selection criteria and apply on-line at **http://www.ifc.org/careers** and choose **vacancy number 131944**. Please note that you need to register before submitting your application. The closing date is **21st September 2013**. Only applicants selected for interview willl be contacted.

7 DAY NEWS JOURNAL
Vol.12, No.26 • SEPTEMBER 4 , 2013

# Commodity Watch

စာမျက်နှာ(၃)မှ

## အရိုးစွဲနေတဲ့ မှောင်ခိုကုန်သွယ်ရေး တိုက်ဖျက်ရာဝယ်

“အဖွဲ့တွေ၊လူတွေက အများကြီးဆိုတော့ ညှိနှိုင်းပြီး လာဘ်စားမှုတွေရှိနိုင်တယ်။ ဒါကိုသိရင် ပြည်သူလူထုအနေနဲ့ ပူးပေါင်းဆောင်ရွက်ပေးဖို့ မေတ္တာရပ်ခံပါတယ်။ အဖွဲ့ကိုလည်း သတင်းပေးတိုင်ကြားနိုင်ပါတယ်။ ဖုန်းနံပါတ်တွေကိုလည်း နိုင်ငံပိုင်သတင်းစာတွေမှာ ဖော်ပြထားပါတယ်”ဟု တရားမဝင်ကုန်သွယ်မှု တားဆီးရေးဗဟိုကော်မတီမှ ရုံးအဖွဲ့မှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးညွန့်အောင်က ဆိုသည်။

တရားမဝင်ကုန်သွယ်မှုတားဆီးရေးကို ဆောင်ရွက်ရာတွင် ဝန်ထမ်းများ အပါအဝင် တိုင်ကြားမှုများစွာ ရှိနိုင်ကြောင်းကို ရန်ကုန်ဆိပ်ကမ်းရွှေ့လျားစစ်ဆေးရေးအဖွဲ့ခေါင်းဆောင်က ပြောကြားဖူးသည်။ လာဘ်စားမှု၊ မမှန်မကန်လုပ်မှုစသည့်တိုင်ကြားမှုများစွာကိုလည်း စနစ်တကျ စစ်ဆေးပြီး အရေးယူသွားမည်ဟု တရားမဝင်ကုန်သွယ်မှု တားဆီးရေးဗဟိုကော်မတီဥက္ကဋ္ဌက လွှတ်တော်တွင် ပြောကြားသည်။

ကုန်သည်လုပ်ငန်းရှင်များက မှောင်ခိုပစ္စည်းများ သယ်ဆောင်လာပါကလည်း လွှတ်တော်တွင် အတည်ပြုပြီးသော ပို့ကုန်သွင်းကုန်ဥပဒေဖြင့် အရေးယူဆောင်ရွက်သွားမည်ဟု သိရသည်။

မှောင်ခိုတားဆီးရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းမှာ တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ ရွှေ့လျားစစ်ဆေးရေးအဖွဲ့များကိုလည်း ပြည်သူများအဆင်မပြေဟု အသံထွက်လာပါက အများသဘောတူညီချက်ဖြင့် ထားသင့်၊ မထားသင့်ကို ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်းက ဆိုသည်။

ပြည်တွင်း၌မှောင်ခိုလုပ်ငန်းများပြားနေရခြင်းမှာ မဆလအစိုးရလက်ထက်မှ စတင်ခဲ့ခြင်းဖြစ်သည်။ တိုင်းပြည်ကို တံခါးပိတ်စီးပွားရေးစနစ်ကျင့်သုံးပြီး အစိုးရတစ်ဖွဲ့တည်းမှ ပြည်သူများ၏ အစားအသောက်မှအစ လူသုံးကုန်ပစ္စည်းများအားလုံးထုတ်လုပ်ပေးသည့်စနစ်များကို ကျင့်သုံးခဲ့သည်။

ပြည်တွင်း၌ နေ့စဉ်တိုးမြင့်လာသည့် လူဦးရေနှင့် အစိုးရလုပ်ငန်းများမှ ထုတ်ကုန်များက မမျှတမှုများကြောင့် မှောင်ခိုစီးပွားရေးကို ပိုအားကောင်းလာစေခဲ့သည်။ မှောင်ခိုစီးပွားရေးလုပ်ငန်းများကို သာမန် ကုန်သည်များသာမက အစိုးရအဖွဲ့ထိပ်ပိုင်းခေါင်းဆောင်များ၏ ဆွေမျိုးသားချင်းများစွာပါဝင်လုပ်ကိုင်ခဲ့ကြသည်။

“အဲဒီအချိန်က မှောင်ခိုလာဖမ်းရင် ဖမ်းတဲ့လူကို သုံးပုံတစ်ပုံပေးရတယ်။ အဲဒီအကျင့်တွေက နောက်ပိုင်းစစ်အစိုးရလက်ထက်မှာလည်း တောက်လျှောက်ပါလာတယ်”ဟု ကုန်သည်စက်မှုအသင်းချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်တစ်ဦးက ပြောသည်။

မဆလအစိုးရလက်ထက်က ပြည်တွင်းထုတ်လုပ်မှုနှင့် ပြည်တွင်းသုံးစွဲမှု မမျှတသဖြင့် မှောင်ခိုများရှိခဲ့သော်လည်း ၁၉၈၈နောက်ပိုင်း စစ်အစိုးရ လက်ထက်တွင်လည်း အခွန်ပမာဏကြီးမားမှုကြောင့် မှောင်ခိုများ ဆက်လက်ရှင်သန်စေခဲ့သည်။ စစ်အစိုးရလက်ထက်တွင် ပို့ကုန်တင်ပို့ပါက ၁၀ ရာခိုင်နှုန်းအခွန်ဆောင်ရပြီး သွင်းကုန်များပေါ်တွင်လည်း အခွန်ပမာဏများစွာ ကောက်ခံခဲ့သည်။ သမ္မတဦးသိန်းစိန် လက်ထက်တွင် ကုန်သွယ်ရေးနှင့်ပတ်သက်၍ ဖြေလျှော့မှုများစွာရှိနေသော်လည်း မှောင်ခိုကုန်သွယ်မှုမှာ ရှင်သန်နေသည်။

တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးကို ရွှေ့လျားစစ်ဆေးရေးအဖွဲ့များဖြင့် ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံကုန်သွယ်မှု၏ ၂၀ ရာခိုင်နှုန်းရှိသည့် နယ်စပ်ကုန်သွယ်ရေးကို ဦးစွာလုပ်ခဲ့ပြီးမှ ပင်လယ်ရေကြောင်းကုန်သွယ်ရေးကိုပါ ထပ်မံဆောင်ရွက်လာပြီဖြစ်သည်။ နယ်စပ်ကုန်သွယ်ရေးကို ဆောင်ရွက်ရာတွင် မူဆယ်နှင့် မြဝတီကုန်သွယ်ရေးလမ်းကြောင်းတို့၌သာ အဓိကဆောင်ရွက်ခဲ့သည်။ နယ်စပ်ကုန်သွယ်ရေးမှ မှောင်ခိုကုန်သွယ်မှု တားဆီးရာတွင် တစ်နှစ်ခန့်အတွင်း ဖမ်းဆီးမိသော ပစ္စည်းများ လေလံပစ်ရာမှပင် နိုင်ငံ့ဘဏ္ဍာငွေအဖြစ် ကျပ်ခြောက်ဘီလီယံကျော် ရှာဖွေပေးနိုင်ခဲ့သည်။

နယ်စပ်ကုန်သွယ်မှုတွင်လည်း တရားမဝင်ကုန်သွယ်မှုစစ်ဆေးမှုများ ပြုလုပ်ပြီးနောက် လစဉ်တစ်လပျမ်းမျှအမေရိကန်ဒေါ်လာ သန်း ၈၀ ကျော်တိုးလာသည်။ သို့သော် မြန်မာ-ထိုင်းနယ်စပ်၊ မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းနှင့် ထိုင်းနိုင်ငံမဲဆောက်ကုန်သွယ်မှုအခြေအနေကိုတရားဝင်စာရင်းများ ထုတ်ပြန်ရာတွင် မှောင်ခိုတားဆီးမှုများ ဆောင်ရွက်ပြီးနောက်မှာပင် အမေရိကန်ဒေါ်လာတစ်ဘီလီယံခန့် ကွာခြားနေသေးသည်။ ထိုင်းနိုင်ငံ၏ ကုန်သွယ်မှုတန်ဖိုးစာရင်းက မြန်မာနိုင်ငံစာရင်းထက် တစ်ဘီလီယံပိုများနေခြင်းဖြစ်သည်။

ထို့ကြောင့် မြန်မာနိုင်ငံတွင် ရာစုနှစ်တစ်ဝက်နီးပါးအမြစ်တွယ်လာသည့်တရားမဝင်မှောင်ခိုကုန်သွယ်ရေးလုပ်ငန်းများမှာ ဝန်ကြီးဌာနအနည်းငယ်၊ အဖွဲ့အစည်းတစ်ခုတည်းဆောင်ရွက်ပါကအောင်မြင်မှုရရန်မလွယ်ကူပါ။ သက်ဆိုင်ရာဝန်ကြီးဌာနများသာမက အဖွဲ့အစည်းစုံ၊ ကဏ္ဍစုံမှ ပါဝင်ရန် လိုအပ်သည့်အပြင် ပြည်သူထုထုကလည်း တာဝန်သိစိတ်ဖြင့် လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း ဦးလှမောင်က သုံးသပ်သည်။

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y | 93,000 |
| Galaxy GIO | 120,000 |
| Galaxy Ace | 138,000 |
| Galaxy Ace Plus | 175,000 |
| Galaxy Ace 2 | 185,000 |
| Galaxy S Advance | 235,000 |
| Galaxy S2 | 300,000 |
| Galaxy S3 | 435,000 |
| Galaxy Note II | 470,000 |
| Galaxy Tab 7.1 | 285,000 |

**YANGON MOBILE** ဆိုင်မှ ဈေးနှုန်းများဖြစ်သည်။

### HTC

| Model | Price |
|---|---|
| One X | 400,000 |
| Sensation XL | 362,000 |
| Desire VC | 240,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (64 GB) | 850,000 |
| iPhone 5 (32 GB) | 710,000 |
| iPhone 5 (16 GB) | 635,000 |
| iPhone 4s (64 GB) | 525,000 |
| iPhone 4s (16 GB) | 480,000 |

### Huawei

| Model | Price |
|---|---|
| C 8800 | 87,000 |
| C 8812 | 105,000 |
| C 8810 | 97,000 |
| T 8830 | 106,000 |
| U 8818 D | 110,000 |
| U 8951 | 125,000 |
| Y 300 C | 102,000 |
| C 8950 D | 170,000 |
| U 8950 D | 165,000 |
| Ascend P1 | 225,000 |

ဩဂုတ်(၃၁)ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Samsung (Smart LED) | S5500AR | 590,000 |
| Panasonic(LCD) | 32SC4S | 275,000 |
| Sony (LCD) | 35BX | 300,000 |
| Sony (LED) | 32EX33 | 340,000 |
| **DVD** | | |
| Samsung | BD-E 5500(Blu-ray 3D) | 120,000 |
| EVD (GE) | HDMI | 35,000 |
| EVD (AEK) | HDMI | 33,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RT25FGJA | 350,000 |
| Samsung | 19PTIX | 194,000 |
| Hitachi | 190W | 250,000 |
| Panasonic | NR.BT224 | 250,000 |
| **Washing** | | |
| Samsung | $WA95V_3$ | 185,000 |
| Samsung | WT10J | 175,000 |
| **Aircon** | | |
| Hitachi | 1.0HP(RAS-E1067) | 290,000 |
| Mitsubishi | 1.0HP(Heavy) | 250,000 |
| Samsung | (1.0HP)AS09TUQN | 245,000 |

အထက်ပါဈေးနှုန်းများမှာ ဩဂုတ်(၃၁) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၆၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၅၀၀ |
| ဘိလပ်မြေ (ကြံ့) | တစ်အိတ် | ၄,၈၅၀ |
| ဘိလပ်မြေ (AAဇီယက်နမ်) | တစ်အိတ် | ၅,၂၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၅ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၀ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၉၀ |
| နေပြည်တော် စက်အုတ် (၁၀ ပေါက်) | တစ်လုံး | ၇၀-၈၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၁,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၀၀၀ |
| ကျောက် | တစ်ကျင်း | ၆၀,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၅၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၂၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၈၃၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၈၈၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၈၈၀ |
| Posco ကြယ်စိမ်း | ၁ ပေနှုန်း | ၄၄၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၉။၁၀ ပေ) | ၁ ပေ | ၃၀၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၁၁။၁၂ပေ) | ၁ ပေနှုန်း | ၃၁၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |

အထက်ပါဈေးနှုန်းများမှာ ဩဂုတ်(၃၁)ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁၀,၀၀-၁,၆၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၆၀၀-၈၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၄၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၆၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၀၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၉၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၅၀၀-၂,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၂၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၃၀၀ |
| အာလူး | တစ်ပိဿာ | ၇၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၇၅၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၂၀-၁၃၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၃၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၈,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၆,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၆,၀၀၀ |
| ခရမ်းချဉ်သီး (အင်းသီး) | ၁ သေတ္တာ | ၁၁,၀၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၃၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၄,၅၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၂,၃၀၀-၂,၇၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၄၀၀-၂,၈၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၃၀၀-၃,၆၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၆၀၀-၂,၈၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၃,၀၀၀-၄,၃၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၆,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၆၀၀-၂,၀၀၀ |

ဩဂုတ်(၃၁)ရက်ကကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| Aug(26) | 815 | 920 | 920 | 940 |
| Aug(27) | 815 | 920 | 920 | 940 |
| Aug(28) | 815 | 920 | 920 | 940 |
| Aug(29) | 815 | 920 | 920 | 940 |
| Aug(30) | 815 | 920 | 920 | 940 |
| Aug(31) | 815 | 920 | 920 | 940 |
| Sep (1) | 815 | 920 | 920 | 940 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှုအနည်းငယ် ရှိနိုင်သည်။

## Note Book

| | |
|---|---|
| **Lenovo** | |
| Intel Core i3 1.7GHz,4GB DDR3,750GB HDD,1GB VGA, 14" | 616,000 |
| Intel Core i3 2.5GHz,4GBx1slotDDR3,1TB HDD,2GB VGA,14" | 714,000 |
| Intel Core i5 2.2 GHz, 4GB DDR3, 1TB HDD,15.6" | 861,000 |
| Intel Core i7 2.3 GHz, 8GB DDR3, 1TB HDD,2GB VGA,15.6" | 1028,000 |
| **ASUS** | |
| Intel Core i3 1.8 GHz, 4GB DDR3, 500GB HDD,14" | 489,000 |
| Intel Core i3 1.8 GHz, 4GB DDR3, 500GB HDD, HD,14" | 606,000 |
| Intel Core i5 1.8 GHz,8GB DDR3,750GB+4GB SSD,HD,15.6" | 871,000 |
| Intel Core i7 2.4 GHz,16GB DDR3, 1TB HDD, 15.6" | 1616,000 |
| **MSI** | |
| Intel Core i3 2.3 GHz, 2GB DDR3, 500GB HDD, HD,14" | 457,000 |
| Intel Core i5 2.5 GHz,2GB DDR3,500GB HHD,1GB VGA, 14" | 619,000 |
| Intel Core i5 2.6GHz,4GB DDR3, 500GD HDD,15.6" | 667,000 |
| Intel Core i7 2.4 GHz, 8GB DDR3, 750GB HDD, 15.6" | 1043,000 |

7DAY NEWS JOURNAL
Vol.12, No.26 • SEPTEMBER 4 , 2013

# “တရားဥပဒေ စိုးမိုးရေးအပိုင်းကို ပြန်ကြည့်ရင် အားလုံးလိုက်နာမှ ဖြစ်တာ”

## မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးပြည်ထောင်စုဝန်ကြီးနှင့် တွေ့ဆုံခြင်း


ဓာတ်ပုံ- အောင်သူရ

**အောင်သူရ**

မြန်မာနိုင်ငံတွင် လူလေးဦးလျှင် တစ်ဦးဆင်းရဲနေသည်ဟု သုတေသနစစ်တမ်းအချို့က ဆိုသည်။ ဆင်းရဲသူအများစုမှာလည်း ကျေးလက်တွင်နေထိုင်ကြသူများဖြစ်သည်။ အစိုးရသစ်လက်ထက်တွင်သမ္မတဦးသိန်းစိန်ကတိုင်းပြည်ဆင်းရဲနေကြောင်း ပြည်တွင်းပြည်ပသို့တရားဝင်ပြောကြားခဲ့သည်။

ထို့နောက်ကျေးလက်ဒေသဖွံ့ဖြိုးရေးအကောင်အထည်ဖော်ဆောင်ရွက်ရန် ပြည်တွင်းပြည်ပမှ ပညာရှင်များဖိတ်ကြားကာ နေပြည်တော်တွင် အလုပ်ရုံဆွေးနွေးပွဲတစ်ခုပြုလုပ်ခဲ့သည်။ ထိုဆွေးနွေးမှုမှ ရလာသည်အချက်လက်များကို အကောင်အထည်ဖော်ရန် အတွက်ဝန်ကြီးဌာနတစ်ခု သို့ တာဝန်ပေးအပ်ခဲ့သည်။

သို့သော်အစိုးရသက်တမ်း ၂နှစ်ခွဲထိရှိလာသော်လည်း ကျေးလက်နေပြည်သူများ၏ဘဝမှာ မပြောင်းလဲခဲ့ပေ။ ရာသီဥတုဖောက်ပြန်မှုဖြင့် ထပ်မံကြုံတွေ့ရသဖြင့် ပိုပြီးကျပ်တည်းလာသည်ဟုဆိုနိုင်ပေသည်။

ထို့ကြောင့် အစိုးရအဖွဲ့အနေဖြင့် ကျန်ရှိသော လပေါင်း ၃၀ အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်အတွက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနကို မွေးမြူရေး ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနဟုအမည်ပြောင်းကာ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အဓိက အကောင်အထည်ဖော်ရန် တာဝန်ပေးခဲ့သည်။ အဆိုပါ ဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်အား တွေ့ဆုံမေးမြန်းခဲ့မှုများထဲမှာ ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**ဘာကြောင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနကို မွေးမြူရေး ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနလို့နာမည်ပြောင်းလိုက်တာလဲ။**

နိုင်ငံတော်သမ္မတကြီးက အာဏာလွှဲပြောင်းစတင်ထမ်းဆောင်တဲ့ အချိန်ကစပြီးတော့ နိုင်ငံတော်မှာလက်ရှိ ကျေးလက်တွေမှာ ၇၀ ရာခိုင်နှုန်းလောက်ရှိတဲ့ လူတွေရဲ့ဆင်းရဲနွမ်းပါးမှုက ၂၆ ရာခိုင်နှုန်းခန့်ရှိပြီးတော့ ထောင်စုနှစ်ရည်မှန်းချက်တွေအရ ၁၆ ရာခိုင်နှုန်းအထိကို ၂၀၁၅ ခုနှစ်မှာ ချသွားမယ်ဆိုပြီးတော့ ရည်မှန်းချက်နဲ့ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက်ကော်မတီအဆင့်ဆင့်ဖွဲ့စည်းခဲ့တဲ့အခါမှာ လုပ်ငန်းစဉ်(၈)ပေါ့။စိုက်ပျိုးရေးကဏ္ဍတွေဖွံ့ဖြိုးတိုးတက်ဖို့၊ သား၊ ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့စသဖြင့် (၈) ရပ်ချမှတ်ပြီးတော့ ဝန်ကြီးဌာနတစ်ခုချင်းက ဆောင်ရွက်ရမယ်ဆိုပြီးတာဝန်ပေးအပ်ခဲ့တယ်။ လပေါင်း ၃၀ အတွင်းမှာ သုံးသပ်ကြည့်တဲ့အခါမှာ Focal ဝန်ကြီးဌာနတစ်ခုလိုအပ်တယ်။ အသစ်ဖွဲ့မယ်ဆိုရင်လည်း ဘဏ္ဍာငွေတွေ အများကြီးကုန်ကျမှာဖြစ်တဲ့အတွက်ကျွန်တော်တို့ဝန်ကြီးဌာနကတော့ မွေးမြူရေးနဲ့ ရေလုပ်ငန်းကတော့လက်ရှိမှာ ပုဂ္ဂလိပိုင်တွေ တော်တော်များများလုပ်ခဲ့တယ်။ ကျန်တဲ့ လုပ်ငန်းတွေကိုလည်း ဖက်စပ်ဆောင်ရွက်သွားမယ်။ ဒါကြောင့်နတလမှာရှိတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနကို တွဲပြီး ဖွင့်လိုက်ရင် ဘဏ္ဍာငွေလည်း အကုန်အကျသက်သာမယ်။ ဝန်ကြီးဌာန အနေနဲ့လည်း ထိထိရောက်ရောက်ဆောင်ရွက်သွားလို့ရတယ် ဆိုတဲ့ ရည်မှန်းချက်နဲ့နာမည်ပြောင်းပြီး တာဝန်ပေးခဲ့တာ ဖြစ်ပါတယ်။

**ဝန်ကြီးဌာနပြောင်းလဲဖွဲ့စည်းပြီးတော့ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်နေတဲ့ပြည်တွင်းပြည်ပ NGO တွေနဲ့ နှစ်ကြိမ်တွေ့ခဲ့တယ်။ အကြံဉာဏ်တွေရယူခဲ့တယ်။ အဲဒီတွေ့ဆုံမှုထဲကနေ ဘယ်အချက်တွေကို လက်တွေ့လုပ်ဆောင်သွားဖို့ ရှိပါသလဲ။**

ကျွန်တော်တို့ဝန်ကြီးဌာနကို စတင်ဖွင့်လှစ်ပြီး အမိန့်ရရှိတဲ့ ၁၀ ရက် ၈လ ၂၀၁၃ ခုနှစ်မှာ သမ္မတကြီး ပြောကြားတဲ့မိန့်ခွန်းထဲမှာပါ ဝင်တာတွေရှိတယ်။ အဓိကညွှန်ကြားတဲ့ အချက်တွေကတော့ ကျေးလက်ဒေသတွေမှာဖွံ့ဖြိုးတိုးတက်ဖို့ ဆိုရင် ဆောင်ရွက်ရမှာတွေကတော့ ရေရရှိရေး၊ မီးရရှိရေးတွေ၊ လမ်းပန်းဆက်သွယ်ရေး၊ ကျေးလက်ဒေသနေပြည်သူလူထုရဲ့ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ မီးလင်းရေးအချက်တွေပါဝင်ပါတယ်။ ဒါတွေကို အခြေခံပြီးတော့ ဆောင်ရွက်ရမယ်။ ဆောင်ရွက်တဲ့အထဲမှာလုပ်ငန်းတွေမှာ All Inclusive (အားလုံးပါဝင်မှု) ပေါ့။ အဖွဲ့အစည်းအားလုံးပါဝင်လာတဲ့ ပြည်သူလူထုဗဟိုပြုပြီးတော့ အကောင်အထည်ဖော်တဲ့ပြည်သူ့စွမ်းအားကို ရယူပြီးတော့ စီးပွားရေးကို လပေါင်း ၃၀အတွင်းမှာ အကောင်အထည်ဖော်ဖို့ ပြည်တွင်းပြည်ပအဖွဲ့အစည်းတွေ၊ NGOတွေကို ဖိတ်ကြားပြီးတော့ ၁၇ ရက်မှာ ဆွေးနွေးတယ်။ ရလဒ်ကတော့ အချက် ၁၇ ချက်ရှိတယ်။ အဲဒီအချက် ၁၇ ချက်ကို အခြေခံပြီးတော့ အဖွဲ့တွေဖွဲ့ပြီးတော့ မြေပြင်အခြေအနေမှာဖြစ်ပေါ်နေတဲ့ ကျေးရွာတွေအခြေအနေထိဆင်းကြည့်မယ်။ အဲဒီလိုကြည့်ပြီး ပထမဆုံး မူဘောင်ရေးဆွဲဖို့အတွက် အရင်ဆုံးဆောင်ရွက်မယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးကို တစ်နိုင်ငံလုံးလွှမ်းခြုံနိုင်ဖို့အတွက်မြို့နယ်ပေါင်း ၃၃၀ ထဲက ၃၃ မြို့နယ်လောက်ကို ပထမစရွေးမယ်။ မြစ်ဝကျွန်းပေါ်ဒေသအပူပိုင်းဇုန်ဒေသတို့၊ တောင်တန်းဒေသတို့ ဆိုပြီး ခွဲပြီး ရွေးမယ်။ နောက်ဆုံးအချက်ကတော့ Working ကော်မတီတစ်ခုကို ကိုးဦးနဲ့ ဖွဲ့စည်းလိုက်ပြီ။

**ဌာနနာမည်ပြောင်းပြီးတော့ ဝန်ကြီးဌာနအနေနဲ့ ကျေးလက်ကို ဆင်းတဲ့အခါမှာကျေးလက်ဒေသက လူတွေမှာ ဘာအခက်အခဲတွေ တွေ့ခဲ့ရလဲ။**

ကျွန်တော်တို့ တွေ့ခဲ့ရတဲ့ အခြေအနေက တစ်ယောက်နဲ့ တစ်ယောက်ပုံသဏ္ဌာန်မတူပေမယ့် အကုန်တူနေတာက ရေလိုမယ်။ ရေဆိုတဲ့နေရာ မှာသောက်သုံးရေ၊ စိုက်ပျိုးရေသန့်ရှင်းတဲ့ သောက်သုံးရေလိုတယ်။ မီးလင်းရေးလိုတယ်။ တချို့ရွာတွေမှာ လမ်းပေါ်မှာမီးလင်းတယ်။ အိမ်ကိုမရောက်ဘူး။ မီးကြိုးကြီးကရွာပေါ်က ဖြတ်သွားတယ်။ သူတို့မှာ ထရန်စဖော်မာ မရှိတဲ့အတွက် မီးမရဘူး။ တချို့စာသင်ကျောင်းတွေအခက်အခဲရှိတယ်။ ကျောင်းရှိတယ်၊စာသင်ခုံမရှိဘူး။ ကျောင်းရော၊ ခုံရောရှိတယ်၊ ဆရာ ဆရာမ မပြည့်စုံဘူး။ ဆေးရုံ၊ ဆေးခန်းတွေလည်းအလားတူပဲ။ သွားဖို့လာဖို့ ခက်ခဲနေတယ်။ ဒါမျိုးလေးတွေ ကျေးလက်ဒေသတွေနဲ့ တစ်နေရာနဲ့တစ်နေရာတင်ပြတာသာလွဲ တယ်။ တစ်ပုံစံတည်းပါပဲ။

**လိုအပ်ချက်တွေသိပြီဆိုတော့ ဘယ်တော့လောက် လုပ်မလဲ။**

ယခင်အစိုးရအဆက်ဆက်ဆောင်ရွက်ခဲ့တာပါ။ ရပ်ထားပြီးမှစလုပ်တာမဟုတ်ပါဘူး။ မချိတ်ဆက်မိတာကို ချိတ်ဆက်မိအောင် အမြန်ဆုံးဆောင်ရွက်နိုင်ဖို့ အဖွဲ့တွေနဲ့ ဆွေးနွေးတယ်။ အကြံပြုချက်တွေရယူတယ်။ ဒါတွေကို အကောင်အထည်ဖော်နေပြီဆိုတော့ စတင်ဆောင်ရွက်နေတဲ့သဘောပါပဲ။

**ဝန်ကြီးတို့နဲ့ ပြည်တွင်းပြည်ပက NGO အဖွဲ့အစည်းတွေနဲ့တွေ့တဲ့အခါမှာ ကျေးရွာတွေမှာ တရားဥပဒေစိုးမိုးမှုမရှိတာတွေတင်ပြသွားတာတွေ့ရတယ်။ ပညာရှင်တချို့ကပြောတာတွေလည်းရှိတယ်။ မြန်မာနိုင်ငံဟာ တရားဥပဒေစိုးမိုးရေးရှိရုံနဲ့ ချမ်းသာတဲ့နိုင်ငံလို့။ ဝန်ကြီးတို့ဌာနအနေနဲ့ ကျေးလက်ဒေသတွေမှာ တရားဥပဒေစိုးမိုးရေးနဲ့ပတ်သက်ပြီး ဘယ်လိုများကူညီဆောင်ရွက် ဖို့ရှိပါသလဲ။**

အခုကျေးလက်ဒေသတွေမှာဆိုရင် ကျေးလက်ဒေသဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဆိုပြီးတော့မှ ရွေးချယ်တင်မြှောက်ထားတဲ့ကျေးရွာအုပ်ချုပ်ရေးမှူးတွေကခေါင်းဆောင်ပြီးတော့ ကျေးရွာကအများလေးစားရတဲ့ ပုဂ္ဂိုလ်တွေပေါင်းစည်းပြီး ဖွဲ့စည်းတဲ့အဖွဲ့တွေရှိလာပြီ။ တရားဥပဒေစိုးမိုးရေးအပိုင်းကို ပြန်ကြည့်ရင် အားလုံးလိုက်နာမှပဲဖြစ်တာ၊ ဥပဒေတွေထုတ်ပြန်ပြီး မလိုက်နာရင်လုပ်ရမယ့်ဟာတွေ၊မလုပ်ရမယ့်ဟာတွေ ဒါတွေက ထောင်ချလို့လည်းမရဘူး။ ပညာပေးလို့လည်းမရဘူး။ အသိစိတ်ဓာတ်ကို ရှိမှရမှာအသိစိတ်ဓာတ်ရှိဖို့ဆိုတာ ဝိုင်းဝန်းထိန်းကျောင်းမှရမယ်။ ဝိုင်းဝန်းထိန်းကျောင်း တယ်ဆိုတာ ဥပမာဓာတ်မြေသြဇာ အတုရှိနေပြီဆိုရင်ရောင်းတဲ့လူရှိလို့။ ဒီရွာမှာ လောင်းကစားဒိုင်တွေ၊ ချဲဒိုင်တွေ၊ ဘောလုံးဒိုင်တွေ၊ မူးယစ်ဆေးဝါးတွေရှိနေပြီဆိုရင်ကျေးရွာဖြစ်တဲ့တွက် ကျေးရွာသားတွေသိတယ်။ အရင်တုန်းက သွားပြောရင် ကိုယ်တရားခံ ဖြစ်မယ်။ သူများ ဓားခုတ်ရာ လက်ဝင်မလျှိုချင်ကြဘူး။ အခုကျွန်တော်တို့ ဖွဲ့လိုက်တဲ့အဖွဲ့တွေကဘယ်သူ့ကို တိုင်ရင်ထိရောက်မှုရှိတယ်ဆိုတာ သိထားတဲ့အတွက် ကျေးလက်ဒေသမှာယုံကြည် မှုအရင်တည်ဆောက်ရမှာပဲ။ ကျွန်တော်တို့ဝန်ကြီးဌာနကိုသူတို့ ကျေးရွာအတွက် တကယ်ကိုထိထိရောက်ရောက် ထဲထဲဝင်ဝင် လုပ်မယ့်ဝန်ကြီးဌာနလို့ ယုံကြည်သွားတဲ့တစ်နေ့မှာ ဒီလူတွေကိုတော့ ဖမ်းပေးပါ၊ ဒီပစ္စည်းတွေက အတုတွေပါဆိုတာကိုဖော်ထုတ်ဖို့ကမြန်မာနိုင်ငံရဲ့လဲ မဖြစ်နိုင်ဘူး။ ဘယ်သူဖြစ်နိုင်လဲဆိုရင်ကျေးရွာသူ၊ကျေးရွာသားကို ကျေးရွာသူ၊ ကျေးရွာသားကပဲပြန်လည် ထိန်းသိမ်းပြီးတော့ အသိစိတ်ဓာတ်ဝင်သွားတဲ့ တစ်နေ့မှာ ကျေးရွာတွေမှာ အရင်တုန်းကလို တံခါးဖွင့်ပြီးအိပ်လို့ရတဲ့ဘဝမျိုး ပြန်ရရှိမယ်။ တရားဥပဒေစိုးမိုးမှုကြွယ်ဝချမ်းသာမယ်။ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာနဲ့ လုပ်ရတဲ့ အခါမျိုးမှလုပ်ငန်းတွေ အောင်မြင်လာမယ်။

**ဒါဆိုဝန်ကြီးတို့ ဌာနအနေနဲ့ ယုံကြည်မှုရရှိအောင် ဘယ်လိုတည်ဆောက်သွားမလဲ။**

ကျွန်တော်တို့အနေနဲ့ ကျေးရွာတွေကိုရောက်တဲ့အခါမှာကျွန်တော်တို့က အရင်တုန်းကလို ကျွန်တော်တို့သွားမယ်၊ လူတွေကိုစုမယ်၊ ကျွန်တော်တို့က သူတို့ဘာလိုလဲမေးမယ်၊ ကျွန်တော်တို့က ပြောချင်တာပြောမယ်၊ ပြန်သွားမယ်။ ဒါတွေက သမားရိုးကျ လုပ်ထုံး လုပ်နည်းပဲ။ အခုက အဲဒီလိုမလုပ် တော့ဘူး။ သွားကတည်းကည အိပ်သွားမယ်။ ကျွန်တော်ကိုယ်တိုင်လည်းဖြစ်မယ်။ ကျွန်တော်တို့ ဖွဲ့စည်းထားတဲ့ အဖွဲ့ဖြစ်မယ်။ ကျွန်တော်တို့မသွားလည်း ကျွန်တော်တို့ဖွဲ့စည်းထားတဲ့ အဖွဲ့တွေထဲမှာ လူငယ်တွေ၊ အမျိုးသမီးတွေပါလာမယ်။ ကျေးရွာမှာရှိတဲ့ ရပ်မိရပ်ဖတွေပါလာမယ်။ အဲဒီလူတွေ နဲ့ဖြစ်တဲ့ ကိစ္စတွေကို အေးအေးဆေးဆေးဆွေးနွေးပြီးတော့ ဘယ်သူ့ကိုမဆို ထိတွေ့ဆက်ဆံပေးရင် ယုံကြည်မှုရလာမယ်လို့ ခံယူထားတယ်။

**မကြာသေးခင်ကနေပြည်တော်မှာ ပြောသွားတဲ့ သမ္မတမိန့်ခွန်းတွေထဲမှာ ကျေးလက်မှာရှိတဲ့ အရက်ပုန်းဆိုင်တွေ၊ လောင်းကစားဒိုင်တွေရှိတယ်လို့ပြောသွားတာဖတ်လိုက်ရတယ်။ ဒါတွေကလည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးကို အဟန့်အတားဖြစ်စေတယ် ဆိုတော့ ဘယ်လိုများဖြေရှင်းဖို့စီစဉ်ထားပါသလဲ။**

သမ္မတကြီးပြောတာက မင်းတို့သာကျေးရွာတိုင်းကို ထဲထဲဝင်ဝင် ကျေးလက်ဒေသဖွံ့ဖြိုးရေး အဖွဲ့အစည်းတွေသာရောက်သွားမယ်ဆိုရင် ဒီရွာကတော့ ဘာဖြစ်လို့ဆင်းရဲနေတာလဲ၊ အကြောင်းရင်းရှာနိုင်မှာ၊ လူမှုဘဝဖွံ့ဖြိုးအောင်လုပ်နိုင်မှာဖြစ်တယ်။ ဒီလိုလုပ်ပေးနိုင်ဖို့ အတွက် ပြဿနာတွေ၊ အပေါက်တွေကို အရင်ရှာဖွေရမယ်။ ဘာကြောင့်ဆင်းရဲနေတာလဲသိရင် အဖြေကရှိတယ်။ ဒါကိုသိရင် ပြည်ထဲရေးဝန်ကြီးဌာန အကူအညီလိုရင်ပြည်ထဲရေးဝန်ကြီးဌာနကိုပြောမယ်။ ကျန်းမာရေးဝန်ကြီးဌာနနဲ့ ပတ်သက်တယ်ဆိုရင် ဥပမာငါးပိထဲမှာ ဓာတ်မြေသြဇာတွေပါတယ်ဆိုရင် FDA ကိုပို့ပြီးစစ်ပေးမယ်။ နိုင်ငံတော်နဲ့ပတ်သက်ပြီးဝန်ကြီးဌာနအားလုံးနဲ့ တိုက်ရိုက်ဘေးတိုက်ဆက်သွယ်ပြီးတော့၊အကူအညီတောင်းခံပြီးတော့၊ ပေါင်းစပ်ညှိနှိုင်းပြီးတော့ ဆောင်ရွက်ရမယ့် ဝန်ကြီးဌာနဖြစ်တယ်လို့ သမ္မတကြီးက ညွှန်ကြားထားပါတယ်။ အဲဒီလိုညွှန်ကြားထားတဲ့အတွက် သက်ဆိုင်တဲ့ဝန်ကြီးဌာနအားလုံးနဲ့ညှိနှိုင်းဆောင်ရွက်ပေးသွားမယ်။

**ကျေးလက်ဒေသဖွံ့ဖြိုးရေး အတွက် ဒီနှစ်မှာ ဘဏ္ဍာငွေဘယ်လောက်သုံးစွဲဖို့ လျာထားပါသလဲ။**

စာမျက်နှာ(၃၂)သို့

# Technology

7 DAY NEWS JOURNAL

Vol.12, No.26 • SEPTEMBER 4 , 2013




*ဒစ်ဂျစ်တယ်စာကြည့်တိုက်ဖွင့်ပွဲကျင်းပစဉ်*

ဓာတ်ပုံ-ဟေမာနှင်း

## ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တွင် ဒေါ်လာတစ်သန်းတန်ဒစ်ဂျစ်တယ်စာကြည့်တိုက်တည်ဆောက်

**အေကေသော်၊ ဟေမာနှင်း**

**ရန်ကုန်၊ ဩဂုတ်-၃၀**

ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တွင် ဒစ်ဂျစ်တယ်စာကြည့်တိုက်တစ်ခုကို ဆမ်ဆောင်းအီလက်ထရွန်နစ်ကုမ္ပဏီနှင့် ကိုရီးယား အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (KOI-CA)တို့က ကန်ဒေါ်လာတစ်သန်းခန့်အကုန်အကျခံတည်ဆောက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါ ဒစ်ဂျစ်တယ်စာကြည့်တိုက်ဖွင့်ပွဲကို ဩဂုတ် ၃၀ ရက်က ယင်းကွန်ပျူတာတက္ကသိုလ်၌ပြုလုပ်ခဲ့သည်။ ဒစ်ဂျစ်တယ်စာကြည့်တိုက်တွင် ကွန်ပျူတာတက္ကသိုလ် မှကျောင်းသူ၊ ကျောင်းသား၊ ဆရာ၊ ဆရာမျာအသုံးပြုနိုင်ရန် Note ကွန်ပျူတာများ၊ စားပွဲနှင့် ခုံများ၊ လေအေးပေးစက်များ၊ Mobile Printer၊ Projector Screen အစရှိသည့်တို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

၎င်းပစ္စည်းများကိုလက်တွေ့အသုံးချနိုင်ရန်နှင့် ဆရာ၊ ဆရာမများ၏ စွမ်းရည်မြှင့်တင်ပေးရန်ရည်ရွယ်၍ ဆမ်ဆောင်းမှနည်းပညာရှင်များက ပရိုဂရမ်ရေးဆွဲခြင်း၊ Software Engineering၊ Mobile Application စသည့် နည်းပညာဆိုင်ရာ ဗဟုသုတများ မျှဝေသင်ကြားပေးခဲ့သည်။

"အခုလို ဒစ်ဂျစ်တယ် စာကြည့်တိုက်ဖွင့်လိုက်တာအားလုံးအတွက် အဆင်ပြေသွားတာပေ့ါ။ သင်ခန်းစာနဲ့ဆိုင်တဲ့ စာတွေကို အလွယ်တကူသိမ်းဆည်းရှာဖွေလို့ရတယ်လေ"ဟုယင်းတက္ကသိုလ်မှ ပါမောက္ခဒေါ်နွယ်နီက ပြောသည်။

အဆိုပါသင်တန်းကိုဩဂုတ် ၂၆ ရက်မှ ၂၉ ရက်အထိ ပြုလုပ်ခဲ့ပြီး ယခုကဲ့သို့နည်းပညာဆိုင်ရာမျှဝေမှုများကို မြန်မာနိုင်ငံအပါအဝင်အခြားခြောက်နိုင်ငံတွင်လည်း ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

"ကိုရီးယားက TCT နည်းပညာနဲ့ပတ်သက်ပြီး ရှေ့ကိုရောက်နေတဲ့ နိုင်ငံတစ်ခုလို့ပြောလို့ရတယ်။ သူတို့မှာ Advanceဖြစ်ပြီးသားနည်းပညာတွေကို ဖွံ့ဖြိုးဆဲနိုင်ငံတွေကို ဖြန့်ဝေပေးတဲ့အစီအစဉ်ရှိတယ်။ ဒီတက္ကသိုလ်က ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူတွေကို သူတို့မသိသေးတဲ့နည်းပညာတွေထပ်ပြီး တိုးပွားလာဖို့အတွက် ဒီအစီအစဉ်လုပ်တာပါ" ဟု KOICA မှဦးမျိုးမြတ်ထွန်းက ပြောသည်။

ထို့ကဲ့သို့ နည်းပညာမျှဝေ မှုများအပြင် ကျန်းမာရေးဝန်ဆောင်မှုအနေဖြင့် အခမဲ့အထွေထွေဆေးကုသပေးခြင်းကိုရွှေပြည်သာမြို့နယ်ရှိ ရွှေပြည်အေးကျောင်းတိုက်တွင် ဩဂုတ် ၂၆ ရက်နှင့် ၂၇ ရက်တွင်လည်းကောင်း၊ မဟာဝိစိတ္တာရပရဟိတ ကျောင်းတိုက်တွင် ဩဂုတ် ၂၈ ရက်နှင့် ၂၉ ရက်တို့တွင်လည်း ကောင်းပြည်သူများအား အခမဲ့ဝန်ဆောင်မှုပေးခဲ့ကြောင်းသိရှိရသည်။

အဆိုပါအစီအစဉ်အတွက် ကိုရီးယားမှ အင်ဂျင်နီယာနှင့် ဆရာဝန်၊ ဆရာမများအပါအဝင် လုပ်အားပေး ၄၉ ဦးခန့် လာရောက်ကူညီပေးခဲ့ကြောင်းသိရှိရသည်။

## နိုင်ငံတကာဆက်သွယ်ရေးလုပ်ငန်းများနှင့် ချိတ်ဆက်နိုင်ရန် ဆက်သွယ်ရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပမည်

**ဆွေမွန်**

**ရန်ကုန်၊ ဩဂုတ်-၃၀**

ပြည်တွင်းမှ ဆက်သွယ်ရေးလုပ်ငန်းများနှင့် နိုင်ငံတကာမှ ဆက်သွယ်ရေးလုပ်ငန်းများ ချိတ်ဆက်၍ ပထမဦးဆုံးအကြိမ် Myanmar Connect 2013 ထိပ်သီးဆွေးနွေးပွဲပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာ့တယ်လီကွန်းဈေးကွက်နှင့် နိုင်ငံတကာဆက်သွယ်ရေးလုပ်ငန်းများ ချိတ်ဆက်၍ အားသာချက်၊ အားနည်းချက်များကို ဆွေးနွေးမည့် ထိုဆွေးနွေးပွဲကို စက်တင်ဘာ ၁၀ ရက်နှင့် ၁၁ ရက်များတွင် နေပြည်တော်၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ ဝန်ကြီးဌာန လက်အောက်ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) ၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန (PDT) ၊ ရတနာပုံတယ်လီပို့ကုမ္ပဏီ၊ ဆက်သွယ်ရေးအော်ပရေတာလိုင်စင် လုပ်ကိုင်ခွင့်ရရှိထားသည့် ကုမ္ပဏီနှစ်ခုဖြစ်သည့် Ooredoo နှင့် Telenor ကုမ္ပဏီတို့အပြင် အရန်အဖြစ် ရွေးချယ်ခြင်းခံထားရသည့် Orange ကုမ္ပဏီတို့လည်း ပါဝင်ဆွေးနွေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"အဲဒီပွဲမှာ အော်ရီဒူးရဲ့ အကြီးတန်းအရာရှိ Ross Cormack လည်း တက်ရောက်ပြီး အော်ရီဒူးရဲ့ ဆက်လက်လုပ်ဆောင်သွားမယ့်ကိစ္စရပ်တွေနဲ့ပတ်သက်ပြီးလည်း အသေးစိတ်ပြောကြားသွားဖို့ ရှိပါတယ်" ဟု ပြင်ပဆက်ဆံရေးအရာရှိ ဦးစိုးသူရက ပြောသည်။

မြန်မာနိုင်ငံကွန်ပျူတာ အသင်းချုပ်အပြင် အခြားသော နိုင်ငံတကာမှ ဆက်သွယ်ရေးကုမ္ပဏီများလည်း ပါဝင်မည်ဖြစ်ပြီး ဆက်သွယ်ရေးကဏ္ဍအတွက် ပြုလုပ်နေသည့် Master Plan၊ ပြုပြင်ပြောင်းလဲမှုများ၊ လိုင်စင်ရကုမ္ပဏီများ၏ လုပ်ကိုင်ခွင့်များအပြင် လက်ရှိနိုင်ငံတကာတွင် အသုံးပြုနေသည့် ဆက်သွယ်ရေးဆိုင်ရာ မူဝါဒများကို ပြည်တွင်းမှ ဆက်သွယ်ရေးလုပ်ငန်းများနှင့် နိုင်ငံတကာမှ ဆက်သွယ်ရေးကုမ္ပဏီများဆွေးနွေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။










# မြန်မာဘာသာစနစ်ပါဝင်သည့် ဆမ်ဆောင်းဖုန်းများ စတင်မိတ်ဆက်

ဖွဲ့ညက်

**ရန်ကုန်၊ ဩဂုတ်-၃၀**
မြန်မာနိုင်ငံ၏ ဈေးကွက်တွင် ဝယ်ယူသူများကြိုက်သည့် ဆမ်ဆောင်းစမတ်ဖုန်း အမျိုးအစားအချို့တွင် ဝယ်ယူသည့် အချိန်မှစတင်၍ မြန်မာဘာသာစနစ်အသုံးပြုနိုင်ရန် ထည့်သွင်းထားကြောင်း သတင်းရရှိသည်။

Samsung Galaxy S4 ၊ Samsung Galaxy Grand Duos (Duel GSM SIM)နှင့် Samsung Galaxy Grand Duos (CDMA + GSM Duel)တို့တွင် မြန်မာစာစနစ်ကိုစတင်ဝယ်ယူချိန်ကတည်းက ထည့်သွင်းပေးထားပြီး အခြားသော ဆမ်ဆောင်းစမတ်ဖုန်းများတွင်လည်း မြန်မာစာစနစ်ထည့်သွင်းပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခင်က ဆမ်ဆောင်းစမတ်ဖုန်းသုံးစွဲသူများအနေဖြင့် မြန်မာစာစနစ်အသုံးပြုနိုင်ရန် ထပ်မံပြုလုပ်ရသော်လည်း ယခုအခါစတင်ဝယ်ယူသည့် အချိန်ကတည်းက စတင်အသုံးပြုနိုင်မည်ဖြစ်သည်။

ယခင်က ဝယ်ယူထားသော ဖုန်းများဖြစ်လျှင်လည်း Firmware အား Update လုပ်ခြင်းဖြင့် မြန်မာစာစနစ် ရယူနိုင်ပြီး Setting အတွင်းရှိ Language မှတစ်ဆင့် ပြင်ဆင်နိုင်မည်ဖြစ်သည်။

သို့သော်လည်း ကုမ္ပဏီမှ တိုက်ရိုက်ဖြန့်ချိသည့် ဖုန်းများမဟုတ်လျှင် မြန်မာစာစနစ်ပါဝင်မည်မဟုတ်ဘဲ ကွန်ရက်ချိတ်ဆက်မှုကို ဖြတ်တောက်ထားသောကြောင့် ကုမ္ပဏီတွင် လာရောက်၍ ပြုလုပ်မှသာ ရရှိနိုင်မည်ဖြစ်ပြီး ထပ်မံ၍ ငွေကြေးကုန်ကျမည်ဖြစ်ကြောင်း ဆမ်ဆောင်းမှတာဝန်ရှိသူတစ်ဦးကပြောသည်။



*မြန်မာဘာသာပါဝင်သော ဆန်ဆောင်းဖုန်းများမိတ်ဆက်ပွဲကျင်းပစဉ်* — ဓာတ်ပုံ-ဖွဲ့ညက်




## ဖေ့စ်ဘွတ်ခ်သုံးစွဲသူများ၏ရှေ့စာမျက်နှာ ဓာတ်ပုံများကို မျက်နှာမှတ်မိနိုင်မှု အချက်အလက်များ ထည့်သွင်းရန် ဖေ့စ်ဘွတ်ခ်စဉ်းစား

**ဆန်ဖရန်စစ္စကို၊ ဩဂုတ်-၃၀**
ဖေ့စ်ဘွတ်ခ်ကုမ္ပဏီသည် သုံးစွဲသူတစ်ဘီလီယံကျော်၏ ရှေ့စာမျက်နှာ ဓာတ်ပုံများကို မျက်နှာမှတ်မိစေနိုင်သော အချက်အလက်များ ထည့်သွင်းရန် စဉ်းစားနေသည်။

ဖေ့စ်ဘွတ်ခ်ကုမ္ပဏီ၏ ဩဂုတ် ၂၉ ရက်က ကြေညာလိုက်သည့် အချက်အလက် သုံးစွဲမှုမူဝါဒမှာ ဖေ့စ်ဘွတ်ခ်၏ "Tag Suggest"ကဏ္ဍ လုပ်ဆောင်ချက်ကို တိုးတက်စေရန်ရည်ရွယ်ပြီး ဖေ့စ်ဘွတ်ခ်တွင် တင်ထားသော အသိအကျွမ်းများနှင့် သူငယ်ချင်းများ၏ဓာတ်ပုံများကို Tap (သို့မဟုတ်) Label တပ်ခြင်းများ ပိုမိုမြန်ဆန်စေရန်အတွက် ဖေ့စ်ဘွတ်ခ်ကုမ္ပဏီက ရှေ့မျက်နှာစာ ဓာတ်ပုံများကို မျက်နှာမှတ်မိစေနိုင်သည့် အချက်အလက်များ ထည့်သွင်းမည်ဖြစ်သည်။

ဖေ့စ်ဘွတ်ခ်အသုံးပြုသူများ၏ ရှေ့မျက်နှာဓာတ်ပုံများကို မည်သူမည်ဝါဖြစ်ကြောင်း ခွဲခြားရန် ပိုမိုလွယ်ကူအောင် ဆောင်ရွက်ခြင်းဖြင့် ၎င်းတို့၏ ပုဂ္ဂိုလ်ရေးသတင်းအချက်အလက်များအပေါ် ပိုမိုထိန်းချုပ်နိုင်မည်ဟု ဖေ့စ်ဘွတ်ခ်ကုမ္ပဏီအကြီးအကဲ အယ်ရင်အယ်ဂန်က ပြောသည်။

ဖေ့စ်ဘွတ်ခ်ကုမ္ပဏီက ၂၀၁၁ ခုနှစ်အတွင်း စတင်မိတ်ဆက်ခဲ့သည့် "Tag Suggest"အစီအစဉ်သည် ဥရောပတွင် အာဏာပိုင်များ၏ စိုးရိမ်ပူပန်မှုများကြောင့် အသုံးပြု၍ မရနိုင်တော့ပေ။ ဂူးဂဲလ်ကုမ္ပဏီ၏ လူမှုရေးကွန်ရက် Google+ တွင်လည်း အလားတူ နည်းပညာသုံးစွဲထားသော်လည်း အသုံးပြုသူများ၏ သဘောတူခွင့်ပြုချက်ရယူရမည်ဖြစ်သည်။

*—Ref: Reuters*

## HTC ကုမ္ပဏီ ကိုယ်ပိုင် Operating System ဖော်ထုတ်နေ

**တိုင်ပေ၊ ဩဂုတ်-၃၀**
HTC ကုမ္ပဏီက တရုတ်နိုင်ငံဈေးကွက်များသို့ ရောင်းချရန် ရည်ရွယ်သည့် ကိုယ်ပိုင် Operating System ကို ဖော်ထုတ်မည်ဖြစ်ကြောင်း Wall Street ဂျာနယ်က ဖော်ပြသည်။

HTC ကုမ္ပဏီက ကိုယ်ပိုင်မိုဘိုင်းဖုန်း Operating System ကို တရုတ်နိုင်ငံဈေးကွက်များအတွက် ထုတ်လုပ်ရန် ယခင်ကပင် စဉ်းစားထားကြောင်း Wall Street ဂျာနယ်တွင် ဖော်ပြထားသည်။ အခြားသော နိုင်ငံများရှိ HTC ဖုန်းများတွင် ဂူးဂဲလ်ကုမ္ပဏီထုတ် Android OS အသုံးပြုထားသည်။

ဂူးဂဲလ်ကုမ္ပဏီ၏ Android OS ကိုသာ မှီခိုနေရသော ဆမ်ဆောင်းကုမ္ပဏီကလည်း တောင်ကိုရီးယားကုမ္ပဏီတစ်ခုက ထုတ်လုပ်သော Tizen OS သုံး မိုဘိုင်းဖုန်းများကို လာမည့်ဆောင်းဦးရာသီတွင် ရောင်းချမည်ဖြစ်သည်။ လက်ရှိကမ္ဘာအနှံ့တွင် အသုံးပြုနေသော စမတ်ဖုန်းများ၏ ၇၉ ရာခိုင်နှုန်းတွင် Android OS အသုံးပြုထားပြီး iOS အသုံးပြုမှု ၁၄ ဒသမ ၂ ရာခိုင်နှုန်း၊ Window Phone အသုံးပြုမှု ၃ ဒသမ ၃ ရာခိုင်နှုန်းရှိကြောင်း စစ်တမ်းတစ်ခုက ဖော်ပြသည်။

*—Ref: AFP*



ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းတွင်တွေ့ရသည့်သစ်လုံးများ ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# မြန်မာ့သစ်တော ပြုန်းတီးစေခဲ့သူများ

■ သစ်ရှိုင်း

**မကွေး** တိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးလှဆွေက "နိုင်ငံ တစ်ဝန်းလုံးရှိ သစ်ပုံများနှင့် သစ်ဆိပ်များတွင် ရောင်းတန်းမဝင် သစ်လုံးများ မည်မျှရှိသနည်း။ ရောင်းတန်းမဝင်မှန်းသိပါလျက်နဲ့ ခုတ်ယူခွင့်ပြုခဲ့သော သစ်တောအရာရှိများကို ဘယ်လိုအရေးယူမလဲ။ နောက်တစ်ခုက သစ်လှဲစုပုံခဲ့တဲ့ ကုမ္ပဏီတွေကို ဘယ်လိုအရေးယူမလဲ"ဟု ပထမအကြိမ် အမျိုးသားလွှတ်တော်သတ္တမပုံမှန်အစည်းအဝေးသို့ အဆိုတင်သွင်းခဲ့ကြောင်း သတင်းဂျာနယ်တစ်စောင်တွင် ဖော်ပြထားသော သတင်းတစ်ပုဒ်ကို ဖတ်လိုက်ရပါသည်။

ထိုသတင်းနှင့် ဆက်နွှယ်သော သတင်းတစ်ပုဒ်ကိုလည်း ဇူလိုင် ၃၀ ရက်ထုတ် The Daily Eleven သတင်းစာ၌ ဖတ်ခဲ့ရပြီးဖြစ်သည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက "သစ်ပုံဆိပ်ရောက်ရှိလာတဲ့ သစ်တွေကတော့ ရောင်းတန်းဝင်လုံးပတ်အတန်းအစားပြည့်မီတဲ့ တန်းနှင့် သစ်မာများဖြစ်ပါတယ်။ အလိမ်အကောက် အခေါင်းနဲ့ အက်ကွဲရာပါတဲ့ သစ်တွေကတော့ သစ်ထုတ်ပြီး သစ်ကွက်အတွင်း ကျန်နေတဲ့ သစ်အလေအလွင့်တွေဖြစ်ပါတယ်။ ရောင်းတန်းမဝင်သည့် သစ်လုံး၊ သစ်ခွဲသားမရှိကြောင်း၊ သစ်အဝင်အထွက်စာရင်းများကို မှတ်တမ်းတင်ထားရှိကြောင်း၊ ရောင်းရသည့် ငွေကြေးများဆုံးရှုံးနစ်နာမှုမရှိကြောင်း၊ တရားမဝင် ခုတ်လှဲထုတ်ယူခြင်းများရှိပါက အရေးယူဆောင်ရွက်လျက်ရှိပါတယ်"ဟု ဇူလိုင် ၂၉ ရက်က ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ပြောကြားကြောင်း သတင်း၌ ဖော်ပြထားသည်။

ထို့အပြင် သစ်များကိုလိုအပ်ချက်အရ ခုတ်လှဲထုတ်ယူခြင်းမှအပ တရားမဝင်ခုတ်လှဲထုတ်ယူသည်များကို စစ်ဆေးတွေ့ရှိပါက ခုတ်လှဲခွင့်ပြုသည့် သစ်တောအရာရှိနှင့် သစ်ခုတ်လှဲထုတ်ယူသည့် ကုမ္ပဏီများကို အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ ချင်းပြည်နယ်အတွင်း သစ်ထုတ်ယူပြီး သစ်ကွက်များအတွင်းမှ ကျွန်းသစ်၊ သစ်လေသစ်လွင့်ထုတ်ယူရာတွင် ကျွန်းပင်များကိုပါ ခုတ်လှဲထုတ်ယူခဲ့သည့်အတွက် ထုတ်လုပ်သည့် လုပ်ငန်းရှင်နှင့် ပါဝင်သူများကို ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး အက်ဥပဒေပုဒ်မ ၆(၁)ဖြင့် တရားစွဲအရေးယူခဲ့ကြောင်း၊ တာဝန်ရှိဝန်ထမ်းများကို အလုပ်မှထုတ်ပယ်သည်အထိ အရေးယူဆောင်ရွက်ခဲ့ကြောင်း သာဓကတင်၍ ဖြေကြားသွားကြောင်း တွေ့ရသည်။

ဆိုခဲ့ပါ သတင်းနှစ်ပုဒ်ကို ဆက်စပ်ကြည့်သောအခါ သတင်းဖော်ပြသည့်နေ့ရက်ကွာခြားသည်ကလွဲ၍ အကြောင်းအရာတစ်ခုတည်းအပေါ် မေးသူက မေး၍ ဖြေသူက ဖြေကြားခြင်းဖြစ်သည်။

စင်စစ် ဦးလှဆွေမေးသော မေးခွန်းသည် ဖြေရခက်သော ပုစ္ဆာဖြစ်သည်။ မြန်မာနိုင်ငံအနှံ့ သစ်ခုတ်လှဲသည့်ပမာဏသည် မနည်းလှ။ ၂၀၀၁-၂၀၀၂ မှ ၂၀၁၀-၂၀၁၁ ခု ဘဏ္ဍာနှစ်အထိ ဆယ်နှစ်တာကာလအတွင်း ကျွန်းသစ်ကုဗတန် ၂၉ သိန်းခန့်နှင့် သစ်မာကုဗတန် ၁၂၂ သိန်းကျော် ထုတ်လုပ်ခဲ့ကြောင်း တွေ့ရသည်။

ယင်းအနက် ချင်းပြည်နယ်မှ ထုတ်လုပ်သော ကျွန်းသစ်သည် ၃၂၉ ကုဗတန်သာဖြစ်ပြီး သစ်မာသစ်သည် ကုဗတန် ငါးသောင်းခန့်သာဖြစ်၏။ သစ်မာသစ်သည်ပင် တစ်နိုင်ငံလုံး သစ်မာစုစုပေါင်း ထုတ်လုပ်မှု၏ ၀ ဒသမ ၄ ရာခိုင်နှုန်းသာရှိကြောင်း တွေ့ ရသည်။

သစ်ထုတ်ပမာဏနည်းသော ချင်းပြည်နယ်၌ သစ်အလေအလွင့်များသာ ထုတ်ရမည့်အစား ကျွန်းပင်ထောင်များကို ခုတ်လှဲမှုရှိလျှင် ပမာဏများများထုတ်သည့် အခြားတိုင်းနှင့် ပြည်နယ်တို့၌ အလားတူဖြစ်စဉ်မျိုးရှိ မရှိတပ်အပ်မပြောနိုင်။ လက်ပူးလက်ကြပ်မမိ၍ မသိသည့်ဖြစ်စဉ်မျိုးရှိသကဲ့သို့ ဖုံးဖုံးဖိဖိလူမသိအောင် ရှင်းလိုက်ကြသည့်ဖြစ်စဉ်မျိုးလည်းရှိနိုင်သည်။

သစ်လေသစ်လွင့်ထုတ်သည့် ကိစ္စထက်ဆိုးသည့် သတ်မှတ်နှစ်စဉ်တောတွက် AAC ထက် ပမာဏ အမြောက်အမြားပိုမိုခုတ်လှဲသည့် ကိစ္စများကိုပင် မသိလိုက်မသိဘာသာ နေခဲ့ကြကြောင်း တွေ့ရ၏။ သစ်တောဦးစီးဌာနက ကျွန်းနှစ်စဉ်တောထွက်ကိုပင်ရေ ၁၄၇,၀၀၀ သတ်မှတ်ပြီး သစ်မာနှစ်စဉ်တောထွက်ပင်ရေ ၁,၁၃၁,၀၀၀ သတ်မှတ်ထားသော်လည်း ၂၀၀၁-၀၂ မှ ၂၀၁၀-၁၁ ဘဏ္ဍာနှစ်အထိ ဆယ်နှစ်တာကာလအတွင်း ကျွန်း တစ်နှစ်ပျမ်းမျှပင်ရေ ၁၆၉,၀၀၀၊ သစ်မာတစ်နှစ်ပျမ်းမျှပင်ရေ ၁၃၈,၀၀၀ ပိုမိုခုတ်လှဲခဲ့ကြသည်။

ထိုသို့ ပိုမိုခုတ်လှဲခြင်းသည် ခိုးကြောင်ခိုးဝှက်ခုတ်လှဲခြင်းမဟုတ်။ ပြောင်ပြောင်တင်းတင်း ခုတ်လှဲကြခြင်းဖြစ်၏။ ကွပ်ကဲကြီးကြပ်ထုတ်လုပ်သူကလည်း မကြီးကြပ်မကွပ်ကဲဘဲ၊ ထိန်းသိမ်းထားမြစ်ရမည့်သူကလည်း မထိန်းသိမ်း၊ ဆယ်နှစ်တာကာလအတွင်း ပရမ်းပတာ သစ်ထုတ်ခဲ့ကြခြင်းဖြစ်သည်။ ရလဒ်ကား ကမ္ဘာ့စတုတ္ထသစ်တောဖြုန်းတီးမှု အများဆုံး နိုင်ငံဘဝရောက်ခဲ့သည်။

စင်စစ်ရှေးယခင်က တောတွင်းသစ်ထုတ်လုပ်ငန်းကို သူ့စည်းသူ့ကမ်းနှင့် လုပ်ကိုင်ခဲ့ကြခြင်းဖြစ်သည်။ မြန်မာနိုင်ငံက ကျင့်သုံးသော ထာဝစဉ်ညီ သစ်တောစီမံခန့်ခွဲမှုတစ်နည်းအားဖြင့် ရေရှည်တည်တံ့စေသော သစ်တောစီမံခန့်ခွဲမှု (Sustainable Forest Management-SFM)၏ အခြေခံသည် မြန်မာရွေးချယ်ခုတ်လှဲနည်းစနစ် (Myanmar Selection System-MSS)ဖြစ်သည်။ ထိုစနစ်သည် သစ်ပင်၏လုံးပတ်ကန့်သတ်ချက်အခြေခံဖြင့် တွက်ချက်သတ်မှတ်သော နှစ်စဉ်တောထွက် (AAC)ဘောင်အတွင်းမှသာ ခုတ်လှဲထုတ်လုပ်သောစနစ်ဖြစ်သည်။ ကျွန်းပင်၏ လုံးပတ်ကန့်သတ်ချက် (GBH)သည် ၇ ပေ ၆ လက်မဖြစ်ပြီး သစ်မာ၏ GBH သည် ၆ ပေဖြစ်သည်။ ထိုလုံးပတ်များထက်ငယ်သော သစ်ပင်ကို ခုတ်လှဲခြင်း မပြုရချေ။

ယခုသော် ကန့်သတ်နှစ်စဉ်တောထွက်ပမာဏထက် ပိုမိုခုတ်လှဲလျက်ရှိကြသည့်အပြင် သစ်အလေအလွင့်များကိုပင် လျာထားချက်သတ်မှတ်ပြီး ခုတ်ယူခွင့်ပြုလျက်ရှိကြောင်း တွေ့ရ၏။ နှစ်စဉ်သစ်ထုတ်လုပ်မှုစီမံကိန်း၌ ကျွန်းသစ်အလေအလွင့် (Rejection) လျာထားချက်ပမာဏကို ထုတ်လုပ်မည့် ကျွန်းသစ်ပမာဏ၏ ၁၀ ရာခိုင်နှုန်းသတ်မှတ်လျာထားလေ့ရှိကြောင်း သိရသည်။

"သစ်အလေအလွင့်" ဟူသော ဝေါဟာရကို အနက်အဓိပ္ပာယ်မည်ကဲ့သို့ ဖွင့်ဆိုသည်မသိ၊ ဌာနတွင်း ညွှန်ကြားချက်ရှိလိမ့်မည်ထင်သည်။ မြင်တွေ့ရလျက်ရှိသော သစ်အလေအလွင့်ဆိုသော သစ်များ၏ အတိုင်းအတာ (ပေရှည်၊ လုံးပတ်)ကိုကြည့်လျှင် သစ်အလေအလွင့်များသည် သစ်ထုတ်လုပ်ရာမှ ထွက်ရှိသော သစ်လုံးအကြိုးများ၊ သစ်ကိုင်းများ၊ နွယ်ပင်များ၊ သစ်စသစ်န စသည့် Harvesting Debris များ မဟုတ်ကြောင်း တွေ့ရသည်။

ထို့အပြင် အသုံးပြုရသမျှ သစ်မှန်သမျှ ထုတ်ယူသော စနစ်ကျင့်သုံးချိန် ၁၉၉၇ ခုနှစ်ဝန်းကျင်မှစပြီး ကွယ်ပျောက်ခဲ့သော မယူမနေရသစ် (Obligatory logs)ယူလိုမှ ယူသောသစ် (Optional logs)တို့၏ အတိုင်းအတာအတိုင်းလည်းမဟုတ်၊ ၁၉၈၀ ပြည့်နှစ်မှစ၍ နိုင်ငံတော်ပြန်တမ်းဖြင့် ထုတ်ပြန်ခဲ့သော ကိုင်းဖျားကိုင်းနားသစ် (Top & Lop) အတိုင်းအတာနှင့်လည်း ကွဲပြားခြားနားကြောင်း တွေ့ရသည်။

စင်စစ် ကျွန်းသစ်ခုတ်လှဲထုတ်လုပ်ရာ၌ ကျင့်သုံးသော စည်းကမ်းများ ရှေးယခင်က ရှိခဲ့ပါသည်။ ၁၉၃၉ ခုနှစ်ကတည်းက ကျင့်သုံးခဲ့သော Jungle Rejection ဟု အလွယ်ခေါ်လေ့ရှိသည့် ဖြတ်ပိုင်းပေးခြင်းအကြောင်းအရာနှင့် ကျွန်းသစ်များကို တောတွင်ပယ်ချနိုင်သော စည်းကမ်းများဖြစ်သည်။ ခုတ်လှဲပြီးသော ကျွန်းပင်များကို စနစ်တကျ ပိုင်းဖြတ်သည့် စနစ်ဖြစ်သည်။

ထို့အပြင် ပိုင်းဖြတ်ပြီး သစ်လုံးများကို အတိုင်းအတာ၊ အရွယ်အစား၊ အနာအဆာ (Defects) ပါဝင်မှု အနေအထားပေါ် အခြေခံ၍ အတန်းအစားခွဲခြားသည့် ကျွန်းသစ်လုံးအတန်းအစားခွဲခြားနည်း (Classification of Teak Logs) အရ ကြယ်အတန်းအစားခွဲခြားပြီးမှ လိုရာသို့ သယ်ယူပို့ဆောင်ခြင်းဖြစ်သည်။

အထက်ပါ စည်းမျဉ်းစည်းကမ်းများအပြင် မြန်မာ့သစ်လုပ်ငန်း၏ သစ်ထုတ်ဝန်ထမ်း၊ အရာထမ်းများအနေဖြင့် ကျမ်းစာသဖွယ် လက်ကိုင်ထား လိုက်နာရသော သစ်ထုတ်ရေးလက်စွဲ (Exraction Manual)ဟူသည့် ဌာနတွင်း ညွှန်ကြားချက်လည်းရှိသေးသည်။

သို့သော်မြန်မာ့သစ်လုပ်ငန်း (MTE)နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်တို့ အကျိုးတူပူးတွဲစနစ်ဖြင့် သစ်ထုတ်လုပ်သော ၁၉၉၅ ခုနှစ်နောက်ပိုင်းကာလတွင် လက်တွေ့သစ်ခုတ်သူက ပုဂ္ဂလိကဖြစ်ပြီး MTE က ကြီးကြပ်သူဖြစ်သည်။ တောတွင်းသစ်ထုတ်လုပ်ငန်း၌ ပုဂ္ဂလိကလုပ်ငန်းရှင်များပါဝင်လာသောကြောင့် သစ်ထုတ်လုပ်မှု ပမာဏမြင့်မားတိုးတက်လာခဲ့သည်။ နှစ်စဉ်သစ်ထုတ်ပမာဏ၏ ၇၅ ရာခိုင်နှုန်းကို ပုဂ္ဂလိက လုပ်ငန်းရှင်များက ထုတ်ကြသည်ဟုဆိုသည်။ အကျိုးတူပူးတွဲစနစ်ကျင့်သုံးစက သစ်ထုတ်ကုမ္ပဏီအရေအတွက်သည် လက်ဆယ်ချောင်းမျှပင် မပြည့်သော်လည်း ယခုအခါ ကုမ္ပဏီတစ်ရာကျော်က တောတွင်းသစ်ထုတ်လုပ်ငန်းများကို လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

ဤသို့များပြားသော ကုမ္ပဏီအရေအတွက်ဖြင့် သစ်ထုတ်ပမာဏ အမြောက်အမြားကို ကြီးကြပ်ကွပ်ကဲထိန်းသိမ်းရသည့် လုပ်ငန်းမှာ ကြီးမားလှသည်။ ထောင့်စေ့အောင် ဆောင်ရွက်နိုင်ကြလိမ့်မည်မဟုတ်။ ပုဂ္ဂလိကတို့၏ သဘာဝအတိုင်း ကိုယ်ကျိုးစီးပွားကို အဓိကထားခုတ်လှဲခဲ့ကြသဖြင့် အထက်တွင်ဆိုခဲ့သည့်အတိုင်း သတ်မှတ်နှစ်စဉ် ကိုယ်ကျိုးစီးပွားကို အဓိကထားခုတ်လှဲခဲ့ကြသဖြင့် အထက်တွင်ဆိုခဲ့သည့်အတိုင်း သတ်မှတ်နှစ်စဉ် တောထွက်ထက် အဆမတန် ပိုမိုခုတ်လှဲကြသည်။ ကြီးကြပ်ရန် တာဝန်ရှိသူနှင့် ထိန်းသိမ်းရန် တာဝန်ရှိသူတို့သည်လည်း ပုဂ္ဂလိကလုပ်ငန်းရှင်တို့နှင့် တစ်စီးပွားတည်းဖြစ်သွားဟန်တူသည်။ သို့ဖြင့် ရေရှည်တည်တံ့စေသော သစ်တောစီမံခန့်ခွဲရာမှ (SFM)၏ အခြေခံဖြစ်သော မြန်မာ့ရွေးချယ်ခုတ်လှဲနည်းစနစ် (MSS)သည် တာဝန်ရှိသူများ တာဝန်မဲ့မှုနှင့် ပုဂ္ဂလိကတို့၏ ဝိသမလောဘတက်မှုတို့ကြောင့် ချောင်ထိုးခံခဲ့ရသည်။

တာဝန်ရှိသူအစိုးရက ဒေါ်လာရဖို့တစ်ခုတည်းကိုသာ အာရုံစိုက်ခဲ့သည်။ နိုင်ငံ့အနာဂတ်အတွက် ငဲ့ကွက်ခြင်းမရှိခဲ့။ အစိုးရက ဒေါ်လာမက်လေ ပုဂ္ဂလိက တို့အဖို့အကွက်ဝင်လေဖြစ်ခဲ့သည်။

သစ်တောများ ရေရှည်တည်တံ့ရေးအတွက် အဓိကတာဝန်ရှိသူအဆက်ဆက်သည် မျက်နှာသာရလိုမှု၊ သူကောင်းပြုခံရလိုမှုတို့အတွက် AAC ဟူသော အသံကိုပင် ကြားချင်ကြဟန်မတူကြ။

ဤနေရာတွင် စာရေးသူ ဝန်ထမ်းဘဝက အဖြစ်အပျက်တစ်ခုကို အမှတ်ရမိသည်။ စာရေးသူစာစစ်အမှတ်ပေးတာဝန်ယူရသော ရာထူးတိုးမြှင့်ရေးစာမေးပွဲတစ်ခုတွင် ဖြစ်သည်။ ဘာသာပြန်မေးခွန်းတစ်ပုဒ်၏အဖြေကိုဖတ်ပြီး မချိတင်ကဲဖြစ်ခဲ့ရသည်။

Myanmar is rich with forest resources ကို ဘာသာပြန်ထားပုံမှာ "မြန်မာတို့သည် သစ်ဖြင့်ချမ်းသာကြွယ်ဝနေကြသည်" ဟူ၏။ ထိုစဉ်က ထိုအဖြေမှားသည်။ ယခုအခါ ထိုအဖြေမှန်နေကြောင်း တွေ့ရသည်။ မြန်မာနိုင်ငံ၌ သစ်ဖြင့်ချမ်းသာကြွယ်ဝကြသူများ အမြောက်အမြားရှိနေကြပြီဖြစ်၏။ အချုပ်ဆိုသော်မြန်မာ့သစ်တောပြုန်းတီးစေခဲ့သူများသည် အောက်ခြေအဆင့် အရာရှိများနှင့် ကုမ္ပဏီများချည်း မဟုတ်ကြောင်း သိပြီးဖြစ်ပါလိမ့်မည်ဟု မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှဦးလှဆွေအားပြောလိုပါကြောင်း။ ။

ရ ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.12, No.26 • SEPTEMBER 4 , 2013

(ယခင်အပတ်မှ အဆက်)

# မင်းဒင်ရဲ့သက်ခိုင်(၂)

မင်းဒင်




'အမှန်ပေါ့။ မြန်မာဗိုလ်ချုပ်ရဲ့ မူလဘွဲ့အမည်ဟာ မဟာမင်းလှမင်းခေါင်တို့၊ ဘယဂါမဏိတို့လို နာမည်မျိုးဖြစ်ပါလိမ့်မယ်။ မုန်းသူဘက်ကရေးတဲ့ မှတ်တမ်းဆိုတာ သတိပြုပါ။ အခုပြောပြချင်တဲ့ စစ်ပွဲစီးရီးဟာ အနုစာဝါရီညီအစ်မနဲ့ တိုက်တဲ့စစ်ပွဲမဟုတ်ဘူး။ အနုစာဝါရီညီအစ်မ ခုခံတိုက်ခဲ့တဲ့ စစ်ပွဲက ဒီစစ်ပွဲမတိုင်ခင် ၂၄ နှစ်၊ မြန်မာဘုရင်ဆင်ဖြူရှင်လက်ထက်ကဖြစ်ခဲ့တာ၊ ညီလင်းဆက်ရေးမြန်မာ့သမိုင်းမှတ်တမ်းတွေမှာတော့ ဖူးခက်တိုက်ပွဲဆိုတာ ဒီနေ့ထက်ထိ ကိုယ်မဖတ်ဖူး၊ မကြားဖူးသေးဘူး။ မှတ်တမ်းတင်ထားတာမရှိသလောက်ပါပဲ။ တို့နိုင်ငံဟာ အမှတ်အသားအားနည်းတဲ့ တိုင်းပြည်ဆိုတာဝန်ခံရလိမ့်မယ်။ လွန်ခဲ့တဲ့ခေတ်တွေမှာ တို့မြန်မာသမိုင်းကို အဂတိတရားကင်းကင်းနဲ့ မရေးနိုင်ခဲ့ကြဘဲ ဖောင်းတော်ညိတ်စိတ်တော်သိတဲ့၊ အရှင်သခင့်ဘုန်းတော်ဘွဲ့ကို ဖော်ကျူးတဲ့၊ အာဏာလက်ကိုင်ရှိသူက သူ့နေရာတည်မြဲရေးအတွက် ဖန်တီးခဲ့တဲ့ မှတ်တမ်းတွေသာ တစ်မိုးလုံးဖျောက်ဆိပ်ဖြစ်နေခဲ့တာကလား။ ဖူးခက် သမိုင်းကိုရေးတဲ့ သူက စကော့လူမျိုးကွ။ သမိုင်းမှတ်တမ်းတိုင်းလိုလို မှတ်တမ်းပြုသူရဲ့ အတ္တနောမတိ မကင်းကြတာကြောင့် မြန်မာပညာရှင်တွေ သေချာလေ့လာပြုစုတဲ့ မှတ်တမ်းတွေနဲ့ တိုက်ဆိုင်ပြီး သမိုင်းသင်ခန်းစာထုတ်ယူနိုင်ရင် ဘယ်လောက်ကောင်းလိမ့်မလဲ။ သမိုင်းကိုလေ့လာရင်းလူမျိုးတစ်မျိုးစီရဲ့ မတူညီတဲ့စရိုက်တွေကိုပါ သတိပြုလာနိုင်တယ်။ ထိုင်းနဲ့မြန်မာဟာ စိတ်ဓာတ်ခံစားချက်ချင်းမတူကြဘူး။ ထိုင်းတွေကအေးအေးနေချင်ကြတဲ့လူမျိုး၊ ဗမာတွေက ဇာတိပုညဂုဏ်မာနကို မက်မောတဲ့ လူမျိုးလို့ ကိုယ်ကောက်ချက်ချမိတယ်။ မင်းလို ခေတ်လူငယ်တစ်ယောက်ဟာ ယိုးဒယားမြန်မာ ဖူးခက်တိုက်ပွဲသမိုင်းကို သိသင့်တယ် ထင်ပါရဲ့'

'ရွှေထီးဆောင်းခဲ့တဲ့ခေတ်ကို အလွမ်းသယ်နေတာတော့မဟုတ်ပါဘူး။ ကိုတင်မောင်ညွှန့်ရဲ့ ဖေ့စ်ဘွတ်ခ်က စာသားကို ကိုးကားပြီး ပြောရရင် အတက်အကျဆိုတာ လူမျိုးတိုင်း၊ နိုင်ငံတိုင်းမှာ ရှိကြပါတယ်။ တက်ရင်လည်း ဘာကြောင့်၊ ကျရင်လည်းဘာကြောင့် ဆိုတာကိုလေ့လာပြီး သင်ခန်းစာယူပြီး မျက်မှောက်ခေတ်မှာ အကျိုးရှိအောင် အသုံးချရပါမယ်။ ဂျူးတွေကိုကြည့်ပါ။ ဂျေရုဆလင်မှာ ဘုရင်စောလမုန်ခေတ်က တည်ထားခဲ့တဲ့ ဘုရားကျောင်းကြီးရှိခဲ့တယ်။ ဘယ်လောက်ခမ်းနားသလဲဆို အမိုးလုပ်ဖို့အတွက် လက်ဘနွန်တောင်ပေါ်က စီဒါထင်းရှူးပင်တွေကို လူတစ်သိန်းအင်အားနဲ့ အနှစ် ၂၀ တောင် ခုတ်ခဲ့ရတယ်လို့ စာထဲမှာပါတယ်။ ဒါပေမဲ့ နောက်ပိုင်းမှာရောမတွေလက်ချက်နဲ့ ပျက်စီးသွားတာကြောင့် အနောက်ဘက်နံရံတစ်ချပ်ပဲကျန်တော့တယ်။ ဒီနံရံကြီးဆီကို ဂျူးတွေလာလာပြီး ငိုကြလို့ "ငိုကြွေးရာနံရံ"(Wailing Wall)လို့တောင်ခေါ်ကြတယ်။ ဂျူးတွေက သူတို့ဟာ ဘုရားသခင်ရဲ့ အရွေးကောက်ခံလူမျိုး၊ ပါလက်စတိုင်းနယ်ဟာ သူတို့ကိုဘုရားသခင်က ပေးခဲ့တဲ့ "ပျားရည်နဲ့ နို့ စီးဆင်းရာမြေ"လို့ ယုံကြည်ကြတယ်။ ဒီနံရံကြီးဟာ ဒီမြေမှာသူတို့ထွန်းကားခဲ့တဲ့သက်သေပဲလေ။ သူတို့ရဲ့ ဘာသာရေး၊ လူမျိုးရေးကို မီးထိုးပေးနေတာပါပဲ။ ဒီစိတ်ဓာတ်နဲ့ပဲ စစ်ကြီးပြီးတော့ အာရပ်တွေ ပတ်လည်ဝိုင်းနေတဲ့ကြားမှာ စွာနေနိုင်၊ စစ်ပွဲတိုင်းမှာ နိုင်နေတာ အားလုံးအသိပါပဲ'ဟု အစချီကာ ဖူးခက်မြို့တွင် ဆင်နွှဲခဲ့သည့် ဗမာဗိုလ်ချုပ်မင်းကြီးငဦး၏ ယိုးဒယားဗမာစစ်ပွဲ အကြောင်းကို ရှေးခေတ်ဟောင်း အောက်မေ့ဟန်ဖြင့် ဖူးခက်ရောက်မြန်မာညှော့သည်လူငယ်ညီလင်းဆက်အားပြောပြနေရာ ကျွန်တော့်မှာ ကိုသက်ခိုင်၏ဇာတ်လမ်းကို နားထောင်သူပရိသတ်ဖြစ်ရပြန်လေသည်။

**အခန်း(၄)**

**ဖူးခက်ရောက် မြန်မာထိုးစစ်**

'အဲဒီစစ်ပွဲသမိုင်းကြောင်းကို မူလရေးသူဟာမလေးကဗျာဆရာတဲ့ "သူဟာ အဲဒီစစ်ပွဲတွေမှာ ကိုယ်တိုင်ဝင်တိုက်ခဲ့ဖူးတဲ့သူ၊ သူရေးခဲ့တဲ့ ကဗျာကို ဩစတြေးလျပါမောက္ခ စီရေးစကင်နာက အင်္ဂလိပ်ဘာသာကို ပြန်ဆိုသတဲ့။ တစ်ခုသတိပြုရမှာက သူမှတ်တမ်းတင်ပုံကို ဖတ်မိတဲ့အခါ မလေးကဗျာဆရာဟာ ထိုင်းလူမျိုးတွေကို မုန်းတီးတဲ့လေသံပေါက်နေတယ်။ မလေးစစ်သားတွေကိုကျပြန်တော့ အလွန်အကျူးချီးကျူးထာပြန်ရော၊ ပိုဆိုးတာက တို့မြန်မာတွေကို နယ်ချဲ့ကျူးကျော်သူတွေအဖြစ် ပုံဖော်ထားပြန်တာကြောင့် ဖတ်ရတာ၊ နားထောင်ရတာ အတော်ခွတီးခွကျဖြစ်နေတာတော့ အမှန်ပဲကွ။ ဒါကြောင့် ဒီသမိုင်းကို နားထောင်ပြီး တကယ့်ဖြစ်ရပ်၊ သမိုင်းအမှန်ဟာ ဘယ်လိုဘယ်ပုံဆိုတာ မိမိကိုယ်ပိုင်ဆင်ခြင်ဉာဏ်နဲ့သာ ဆုံးဖြတ်ဖို့လိုလိမ့်မယ်။ ထူးခြားချက်က "ဗမာစစ်သည်တွေဟာ အရုပ်အမောင်းလူလုံးလူဖန်ကောင်းပြီး ဓားလွတ်လုံ့ရှည်တွေ တဖွေးဖွေးနဲ့ လေကဲ့သို့သောအဟုန်ဖြင့် ထိုးစစ်ဆင်လေ့ရှိကြသည်"ဆိုတာကိုတော့ မူလမှတ်တမ်းတင်သူ မလေးကဗျာဆရာကိုယ်တိုင် ဝန်ခံထားလေရဲ့။ တို့ဗမာဘုရင် ကုန်းဘောင်ဆက် ဘိုးတော်ဘုရားဟာ ၁၈ဝ၆ ခုနှစ် တစ်ခုသောညီလာခံမှာ စစ်ရေးစီမံချက်တစ်ခုကို ထုတ်ပြန်ကြေညာခဲ့သတဲ့။ ဘိုးတော်ဘုရားဟာ သူ့ဘေးလောင်းတော် ဘိုးလောင်းတော်တွေရဲ့ ခြေရာကို ကောက်ကောက်ပါအောင်နင်းပြီး သူ့ကိုယ်သူ စကြာဝတေးမင်းလို့ အထင်ရောက်ပြီး ကြေညာတာလို့ အဲဒီစာအုပ်မှာ ရေးလေရဲ့။

'ဘိုးတော် ဘုရားရဲ့ အမိန့်တော်ကတော့ 'လောကအလုံးကို ပိုင်စိုးတော်မူမည့် စကြာဝတေးမင်းအလောင်းအလျာ ရေမြေ့သနင်းပြည့်ရှင်မင်းတရားသည်လက်အောက်ခံယိုးဒယားများကို နှိမ်နင်းချေချွတ်တော်မူပြီးလျှင် ဂန္ဓလရာဇ်ပြည်ကြီးကို ခြေဆန့်၍ စစ်မက်ပြုပြီး ငါ့လက်အောက်သို့ သွတ်သွင်းတော်မူအံ့။ ထို့အပြင် တဝအနောက်ဘက်သို့ ဦးတည်စစ်ချီ၍ ဗြိတိသျှကုလားဖြူတို့၏လက်အောက်ခံဖြစ်နေရှာသည့် မဂိုအင်ပါယာ(အိန္ဒိယ)ကို တိုက်ခိုက်သိမ်းသွင်းပြီး လောကလုံးသခင်စကြာဝတေးမင်းအဖြစ် ဘိသိက်သွန်းတော်မူရန် အလိုရှိတော်မူသည်ဆိုပဲ။

'ဘိုးတော်ဘုရားရဲ့ မစားရဝခမန်းစိတ်ကူးယဉ်စီမံချက်ဟာ ကံအကြောင်းမလှရှာတဲ့ ဖူးခက်ကျွန်းသူကျွန်းသားတွေကို ကံဆိုးမိုးမှောင်ကျစေခဲ့ပါရောတဲ့။

'ဘိုးတော်ဘုရားဟာ ယိုးဒယားကို ပထမနှစ်ကြိမ် ကျူးကျော်စစ်ဆင်ခဲ့ဖူးတဲ့ ရလဒ်ကို သင်ခန်းစာယူရင်း ခဲတစ်လုံးတည်းနဲ့ ငှက်နှစ်ကောင်ပစ်မယ့်မဟာဗျူဟာအသစ်ကို ချသတဲ့။ "ယခုတစ်ကြိမ်စစ်ချီရာတွင် မလေးပင်နီဆူလာကို အရင်တိုက်မည်။ ယိုးဒယားလက်အောက်ကျရောက်နေသော ကဒက်၊ ပါတာနီဒေသက စူလတန်တွေကို ယိုးဒယားအား ပုန်ကုန်ထကြွရန် စည်းရုံးမည်။ မလေးစူလတန်များနှင့် တပ်ပေါင်းစုမဟာမိတ်ဖွဲ့ပြီး မြောက်ဘက်ဘန်ကောက်အထိ စစ်ချီမည်။ အကြောင်းပြချက်ကား မြန်မာ့ကုန်သွယ်ရေးကို ပျက်စီးရာပျက်စီးကြောင်း ကြံနေသည့် တူလီဘွန်း၊ ပူလိုဆူမဝါနှင့် တွန်လန်တာဒေသများမှပင်လယ်ဓားပြများကို မလွှဲသာမရှောင်သာသဖြင့် တိုက်ရသည်။ ထိုဒေသများရှိ တရုတ်နှင့် မလေးဓားပြများကို သွေးထိုးလှုံ့ဆော်နေသူမှာ ယိုးဒယားဂျန်စီလုံအကြီးအကဲဖြစ်သောကြောင့် မသိသားဆိုးရွားထောင်ထားခြားနားမောက်မာလှသည့်ဤအရိုင်းအစိုင်းများကို ကိုယ်တော်နှိမ်နင်းတော်မူမည်"ဆိုပြီး ပြန်တမ်းထုတ်ခဲ့သတဲ့မောင်။

'ဘိုးတော်ဘုရားဟာ သူလျှိုတွေရဲ့ သတင်းစကားကနေတစ်ဆင့် စစ်ရေးကျွမ်းကျင်လှတဲ့ ယိုးဒယားပထမရာမဘုရင် မမာမကျန်းဖြစ်နေတာကို ကြိုသိနေတာကြောင့် ထိုးစစ်ကို မြန်မြန်ပြင်ခဲ့တယ်။ စစ်သေနာပတိမင်းကြီးငဦး ဦးဆောင်တဲ့ တပ်သားတစ်သောင်းကျော်ပါတဲ့ တပ်တော်ကြီးဟာ တိုက်လှေ ၂၇၇ စီးနဲ့ အလံတော်တလူလူလွှင့်ရင်း တနင်္သာရီကို ချီတက်ခဲ့တယ်။ တိုက်လှေတစ်စင်းမှာ စစ်သည်ငါးဆယ်ကနေ ခုနစ်ဆယ်အထိဆံ့ပြီး အမြောက်၊ သေနတ်တွေတပ်ဆင်ထားသတဲ့။ တိုက်လှေတွေဟာ ရောက်တဲ့အရပ်မှာ အခွန်ကောက်ပြီး နောက်ထပ်တပ်သား နှစ်သောင်းရအောင်စုဆောင်းတယ်။ ဘိုးတော်ဘုရားအမိန့်တော်ကတော့ 'ယိုးဒယားကိုစစ်အောင်ရင်အောင်၊ မအောင်ရင်နင့်အသက်ကို ထားရစ်ခဲ့'လို့ဆိုတယ်။

'ဘိုးတော်ဘုရားဟာ ပထမရာမဘုရင် (၁၈ဝ၉)မှာ ကံတော်ကုန်တဲ့သတင်းကိုလည်းကြားရော တပ်သားနှစ်သောင်းရှစ်ထောင်ပါဝင်တဲ့ မြန်မာ့တပ်တော်ကို အရှေ့အနောက်စစ်တောင်ပံဖြန့်ရင်း တရမန်းကြမ်း ချီတက်စေပြီး အရှေ့ဘက်စစ်တောင်ပံတပ်ဟာ ရနောင်းကိုသိမ်းတယ်။ မလေးပင်နီဆူလာကိုသိမ်းတယ်။ ချွန်ဖွန်ကို သိမ်းတယ်။ မြန်မာမှတ်တမ်းတွေအရ တိုက်လှေအစင်းသုံးရာပါတဲ့ အနောက်ဘက် စစ်တောင်ပံဟာ အမြောက်ကြီးနှစ်ဆယ်၊ စက်အမြောက်နှစ်ရာ၊ လုံ့စွပ်တပ်သေနတ်သုံးထောင့်ငါးရာနဲ့အတူ အနောက်ဘက်ကမ်းရိုးတန်းအတိုင်း စုန်ဆင်းရင်း ဖူးခက်အပါအဝင် ယိုးဒယားအနောက်ဘက် ဆိပ်ကမ်းတွေကို သိမ်းယူဖို့ကြိုတင်ရည်ရွယ်ရင်း ဓားလှံတဝင့်ဝင့်နဲ့ ချီတက်ခဲ့ကြသတဲ့။ အောက်တိုဘာလဆန်းမှာ တိုက်လှေအစင်းခုနစ်ဆယ်နဲ့ တပ်သားသုံးထောင်ဟာ 'တကွယ်ပါမြို့'ကို ဝင်စီးတယ်။ ယိုးဒယားတွေဟာ ခုခံတွန်းလှန်ခြင်းအလျဉ်းမရှိဘဲ ဖနောင့်နဲ့တင်ပါး တစ်သားတည်းကျအောင်ပြေးခဲ့တာကြောင့် မြို့စောင့်တပ်ရဲ့ လေးလက်မကယ်လီဘာအမြောက် ဆယ့်သုံးလက်၊ စက်အမြောက်နှစ်လက်၊ တူမီးကိုးလက်၊ ဆန်အိတ် နှစ်ထောင်နဲ့ အဘွားအိုနှစ်ဦးကို ဓားစာခံအဖြစ်ခေါ်ခဲ့ကြသတဲ့။ နောက်တစ်နေ့မှာ ဗမာဘက်ကတိုက်လှေတစ်ရာနဲ့ တပ်သားလေးထောင်ထပ်ရောက်လာပြီး ခုခံခြင်း အလျဉ်းမရှိတဲ့ ထိုင်းမူအန်းနဲ့ ဘန်ကလီနားကနာတွန်းမှာကမ်းကပ်တယ်။ အမြောက်နှစ်ဆယ်၊ စက်အမြောက်ငါးလက်၊ တူမီးဆယ့်သုံးလက်နဲ့ ဆန်အိတ်သုံးထောင်ထပ် ရသတဲ့" နတ်ရွာစံသွားတဲ့ ပထမ ရာမဘုရင်ထီးနန်းကို စစ်ရေးအတွေ့အကြုံရှိတဲ့ အသက်(၄၈) နှစ်အရွယ် သားတော် ဒုတိယရာမကဆက်ခံပြီး ဗမာ့ထိုးစစ်ဘန်ကောက်ကိုရောက်မလာအောင် ကန်ချနပူရီမှာ တပ်မကြီးတစ်ခု အရန်သင့်ချထားခဲ့ရတယ်။ ဒါကြောင့် ယိုးဒယားစစ်သူကြီးဖရာချာစန်ကွန်ဦးစီးတဲ့ တပ်သားငါးထောင်ပါတပ်မကိုပဲ စေလွှတ်နိုင်တာမို့လမ်းတစ်လျှောက် စစ်သားတွေ စုဆောင်းခဲ့ရတယ်။ အဲဒီခုခံကာကွယ်ရေးတပ်ဟာ ဖူးခက်ကိုရေကြောင်းချီလာတဲ့၊ အနောက်ဘက်စစ်တောင်ပံတပ်မနဲ့ ပူးပေါင်းဖို့ တောင်ပိုင်းကိုချီလာတဲ့ ဗမာအရှေ့ဘက်စစ်တောင်ပံတပ်နဲ့ ချွန်ဖွန်မှာပြင်းထန်တဲ့ တိုက်ပွဲတွေကို ဆင်နွှဲပြီး ဗမာတပ်တွေ နောက်ဆုတ်ပေးရတယ်လို့ဆိုတယ်"

'ဩော် ဒါဆို ဒီတိုက်ပွဲမှာ ဗမာတပ်တွေက ဖူးခက်ကိုမသိမ်းနိုင်ဘူးပေါ့' ညီလင်းဆက်အမေးကို ကိုသက်ခိုင်က လက်ကာတားလိုက်ရင်း. . 'မလောပါနဲ့ကိုရင်၊ ကိုယ်က အဲဒီစာအုပ်မှာ ရေးထားတဲ့အတိုင်း ပြောနေတာပါ။ နောက်စာကြောင်းမှာပဲ တစ်ဆက်တည်းရေးထားတာက. . 'ထရူးဝါးဆိပ်ကမ်းကို ခုခံကာကွယ်ရန်အတွက် ဖူးခက်မြို့တော်ဝန်က အရေးပေါ်စီမံခဲ့သော်လည်း အချိန်နှောင်းခဲ့လေပြီ။ မြန်မာ့အနောက်ဘက်စစ်တောင်ပံတပ်သည် ရနောင်းမှထွက်လာပြီး သုံးရက်အတွင်း ဘန်ဆာကူ(ဖူးခက်လေဆိပ်အနီး နိုင်ယန်ကမ်းခြေ)မှတစ်ဆင့် ဖူးခက်တွင်ကမ်းကပ်ခဲ့ပြီ'လို့ဆိုပြန်တယ်။ ဒါကြောင့်ပြောတာပေါ့။ မှတ်တမ်းတင်သူဟာ သူတို့ခဏတာအသာစီးရလိုက်တာလေးကို တခမ်းတနားရေးတယ်။ မြန်မာဘက်ကစွမ်းရည်ကိုတော့ ခပ်မှိန်မှိန်ဖော်ပြတယ်။ ဆက်ပြောပါရစေဦး'


**စာမျက်နှာ(၃၂)သို့**

7DAY NEWS JOURNAL
Vol.12, No.26 • SEPTEMBER 4 , 2013



# ဒါနမှတ်တမ်းတင် ကျွန်များ၊ ဆုတောင်းများနှင့် ကျိန်စာများ

မောင်သာချို




(တစ်)

ကျွန်စနစ်ကို နောက်ခံထားသည့် ကမ္ဘာကျော် ဝတ္ထုရှည်ကြီးအချို့ကို ဟိုးခပ်ငယ်ငယ်အရွယ်တော်တော်စောစောကတည်းက ပင်လျှင်ကျွန်တော်တို့ဖတ်ဖူးခဲ့ကြပါသည်။

အစောဆုံးဖတ်ဖူးခဲ့သည်မှာ "ဦးလေးတွမ်၏ တဲကလေး" ဖြစ်မည်ထင်ပါသည်။ မူရင်းစာရေးဆရာက ဟာရီယက်ဗီချာစတိုး (Harriet Beecher Stowe) မူရင်းစာအုပ်က Uncle Tom's Cabin သည် စာအုပ်ကို ကျော်လှိုင်ဦးအမည်ခံ ဆရာမင်းကျော်က ပြန်ဆိုခဲ့ခြင်း ဖြစ်ပါသည်။ နောက်တစ်အုပ်က ဆရာမြသန်းတင့်ဘာသာပြန်ဆိုသည့် "လေရူးသုန်သုန်"။ အမေရိကန် စာရေးဆရာမ မာဂရက်မစ်ချဲလ်(Margaret Mitchell)၏ လက်ရာမွန် (Gone with the wind)ကို ပြန်ဆိုထားသည့် စာအုပ်။ နောက်နည်းနည်း ကလေးနှောင်းတော့မှ ဖတ်ဖြစ်သည်က "ဇာစ်မြစ်"။ အလက်ဟာလေး (Alex Haley)၏ Roots ကို ဆရာမောင်ထွန်းသူက ပြန်ဆိုခဲ့ခြင်းဖြစ်ပါသည်။ သည်စာအုပ်တွေအားလုံး ကျွန်စနစ်ကို အနည်းနှင့်အများ နောက်ခံထားကြသည်ချည်း။ ပို၍တိကျစွာ ပြောရလျှင် အမေရိကတိုက်ရောက်လူမည်းကျွန်တို့၏ဘဝများစွာကို နောက်ခံထားကြသည်ချည်း။ ကြံခင်းကြီးတွေလို၊ ဂျုံခင်းကြီးတွေလို လုပ်ငန်းခွင်များထဲ၌ ရုန်းကန်ကြရသည့် လုပ်သားကျွန်များ၏ဘဝ။ ကျွန်တစ်ယောက်ကိုပိုင်လျှင် သူကနေပေါက်ဖွားလာသည့်သားစဉ်မြေးဆက်ကိုပါဆက်လက်ပိုင်ဆိုင်ကာရောင်းချခွင့်၊ ဝယ်ယူခွင့်ရှိသည့်ကျွန်စနစ်။ ထွက်ပြေးသည့် ကျွန်ကိုရအောင် လိုက်ဖမ်းပြီး ခြေတွေလက်တွေကိုပုဆိန်ဖြင့် ခုတ်ဖြတ်ကာ ထွက်မပြေးသာအောင် ပြစ်ဒဏ်ပေးပုံများကို ထိုဝတ္ထုရှည်ကြီးများထဲ၌ ကျွန်တော်တို့ဖတ်ခဲ့ ကြရခြင်းဖြစ်ပါသည်။

ပုဂံခေတ်အကြောင်းကို ပြောသောအခါ သည်လိုပဲ ကျွန်တွေကပါလာစမြဲ ဖြစ်ပါသည်။ သို့သော် မြန်မာ့မြေပေါ်တွင် လွန်ခဲ့သော နှစ်တစ်ထောင်ဝန်းကျင် ပုဂံခေတ် ထွန်းကားစဉ် ကာလကပေါ်ပေါက်ခဲ့သည့်ကျွန်တွေက သည်ဝတ္ထုရှည်ကြီးတွေထဲက ကျွန်တွေမျိုးတော့ဖြင့် မဟုတ်လေပါ။ ဘာသာ၊ သာသနာနှင့် နှီးနွယ်ဆက်စပ်နေသည့် ကျွန်များ။ တစ်နည်းအားဖြင့် ဘုရားကျွန်များ။

(နှစ်)

ပုဂံခေတ်ထိုး ကျောက်စာများကိုပညာရှင်တို့က "ဒါနမှတ်တမ်း" ဟု အမည်ပေးခဲ့ကြသည်မှာ တော်တော့ကို ဆီလျော်သော အမည်ပေးပုံပင် ဖြစ်ပါသည်။ ခြွင်းချက်ဆိုမှ တကယ့်ကိုဘုရားစူးမိုးကြိုးပစ် ခြွင်းချက်ဟု ဆိုရလောက်သော ကျောက်စာတစ်ချပ်တလေမှ လွဲလျှင် ပုဂံကျောက်စာအားလုံးက ဒါနမှတ်တမ်းတွေပဲ ဖြစ်ပါသည်။

ကျစွာမင်းအမိန့်တော် ပြန်တမ်းကဲ့သို့သော ကျောက်စာကမူ ခြွင်းချက်ကျောက်စာဖြစ်ပါသည်။

နန်းတောင်းများခေါ် နားတောင်များမင်း၏ သားတော်ကျစွာမင်းက ရာဇဝတ်မှုခင်း ကာကွယ်နှိမ်နင်းရေးအတွက် ခိုးစားတိုက်ခိုက်မှု မပြုကြစေရန် ထုတ်ပြန်သည့် အမိန့်တော်ကို ထိုးထားသည့် ကျောက်စာများ ဖြစ်နေ၍ ဖြစ်ပါသည်။

ဤနေရာ၌ ကျောက်စာများဟု ကျွန်တော်သုံးနှုန်းလိုက်ရခြင်းမှာ ကျစွာမင်းက အိမ်ခြေငါးဆယ်ရှိသော ရွာတိုင်းတွင် ကျောက်စာတိုင်တစ်တိုင် စိုက်ရမည်ဟု ဆိုခဲ့သောကြောင့် ဖြစ်ပါသည်။ အိမ်ခြေနည်း၍ ကျောက်စာတိုင် မရှိခဲ့လျှင် ရွာသူကြီးက ရွာသားများကို ဦးဆောင်ကာ လပြည့်နေ့သို့ရောက်တိုင်း ဝတ်ကောင်းစားလှများ ဝတ်လျက် ကျောက်စာတိုင်ရှိရာဆီသို့ စုဝေးသွားရောက်ကာ ကျောက်စာတိုင်ကို ပေါက်ပေါက်၊ ပန်း၊ ဆီမီး၊ စားသောက်ဖွယ်ရာများနှင့် ပူဇော်ပြီး ကျောက်စာဖတ်ကြရမည်ဖြစ်ကြောင်း၊ စာမတတ်သူကို စာတတ်သူက ဖတ်ပြရမည်ဖြစ်ကြောင်း အမိန့်ထုတ်ပြန်ခဲ့သည့် ကျောက်စာများဖြစ်နေသောကြောင့် ဖြစ်ပါသည်။

သို့သော် ကျောက်စာအများစုကမူ 'ဒါနမှတ်တမ်း' တွေပဲဖြစ်ပါသည်။ ပုဂံသားတို့သည် ဘုရင်မှစကာပြည်သူလူထု အဆုံးဒါနနှင့်လုံးထွေးနေကြသူများ ဖြစ်ပါသည်။

ကျောင်း၊ သက်န်း၊ နွား၊ ဆီမီးခွက်၊ အပ်၊ ကရား၊ ခွက်၊ စေတီ၊ ဂူဘုရား၊ ပုထိုး၊ သပိတ်၊ ခြူ ခြေညှပ်ဖိနပ်၊ အုတ်တံတိုင်း၊ ဆင်းတု၊ ပလ္လင်၊ ဇရပ်၊ ကပ္ပိယကုဋီ၊လယ်၊ ဥယျာဉ်၊ လှေ၊ ဆိတ်၊ ပိဋကတ်သုံးပုံ၊ ထန်းပင်၊ ရေတွင်း၊ရေကန်၊ တန်ဆောင်း၊ ဓမ္မသာ၊ တံခွန်၊ ထီး၊ ညောင်ပင်၊ ကချေသည်၊ ပန်တျာသည်၊ ရွှေပေါက်ပေါက်ငွေပေါက်ပေါက်၊ ဆွမ်း၊ ကွမ်း၊ ပန်း၊ ကထိန်၊ ရွှေ၊ ငွေ၊ ကြေး၊ စပါး၊ ဆင်၊ မြင်း စသည် စသည်ဖြင့် လှူလို့ရတာ အကုန်လှူသော ပုဂံသူ၊ ပုဂံသားတို့ဖြစ်ပါသည်။

ကျွန်ကမူ ဟင်းအိုးတိုင်း၌ ဆားခတ်သလို အလှူတိုင်းတွင် ပါဝင်လေ့ရှိသည့် အလှူပစ္စည်းတစ်ခု ဖြစ်ပုံရပါသည်။

ပုဂံခေတ်၌ ကျွန်အမျိုးမျိုးရှိလေရာ ဘုရင်က ချစ်၍ပေးသည့် ကျွန်၊ ဆွေစဉ်မျိုးဆက် ဘိုးဘွားမိဘ၊ ယောက္ခမနှင့် ကိုယ့်လင်၊ ကိုယ့်မယားထံမှ အမွေရသည့် ကျွန်၊ ဇနီးမောင်နှံ လက်ဝယ်ရှိကျွန်၊ သူတစ်ပါးပေးသည့် ကျွန်၊ လက်ဆောင်ကျွန်၊ ဘုရင်က ဆုချသည့် ကျွန်၊ ဝယ်ထားသော ကျွန်၊ အကြွေးဆပ်ရာက ရသည့် ကျွန်၊ ဆွေမျိုးကျွန်၊ တပည့်ကျွန် စသည်စသည်ဖြင့် တစ်နည်းနည်းဖြင့် ကျွန်ကို ပိုင်ဆိုင်ထားနိုင်ပါသည်။

ကျွန်ကို ဝယ်၍လည်း ရပါသည်။ ကျွန်ဈေးက ငွေဖြင့်ဝယ်လျှင် ကျွန်တစ်ယောက်ကို ၂၅ ကျပ်သား၊ ၃၀ ကျပ်သား၊ ၃၅ ကျပ် သားတဲ့။ ကြေးဖြင့်ဝယ်လျှင် ပိဿာ ၂၀ တဲ့။ လှေနှင့်လဲလျှင် လှေတစ်စင်း ကျွန်တစ်ယောက်တဲ့။ ကွမ်းသီးပင်နှင့်လဲလျှင် ကွမ်းသီး ဆယ်ပင်ကိုကျွန်တစ်ယောက်တဲ့။ မြင်းတစ်ကောင်နှင့် လဲသော် ကျွန်အယောက် ၃၀ တဲ့။ ဆင်တစ်ကောင်နှင့် လဲသော် ကျွန် ၅၅ ယောက် (သို့မဟုတ်) ၆၆ ယောက်တဲ့။ စပါးတင်း ၂၀ နှင့် ကြေး ၃ ပိဿာပေးလျှင် ကျွန် ၄ ယောက်တဲ့။ ဩော် ---ပုဂံခေတ်က ကျွန်ဈေးနှုန်းတွေ။

ပုဂံသားတို့ အလှူဒါနလုပ်ကြလေသောအခါ ထိုကျွန်များကို ထည့်သွင်းလှူဒါန်းလေ့ရှိပါသည်။ ဂူဘုရားများကို ထိန်းသိမ်းစောင့်ရှောက်ပြုပြင် ဖာထေးရန်၊ ဘုရားကို ဆွမ်းကွမ်းပန်းမပြတ်ကပ်ရန်၊ သံဃာတော်တို့အားဆွမ်းလုပ်ကျွေးရန်၊တံမြက်စည်းလှည်းရန် စသည်စသည်ဖြင့် ကျွန်ကိုထည့်ပြီး အလှူဒါနပြုတတ်ကြလေရာ မူလက ကျွန်မဟုတ်ပါဘဲနှင့်မိမိကိုယ်တိုင်သာမက မိမိ၏ဇနီးနှင့် သမီးတို့ကိုပါ ကျွန်ဘဝခံယူပြီး ထည့်သွင်းလှူဒါန်းသည်များပင် ရှိပါသည်။

ယင်းတို့အားလုံးကို ပုဂံကျောက်စာများပေါ်၌ မှတ်တမ်းတင်ထားခဲ့ပါသည်။ ထိုဒါနမှတ်တမ်းတင်ကျောက်စာများပေါ်၌ မဖြစ်မနေတွဲယှက်တွေ့ရလေ့ရှိသည်မှာ ဆုတောင်းများနှင့် ကျိန်စာများပင်ဖြစ်ပါသည်။

သဗ္ဗညုတဉာဏ်ကို ရလိုကြောင်း၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရပါလိုကြောင်း၊ မွတ်သိပ်ဆင်းရဲခြင်းမှ ကင်းရပါလိုကြောင်း၊ ရမ္မက်ကျွန်အဖြစ်မှ တော်လှန်ရုန်းထွက်နိုင်ရပါလိုကြောင်း၊ ပဥ္စင်္ဂတူရိယာသံဖြင့်သာ အိပ်စက်ရာမှ နိုးထခွင့် ရပါလိုကြောင်း၊ အဆင်းလှလိုကြောင်း၊ အသံသာလိုကြောင်း၊ အလုံးအရပ်လှလိုကြောင်း၊ အသက်ရှည်၍ အနာကင်းလိုကြောင်း၊ အခြွေအရံတောင့်တင်းလိုကြောင်း၊ သက်ရှိ သက်မဲ့ရတနာမျိုးစုံ ပိုင်လိုကြောင်း၊အမြင့်အမြတ်ဆုံးသူသာဖြစ်လိုကြောင်းစသည်စသည်ဖြင့် ဆုတောင်းမျိုးစုံကို ကျောက်စာမျိုးစုံပေါ်၌ ကျွန်တော်တို့ တွေ့ရှိနိုင်ပါသည်။

ကျိန်စာအချို့ကမူ နဖူးဆံစပ်မှသည် ခြေသန်းဖျားအထိ ရှိန်းခနဲ ဖိန်းခနဲ ဖြစ်သွားလောက်သည့် ကျိန်စာများ ဖြစ်ပါ၏။ အလှူကို ဖျက်ဆီးသော်၊ လှူထားသည့် ကျွန်တို့ကို နှိပ်စက်သော် ဘုန်းမကြီးပါစေနှင့်။ အသက်မရှည်ပါစေနှင့်။ အရိမေတ္တယျဘုရားမဖူးရပါစေနှင့် ဟူသည့် ကျိန်စာလောက်ကဖြင့် ထူးထူးခြားခြားကြီး မရှိလှပါ။ သို့သော် အချို့ကျိန်စာတွေက ---။

မီးဘေးသင့်ပါစေ။ ရေဘေးသင့်ပါစေ။ မိုးကြိုးဘေးသင့်ပါစေ။ ပုဆိန်ဘေး၊ ဆင်ဘေး၊ မြင်းဘေး၊ မြွေဘေး၊ သစ်ကျားဘေး၊ ဝံဘေး၊ သမားကု၍ မတတ်နိုင်သည့်အနာဘေးကျရောက်ပါစေ။ သွေးခဲအန်၍ သေပါစေ။ ဘုရားအဆူဆူမဖူးရပါစေ။ နူဝဲကျိုးကန်းပင်း အပါစေ။ ရူးပါစေ။ တုံလိုးပါစေ။ ခြေလက်နှာခေါင်းတိုပါစေ။ ပုဆိုးခြုံ၍ တောင်းစားသော်လည်း မရဖြစ်ပါစေ။ မြေကြီးက အထက်လူက အောက် ဖြစ်ပါစေ။ ငရဲကြီးရှစ်ထပ်ကျပါစေ။ ဒေဝဒတ်ခံရသည်ထက် အဆတစ်ရာ၊ တစ်ထောင်၊ တစ်သောင်း၊ တစ်သိန်း တပြောင်းပြန် ပြန်ခံရပါစေ။ ရက်ပေါင်းခြောက်ဆယ်သွားမှ ရောက်နိုင်သော အကွာအဝေးရှိသည့် အလျားအနံနှင့် အမြင့်ရှိသော ကျောက်ဖျာကြီးထဲတွင် ခါးအထိ နစ်ကာ ရေမရ၊ အစာမရဘဲ လျှာငါးလံထွက်၍ သေပါစေ။ ဦးခေါင်းကို မည်သည့်ဘက်သို့ထားရမှန်း မသိလောက်အောင် နှစ်မကူး လ, မပြန်ကြီးစွာသော ဘေးသင့်ပါစေ။ ဝါဂွမ်းတစ်လုံးကို မီးဖုတ်သောအခါ အကြွင်းမကျန်သကဲ့သို့ လုပ်ကိုင်စားသောက်မရဖြစ်ပါစေ ဆိုပဲ့လား။

ဆရာကြီးဒေါက်တာ သန်းထွန်းကတော့ တော်တော်ကြောက်သွားပုံရပါသည်။ ပုဂံအကြောင်းရေးသည့် ဆရာ့စာတစ်နေရာ၌ ထေရဝါဒဗုဒ္ဓဘာသာကို သက်ဝင်သူပုဂံသားတို့ အလှူဒါနပြုရာတွင် အဘယ့်ကြောင့် ဤသို့ ရက်ရက်စက်စက် ကျိန်ထားသလဲဆိုသည်ကို သူနားမလည်နိုင်ပါတဲ့။ ဩော် ကျွန်တော်လည်း သည်ကျိန်စာများကို ဖတ်ကာကြက်သီးမွေးညင်းထရပါသည်။

ရောဝတီမြစ်ရေကို သောက်သော ပုဂံ၊ ထနောင်းရွက်သုပ်၊ မြူရွက်သုပ်၊ ညောင်ရွက်သုပ်၊ မလ္လာရွက်သုပ်၊ သမုန်းရွက်သုပ်ကလေးတွေ စားရတတ်သော ပုဂံ၊ ယွန်းနံ့သင်းသည့် ပုဂံ၊ ပုန်းရည်ကြီးနှင့်ဆီးယိုနံ့သင်းသည့် ပုဂံတစ်ဝိုက်ရှိလမ်းကြိုလမ်းကြား၊ ဘုရားကြိုဘုရားကြားများတွင် လျှောက်သွားမိလေတိုင်း အတိတ်က ပုဂံသူ၊ ပုဂံသားတို့ကို အံ့ဩကာ လွမ်းလို့မဆုံးနိုင်ပါလေတော့။ ။

7 DAY NEWS JOURNAL
Vol.12, No.26 • SEPTEMBER 4 , 2013

ဂု ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုးဦး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ အေးသူစံ၊ သန်းဌေး၊ သန်းထူး |
| သတင်းထောက် | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ ကြူကြူဟန် |
| အငယ်တန်းသတင်းထောက် | ခန့်ထက်၊ ခိုင်ခိုင်စိုး၊ ဆွေမွန်၊ ရဲနောင်၊ အောင်သစ်လွင်၊ ဖွဲ့ညာဏ်၊ အိမွန်ကျော် |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) ကျော်ဇင်သန်း |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော်၊ မောင်တာ |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| စာပြင် | တင်ဇာဦး၊ ထွန်းသိန်းမြင့် |
| စီနီယာဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| ဒီဇိုင်နာ | နွယ်မွန်ဖြိုး၊ နန္ဒ၊ နိုင်လင်းထွန်း၊ ရဲသူရ |
| ကွန်ပျူတာစာစီ | စန်းစန်း၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင်၊ သက်ပိုင်ဌေး၊ အောင်မျိုးသန်း၊ ကေသီမိုး၊ တင်ဇာလင်း |
| သရုပ်ဖော် | စိုးသော်တာ |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင်၊ ဇင်မာအေး |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊စည်သူအောင်၊ နှင်းဝေဝေ၊ ဆုရည်လွင် |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိဂီပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre (G-12)
မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၈၈၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com

Hotline : 0973032006

# ဆိုကရေးတီး ကြောက်တဲ့ သံသရာကြွေး

**အောင်သိဒ္ဓိ**




ဂရိတွေးခေါ်ရှင် ဆိုကရေးတီး Socrates(၄၆၉-၃၉၉ ဘီစီ) ရဲ့ ကျော်ကြားမှုဟာ ကမ္ဘာကို လွှမ်းခြုံနိုင်ခဲ့ပါတယ်။ သူနဲ့ ခေတ်ပြိုင်ပုဂ္ဂိုလ်တွေထဲမှာတော့ ဆိုကရေးတီးက ဉာဏ်အကြီးဆုံး၊ တရားမျှတမှုအရှိဆုံးနဲ့ အရိုးသားဆုံးလူသား တစ်ဦးအဖြစ် သူ့တပည့်ရင်း ပလေတို Plato (၄၂၈-၃၄၈ ဘီစီ) က မှတ်ကျောက်တင်ခဲ့ပါတယ်။

မှတ်သားလောက်တဲ့ ဆိုကရေးတီးရဲ့ ပြောစကားတွေထဲမှာ ယနေ့ထိ လူတွေရင်ထဲ စွဲကျန်ရစ်တဲ့ စကားကတော့ "ငါသိတာဆိုလို့ တစ်ခုပဲရှိတယ်။ အဲဒါ ငါဘာမှ မသိသေးပါလား"ဆိုတာပဲ။ ပညာရှင်တို့ရဲ့ နှိမ့်ချတဲ့ ရိုးသားမှု ပုံရိပ်ဟာ သူ့စကားထဲမှာ အထင်းသားပေါ်လွင်လို့ နေပါတယ်။ သည်လို ရိုးသားမှုဂုဏ်နဲ့ ဘဝကိုရင်နှီး တည်ဆောက်နိုင်ခဲ့လို့လည်း သူ့အပါးမှာ သူ့ကို အလွန်လေးစား ချစ်ခင်ကြတဲ့ တပည့်သာဝကတွေ ဝိုင်းဝိုင်းလည်နေခဲ့တာပါ။

အဲဒီအချိန် (၄၀၀ ဘီစီခန့်) က အေသင်လူ့အဖွဲ့အစည်းမှာ အဓိကလူတန်းစားလေးရပ် ရှိခဲ့ပါတယ်။ အထက်တန်းစား (Upper Class)၊ အလတ်တန်းစား(Middle Class)၊ အောက်ခြေလူတန်းစား (Lower Class)နဲ့ ကျွန်လူတန်းစား (Slave)တို့ဖြစ်ပါတယ်။ တင်းပြည့်အေသင်နိုင်ငံသားအဖြစ် အသိအမှတ်ပြုခံရသူတွေကတော့ အထက်တန်းစားတွေပဲ ဖြစ်ပါတယ်။ သူတို့ဟာ ဘာအလုပ်မှ လုပ်စရာမလိုဘဲ ကျွန်တို့ရဲ့ လုပ်အားပေါ်မှာ အမြိုင့်သားထိုင်ပြီး ဇိမ်ခံယစ်မူးနေနိုင်ကြသူတွေ ဖြစ်ပါတယ်။ လွတ်လပ်ပြီး အလုပ်အကိုင် မရှိတဲ့အတွက် သူတို့မှာ အားလပ်ချိန် (Leisure Hour)တွေ အများကြီး ရှိခဲ့ပါတယ်။

ဒါကြောင့်လည်း အထက်တန်းလွှာ လူတန်းစားတို့ရဲ့ သားသမီးတွေကသာ သူတို့ရဲ့ အားလပ်ချိန်တွေကို အသုံးချပြီး နိုင်ငံရေး၊ စစ်ရေး၊ စာပေနဲ့ ဒဿနပညာရပ်တွေကို လေ့လာလိုက်စားနိုင်ခဲ့ကြတာ ဖြစ်မှာပါ။ သည်တော့ ဆိုကရေးတီးရဲ့ တပည့်တပန်း အားလုံးလိုလိုဟာ အထက်တန်းလွှာတို့ရဲ့ သားသမီးတွေချည်း ဖြစ်နေတာဟာ ထူးဆန်းတယ်လို့ မဆိုနိုင်တော့ဘူးပေါ့။

ဆိုကရေးတီးဟာသူ့ရဲ့အတွေးအခေါ် ဒဿနတွေကို စာတစ်စောင် ပေတစ်ဖွဲ့မှ ရေးခဲ့ခြင်း မရှိပါ။ လူစည်ကားရာဈေး၊ကျောင်း၊ လမ်းဆုံလမ်းခွစတဲ့ နေရာတွေမှာ ဟောပြောခြင်း၊ ဆွေးနွေးခြင်း၊ အမေးအဖြေလုပ်ခြင်းစတဲ့ နည်းတွေနဲ့ သူ့ရဲ့ အဖိုးတန်ဒဿနတွေကို တပည့်တွေရင်ထဲ အရောက်ပို့ပေးခဲ့တာပါ။ ဆိုကရေးတီးဟာ အလွန်အဟောအပြောကောင်းသူ (Great Orator)တစ်ဦးလည်း ဖြစ်ပါတယ်။ ဒါကြောင့်လည်း ပလေတို တို့လို တပည့်ရင်းတွေဟာ ဆိုကရေးတီးရဲ့ ဟောပြောချက်တွေကို အားလုံးနီးပါး မှတ်မိနေတာ ဖြစ်မှာပါ။

ယနေ့ခေတ် ကျွန်တော်တို့ လေ့လာနေကြတဲ့ ဆိုကရေးတီးရဲ့ ဒဿနတွေဟာ သူ့လက်ရင်း တပည့်ဖြစ်တဲ့ ပလေတိုရေးသားခဲ့တဲ့ စာအုပ်တွေက တစ်ဆင့်ရရှိတာ ဖြစ်ပါတယ်။ ပလေတိုရေးသားပြုစုခဲ့တဲ့ ထင်ရှားလှတဲ့ "ပလေတိုးနိဒါန်း" (The Introduction to the Plato)ဆိုတဲ့ အတွေးအခေါ် ကျမ်းကြီးကို ဆရာဇော်ဂျီက မြန်မာဘာသာ ပြန်ဆိုခဲ့ဖူးပါတယ်။ ဆိုကရေးတီးရဲ့ ကဏ္ဍစုံနဲ့ဆိုင်တဲ့ ဒဿနတွေကို သူ့တပည့်တွေနဲ့ အမေးအဖြေလုပ်တဲ့ ပုံစံနဲ့ တင်ပြခဲ့တဲ့ ကျမ်းကြီးပါ။ တစ်ယောက်နဲ့ တစ်ယောက်အမေးအဖြေလုပ်ရင်းနဲ့ နောက်ဆုံးမှာ အမှန်တရားတစ်ခုကို ဖော်ထုတ်တင်ပြခဲ့တာပါ။ ခုလိုလူငယ်တွေနဲ့ တရုန်းရုန်းနေပြီး သူ့အတွေးအခေါ်တွေ လက်ဆင့်ကမ်း နေတာကို အဲဒီခေတ်က အုပ်ချုပ်သူတွေနဲ့ မိဘတွေကတော့ မကြိုက်ခဲ့ကြဘူးလို့ ဆိုပါတယ်။

အုပ်ချုပ်သူ လူတန်းစားတွေရဲ့ အမြင်မှာတော့ ပညာရှင်ဆိုတာ သူတို့အာဏာကို လုယူမယ့် သူတို့ယစ်မူးတွယ်တာနေတဲ့ ရာဇပလ္လင်ကို သွက်သွက်ခါအောင် လှုပ်ရမ်းနိုင်တဲ့ လက်နက်တစ်ခုလို့များ ထင်ထားသလားမသိ၊ ခေတ်အဆက်ဆက် ပညာရှင်လို့ အများက ယုံကြည်လက်ခံထားကြတဲ့ ပုဂ္ဂိုလ်တွေဟာ အုပ်ချုပ်သူတွေရဲ့ အမျက်မာန်ရှခြင်းကို ခံခဲ့ကြရတာ သမိုင်းတစ်လျှောက်များပြားလှပါတယ်။

ဆိုကရေးတီးတို့ ခေတ်ကလည်း သည်လိုပါပဲ။ လက်ဝယ်ပိုင်ပိုင် ကိုင်ထားနိုင်တဲ့ အခွင့်အာဏာကို သုံးပြီး အေသင်အုပ်ချုပ်သူတို့ဟာ သူတို့ကိုးကွယ်နေတဲ့ အေသင်နတ်ဘုရားများကို ယုံကြည်ကိုးကွယ်မှု မရှိခြင်း၊ လူငယ်တို့ကို အမှားဘက်ပါအောင် သွေးဆောင်စည်းရုံးခြင်းစတဲ့ စွဲချက်နှစ်ရပ်နဲ့ ဆိုကရေးတီးကို ခုံရုံးတင် တရားစွဲပြီး အပြစ်ဒဏ်ချမှတ်ခဲ့ပါတယ်။ တရားရုံးရဲ့ ဆုံးဖြတ်ချက်ကတော့ ဆိုကရေးတီးဟာ ကိုယ်တိုင် အဆိပ်သောက်ပြီး သူ့ကိုယ်သူ အဆုံးစီရင်စေဆိုတာပါပဲ။ သူအဆိပ်သောက် သေဆုံးရမယ့်နေ့မှာ ဆိုကရေးတီးဟာ တစ်နေကုန် သူ့မိတ်ဆွေများ၊ တပည့်များနဲ့ သူ့ရဲ့ ဒဿနတွေကို ဆွေးနွေးပြောဆိုပြီး ညနေတောင် စွယ်နေကွယ်တဲ့အချိန်မှာ သူ့တပည့်တွေရဲ့ မျက်မှောက်မှာပဲ အဆိပ်ခွက်ကို သောက်လိုက်ရမှာ ဖြစ်ပါတယ်။

ဆိုကရေးတီးရဲ့ ဘဝနေဝင်ချိန် နောက်ဆုံးနေ့မြင်ကွင်းဟာ စိတ်ဝင်စားစရာ ကောင်းလှပါတယ်။ ဝမ်းနည်းပူဆွေးမှု၊ နာကြည်းမှု၊ သံဝေဂရမှုတွေနဲ့ ပြည့်နှက်လို့ နေခဲ့ပါတယ်။ ဒီအကြောင်းတွေကို မျက်မြင်ကိုယ်တွေ့ ပြောပြခဲ့သူကတော့ ဆိုကရေးတီးရဲ့ မိတ်ဆွေရင်းတစ်ဦးဖြစ်တဲ့ ခရီတို (Crito) ဖြစ်ပါတယ်။

နေဝင်ချိန်နီးလာပြီဆိုတာနဲ့ ဆိုကရေးတီးဟာ အကျဉ်းထောင်အခန်းထဲက ထွက်လာပြီး ခရီတိုတို့နဲ့အတူ လာထိုင်ပါတယ်။ မကြာမီမှာပဲ ထောင်သားတစ်ဦး ရောက်လာပြီး

"ဆိုကရေးတီးခင်ဗျားဟာ ဒီထောင်ကို ရောက်လာသူအားလုံးထဲမှာ အမြင့်မြတ်ဆုံး၊ အသိမ်မွေ့ဆုံးနဲ့ အတော်ဆုံး လူတစ်ယောက်ဖြစ်တယ်ဆိုတာ ကျွန်တော် ကောင်းကောင်းကြီး သိပါတယ်"

"ကျွန်တော်ဟာ တစ်ပါးသူ စိတ်ဆိုးနာကြည်းစေမယ့် စကားမျိုး လုံးဝမပြောလိုပါဘူး။

**စာမျက်နှာ (၃၂)သို့**

Business 7 DAY NEWS JOURNAL
Vol.12, No.26 • SEPTEMBER 4 , 2013

# မှောင်ခိုဈေးကွက်အတွင်းမှ ကျပ် ၁,၅၀၀ တန် ဆင်းမ်ကတ်များ အစိုးရဝန်ထမ်းများထံမှ အများဆုံးထွက်




*ဈေးကွက်ဝယ်လိုအားကောင်းလာသည့် တန်ဖိုးနည်းဆင်းမ်ကတ်* ဓာတ်ပုံ - ကျော်ဇင်သန်း

**ဆွေမွန်**
**ရန်ကုန်၊ စက်တင်ဘာ ၁**

ဈေးကွက်တွင် အရောင်းအဝယ်ဖြစ်နေသည့်ကျပ်၁,၅၀၀တန်ဆင်းမ်ကတ်များမှာ ခွဲတမ်းရရှိထားသည့် အစိုးရဝန်ထမ်းများ ပြန်လည်ရောင်းချနေမှု အများစုဖြစ်နေကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ကျပ် ၁,၅၀၀ တန်ဆင်းမ်ကတ်များကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တစ်လလျှင် ကတ်ရေ သုံးသိန်းခွဲခန့်ဖြင့် ငါးကြိမ်တိုင်တိုင် ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များမှတစ်ဆင့် ရောင်းချပေးခဲ့ပြီး ထိုမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် အစိုးရဝန်ထမ်းများအတွက်ခွဲတမ်းများ ချထားပေးခဲ့ခြင်းဖြစ်သည်။

"ဆင်းမ်ကတ်က ဒီလမှ ခွဲတမ်းရတဲ့အလှည့်ပေါ့ CDMA ဆင်းမ်ကတ်ပဲရတယ်။ အခုလည်း သုံးနေတဲ့ဆင်းမ်ကတ်ရှိတော့ အဲဒါကို ခုနစ်သောင်းနဲ့ လာဝယ်တဲ့သူရှိလို့ ရောင်းလိုက်တယ်။ ခွဲတမ်းရတဲ့ညဘက်ပဲ လာဝယ်သွားတယ်"ဟု အစိုးရကျောင်းဆရာမ တစ်ဦးက ပြောသည်။

အဆိုပါ ကျပ် ၁,၅၀၀ တန် ဆင်းမ်ကတ်များကို GSM အမျိုးအစားဖြစ်ပါက တစ်သိန်းကျော်ဖြင့် ဝယ်ယူမှုရှိပြီး CDMA ဆင်းမ်ကတ်အမျိုးအစားဖြစ်ပါက ကျပ်ခုနစ်သောင်းဝန်းကျင်ဖြင့် ဝယ်ယူမှုများရှိနေသည်။ မဲနှိုက်ရွေးချယ်ပြီး ဆင်းမ်ကတ်ရရှိထားသည့်သူများထက် ခွဲတမ်းရရှိသည့်အစိုးရဝန်ထမ်းများက ပိုမိုရောင်းချမှုများကြောင်း ကျောက်မြောင်းမြို့နယ်မှ

**စာမျက်နှာ( ၂၈)သို့**

## ၂၃ လိုင်းမြောက်နိုင်ငံတကာလေကြောင်း BUSINESS AIR စတင်ပျံသန်း

**ခန့်ထက်**
**ရန်ကုန်၊ ဩဂုတ်-၃၀**

ရန်ကုန်လေဆိပ်သို့ ၂၃လိုင်းမြောက်နိုင်ငံတကာလေကြောင်းလိုင်းအဖြစ် ထိုင်းနိုင်ငံအခြေစိုက် Business Air လေကြောင်းလိုင်း ဩဂုတ်လ ၃၀ ရက်တွင် စတင်ပြေးဆွဲပြီဖြစ်ကြောင်း သတင်းရရှိသည်။

ယင်း လေကြောင်းလိုင်းသည် ရန်ကုန်-ဘန်ကောက်-ရန်ကုန်ခရီးစဉ်ကို နေ့စဉ်တစ်နေ့နှစ်ကြိမ်ပြေးဆွဲမည်ဖြစ်ပြီး ထိုင်း-ဘန်ကောက်-ရန်ကုန် ပြေးဆွဲသော လေးလိုင်းမြောက် လေကြောင်းလိုင်းဖြစ်လာကြောင်း လေကြောင်းညွှန်ကြားမှုဦးစီးဌာန၏ စာရင်းများအရ သိရသည်။

Business Air လေကြောင်းလိုင်းအနေဖြင့် ရန်ကုန်ခရီးစဉ်

**စာမျက်နှာ( ၂၈)သို့**

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၉၆၅ | ၉၇၃ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၇၅၇ | ၇၆၇ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၂၇၈ | ၁၃၉၅ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၃၀ | ၃၀. ၂ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၅၅ | ၁၅၈ | ကျပ် |

၂၀၁၃ ဩဂုတ် ၃၁ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၄၄၅ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၅၆၂ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၉၈. ၁၃ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၁၁၉၃ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၆၅. ၇၈ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၇၄ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၀၉. ၄၂ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၂၈၅ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၂. ၁၂ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၁၁,၉၁၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၁,၁၂၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၄. ၅၃ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၄၅ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၁. ၁၂၃၂ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၉၄၃ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၅၃၁ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၃. ၂၅၈ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၈ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | အောင်စ | ၁,၃၉၃. ၈၀ |
| ရေနံစိမ်း | စည် | ၁၁၄. ၁၇ |
| ငွေ | အောင်စ | ၂၃. ၄၄ |
| ကြေးနီ | ပေါင် | ၃. ၂၃ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၅၉ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၃ ဩဂုတ် ၃၁ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။



စာမျက်နှာ(၂၇)မှ

## ၂၃ လိုင်းမြောက်နိုင်ငံတကာလေကြောင်း BUSINESS AIR စတင်ပျံသန်း

ပြေးဆွဲရခြင်းမှာမြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး လေကြောင်းကဏ္ဍတွင်လည်း တိုးတက်လာသောကြောင့် ပြေးဆွဲရခြင်းဖြစ်ကြောင်း၊ ယင်းလေကြောင်းလိုင်း၏ မြန်မာနိုင်ငံဆိုင်ရာတာဝန်ရှိသူက ပြောသည်။ အဆိုပါလေကြောင်းလိုင်းသည် ထိုင်းနိုင်ငံမှ ဆော်ဒီအာရေဗီးယားနိုင်ငံသို့ ဟာ့ဂျ်ဘုရားဖူးခရီးသည်များအတွက် ပြေးဆွဲသော လေကြောင်းလိုင်းများနှင့် ချိတ်ဆက်ပေးမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

နိုင်ငံတကာသို့ စင်းလုံးငှားခရီးစဉ်အဓိကထား ပြေးဆွဲသော ယင်းလေကြောင်းလိုင်းသည် မြန်မာနိုင်ငံသို့ ပုံမှန်ခရီးစဉ်ကို ဘိုးရင်း 767-300 ER လေယာဉ်ဖြင့် ပြေးဆွဲခြင်းဖြစ်သည်။

ရန်ကုန်လေဆိပ်သို့ နိုင်ငံတကာလေကြောင်းလိုင်း ၂၂ လိုင်း ခရီးစဉ်ပြေးဆွဲနေရာ လက်ရှိတွင် EVA Air နှင့် Condo Air လေကြောင်းတို့ ခရီးစဉ် ယာယီရပ်နားထားပြီး ဘန်ကောက်မှ ရန်ကုန် ပြေးဆွဲသော လေကြောင်းလိုင်းအဖြစ် Nok Air လေကြောင်းလိုင်းက အောက်တိုဘာလတွင် ပြေးဆွဲရန်ရှိနေကြောင်း လေကြောင်းဦးစီးမှ သတင်းရရှိသည်။

ဘန်ကောက်မြို့ရှိ သုဝဏ္ဏဘူမိလေဆိပ်အခြေပြုပြေးဆွဲသော ယင်းလေကြောင်းလိုင်းသည် ထိုင်းနိုင်ငံပြည်တွင်းခရီးစဉ်များကိုသာ ပြေးဆွဲနေပြီး နိုင်ငံတကာပြေးဆွဲမှုအနေဖြင့် တရုတ်၊ တောင်ကိုရီးယား၊ ဂျပန်၊ စင်ကာပူနှင့် ထိုင်ဝမ်နိုင်ငံများသို့ စင်းလုံးငှားခရီးစဉ်များ ပြေးဆွဲနေသည်။ ပုံမှန်ခရီးစဉ် ပြေးဆွဲမှုမှာ တရုတ်နိုင်ငံသို့ဖြစ်ပြီး မြန်မာနိုင်ငံသို့ ဒုတိယမြောက်ပြေးဆွဲခြင်းဖြစ်သည်။




စာမျက်နှာ(၂၇)မှ

## မှောင်ခိုဈေးကွက်အတွင်းမှ ၁,၅၀၀ တန် ဆင်းမ်ကတ်များ အစိုးရဝန်ထမ်းများထံမှ အများဆုံးထွက်

ဖုန်းပွဲစားတစ်ဦးက ပြောသည်။

"ရုံးက ခွဲတမ်းအရ GSM ကတ်ရတယ်။ အိမ်မှာလည်း သိပ်သုံးဖို့ မလိုဘူး။ အရင်ဝယ်ထားတဲ့ ဖုန်းလည်းရှိတော့ အခုရတဲ့ ဖုန်းကတစ်သိန်းကျော် ပေးဝယ်တယ် ကြားလို့ပြန်ရောင်းဖို့လုပ်နေတာ။ ဒါပေမဲ့ အခုတော့ ဟန်းဆက်တစ်ခုထဲ ထည့်ထားရတယ်။ မသုံးဘဲထားရင် လိုင်းအပိတ်ခံရမှာစိုးလို့"ဟု ပြည်တွင်းရေကြောင်းတွင် အလုပ်လုပ်ကိုင်နေသည့်ဝန်ထမ်းတစ်ဦးက ပြောသည်။

ကျပ် ၁,၅၀၀ တန်ဆင်းမ်ကတ်များကို တစ်လလျှင် ကတ်ရေသုံးသိန်းခွဲနှုန်းဖြင့် လေးလရောင်းချပေးခဲ့သည်။ ဩဂုတ်လအသုတ်အတွက်ကတ်ရေသုံးသိန်းခြောက်သောင်းရောင်းချပေးခဲ့ပြီး လက်ရှိတွင်ဆယ့်ခုနစ်သိန်းခြောက်သောင်း ချထားပေးခဲ့ရာ ထိုထဲမှ အစိုးရဝန်ထမ်းများကို ရောင်းချပေးခဲ့ခြင်းဖြစ်သည်။

ဝန်ကြီးဌာနအလိုက် အစိုးရဝန်ထမ်းများအား ဖုန်းချထားပေးရာတွင် အလှည့်ကျစနစ်ဖြင့် ချထားပေးခဲ့ရာ ယခင်က CDMA ဆင်းမ်ကတ်များသာ ရရှိခဲ့ပြီး ယခုလတွင် GSM ဆင်းမ်ကတ်အများစု ခွဲတမ်းရရှိထားကြောင်း သတင်းရရှိသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ချထားပေးခဲ့သည့် ကျပ် ၁,၅၀၀ တန်ဆင်းမ်ကတ် ဆယ့်ခုနစ်သိန်းခြောက်သောင်းတွင် CDMAဆင်းမ်ကတ် ဆယ့်သုံးသိန်းငါးသောင်းနှင့် GSM ဆင်းမ်ကတ် လေးသိန်းတစ်သောင်း ရောင်းချပေးထားခြင်းဖြစ်သည်။

Creativity – Entrepreneurship - Sustainability
How to get from an idea to a Business
giz Deutsche Gesellschaft für Internationale Zusammenarbeit (GIZ) GmbH

**YANGON SEMINARS ON ENTREPRENEURSHIP AND BUSINESS START-UP 2013**

1. Start your own business (for graduates of university, colleges, technical school, vocational training centres)
18th Nov – 22nd Nov and 2nd Dec – 6th Dec 2013

2. Basic Business Skills Improvement (for existing micro and small businesses)
21st Oct – 25th Oct 2013 or 25th Nov – 29th Nov 2013

3. Access to Finance (for existing micro and small businesses)
9th Dec – 13th Dec 2013 (half days)

4. Successful Marketing (for existing micro and small businesses)
9th Dec – 13th Dec 2013 (half days)

The Seminar is a joint offer of the German Agency for International Development (GIZ) and the SME Development Center of the Ministry of Industry.


Venue:
SMEs Development Centre, Ministry of Industry
No 35 B/15, New University Avenue
Bahan Township, Yangon

The seminars are open at a promotional price of 30,000 Kyat per participant per week only (including lunch, coffee break and training materials).

Contact (for application sheet and further information):
hlaingthetsu2012@gmail.com
Submission before 13th September 2013

7DAY NEWS JOURNAL
Vol.12, No.26 • SEPTEMBER 4 , 2013






# အိန္ဒိယစီးပွားရေး အလားအလာနှင့် ဦးတည်ရာ

**ကြည်နေဝင်းမင်း**

နိုင်ငံတစ်နိုင်ငံ ကြုံတွေ့နေရသော အကျပ်အတည်းတစ်ခု၏ ပြင်းထန်လေးနက်မှုကို နှိုင်းယှဉ်ပြောဆိုခံရသောအရာကိုကြည့်၍ မကြာခဏ ဆုံးဖြတ်တတ်ကြသည်။

အမေရိကန် နိုင်ငံတွင် ၂၀၀၈-၂၀၀၉ ခုနှစ် ကမ္ဘာ့ဘဏ္ဍာရေးအကျပ်အတည်း အထွတ်အထိပ်ရောက်နေချိန်က ၁၉၃၀ ပြည့်နှစ် ကမ္ဘာ့စီးပွားကျကပ်နှင့် ရည်ညွှန်းပြောဆိုမှုများ ရှိခဲ့သည်။ ဂရိနိုင်ငံတွင် မကြာသေးမီက ကြွေးမြီအကျပ်အတည်း ပြဿနာများကို ၂၀၀၁ ခုနှစ်က အာဂျင်တီးနားနိုင်ငံ ကြုံတွေ့ခဲ့သော ကြွေးမြီပျက်ကွက်မှုနှင့် နှိုင်းယှဉ်ခဲ့ကြသည်။

အိန္ဒိယနိုင်ငံနှင့် ပတ်သက်လျှင်လည်း မကြာသေးမီကဖြစ်ပေါ်ခဲ့သောစီးပွားရေးအခက်အခဲများအကြောင်းကို ၎င်းတို့ကိုယ်တိုင် ၁၉၉၁ ခုနှစ်က ကြုံတွေ့ခဲ့သော အခြေအနေမျိုး တစ်ကျော့ပြန်ဖြစ်လာခြင်းဟု နှိုင်းယှဉ်ပြောဆိုမှုများ ပေါ်ထွက်လာစေခဲ့သည်။ ၁၉၉၁ ခုနှစ် နိုင်ငံ၏ အဆိုးရွားဆုံး စီးပွားရေးအကျပ်အတည်းအတွင်း အိန္ဒိယနိုင်ငံသုံး ရူပီးငွေကြေးမှာ တလိမ့်ခေါက်ကွေး တန်ဖိုးကျဆင်းပြီး နိုင်ငံခြားအရန်ငွေများလည်း ပြောင်တလင်းခါသွားခဲ့ရာ နောက်ပိုင်းတွင် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF)က ဝင်ရောက်ကယ်ဆယ်ခဲ့ရသည်။

သို့သော်ယနေ့အိန္ဒိယအခြေအနေမှာ ထိုစဉ်ကလောက်မဆိုးဟု ဆန်းစစ်လေ့လာသူများက ဆိုပါသည်။ ၁၉၉၁ ခုနှစ်က နိုင်ငံခြားအရန်ငွေကြေး ၁၅ ရက်စာထက် လျော့နည်းနေခဲ့ရာမှ ယခုအခါ ခုနစ်လစာ ကုန်ပစ္စည်းတင်သွင်းမှုအတွက်လုံလောက်သောငွေကြေး ရှိပါသည်။ သို့ဆိုသော်ငြား စိတ်ပူစရာလက္ခဏာများ ရှိနေပါသည်။

"၁၉၉၁ ခုနှစ်က ပုံစံမျိုးနဲ့နှိုင်းယှဉ်ပြောဆိုမှု ခံနေရတယ်ဆိုတာကိုက လက်ရှိအခြေအနေအပေါ် ပူပန်မှုလေးနက်ပုံကို ပြသနေပါတယ်"ဟု နိုင်ငံတကာစီးပွားရေး အကြံပေးများအဖွဲ့ (IHS)မှ ဒုတိယဥက္ကဋ္ဌ တိုနီနက်ရှ်ကဆိုပါသည်။ "အိန္ဒိယမှာ အခြေအနေဆိုးနေတယ်ဆိုတာတော့ သံသယရှိစရာမလိုပါဘူး"ဟု ၎င်းကဆက်ပြောသည်။

အဓိကပူပန်စရာနယ်ပယ်တစ်ခုမှာ အိန္ဒိယနိုင်ငံ၏ လက်ရှိငွေစာရင်းလိုငွေ ဖောင်းကားနေခြင်းဖြစ်သည်။ ယင်းစာရင်းရှင်လိုငွေမှာ ပြီးခဲ့သည့်နှစ်က နိုင်ငံ့စုစုပေါင်းကုန်ထုတ်လုပ်မှု (GDP)၏ ၆ ဒသမ ၇ ရာခိုင်နှုန်း ရောက်ရှိခဲ့သည်။ နိုင်ငံတစ်နိုင်ငံ၏ ကုန်ပစ္စည်းထုတ်လုပ်တင်ပို့မှု တန်ဖိုးမှာ တင်သွင်းမှုထက် လျော့နည်းသောအခါ လက်ရှိငွေစာရင်းလိုငွေပြမှု ဖြစ်ပေါ်သည်။ ယင်းသို့လိုငွေပြမှုကြီးထွားလာခြင်းက နိုင်ငံ၏နိုင်ငံခြားအရန်ငွေကြေးကိုထိခိုက်သည်။

အိန္ဒိယနိုင်ငံ၏အနေအထားမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများမှ နိုင်ငံ၏စီးပွားရေးမှ ငွေကြေးများ ဆွဲထုတ်နေသည်ဆိုသော အချက်ကြောင့် ပိုမိုရှုပ်ထွေးသွားပါသည်။ ဇွန်လဆန်းပိုင်းမှစ၍ နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများက အိန္ဒိယနိုင်ငံ၏ ရှယ်ယာနှင့် ကြွေးမြီများကို ကန်ဒေါ်လာ ၁၂ ဘီလီယံဖိုးနီးပါး နုတ်ယူသွားခဲ့ပြီးဖြစ်ရာ စတော့ရှယ်ယာဈေးကွက်နှင့် ငွေကြေး တန်ဖိုးကို ထိခိုက်စေသည်။

အိန္ဒိယနိုင်ငံသုံးငွေ ရူပီးမှာ ယခုနှစ်စပိုင်းမှစ၍ ကန်ဒေါ်လာနှင့်နှိုင်းယှဉ်လျှင် တန်ဖိုး ၂၀ ရာခိုင်နှုန်းကျော် ကျဆင်းသွားခဲ့သည်။ ယင်းအတွက် အိန္ဒိယနိုင်ငံအတွက် ကုန်ပစ္စည်းတင်သွင်းမှုများကို ပိုမိုကုန်ကျစရိတ် များပြားသွားစေခဲ့ပြီး စီးပွားရေးပြဿနာများ ထပ်တိုးလာစေခဲ့သည်။

ရင်းနှီးမြှုပ်နှံသူများက ငွေကြေးများ ထုတ်ယူသွားခြင်းမှာ အကြောင်းအမျိုးမျိုးရှိပါသည်။ ယင်းတွင် အိန္ဒိယစီးပွားရေးနှေးကွေးမှုနှင့် အမေရိကန်စီးပွားရေး နာလန်ထူမှုတို့နှင့်လည်း ဆက်စပ်ပါသည်။ "ခင်ဗျားသာ ရင်းနှီးမြှုပ်နှံသူတစ်ဦးဖြစ်ပြီး အန္တရာယ်ကြီးတဲ့ နိုင်ငံတစ်ခုမှာ ပိုက်ဆံမြှုပ်နှံထားတယ်ဆိုရင် ပိုပြီးတည်ငြိမ်တဲ့နိုင်ငံတစ်နိုင်ငံမှာ ရင်းနှီးတာထက်ပိုပြီး အမြတ်ရမှာကို မျှော်လင့်လို့ပဲ"ဟု နိုရူမာ ငွေကြေးရောင်းဝယ်ရေးကုမ္ပဏီ အာရှဌာနအကြီးအကဲ စတူးဝပ်အုတ်ကလေကဆိုသည်။ "အိန္ဒိယနိုင်ငံက အဲဒီလိုအနေအထား မရှိတော့ဘူး။ အကြောင်းကတော့ အိန္ဒိယနဲ့ အမေရိကန်နိုင်ငံကြား တိုးတက်မှုကွာဟချက် ကျဉ်းမြောင်းလာလို့ပဲ"ဟု ၎င်းကဆက်ပြောသည်။

အိန္ဒိယနိုင်ငံ၏ စီးပွားရေးမှာ ယခုနှစ် ဇန်နဝါရီ-မတ် သုံးလပတ်ကာလအတွင်း ၄ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ အမေရိကန်နိုင်ငံ၏ စီးပွားရေးမှာ ဧပြီ-ဇွန် ဒုတိယ သုံးလပတ်အတွင်း နှစ်စဉ်နှုန်းနှင့်တွက်လျှင် ၂ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။

အိန္ဒိယနိုင်ငံဘက်က ကြည့်လျှင်လည်း မူဝါဒချမှတ်သူများက ရူပီးငွေတန်ဖိုး ကျဆင်းမှု ရပ်တန့်နိုင်ရေး လုပ်ဆောင်သည်သာမက နိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ အသစ်တစ်ဖန်ထပ်မံရရှိရန် လုပ်ဆောင်ကြပါသည်။ သို့သော် ယခုအချိန်အထိ ၎င်းတို့ကြိုးပမ်းမှုများအတွက် မြင်သာထင်သာပြစရာမရှိပေ။

ယမန်နှစ်ကပင် အိန္ဒိယနိုင်ငံက ဖွံ့ဖြိုးမှုအဓိကကျသော နယ်ပယ်ဟု လူအများရှုမြင်သောလက်လီဈေးကွက်ကို နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသို့ဖွင့်ပေးခဲ့သည်။ သို့သော် အင်အားကြီးအမှတ်တံဆိပ်များကို အိန္ဒိယဈေးကွက်ကို ဝင်ရောက်ရေး စိတ်ဝင်စားမှု မပြသကြပါ။

ယင်းတွင် အဓိကကျသော အခြင်းအရာတစ်ခုမှာ မူဝါဒပြောင်းလဲမှုများကို ဆက်လက်လုပ်ကိုင်မှု အားနည်းခြင်းအပေါ် ရင်းနှီးမြှုပ်နှံသူများက စိုးရိမ်ပူပန်ခြင်းဖြစ်သည်ဟု ဆန်းစစ်လေ့လာသူများက ဆိုပါသည်။

"လက်လီဈေးကွက်မှာ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုတာနဲ့ပတ်သက်ပြီး အဓိက နိုင်ငံရေးပါတီကြီးနှစ်ရပ်ကြားမှာ ရပ်တည်ချက်နဲ့ ထင်မြင်ချက်တွေ အများအပြား ကွဲထွက်နေတယ်"ဟု Barclays ကုမ္ပဏီမှ အိန္ဒိယနိုင်ငံဆိုင်ရာ စီးပွားရေးပညာရှင်ချုပ် ဆစ်ဒါသာက ပြောသည်။ လာမည့်နှစ်တွင်လည်း အိန္ဒိယနိုင်ငံတွင် ရွေးကောက်ပွဲများ ကျင်းပရန်ရှိရာ မည်သည့်ပါတီ အာဏာရရှိသည်ဆိုသောအပေါ် မူတည်၍ မူဝါဒများ ပြောင်းလဲမည်ကို လူအများအပြားက စိုးရိမ်ကြသည်။

"အဲဒါတွေက ယုံကြည်စိတ်ချမှုကို အထွတ်အထိပ်ရောက်စေတဲ့ အရာတွေပါပဲ။ နောက်တက်လာမယ့် အစိုးရသစ်ဟာ ပြုပြင်ပြောင်းလဲမှုတွေ ဆက်လုပ်ဖို့ လုပ်ပိုင်ခွင့်၊ ထောက်ခံမှုနဲ့ တွန်းအားရှိပါ့မလားဆိုတာ ရင်းနှီးမြှုပ်နှံသူတွေက စိတ်ချလက်ချမရှိဘူး ဖြစ်လာတယ်"ဟု IHS ဒုဥက္ကဋ္ဌ မစ္စတာနက်ရှ်က ပြောပါသည်။

အိန္ဒိယနိုင်ငံမှ CNN-IBN ရုပ်သံလိုင်းနှင့် မကြာသေးမီက ပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းခန်းတွင် အိန္ဒိယနိုင်ငံ၏ ထိပ်သီးတစ်ဦးနှင့် လေးစားမှုအခံရဆုံး စီးပွားရေးခေါင်းဆောင်တစ်ဦးဖြစ်သူ မစ္စတာရက်တန်တာတာက အိန္ဒိယနိုင်ငံမှာ ကမ္ဘာကြီး၏ ယုံကြည်စိတ်ချမှု ဆုံးရှုံးနေပြီဖြစ်ကြောင်း သတိပေးပြောကြားပါသည်။

အခြေအနေပိုမို ရှုပ်ထွေးသွားစေသော အကြောင်းအရာတစ်ခုမှာ အိန္ဒိယမူဝါဒချမှတ်သူများအနေဖြင့် စီးပွားရေးတိုးတက်မှု နှေးကွေးလာချိန်မှာပင် စီးပွားရေးလုပ်ငန်းများနှင့် စားသုံးသူများ အခက်အခဲကို ကျော်ဖြတ်နိုင်ရန် ငွေကြေးမူဝါဒကို ပြုပြင်၍ သက်သာရာရစေရေး တောင်းဆိုမှုများနှင့် ကြုံနေရခြင်းဖြစ်သည်။

သို့သော်လည်း ရူပီးငွေတန်ဖိုးမှာ ဆက်တိုက်ကျဆင်းနေပြီး ကြက်သွန်ကဲ့သို့ အခြေခံစားသောက်ကုန်များ၏ ဈေးနှုန်းများ မြင့်တက်လာခဲ့ခြင်းအတွက် ကြီးကြီးမားမား အပြောင်းအလဲအတွက် နေရာကျဉ်းသွားသည်။

ဆန်းစစ်လေ့လာသူများ၏ သုံးသပ်ချက်အရမူ အကြောင်းအရာများစွာအနက်မှ အိန္ဒိယနိုင်ငံ လုပ်ဆောင်ရမည့် အရေးကြီးဆုံး အကြောင်းအရာမှာ နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကို ပြန်လည်ရယူခြင်းပင်ဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်နိုင်ပါက နိုင်ငံ့စီးပွားရေးကို တွန်းအားပေးနိုင်ပြီး ငွေကြေးတန်ဖိုးကို ကူညီကျားကန်ထားနိုင်မည်ဟု ၎င်းတို့ကဆိုပါသည်။

၁၉၉၁ ခုနှစ် စီးပွားရေးအကျပ်အတည်းကြောင့် အိန္ဒိယနိုင်ငံတွင် ပထမဆုံးအကြိမ် ကြီးမားသော ပြုပြင်ပြောင်းလဲမှုများကို ဖြစ်ပေါ်လာခဲ့ပြီး ထိုမှတစ်ဆင့် နှစ်ပေါင်းများစွာ စီးပွားရေးတိုးတက်မှု အရှိန်ရရှိခဲ့သည်။ ယခုတစ်ကြိမ်တွင် ထိုစဉ်ကလောက် အခြေအနေမဆိုးသော်လည်း ဖြေရှင်းနည်းမှာ အတူတူပင်ဖြစ်ရမည်ဟု ဆန်းစစ်လေ့လာသူများက ဆိုပါသည်။ ရလဒ်လည်းတူညီမည်ဟု မျှော်လင့်ရပါသည်။

*—Ref: India's economic slowdown sparks crisis talk*

7 DAY NEWS JOURNAL
Vol.12, No.26 · SEPTEMBER 4 , 2013

## 7DAY BOOK REVIEW







### လူ့အခွင့်အရေးနှင့် ဒီမိုကရေစီ (နောင်ချိုသစ်)

ယခင်ကဆိုလျှင် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီ ဆိုသည့်စကားများမှာ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများက ပြောသောစကားများဟု စစ်အစိုးရအဆက်ဆက်က ဝါဒဖြန့်ခဲ့သည်။ ၂၀၁၀ ရွေးကောက်ပွဲပြီးချိန်မှစ၍ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီဆိုသော အသံဆူညံခဲ့သော်လည်း ယခုအခါ အမျိုးဘာသာ သာသနာက ပိုအရေးကြီးသည်ဆိုသော အစွန်းရောက်မျိုးချစ်များ၏ အသံများ နိုင်ငံအနှံ့ ဟိုမှသည်မှ ထွက်ပေါ်လာခဲ့သည်။ နိုင်ငံတစ်နိုင်ငံတွင် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီကို တန်ဖိုးမဲ့သယောင်ပြုကာ မလေးစားပါက အာဏာယစ်မူးသူတို့၏ လှည့်စားကွက်အောက်သို့ ရောက်ရှိသွားနိုင်သည်။ ယခုအခါ စာရေးဆရာနောင်ချိုသစ်က လူ့အခွင့်အရေးနှင့် ဒီမိုကရေစီဟူသည့် စာအုပ်ကို ရေးသားထုတ်ဝေလိုက်ရာ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီကို တိတိကျကျသိလို မှတ်သားလိုသူများအတွက် ဝမ်းမြောက်ဖွယ်ရာပင်ဖြစ်သည်။

'လူ့အခွင့်အရေးဆိုတာ ရရှိခံစားဖို့အတွက် တိုက်ပွဲဝင် လှုပ်ရှားရုံနဲ့မပြီးသေးဘူး၊ အတားအဆီး အနှောင့်အယှက်တွေရန်က လွတ်အောင်လည်း ကာကွယ်စောင့်ရှောက်ဖို့အရေးကြီးတာပါ။ သဘောက လူ့အခွင့်အရေးကို ကာကွယ်မှုမရှိတာဟာ လူ့အခွင့်အရေးလှုပ်ရှားမှုတွေရဲ့ အားနည်းချက်တစ်ခုဖြစ်တယ်ဆိုတာပဲ'ဟု နောင်ချိုသစ်က ရေးသားထားသည်။ စာအုပ်ကို Myanmar Knowledge Society ကဖြန့်ချိပြီး တန်ဖိုး ၂,၅၀၀ ကျပ်ဖြစ်သည်။

### ကျွန်တော်သိသော ဝန်ကြီးချုပ်ဦးနု (ဦးသုဝေ)

ဗိုလ်ချုပ်အောင်ဆန်း စွမ်းစွမ်းတမံ ရယူပေးခဲ့သော လွတ်လပ်ရေးကို ဆက်လက်ထိန်းသိမ်းရင်း ပါလီမန် ဒီမိုကရေစီစနစ်ကို မျိုးစေ့ချခဲ့သည့် ပုဂ္ဂိုလ်မှာ ဦးနုပင်ဖြစ်သည်။ လွတ်လပ်ပြီးနိုင်ငံများ ကြုံတွေ့နေမြဖြစ်သလို မြန်မာနိုင်ငံသည် နိုင်ငံရေး ပဋိပက္ခများ၊ ပြည်ပခြေထိုးမှုများ၊ ပြည်တွင်းစစ်များနှင့် အကြီးအကျယ်ရင်ဆိုင်ခဲ့ရသော်လည်း ဝန်ကြီးချုပ် ဦးနုသည် နိုင်ငံတော်ကို ပါလီမန် ဒီမိုကရေစီစနစ်မှ သွေဖည်မခံခဲ့၊ သို့သော်လည်း လွတ်လပ်ရေးရပြီး ၁၄ နှစ်အကြာတွင် ဗိုလ်ချုပ်နေဝင်း ဦးဆောင်ကာ တပ်မတော်အမည်တပ်လျက် အာဏာသိမ်းခဲ့၍ ပါလီမန်ဒီမိုကရေစီစနစ်လည်း နိဂုံးချုပ်ခဲ့ရသည်။ ဦးနုလည်း အကျဉ်းထောင်သို့ရောက်ခဲ့ရသည်။

ဦးနု၏ဘဝကိုသုံးသပ်လျှင် နိုင်ငံရေးသမား၊ စာရေးဆရာ၊ ဗုဒ္ဓဝါဒီ၊ တော်လှန်ရေးသမားစသည့် ဆန့်ကျင်ဘက် အခြေအနေများ ဖြတ်သန်းခဲ့ရသည်ကိုတွေ့နိုင်သည်။ ယခုအခါ ဦးနုနှင့်ရင်းနှီးခဲ့သော ဦးသုဝေက 'ကျွန်တော်သိသော ဝန်ကြီးချုပ်ဦးနု' ဟူသည့်စာအုပ်ကိုရေးသားထုတ်ဝေလိုက်သည်။ စာအုပ်တွင် အခန်း ၃၁ ခန်းခွဲကာ ဦးနု အကြောင်းကို စေ့စေ့စပ်စပ် သေသေချာချာ လေ့လာရှုမြင်ရေးသားထားသည်။ နိုင်ငံရေးဘဝဇာတ်ခုံပေါ်တွင် ကပြခဲ့သော ဦးနု၏ဇာတ်ရုပ်စုံကို သိမြင်လေ့လာနိုင်မည်ဖြစ်သည်။ တကောင်းစာအုပ်တိုက်က တန်ဖိုး ၄,၀၀၀ ကျပ် ဖြင့် ဖြန့်ချိသည်။

## Knowledge ပဟုသုတ

### လက်နှိပ်ဓာတ်မီးတွေကို ဘယ်အချိန်က တီထွင်ခဲ့လဲ

လက်နှိပ်ဓာတ်မီး flash light များသည် လွယ်ကူရိုးရှင်းစွာ ထုတ်လုပ်ထားသော ပစ္စည်းများဖြစ်သော်လည်း ၎င်းအရင်အခြေခံပစ္စည်းများဖြစ်သည့် ဘက်ထရီ(ဓာတ်ခဲ)နှင့် လျှပ်စစ်မီးသီးတို့ပေါ်ပေါက်ပြီးမှသာ တိုးချဲ့တီထွင်လာနိုင်၍ ၂၀ ရာစုအစပိုင်းမှသာ ပေါ်ပေါက်လာနိုင်သည်။ လက်နှိပ်ဓာတ်မီးကို စတင်တီထွင်သူမှာ ဒေးဗစ်မစ်ဆဲဆိုသူ ဗြိတိသျှလူမျိုးတစ်ဦးဖြစ်သည်။ ၎င်းသည်ယခင်က သစ်သားအိမ်ဖြင့် ပြုလုပ်သော အချက်ပြမီး၊ စက်ဘီးသုံးမီးသီးတို့ကို တီထွင်ခဲ့ဖူးသူဟုသိရသည်။ ၎င်းသည် ရုရှားလူမျိုး အမေရိကန်နိုင်ငံသား ကွန်းရက်ဒ်ဟူးဘတ်ကို ဓာတ်မီးနှင့်ပတ်သက်သည့် မူပိုင်ခွင့်များ လွှဲပြောင်းပေးခဲ့ရာ ဟူးဘတ်က Ever Ready အမည်ဖြင့် လက်နှိပ်ဓာတ်မီးများထုတ်လုပ်ရောင်းချခဲ့သည်။ ဟူးဘတ်နှင့် မစ်ဆဲလ်တို့၏ ပထမဆုံးသော လက်နှိပ်ဓာတ်မီးများမှာ လက်လုပ်ဖြစ်ပြီး စက္ကူကြမ်းနှင့် ဖန်ချောင်းများသုံးကာ အထဲတွင် မီးသီးတစ်လုံးတပ်ထားသည့် ပုံစံမျိုးဖြစ်သည်။ နောက်ပိုင်းတွင် ၎င်းတို့သည် တီထွင်ထားသော ဓာတ်မီးများ ကို ၁၉၀၃ ခုနှစ်ရက်စွဲဖြင့် မှတ်ပုံတင်ခဲ့ပြီး ယနေ့ခေတ်သုံးဓာတ်မီးများ၏ ရှေ့တော်ပြေးများကို ထုတ်လုပ်နိုင်ခြင်းဖြစ်သည်။

ideafinder.com/WiKi






### ARIES — မိဿရာသီဖွား (မတ်၂၁ - ဧပြီ၂၀)

ဆောင်ရွက်သမျှကိစ္စအရာရာတွင် သတိနှင့်ယှဉ်ပြီး လုပ်ကိုင်ရမည်။ ရည်ရွယ်ထားသည့်ကိစ္စ ဆောင်ရွက်ရာတွင်လည်းကောင်း၊ ဦးတည်လိုက်တိုင်းတွင်လည်းကောင်း အနှောင့်အယှက်အတားအဆီးများနှင့် ထိပ်တိုက်ကြုံတွေ့ရမည်။ အထင်လွဲမှုများ ဖြေရှင်းရမည်။ တစ်ပါးသူများကြောင့် မိမိရည်ရွယ်ချက်၊ ရည်မှန်းချက်များ ပျက်ယွင်းရတတ်သည်။ လူယုံထား၍မရပါ။ အပြိုင်အဆိုင်များနှင့် ထိပ်တိုက်တွေ့ရတတ်သည်။



### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁ - မေ၂၁)

စာရွက်စာတမ်းကိစ္စ၊ ငွေကြေးကိစ္စမှန်သမျှ သတိနှင့်ယှဉ်ပြီး ဆောင်ရွက်ရမည်။ အခက်အခဲကြားမှ တိုးတက်မည်။ မိတ်ကောင်းဆွေကောင်းအကူအညီရမည်။ အကြံသစ်များ လက်တွေ့ဆောင်ရွက်အဆင်ပြေမည်။ အလျှုမင်္ဂလာကိစ္စများပါဝင်ပတ်သက်ရခြင်းကြုံမည်။ ကျန်းမာရေးသတိရှိပါ။ အစားအသောက်ကိုအခြေခံသော ကျန်းမာရေးအညံ့ကြုံမည်။ မိသားစုလုပ်ငန်းစီးပွားတိုးတက်မည်။ အပြိုင်အဆိုင်ကြားမှ တက်လမ်းရရှိမည်။



### GEMINI — မေထုန်ရာသီဖွား (မေ ၂၂ - ဇွန် ၂၁)

ကောင်းသောအပြောင်းအလဲရှိမည်။ တိုးတက်မှုရှိမည်။ လူမျိုးကွဲအကျိုးပေးမည်။ လုပ်ငန်းနေရာအပြောင်းအရွှေ့ရှိမည်။ ပစ္စည်းပျောက်ရှတတ်သည်။ လူဝင်လူထွက်ရှုပ်ထွေးမှုကို အခြေခံတည်၍ စိတ်အနှောင့်အယှက်များဖြစ်တတ်သည်။ ဆုံးဖြတ်ချက်မှား၍ ငွေကုန်မည်။ ငွေကြေးအပေးအယူမှားယွင်းတတ်သည်။ မိဘအကြီးအကဲ ကျန်းမာရေးအတွက် စိတ်ပူသောကရောက်ရကိန်းရှိမည်။



### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂ - ဇူလိုင် ၂၂)

အဘက်ဘက်မှကောင်းသောအနေအထားသို့ ဦးတည်လာမည်။ အကြံအစည်အောင်မြင်မည်။ ငွေကြေးကံကောင်းမည်။ လက်လွှတ်ထားသော ငွေပစ္စည်းများပြန်လည်ရရှိမည်။ လုပ်ငန်းအဆင့်၊ ဝင်ငွေအဆင့်တိုးတက်ခြင်းအဆင်ပြေခြင်းရှိမည်။ ပြဿနာဟောင်းများ ဖြေရှင်းနိုင်မည်။ ကိုယ်တိုင်တွင်လည်းကောင်း၊ မိသားစုတွင်လည်းကောင်း ပြည်ပခရီးသွားခြင်း လူမျိုးကွဲနှင့် လုပ်ငန်းလုပ်ကိုင်ခြင်းများတွင် ထူးခြားသော အကျိုးရရှိမည်။



### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃ - ဩဂုတ်၂၃)

ကောင်းမယောင်နှင့် ဆိုးသည်။ မူလစီစဉ်ထားသည့်ကိစ္စမှန်သမျှအလွဲလွဲအချော်ချော်ဖြစ်နေမည်။ စေတနာဝေဒနာဖြစ်နေမည်။ သူများပြဿနာ ကိုယ့်ပြဿနာဖြစ်တတ်သည်။ ရန်၊ အပြိုင်၊ မနာလိုသူများနှင့် ထိပ်တိုက်ကြုံနိုင်သော အနေအထားရှိသည်။ စက်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းများ အဝင်မတော်။ အပျက်အစီး အပျောက်အရှမျှားမည်။ မေတ္တာရေးအနှောင့်အယှက်များခြင်းကြုံမည်။



### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄ - စက်တင်ဘာ၂၂)

လမ်းသစ်ထွင်ပြီး ဆောင်ရွက်လိုက်သည်များမှ ထူးခြားသော တိုးတက်မှုများရလာမည်။ ကာလအတန်ကြာ စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်ပြီး အနှောင့်အယှက်များနေသည်များမှ ကင်းဝေးသွားမည်။ နေရာအပြောင်းအရွှေ့များ ဆောင်ရွက်အဆင်ပြေသွားမည်။ ငွေကြေးကိစ္စပြောဆိုအောင်မြင်မည်။ အတွေ့အကြုံသစ်များရရှိမည်။ မူလတစ်ကြိမ်မှ မကြုံဖူးသေးသော အတွေ့အကြုံဆန်းများနှင့် ထိပ်တိုက်ကြုံရမည်။



### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃ - အောက်တိုဘာ၂၃)

အခွင့်အရေးနှစ်ခုတစ်ပြိုင်နက်တည်းပေါ်မည်။ အခက်အခဲအားလုံးကိုကျော်လွှားနိုင်မည်။ အပြိုင်အဆိုင်ကြားမှ တိုးတက်မည်။ လက်လွှတ်ထားသည်များ လက်ဝယ်ပြန်ရမည်။ မိမိအပေါ် ထိန်းချုပ်ပိတ်ပင်ထားသည်များကို ရုန်းထွက်ထိုးဖောက်နိုင်မည်။ ရပ်တန့်ထားသော လုပ်ငန်းများကို ပြန်လည်၍ ဆောင်ရွက်နိုင်ခြင်းအဆင်ပြေခြင်းရှိမည်။ ပြတ်တောက်နေသော အဆက်အသွယ်များနှင့် ပြန်လည်ချိတ်ဆက်ရမည်။



### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄ - နိုဝင်ဘာ၂၂)

ရည်မှန်းချက်အောင်မြင်မည်။ မူလစိတ်ကူးထားသည်များနှင့် ပုံစံမတူလင့်ကစား ဆောင်ရွက်မှုများမှ အောင်မြင်မှုများရရှိမည်။ အချို့သော အကြောင်းအရာနှင့် လုပ်ငန်းရပ်များတွင် အင်တိုက်အားတိုက် အချိန်ပြည့်မလုပ်နိုင်သလိုဖြစ်မည်။ ပေါ်ပေါက်လာသည့်အခြေအနေအရပ်ရပ်ကို အသုံးချ၍ လက်တွေ့ကျကျ ဆောင်ရွက်မှုများမှ ထင်ရှားသော အကျိုးဆက်များ အခိုင်အမာပေါ်ပေါက်မည်။



### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃ - ဒီဇင်ဘာ၂၁)

ကျန်းမာရေးဂရုစိုက်ရမည်။ မတော်တဆထိခိုက်မှု သတိပြုပါ။ ဆောင်ရွက်သမျှကိစ္စအလုံးစုံကို စနစ်တကျလုပ်ပါ။ စိတ်မြန်လက်မြန်တဇွတ်ထိုးလုပ်က အမှားအယွင်းများ ဖြစ်ပေါ်တတ်သည်။ သူတစ်ပါးအပေါ် အား မလိုအားမရ စိတ်တိုင်းမကျဖြစ်ပြီး အရာရာအပေါ် ကိုယ်တိုင်လုပ်ရ၍ ဒေါသထွက်နေရလိမ့်မည်။ ရောက် ရှိနေသော ဘဝအခြေအနေအပေါ် မကျေနပ်ဖြစ်နေမည်။ စိတ်ပျံ့လွင့်နေမည်။



### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂ - ဇန်နဝါရီ၂၀)

ပညာအတတ်နှင့်ပတ်သက်၍ တိုးတက်မှု၊ အောင်မြင်မှုများရမည်။ ယှဉ်ပြိုင်မှုများတွင် အဆင့်မြင့်အောင်မြင်မှုများ ရရှိမည်။ ကြိုးစားခြင်း၏ ရလဒ်ကောင်းများကို ပိုင်ဆိုင်ခွင့်ရှိသည် ငွေကြေးကိစ္စ၊ အလုပ်စီးပွားကိစ္စများတွင် အနှောင့်အယှက်များတစ်မျိုးပြီးတစ်မျိုးကြုံမည်။ တစ်ပါးသူကိစ္စကြားဝင်၍ တာဝန်ယူခြင်း၊ အာမခံခြင်းကို ရှောင်ပါ။ သူတစ်ပါးအပေါ် ယုံစားခြင်းများလျှော့ပါ။



### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁ - ဖေဖော်ဝါရီ၁၈)

အပြိုင်အဆိုင်များ၊ အတိုက်အခံများ ဖုံးလွှမ်းနေသည်။ ကိုယ်လုပ်သမျှကိစ္စ အလုံးစုံအပေါ် မသေချာ၊ မရေရာသလိုဖြစ်နေမည်။ သူတစ်ပါးအပေါ် ဦးစားပေးရခြင်း၊ ငဲ့ညှာရခြင်းများကြောင့် ကိုယ်တိုင်ရပိုင်ခွင့်များ ဆုံးရှုံးနိုင်ပါသည်။ ပျိုရွယ်သူများအဖို့ မေတ္တာရေးနှင့်ပတ်သက်၍ ကံအထူးကောင်းသည်။ ကာလအတန်ကြာ မဖြေရှင်းဘဲထားသော ပြဿနာများကို ပြီးပြတ်အောင်ဖြေရှင်းနိုင်မည်။




### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉ - မတ်၂၀)

လွဲမှားနေသော လမ်းကြောင်းများကို ပြန်လည်တည့်မတ်အောင် ဆောင်ရွက်နိုင်မည်။ သူတစ်ပါးကြောင့် ရှုပ် ရှုပ်ထွေးထွေးဖြစ်နေသည်များကို ပြေလည်အောင် ဖြေရှင်းနိုင်မည်။ အပြောဆိုး၊ စိတ်မြန်၊ ဘုဂလန့်ပြောတတ်လင့်ကစား သဘောကောင်းသောသူတစ်ဦး၏ အကူအညီအထောက်အပံ့ရရှိမည်။ အပြီးသတ်ဆောင်ရွက်ရမည့်ကိစ္စများအား ဤကာလကို ကျော်လွန်မှ ဆောင်ရွက်ပါ။

# 7DAY PUZZLE

ပဟေဠိ အမှတ်စဉ်(၂၄၉)




## အလျားလိုက်

၆။ ဆီးရီးယားတွင် လူအများအပြား သေဆုံးစေသောအရာ
၈။ ကချင်ပြည်နယ်တွင်ဖြစ်ပေါ်နေသောကိစ္စရပ်တစ်ခု
၉။ မုံရွာ-ကျောက္ကာလမ်းပေါ် အရေးယူခံ ရမည့်ယာဉ်များ
၁၀။ အဆင့်မြင့်ဘွဲ့များအတွက် ပညာသင်ဆုပေးမည့်နိုင်ငံ
၁၁။ ဟန်းဆက်ဆိုင်များ ပေါ်လစီကြောင့်နစ်နာရသူများ
၁၂။ ရွှေတိဂုံစေတီသို့ အများဆုံး လာရောက်တတ်သူများ

## ဒေါင်လိုက်

၁။ ဆည်များကြောင့် စားဝတ်နေရေး အကျပ်ရိုက်နေသူများ
၂။ တောင်သူလုပ်ငန်းသုံး သွင်းအားစု၏ ပစ္စည်းတစ်မျိုး
၃။ အဘိဓာန်ရေးသားပြုစုခြင်း
၄။ မြန်မာသို့လာသော တရုတ်စစ်သင်္ဘော
၅။ ဓာတ်ရောင်ခြည်ဆေးကုဌာနရှိသောမြို့တစ်မြို့
၇။ ဆီးဂိမ်းအားကစားနည်း စွပ်စွဲ ဝေဖန်သော နိုင်ငံတစ်နိုင်ငံ


**Smart Dictionary ကံထူးသူ**

၁။ ဦးမျိုးမင်းဆွေ၊ ၁/မညန(နိုင်) ၀၇၃၆၃၉ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ မိုးညှင်းမြို့။

**ကျန်အဖြေမှန်သူများ**

၂။ ဒေါ်ဌေးဌေးအေး၊ ၈/မသန(နိုင်)၀၃၂၁၂
၃။ မြတ်စိုးမောင်၊ ၁၄/ပသန(နိုင်)၁၈၅၁၁၁
၄။ Dr. တင်မောင်စိုး၊ ၇/ဖမန(နိုင်)၀၀၄၇၉၈
၅။ ဗညားဦး၊ ၁၂/မဂဒ(နိုင်)၁၅၃၉၉၅
၆။ သာထက်စံ၊ ၁၂/လမန(နိုင်)၁၄၈၇၂၉
၇။ နိုင်မွန်ရည်၊ ၁၂/ကတတ(နိုင်)၀၃၂၂၂၇

**ပဟေဠိ အမှတ်စဉ်(၂၄၈)အဖြေမှန်**




**အမည်** .................................... **မှတ်ပုံတင်အမှတ်** ....................................

**နေရပ်လိပ်စာ** ..........................................................................

ယခုတစ်ပတ်တွင် အဖြေမှန်သူ(၉) ဦးရှိပြီး ၎င်းတို့ထဲမှ အဖြေမှန်သူ (၇)ဦးကို မဲနှိုက်ရွေးချယ်၍ ထိုထဲမှတစ်ဦးကို ထပ်မံမဲနှိုက်ရွေးချယ်ကာ SMART Electronic Dictionary ချီးမြှင့်မည်ဖြစ်ပြီး ကျန် ၆ ဦးကို 7Day News မှ မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်မည်ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများမှ စကားစုများ၊ စာလုံးများ အပြင် ပြင်ပဗဟုသုတ စမ်းမေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များသို့ အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာလက်ခံမည်ဖြစ်ပြီး နယ်ဝေးမှ ဖြေဆိုသူများမှာ Fax ဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၆-၉-၂၀၁၃ သောကြာနေ့၊ မွန်းလွဲ ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ပေးပို့ရမည်။**

ဤအစီအစဉ်ကို SMART Electronic Dictionary မှ ပံ့ပိုးကူညီပါသည်။ ဘုန်းသူ

**ပဟေဠိ ဝါသနာရှင်များသို့ -** 7 Day Daily တနင်္ဂနွေနေ့ သတင်းစာတွင် ပဟေဠိကဏ္ဍပါရှိပြီး အဖြေမှန်သူ ဝါသနာရှင်များအား ဆုချီးမြှင့်သည့် အစီအစဉ် စတင်လိုက်ပြီဖြစ်ပါသည်။ ဝါသနာရှင်များအနေဖြင့် 7 Day News ဂျာနယ်တွင်သာမက၊ သတင်းစာတွင်ပါ ပဟေဠိ အဖြေညှိကြည့်ပါရန် သတင်းကောင်းပါးလိုက်ပါသည်။

# Free Classified

## အခမဲ့ကြော်ငြာကဏ္ဍ

**သင်္ချာ-အင်္ဂလိပ်စာတော်လာဖို့**

Subject Idea များရရှိလာပြီး တစ်လအတွင်းမှာပင် ထူးခြားစွာ တိုးတက်လာအောင် စေတနာနှင့် တတ်ကျွမ်းမှုကို အခြေပြု၍ အမှန်တကယ် သင်ကြားပေးနိုင်ပါသည်။

ဖုန်း-၀၉-၅၀၁၅၉၇၉

**Saya Oung**

-Business English
-Grammar & Essay Writing
-International School English

PH: 09-421057920

**နိုင်ငံခြားသွား အင်္ဂလိပ်စကားပြော**

အခြေခံအင်္ဂလိပ်စကားပြော၊ သဒ္ဒါ၊ ဈေးဝယ်ခြင်းအလုပ်ခွင်အင်တာဗျူး တစ်ဦးချင်းသီးသန့်နှင့် IISC GRADE II,III,IV Study Guide သင်ကြားပေးသည်။

ဖုန်း- ၀၉ ၄၂၁၀၆၈၂၇၅

**သင်ကြားပေးသည်**

International School, Primary 1-6 အစိုးရကျောင်း၊ ကိုယ်ပိုင်ကျောင်းသားများ ၅တန်းမှ ၁၀ တန်းအထူးသီးသန့်သင်သည်။

ဖုန်း- ၀၉ ၇၃၀၇၇၃၀၁

**သင်ကြားပေးသည်**

မူလတန်း/အလယ်တန်း၊ (အင်္ဂလိပ်/သင်္ချာ)၊ ဂရုတစိုက်သင်ကြားပေးသည်။

ဖုန်း-၀၁ ၅၄၂၃၉၇

**ဝန်ဆောင်မှု**

E-Teacher Eindray(UMBC/UFL)
English for Lower Secondary, English for Upper Secondary, IGCSE Preparation, University Foundation.

Ph: 09-43028789

**Teaching & Study Guide**

၁၀ တန်းကျောင်းသားများအတွက် သင်္ချာသီးသန့် အိမ်အရောက်သင်ကြားပေးပါသည်။

ဖုန်း- ၀၉ ၄၂၀၀၃၀၈၇၈

**English One by One Classes**

General English from Basic (4 Skills & Grammar).IELTS (Foundation/Preparation)

PH: 09 450001079

**ပညာဒါန**

မာတိကာနှင့်အညီ Grade 1 မှ 9 အထိ ဘာသာစုံ၊ အင်္ဂလိပ်ကျောင်းသား/သူများအတွက် မြန်မာစာသီးသန့်၊ အခြေခံတရုတ်စာ၊ အင်္ဂလိပ်စာ ပညာဒါနသင်ပေးမည်။ ဖုန်း-၀၁-၅၄၈၉၀၆

**ငှားမည်**

စာသင်ခန်းမငှားမည်(သို့) အချိန်ပိုင်းငှားမည်။ မင်္ဂလာဈေးကားမှတ်တိုင်ရှေ့။

ဖုန်း- ၀၉ ၅၀၉၆၇၉၄

**ရောင်းမည်**

HONDA FIT G.D1
ပုလဲရောင် -2007.5F/......
110L

ဖုန်း- ၀၉ ၅၁၀၂၄၀၈

**ရောင်းမည်**

Huawei G510
no error android 4.1.1 jellybean cover များလက်ဆောင်ပေးမည်။

ဖုန်း- ၀၉ ၄၂၅၀၂၂၆၃၃

**ငှားမည်**

အဆင့်မြင့်ကော်ဖီဆိုင်ဖွင့်ရန် ရန်ကုန်မြို့တွင်း ဆိုင်ခန်းငှားလိုသည်။

ဖုန်း- ၀၉ ၄၃၀၈၃၇၈၁

**Life & Art**

ဗီဒီယို၊ ဗီစီဒီထုတ်လုပ်ရေး မျက်နှာသစ်သရုပ်ဆောင်နှင့် မော်ဒယ်လ်များအလိုရှိသည်။

ဖုန်း- ၀၉ ၄၂၁၁၀၉၆၂၂

**တင်းတိပ်ပျောက်ဆေး**

သဘာဝထွက်ပစ္စည်းကိုသွေးလိမ်းခြင်းဖြင့် မျက်နှာပြင်အလှဖျက်ဆီးနေသော တင်းတိပ်၊ ဝက်ခြံများ ကင်းစင်စေမည်။

ဖုန်း- ၀၉ ၄၃၀၄၃၂၀၃

**ရှေးဟောင်းဓာတ်ပုံများရမည်**

၂၀၁၄ ပြက္ခဒိန်နှင့် ပိုစတာများအတွက် ရန်ကုန်၊ မန္တလေးနှင့် ပုဂံရှုခင်းပုံ အဖြူအမည်း ရှေးဟောင်းဓာတ်ပုံများရရှိနိုင်သည်။ ဆယ်သွယ်နိုင်ပါသည်။

ဖုန်း- ၀၉ ၄၂၁၁၄၇၅၉

**သင်တန်း**

Super Magnetic အနုပညာသင်တန်းကျောင်းမှ လူငယ်များအတွက် Model, Dancer, Vocal, Presenter သင်တန်းလေးမျိုးပေါင်းကို ၇၀ ရာခိုင်နှုန်းဖြင့် သင်ကြားပေးပါသည်။

ဖုန်း- ၀၉ ၂၂၂၈၃၈၀

**အမျိုးသမီးအဆောင်**

လမ်းမတော်မြို့နယ်၊ မော်တင်လမ်းပေါ်၊ အခန်းတွင် လူ (၅) ဦးသာ လက်ခံပါမည်။

ဖုန်း- ၀၉ ၄၃၁၅၃၆၃၄

**ဆေးဖက်ဝင်အလှကုန်**

ဝက်ခြံ၊ တင်းတိပ်၊ မျက်နှာဖြူဝင်းလှပစေရန်အတွက် ဆေးဖက်ဝင်သဘာဝထွက်ပစ္စည်းငယ်အား သွေးလိမ်းခြင်းဖြင့် ပျောက်စေမည်။

ဖုန်း- ၀၉ ၄၃၀၄၃၂၀၃

**မြေကွက်ရောင်းမည်**

အကွက်အမှတ်(၅၂၇)၊ ဗိုလ်အောင်ကျော်လမ်း (ဗိုလ်ချုပ်လမ်းနှင့် လယ်သမားလမ်းထောင့်)၊ အပြင်ပဒံ၊ လှိုင်သာယာ၊ ပေ(၄၀×၆၀)၊ ပါမစ်ရပြီး။ (၂၀၇ သိန်း)

ဖုန်း-၀၉-၄၂၀၀၃၂၀၈၆

**ငှားမည်**

အခန်းအမှတ်(၁၄-၀၅-D)၊ ပုလဲကွန်ဒို၊ ဗဟန်းမြို့နယ်။ MR-(1),SR(1), ပါကေးခင်းပြီး၊ အခန်းဖွဲ့ပြင်ဆင်ပြီး။ Furniture မပါ။ ဖုန်းတစ်လုံး၊ Aircon 3, 1250 Sqft.

ဖုန်း- ၀၉ ၅၀ ၃၁၃၅၆

**ငှားမည်**

ပုသိမ်မြို့၊ သိမ်တော်ကြီးလမ်းမပေါ် နှစ်ထပ်တိုက်၊ဖုန်း၊ပရိဘောဂပါနှစ်ချုပ်(ငှားမည်) ရှေ့ RC လမ်း၊ ကုမ္ပဏီဖွင့်ရန်နေရာကောင်းသည်။

ဖုန်း- ၀၉ ၇၃၀၈၈၀၁၇

**ရောင်းမည်**

အမှတ်(၁၁/၁)(၇၄၈)ခိုင်သဇင်(၂) လမ်း၊ ရွှေပေါက်ကံ။ မြောက်ဥက္ကလာပမြို့နယ်။ ပေ (၂၀×၆၀) သိန်း(၁၂၅)

ဖုန်း- ၀၉ ၄၅၀၀၀၉၂၀၅

**အမျိုးသားသီးသန့်တိုက်ခန်း**

ရန်ကုန်၊ စမ်းချောင်းမြို့နယ်တွင် နေလိုသော အမျိုးသား ၅ ဦး အလိုရှိသည်။ တစ်ဦးလျှင် ခြောက်လအတွက် နှစ်သိန်းရှစ်သောင်းပေးသွင်းရမည်ဖြစ်သည်။

ဖုန်း- ၀၉ ၄၃၁၀၆၅၆၇

**ရောင်းမည်**

လှိုင်သာယာ၊ BOC ရန်ကုန် - ပုသိမ်လမ်းမ ပေါ်၊ ပေ ၄၀×၆၀ ပါမစ်မြေ၊ ရေမီး အိမ်ပါ၊ (သိန်း-၁၅၀၀ )ညှိနှိုင်း။

ဖုန်း-၀၉ ၄၂၀၃၀၈၃၅၇

**ရောင်းမည်**

မန္တလေး၊ ပြင်ဦးလွင်အတက်လမ်း၊ ရတနာပုံမြို့သစ်၊ မြောက်ပိုင်းအိမ်ရာအနီး၊ သုံးတောင်ရွာ။ ပေ ၄၆×၁၂၇ မြေကွက်၊ ပေ ၂၀×၄၀ မြေစိုက်တိုက်၊ 1700L။

ဖုန်း- ၀၉ ၂၀၄၅၅၀၉

**ရောင်းမည်**

အိမ်ဂရန်ပါပြီး၊ ရေမီးစုံ၊ ပေ ၄၀×၆၀ မန္တလေးမြို့၊ ၂၆×၂၇ လမ်းကြား၊ ၅၈လမ်း။

ဖုန်း- ၀၉ ၃၃၁၇၅၃၇၇

**SPECIAL TRIP TRVELS & TOURS**

မြို့တွင်းမြို့ပြင်ကားမျိုးစုံကို ဈေးနှုန်းချိုသာစွာဖြင့် ငှားရမ်းပေးနေပါပြီ။

ဖုန်း-၀၉ ၇၃၂၅၅၀၉၄

Email: travelsspecialtrip@gmail.com

**Dynasty Computer ပညာဒါန**

Dynasty Computer သင်တန်း၌ Graphic Design ဘာသာရပ်ကို Professional ဖြစ်သည်အထိ လက်တွေ့လုပ်ငန်းများဖြင့် သင်ကြားသွားမည်ဖြစ်သည်။

ဖုန်း-၀၉ ၄၂၁၁၀၉၇၇၈

**ဇော်ရဲနိုင်ဘုရားဖူးပို့ဆောင်ရေး**

အဘအောင်မင်းခေါင်ထွက်ပွဲ (သီးသန့်) ၃ ရက်/အဘပွဲ+ပုဂံ ၄ ရက်/အဘပွဲ+ တောင်ကြီး+လွိုင်ကော် ၆ ရက်၊ ၂၀. ၉. ၂၀၁၃ ထွက်+ ကြိုတင်လက်မှတ် ရပြီ။

ဖုန်း- ၀၉ ၇၃၀၅၆၆၈၂

**S.O.E Lady Fashion**

Design Training Class အမျိုးသမီးသီးသန့်သင်တန်း။

ဖုန်း- ၀၉ ၇၃၁၇၇၂၅၄

**ဝန်ဆောင်မှု**

**ရွှေစကားမီဒီယာ**

မြို့နယ်မဂ္ဂဇင်းနှင့် ပုံနှိပ်ဝန်ဆောင်မှုလုပ်ငန်းများကို အဆင်ပြေဆုံးဖြစ်အောင် ညှိနှိုင်းဆောင်ရွက်ပေးနေပါသည်။

ဖုန်း- ၀၁ ၃၈၈၀၉၂

**မျက်နှာပြင်စောင့်ရှောက်မှု**

ဝက်ခြံ၊ အမာရွတ်များကို သဘာဝ ထွက်ဆေးရည်မှန်မှန်သုံးစွဲလိမ်းခြင်းဖြင့် မျက်နှာပြင်စောင့်ရှောက်ကာကွယ်နိုင်သည်။

ဖုန်း-၀၉ ၄၃၀၄၃၂၀၃

**သင်ကြားပေးပါသည်**

နိုင်ငံတကာအဆင့်မီ ရေခဲမုန့်အမျိုးမျိုး၊ ကိတ်မုန့်၊ ပေါင်မုန့်နှင့် ခေတ်မီစားစရာ အမျိုးမျိုးကျွမ်းကျင်စွာ ဆိုင်ဖွင့် ရောင်းချနိုင်သည်အထိ သင်ကြားပေးပါသည်။

ဖုန်း- ၀၉ ၅၀၄၇၃၁၄

7 DAY NEWS JOURNAL
Vol.12, No.26 • SEPTEMBER 4 , 2013

စာမျက်နှာ(၇)မှ

## အတိတ်မှာ နေကြသူများ

၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် လွတ်လပ်သောမြန်မာနိုင်ငံ၏ ပထမဆုံးသမ္မတစပ်ရွှေသိုက်က "ရာဇဝင်တွင် ရှေးရှေးသောအခါမှစ၍ ရှေးမင်းများအာဏာစက်ကြောင့် ဒွန်းစဏ္ဍား၊ သူတောင်းစား၊ ဘုရားကျွန်၊ ကျောင်းကျွန်၊ ကယ်ပါ၊ သင်္ဂြိုဟ်စသည့် လူတန်းစားအနှိမ်ခံရသူတို့လည်း ရှိနေကြသည်။ ဤကဲ့သို့ အနှိမ်ခံရသော လူတန်းစားများကို ယနေ့မှစ၍ ရှေးမင်းအာဏာစက်များကို ကျွန်ုပ်ပယ်ဖျက်၍ ထိုလူတို့၏ သဘောအတိုင်းလုပ်လိုသော အလုပ်မျိုးစုံတို့ကို လွတ်လပ်စွာ လုပ်ကိုင်ကြပါစေ။ ကျွန်ုပ်အမိန့်ချမှတ်သည်" ဟု လူမှုဝန်ထမ်းဦးစီးဌာနမှ ထုတ်ဝေသည့်မြန်မာနိုင်ငံလူမှုဝန်ထမ်းသမိုင်းစာအုပ်တွင် ဖော်ပြထားသည်။

"သူတောင်းစားဆိုတာ ပုဂံခေတ်တုန်းက မပေါ်သေးပါဘူး။ ကုန်းဘောင်ခေတ်ကြမှပေါ်လာတာပါ။ သူတို့က ဘုရားကျွန်တွေပါ"ဟု သမိုင်းပါမောက္ခအငြိမ်းစား၊ မြန်မာ့သမိုင်းအဖွဲ့ဝင်၊ သမိုင်းပညာရပ်ကို နှစ်ခြောက်ဆယ်ဝန်းကျင်လေ့လာခဲ့သူ ဒေါက်တာတိုးလှကတော့ ဆိုပါသည်။

ရှေးမင်းများသည် ဘုရားတွင် ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် ဘုရားကျွန်များအဖြစ် ထားရှိပြီး ထိုဘုရားကျွန်များသည်လည်း တောင်းရမ်းခြင်းမရှိကြောင်း၊ မင်းကပေးသော လယ်ယာမြေများကိုသာ လုပ်ကိုင်ကြောင်း၊ နောက်ပိုင်းတွင် ၎င်းဘုရားကျွန်နေရာများသို့ ထောင်များမှထွက်လာသော လူဆိုးများကို ဘုရားကျွန်နေရာများတွင် မင်းများကထားရှိသောကြောင့် အဆိုပါဘုရားကျွန်များသည် အပြင်ထွက်၍ တောင်းရာမှ သူတောင်းစားဘဝသို့ရောက်ရှိသွားကြောင်း ဒေါက်တာတိုးလှက ဆိုသည်။

ပါလီမန်ခေတ် ၁၉၅၆ခုနှစ်၊ ဒီဇင်ဘာ ၂၉ ရက်မှ ၃၁ ရက်အထိ ပုဂံမြို့တွင် ဘုရားကျွန်၊သူတောင်းစားများပပျောက်ရန်အတွက် လူထုပညာရေးကောင်စီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်းဝန်ကြီးဦးဘစောကပုဂံမြို့သရပါတံခါးအနီး သဗ္ဗညုစေတီတော်ရှေ့တွင် ကယ်ပါလွတ်မြောက်ရေးဘဝစီမံကိန်းတစ်ခု ပြုလုပ်ခဲ့သည်။ သို့သော် လက်တွေ့တွင် သူတောင်းစားများမှာ ပျောက်ကွယ်သွားခြင်း မရှိခဲ့ပေ။

ညောင်ဦးမြို့ ရွှေစည်းခုံဘုရားအနောက်ရှိ မင်္ဂလာသာစည်ရပ်ကွက်သို့ဝင်လိုက်လျှင် သန့်ရှင်းသပ်ရပ်သော လမ်းမနှင့်သန့်ရှင်းစွာထားရှိသောလူနေအိမ်များတွေ့မြင်ရသည်။ လမ်းမကြီးတစ်လျှောက်နှင့်လူနေအိမ်များအတွင်းတွင် အမှိုက်များ မတွေ့ရပေ။ ထိုရပ်ကွက်ရှိ လူနေအိမ်အများစုကတော့ ထရံကာသွပ်မိုးအိမ်များသာဖြစ်သည်။

ကမ္ဘာလှည့် ခရီးသွားများလာရောက်မှုများလာပြီး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာသဖြင့် သူတောင်းစားအဖြစ်မှ အများစုမှာ ဟိုတယ်ဝန်ထမ်း၊ ပန်းရံလုပ်ငန်း၊ ဈေးအရောင်းအဝယ်လုပ်ငန်းများ စသည်တို့ လုပ်ကိုင်နေကြပါပြီ။ တိုးတက်ပြောင်းလဲလာသော ခေတ်ရေစီးအရ မင်္ဂလာသာစည်ရပ်ကွက်မှ ၂၀၁၃ ခုနှစ်တွင် တက္ကသိုလ်များ၌ ပညာသင်ကြားနေသော တက္ကသိုလ်ကျောင်းသားဆယ်ဦးကျော် ရှိနေပါပြီ။

"အကုန်လုံးပြောင်းလဲနိုင်အောင်ကြိုးစားရမယ်။ ပညာတတ်တွေ များများပေါ်ထွက်အောင်လုပ်ရမယ်။ တချို့လူငယ် တွေဆို ဟိုတယ်တွေမှာ ဝင်လုပ်နေကြပါပြီ" ဟု မင်္ဂလာသာစည်ရပ်ကွက်အုပ်ချုပ်ရေးမှူး ကိုအောင်ကိုမင်းက ပြောသည်။

ညောင်ဦးမြို့ဒေသခံများသည်ပင်မင်္ဂလာသာစည်ရပ်ကွက်သည် သူဖုန်းစားများနေထိုင်သောရပ်ကွက်ဟု သတ်မှတ်ထားပြီး မည်သို့ပင်လုပ်ကိုင်စားကြသည်ကို တိတိကျကျမသိကြောင်း ကိုအောင်ကိုမင်းကဆက်ပြောသည်။

"ဒီရပ်ကွက်ကို ညောင်ဦးက လူတွေတောင် မလာကြဖူးတဲ့သူတွေရှိပါတယ်။ လူ့ဘဝမှာ ဒီ့ထက်နိမ့်ကျတာတော့ မရှိပါဘူး။ သူတို့လည်း မလုပ်ချင်တော့ပါဘူး" ဟု ကိုအောင်ကိုမင်းက ခပ်တိုးတိုးပြောသည်။ သူကတော့ တောင်းရမ်းနေကြခြင်းကို နှစ်မြို့ခြင်းမရှိပေ။ စီးပွားရေးအခြေအနေ၊ ဘဝပေးကုသိုလ်ကံကြောင့် လက်ရှိအချိန်ထိ တောင်းရမ်းနေသူများကတော့ မြို့နှင့်အနည်းငယ်ဝေးသော ကျေးရွာများ၏ ဘုရားပွဲများဆီသို့ သွားနေကြမြဲပါ။ "တောင်းတာကို ရပ်လိုက်လို့ မရသေးဘူး။ တောင်းချင်နေတာလည်း မဟုတ်ပါဘူး။ အဘွားတို့ကတော့ သွားနေကျဘုရားပွဲတွေကို ဆက်သွားနေရအုံးမှာပဲ" ဟု ဒေါ်သန်းမြင့်က ပြောသည်။



## JOKE

### ဟာသပဲ

၁။ လူတစ်ဦးတစ်ယောက်၏ ရေးသားမှုကို ခိုးယူလျှင် ကူးချဖော်ပြခြင်းဖြစ် သည်။ လူအများထံမှ ကူးယူလျှင် သုတေသနဖြစ်သည်။
၂။ အသိဉာဏ်နည်းသောသူနှင့် မည်သည့်အချိန်တွင်မှ အငြင်းမပွားပါနှင့်။ သူကသင့်ကို သူ့အဆင့်ရောက်အောင်ဆွဲခေါ်ပြီး အဲဒီအခါမှာ သင့်ကို အတွေ့အကြုံဖြင့် အနိုင်ယူလိမ့်မည်။
၃။ အကယ်၍သာ သင်ပြောတာကို ကျွန်ုပ်သဘောတူလိုက်လျှင် ကျွန်တော်တို့ နှစ်ယောက်စလုံးမှားတော့မည်။
၄။ သင့်ခံစားချက်ကို ထိခိုက်အောင်လုပ်တာ ကျွန်တော်မလုပ်ချင်ဆုံးအလုပ်ပါ။ ဒါပေမဲ့ စာရင်းထဲမှာတော့ ရှိသေးတယ်ဆိုတာ သတိရပါ။
၅။ အလင်း၏ အမြန်နှုန်းမှာအသံထက်မြန်သည်။ ထို့ကြောင့် အချို့လူများ မှာ စကားပြောသည့်အချိန်အထိ ပွင့်လင်းတောက်ပပုံပေါ်ခြင်းဖြစ်သည်။

### တိတ်တိတ်နေ

ရွှေရောင်ဆံပင်နှင့်မိန်းမချောလေးသည် သူ့ယောကျ်ားသူ့နောက်ကွယ်တွင် ဖောက်ပြန်နေသည်ဟု မသင်္ကာဖြစ်နေသည်။ သို့ဖြင့် သေနတ်ရောင်းသော ဆိုင်တစ်ဆိုင်ဝင်၍ ခြောက်လုံးပြူး တစ်လက်ဝယ်ပြီး အိမ်ပြန်လာရာ ယောကျ်ားဖြစ်သူကို အမျိုးသမီးတစ်ဦးနှင့် အိပ်ခန်းထဲတွင်တွေ့လိုက်ရသည်။ ရွှေရောင်ဆံပင်မလေးက ချက်ချင်းပင်သူ့နားထင်ကို သေနတ်ဖြင့် တေ့လိုက်ရာ ယောကျ်ားဖြစ်သူက ဒူးထောက်ပြီး အမျိုးမျိုးတောင်းပန်သည်။ ထိုအခါ ရွှေရောင်ဆံပင်မလေးက "တိတ်တိတ်နေ၊ ကျွန်မပြီးရင် ရှင့်အလှည့်ပဲ"ဟု ဆိုကာသူ့နားထင်ကို သူသေနတ်ဖြင့် ချိန်မြဲချိန်ထားပါသည်။

စာမျက်နှာ (၂၀) မှ

## မွေး၊ရေ၊ကျေးပြည်ထောင်စုဝန်ကြီးဦးအုန်းမြင့်နှင့် တွေ့ဆုံခြင်း

၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်မှာ ကျပ်သန်းပေါင်း ၇၅ ဘီလီယံ လျာထားတယ်။ တိုင်းနဲ့ပြည်နယ် အလိုက် လမ်းရယ်၊ ရေရရှိရေးရယ်၊ မီးလင်းရေးရယ်၊ အိမ်ရာရယ်၊ အိမ်သာရယ်၊ အသက်မွေးဝမ်းကျောင်းစတဲ့ ကဏ္ဍတွေမှာ သုံးစွဲသွားမယ်။

**ကျွန်တော်ကတော့မေးလို့ပြီးသွားပါပြီ။ ဝန်ကြီးအနေနဲ့ ဘာများဖြည့်စွက်ပြောကြားချင်ပါသလဲ။**

လပေါင်း ၃၀ အတွင်း ကွက်ကွက်ကွင်းကွင်းရနိုင်မယ့်ဟာတွေကို ရွေးထုတ် ပြီးလုပ်ရတယ်။ အမြန်အောင်မြင်နိုင်မဲ့ဟာကို ရွေးထုတ်ရမယ်။ ဘာအရင်လုပ်ပေးနိုင်လဲ။ စာသင်ကျောင်းတွေလိုတယ်ဆိုရင် လိုအပ်တဲ့အချက်တွေကို ဝိုင်းပြီးတော့ ကူညီပြီးတော့ လုပ်ပေးရမယ်။ တရားဥပဒေစိုးမိုးရေးဆိုရင်ပြည်သူတွေပူးပေါင်းဆောင်ရွက်လာနိုင်အောင် မီဒီယာအားလုံးကလည်း ကူညီပေးပါလို့ ပြော ချင်ပါတယ်။

**အခုလိုဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်။**

စာမျက်နှာ (၂၄) မှ

## မင်းဒင်ရဲ့ သက်ခိုင်(၂)

**အခန်း(၅)**
**ဖူးခက်သို့ ပထမဆုံးမြန်မာ့ထိုးစစ်**

ဗမာရေတပ်မှူးရဲ့ နောက်ပိုင်းအစီရင်ခံစာအရ 'သေနာပတိမင်းကြီး ငဦးဟာ ကျွန်ုပ်နဲ့ တပ်မှူးသိဂ်သူရိယရဲ့ တိုက်လှေတွေမှာ တပ်သားသုံးထောင်စီ တင်ဆောင်စေပြီး တိုက်လှေအုပ်စုနှစ်ပက်ပရာမှာ ဆုံစည်းဖို့ အမိန့်ချတယ်။ တိုက်လှေတွေကို စောင့်ရှောက်ဖို့ တပ်သားတစ်ထောင်ကို တာဝန်ပေးတယ်။ ကျွန်ုပ်ရဲ့ တပ်သားတွေဟာ ဖူးခက်ကျွန်းဆက္ကုရွာကို ဝင်ရောက်စဉ်မှာ ယိုးဒယားကင်းလှည့်တပ်နှင့် ထိပ်တိုက်တိုးပြီး မကြာမီ ယိုးဒယားတပ်တွေ ဒရောသောပါးဆုတ်သွားကြတာမို့ လိုက်လံနှိမ်နှင်းတဲ့အခါ ထလန်ခံတပ်အထိ ဆုတ်ခွာပြေးသွားကြတယ်။ ကျွန်ုပ်တို့ဘက်တက်ကီယန်မှာ စခန်းချပြီး ဘီးတပ်သစ်ချွန်လှည်းဆယ့်ငါးစီး စီမံခဲ့ကြတယ်တဲ့။

အဲဒီအချိန်မှာ ဖူးခက်ဌာနေတွေကတော့ လှေနဲ့ပြေးသူပြေး၊ သစ်တောထဲဝင်ပုန်းသူပုန်း၊ ရွှံ့နွံအိုင်နဲ့ တောင်တန်းတွေကြားမှာ ခိုသူကခို၊ ထလန်းခံတပ်ထဲ ပြေးသူ၁၇၈၅ခုနှစ်ကပြေး၊ နည်းမျိုးစုံပျာယာခတ် ခဲ့ကြတယ်။ ဒါဟာ လွန်ခဲ့တဲ့ ၂၄နှစ်(၁၇၈၅ခုနှစ်တုန်းက မြန်မာ့ထိုးစစ်ကို ဖူးခက်ကျွန်းသားတွေ ခံစားရချိန်ရဲ့မြင်ကွင်းနဲ့ ထပ်တူပါပဲတဲ့ကွာ။

**(ဆက်လက်ဖော်ပြပါမည်)**

စာမျက်နှာ (၂၆) မှ

## ဆိုကရေးတီး ကြောက်တဲ့ သံသရာကြွေး

ဒါပေမဲ့ တာဝန်အရပြောရတာပါ။ ကျွန်တော့်မှာ ထောင်အာဏာပိုင်တွေရဲ့ အမိန့်ကို လွန်ဆန်လို့မရပါဘူး။ ကျွန်တော်က ခင်ဗျားအဆိပ်သောက်ဖို့အတွက် သူတို့ကို တာဝန်ခံခဲ့ပါတယ်။ ကျွန်တော့်ကို နားလည်လိမ့်မယ်လို့ ယုံကြည်ပါတယ်"

ထောင်ဝန်ထမ်းရဲ့ လေသံဟာ တိုးညင်းဆွေးမြည့်လွန်းလှပါတယ်။ သူဟာ ဆိုကရေးတီးကို ခုလိုပြောရင်း သူ့ရဲ့ မျက်လုံးအိမ်မှာလည်း မျက်ရည်တွေ တသွင်သွင် စီးကျလာပါတယ်။ နောက်အသာအယာ ပြန်ထွက်သွားပါတော့တယ်။

ဒီအခါမှာ ဆိုကရေးတီးဟာ သူ့မိတ်ဆွေတွေဘက်ကို လှည့်ပြီး

"ဘယ်လောက် ချစ်စရာကောင်းတဲ့ လူလဲကွာ။ ငါဒီထောင်ကို ရောက်ကတည်းက ငါ့ဆီအမြဲတမ်းလာပြီး ငါ့ပေါ် အကောင်းဆုံးဂရုစိုက်ခဲ့တဲ့သူပါ။ ခုကြည့်ပါဦး။ ငါအပြစ်ဒဏ်ခံရမယ့်အပေါ် သူ ဘယ်လောက်ကြေကွဲဝမ်းနည်းနေသလဲဆိုတာ သိသာလွန်းပါတယ်။ ခရိတိုရေ ငါတို့သူပြောတဲ့ အတိုင်းမလွဲမသွေ လုပ်ပေးရမှာပေါ့ကွာ။ ကဲ ကဲ သူတို့အဆင်သင့်ဖြစ်ပြီဆိုရင် အဆိပ်ခွက် ငါ့ဆီယူလာခဲ့ပါတော့ကွာ"

ဆိုကရေးတီးရဲ့စကားအဆုံးမှာတော့ အားလုံးဟာ တိတ်ဆိတ်ငြိမ်သက်သွားကြပါတယ်။ အတန်ကြာလို့ အနားမှာရှိတဲ့ ထောင်ဝန်ထမ်းတစ်ဦးကို ခရိတိုက မျက်ရိပ်ပြလိုက်တယ်ဆိုရင်ပဲ အဲဒီလူဟာ အထဲကို ဝင်သွားပါတယ်။ မကြာခင်မှာ ထောင်ဝန်ထမ်းတစ်ဦးက အဆိပ်ခွက်ကိုကိုင်ပြီးထွက်လာပါတယ်။ ဆိုကရေးတီးကို ဘယ်လိုလုပ်ရမယ်ဆိုတာ အသေးစိတ်ပြောပြပါတယ်။

ဆိုကရေးတီးက ကောင်းပါပြီ၊ ဘုရားသခင်ဆီ တိုင်တည်ပြီး ကျုပ်ခင်ဗျားတို့ပြောတဲ့ အတိုင်းဆက်လုပ်သွားပါမယ်လို့ ရဲရဲကြီးကတိပြုလိုက်ပါတယ်။ ပြီးတော့ သူဟာအဆိပ်ခွက်ကိုကိုင်မြှောက်ပြီး သူ့နှုတ်ခမ်းမှာတေ့လိုက်ပါတယ်။ အဲဒီနောက် တည်တည်ငြိမ်ငြိမ်ပဲ အဆိပ်ခွက်ကိုမော့သောက်လိုက်ပါတယ်။ ဆက်ပြီး ထောင်ဝန်ထမ်းပြောသွားတဲ့ အတိုင်း ရှေ့ကိုလေးငါးလှမ်းလောက် လမ်းလျှောက်လိုက်ပါတယ်။ သူ့ခြေထောက်တွေ အဆိပ်ကြောင့် လေးလံလာချိန်မှာတော့ သူဟာ ကြမ်းပြင်ပေါ်ကို ပစ်လှဲချလိုက်ပါတော့တယ်။

"အဲဒီအချိန်ဟာ ကျွန်တော်တို့အတွက်တော့ အမှောင်မိုက်ဆုံး အချိန်ပါပဲ။ ကျွန်တော်တို့ အားလုံး မျက်ရည်ဖြိုင်ဖြိုင် ကျခဲ့ရပါတယ်။ ကျွန်တော်တို့အတွက် အစားထိုး မရနိုင်တဲ့ ဆုံးရှုံးမှုကြီး တစ်ရပ်ပဲ မဟုတ်ပါလား။ ကျွန်တော်တို့ဘဝရဲ့ ကျန်တဲ့အစိတ်အပိုင်းမှာ ကျွန်တော်တို့ဟာ ဖခင်မရှိတော့တဲ့ သားသမီးတွေအဖြစ်နဲ့ အဖမဲ့သား ရေနည်းငါးဘဝနဲ့ နေသွားရတော့မယ်လို့ အားလုံးရင်ထဲမှာ ခံစားမှုကိုယ်စီနဲ့ပေါ့။ ကျွန်တော်တို့ထဲမှာ အဆိုးဆုံးကတော့ အပိုလိုဒိုးရပ်စ် ပေါ့။ (Apolldorus)၊ သူဟာ ဆိုကရေးတီးအဆိပ်မသောက်ခင်ကတည်းက တရှုပ်ရှုပ် ငိုကြွေးနေခဲ့ပြီး ခုခါမှာတော့ ကျယ်ကျယ်လောင်လောင် ဟစ်အော်ငိုကြွေးခဲ့ပါတယ်" လို့ ခရိတိုက ပြောခဲ့ပါတယ်။

ဆိုကရေးတီးရဲ့ ခန္ဓာကိုယ်တစ်ခုလုံးဟာ တဖြည်းဖြည်းချင်း အေးစက်တောင့်တင်းလာပါတယ်။ "အဆိပ်တွေ နှလုံးသားအထိ ရောက်သွားချိန်မှာတော့ အရာအားလုံးဟာ ပြီးဆုံးသွားပါလိမ့်မယ်"လို့ သူပြောလိုက်ပါတယ်။

ဒီနေရာမှာ အဓိကထားပြောလိုတာက ဆိုကရေးတီးနောက်ဆုံးပြောသွားတဲ့ စကားတစ်ခွန်းကိုပါ။ သူ့မိတ်ဆွေခရိတိုကို ပြောသွားတာပါ။ သူ့စိတ်ထဲမှာစွဲနေတဲ့ အရာတစ်ခုကို မှာသွားတာ ဆိုရင်လည်း မမှားပါဘူး။

"ခရိတိုရေ ငါအက်စ်ကယ်ပိုင်းရပ်(စ)(Asclepius)ကိုကြက်ဖတစ်ကောင် ပြန်ပေးဖို့ ရှိတယ်ကွာ။ အဲဒီကြွေးကိုတော့ မင်းဆပ်ဖြစ်အောင် ဆပ်ပေးပါ"ဆိုတာပါပဲ။

"စိတ်ချပါ။ ဆပ်ပေးပါ့မယ်။ ဘာပြောဦးမလဲ"လို့ ခရိတိုက ပြန်မေးလိုက်ချိန်မှာတော့ ဆိုကရေးတီး ဆီက ဘာသံမှ မကြားရတော့ပါဘူး။ သူ့ဘဝအဆုံးသတ်သွားပါပြီ။

ဆိုကရေးတီးဟာ နောက်ဆုံးထွက်သက်အထိ သူတစ်ပါးဆီက ယူထားတဲ့ ကြွေးကို သတိရသွားတယ်လို့ ပြောနိုင်ပါတယ်။ သူဟာ ဗုဒ္ဓဘာသာဝင်တစ်ယောက် မဟုတ်ဘူးဆိုတာ အားလုံးအသိပါ။ ဒါပေမဲ့ ဗုဒ္ဓဘာသာဝင်တွေသိထားတဲ့ သံသရာကြွေးဆိုတာမျိုး သူ့ရင်ထဲမှာ ခံစားသိရှိနေတယ်ဆိုတာ အထင်အရှားပြနေပါတယ်။ ဆိုကရေးတီးကြောက်တဲ့ သံသရာကြွေးမျိုး ကျွန်တော်တို့မှာရော ကင်းရဲ့လားဆိုတာ အလေးထားစဉ်းစားကြည့်ဖို့ပါ။

ဆိုကရေးတီးကတော့ သံသရာကြွေးကို ကြောက်တတ်သူအဖြစ် သက်သေထူသွားခဲ့ပါပြီ။ သူ့ရဲ့ နောက်ဆုံးစကားဟာ ကျွန်တော်တို့အတွက် ဆင်ခြင်စရာ၊ သတိထားစရာ၊မက်ဆေ့ချ်တစ်ခုပေးသွားတာကတော့ အမှန်ပါပဲ။ ။

ဝန်ခံချက် -Rodney Castleden ၏ Eyewitness To History စာအုပ်ပါ။ The Death of Socrates ကို မှီငြမ်းပါသည်။

Environment
7 DAY NEWS JOURNAL
Vol.12, No.26 • SEPTEMBER 4 , 2013



*ဦးအုန်းက ဥူးစိတ္တိအား ကမ္ဘာမြေချစ်သူဆု ဆက်ကပ်စဉ်* — ဓာတ်ပုံ-ကျော်ဇင်သန်း

# ကမ္ဘာမြေချစ်သူဆုပေးပွဲ ကျင်းပ

**အိဖြူမွန်၊ ခိုင်ခိုင်စိုး**

**ရန်ကုန်၊ ဩဂုတ်-၃၁**

မြန်မာနိုင်ငံကိုယ်စားပြု ကမ္ဘာမြေချစ်သူဆုရရှိခဲ့ဖူးသူ ဦးအုန်းက ဒုတိယအကြိမ်အဖြစ် ချီးမြှင့်သည့် ကမ္ဘာမြေချစ်သူဆုပေးပွဲကို ဩဂုတ် ၃၁ ရက်တွင်ပြုလုပ်ခဲ့ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားသူငါးဆယ်ကျော် တက်ရောက်ကြသည်။

ယခုနှစ်အတွက် ပတ်ဝန်းကျင် ထိန်းသိမ်းရေးလှုပ်ရှား ဆောင်ရွက်သူ ရှစ်ဦးအား ရွေးချယ်ဆုပေးခဲ့သော်လည်း ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ထက်ဝက်ခန့်လျော့နည်းသည်။ ဆုရရှိသူများသည် သစ်ပင်တစ်ထောင် ရှင်သန်အောင်စိုက်ပျိုးပြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက်မိမိ အသိစိတ်ဖြင့် လှုပ်ရှားသူများကို စိစစ်ရွေးချယ် ထားခြင်းဖြစ်သည်။ ဆုရရှိသူများ၏ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလှုပ်ရှားမှုများ အကြောင်းကို ကောက်နုတ်ဖော်ပြအပ်ပါသည်။

**ကမ္ဘာမြေချစ်သူဆု(အထူးဆု)**

ရေနံချောင်းမြို့နယ်၊ ညောင်ပင်သာကျေးရွာ၏ ကျောင်းထိုင်ဘုန်းကြီး ဥူးစိတ္တိဖြစ်သည်။ ကိုရင်ဘဝ အသက် ၁၇ နှစ်မှစတင်ကာ ဘုန်းကြီးကျောင်းတစ်ဝိုက်တစ်မိုင်ပတ်လည်ရှိသော သစ်တောသစ်ပင်များကို ထိန်းသိမ်းလာခဲ့ခြင်းဖြစ်သည်။ ကျေးရွာသားများ သစ်ထုတ်ယူသုံးစွဲရာတွင် စနစ်တကျဖြစ်စေရန်လမ်းပြခဲ့သူတစ်ဦးဖြစ်သည်။ ကမ္ဘာမြေချစ်သူဆုကိုသက်တော် ၇၅ နှစ်ကျော်တွင် ရရှိခဲ့ခြင်းဖြစ်သည်။

**ကမ္ဘာမြေချစ်သူ(အထူးဆု)**

ချင်းပြည်နယ်၊ တီးတိန်မြို့တွင် နေထိုင်သူ ချင်းတိုင်းရင်းသား ဦးဆွမ်ပေါင်ရရှိခဲ့ခြင်းဖြစ်ပြီး တီးတိန်မြို့နယ်နမ့်ဆန်းကျေးရွာအနီးရှိဧက ၅၀၀ရှိသဘာဝသစ်တောကို၂၀၀၄ ခုနှစ်မှစတင်ပြီး ထိန်းသိမ်းလာသူဖြစ်သည်။ သစ်တောသစ်ပင် ထိန်းသိမ်းခြင်းကို ကိုးနှစ်တာ လုပ်ဆောင်နေစဉ်အတွင်း ခန်းခြောက်သွားမည့်စိမ့်စမ်းရေများပြန်လည် ထွက်ရှိလာသည်ဟုဆိုသည်။

**ကမ္ဘာမြေချစ်သူ(အထူးဆု)**

ရခိုင်ပြည်နယ်၊ ကျိန္တလီမြို့နယ်တွင် နေထိုင်သူဒေါက်တာမောင်မောင်ကြည်ဖြစ်သည်။ ဧက ၇၀ ကျယ်ဝန်းသည့်သစ်တောသစ်ပင်များကို ထိန်းသိမ်းခြင်းနှင့် စိုက်ပျိုးခြင်းများကို ၁၉၈၅ ခုနှစ်မှ စတင်ထိန်းသိမ်းလာသူဖြစ်သည်။ ၎င်းပုဂ္ဂိုလ်ထိန်းသိမ်းသည့်သစ်တောအတွင်း အမျိုးစားစုံလင်သည့်သစ်ပင်ပေါင်း သုံးသောင်းကျော်သည်။ အနာဂတ်တွင် ကျေးငှက်တိရစ္ဆာန်များ ပေါများသည့် ရုက္ခဗေဒဥယျာဉ်အဖြစ်ပြုစု ပျိုးထောင်လိုသည်ဟု ပြောသည်။

ကျန်ဆုရရှိသူများမှာ အဖွဲ့အစည်းများတွင် လှုပ်ရှားရင်းရရှိသူများ အပြင် အုပ်စုလိုက်ရရှိသူများလည်းရှိသည်။ သစ်ပင်ချစ်သူများအဖွဲ့(မအူပင်)၊ ပြည်မြို့ ရှိ Green Generation ဖရီဒါအဖွဲ့တွင်ပါဝင်လှုပ်ရှားခဲ့သူရောဝတီတိုင်းမှ ဦးတင်ဝင်း၊ အစိမ်းရောင်ချစ်သူများအဖွဲ့၊ ရှမ်းပြည်နယ် ကလောမြို့နယ်မှ ဦးငွေစိုး၊ မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်မှ ဦးခင်စိုးတို့ဖြစ်သည်။

# သစ်တောသုတေသနနှင့် နည်းပညာလုပ်ငန်းများ ကူညီရန် နိုင်ငံတကာအဖွဲ့ အစည်းသုံးခုကမ်းလှမ်း

**အိဖြူမွန်**

**ရန်ကုန်၊ ဩဂုတ်-၃၁**

အာဆီယံလူမှုသစ်တောကွန်ရက်အဖွဲ့ အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းသုံးခုက မြန်မာနိုင်ငံ၏ သစ်တောထိန်းသိမ်းရေးသုတေသနလုပ်ငန်းများနှင့် နည်းပညာလုပ်ငန်းများ ထောက်ပံ့ကူညီရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသို့ ကမ်းလှမ်းထားကြောင်း ဒေသတွင်းလူထုအခြေပြုသင်တန်းစင်တာ (RECOFTC) မှ သတင်းရရှိသည်။

သစ်တောထိန်းသိမ်းရေး သုတေသနလုပ်ငန်းများနှင့် နည်းပညာလုပ်ငန်းများတွင်ထောက်ပံကူညီရန်အတွက် အာဆီယံလူမှုသစ်တောကွန်ရက်အဖွဲ့၊ အပြည်ပြည်ဆိုင်ရာ သစ်တောသုတေသနဇဟို၊ ကမ္ဘာ့သီးနှံသစ်တောဇဟိုအဖွဲ့က ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

“ဝန်ကြီးဌာနက ကမ်းလှမ်းမှုကို သဘောတူလိုက်ပါပြီ။ ကူညီဖို့အတွက် အသေးစိတ်အချက်အလက်တွေက နောက်ပိုင်းအသေးစိတ်ဆွေးနွေးကြမယ်ထင်တယ်” ဟု အဖွဲ့အစည်းသုံးခုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ချိတ်ဆက်ဆောင်ရွက်ပေးနေသည့် RECOFTC မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ အဖွဲ့အစည်းသုံးခုသည် မြန်မာနိုင်ငံကို ကူညီရန် ပထမအကြိမ်လာရောက်ခြင်းဖြစ်ပြီး သစ်တောသစ်ပင်များ၊ မြေအသုံးချမှု၊ သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများအသုံးချမှု၊ သစ်တောအခြေခံလူမှုစီးပွားရေးနှင့် တောင်ယာခုတ်ယူမှုလျော့ပါးရေးလုပ်ငန်းများကို နည်းပညာပိုင်းကူညီထောက်ပံ့ပေးရန် ဝန်ကြီးဌာနသို့ ပထမဆုံးကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

ကမ်းလှမ်းမှုကို လက်ခံတွေ့ဆုံသည့် ဆွေးနွေးပွဲကို နေပြည်တော်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနရုံးတွင် ဩဂုတ် ၂၇ ရက်က ပြုလုပ်ခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲတွင် သစ်တောကြိုးဝိုင်းအတွင်း နှစ်ကာလကြာရှည်စွာ နေထိုင်ခဲ့သည့် အိမ်ခြေ ၅၀ နှင့်အထက် ကျေးရွာများ စာရင်းကောက်ယူ၍ ဒေသခံပြည်သူများ ဘဝရပ်တည်မှုနှင့် လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း၊ မြေအသုံးချမှုလုပ်ငန်းများ၊ အစိမ်းရောင်စီးပွားရေးလုပ်ငန်းများနှင့် ရာသီဥတုပြောင်းလဲခြင်းကိစ္စရပ်များတွင် အသေးစိတ်ဆွေးနွေးခဲ့သည်။



Tourism
7 DAY NEWS JOURNAL
Vol.12, No.26 • SEPTEMBER 4 , 2013



ရန်ကုန်လေဆိပ်တွင်မြင်တွေ့ရသည့် နိုင်ငံခြားခရီးသွားများ

ဓာတ်ပုံ- ဂျေမောင်မောင် (အမရပူရ)

# ရန်ကုန်လေဆိပ် ပြည်ပခရီးသည်အဝင် ယခင်နှစ်ထက် တစ်သိန်းကျော်မြင့်

**ခန့်ထက်**

**ရန်ကုန်၊ ဩဂုတ်-၃၁**

မြန်မာနိုင်ငံသို့ ရန်ကုန်လေဆိပ်ဝင်ပေါက်မှ နိုင်ငံခြားသား ဧည့်သည်ဝင်ရောက်မှုမှာ ဩဂုတ်လအထိရှစ်လအတွင်းလေးသိန်းခွဲနီးပါးဝင်ရောက်ခဲ့ပြီး ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက တစ်သိန်းကျော် မြင့်တက်လာကြောင်း ရန်ကုန်လေဆိပ်မှ သတင်းရရှိသည်။

ယခုနှစ်တွင်နိုင်ငံခြားသားဧည့်သည်တိုးတက်လာမည်ဟုခန့်မှန်းမှုအရ ဩဂုတ်လကုန်အထိ နိုင်ငံခြားသား ဧည့်သည့် ဝင်ရောက်မှုမှာ ၄၄၂,၀၀၀ ကျော်ဝင်ရောက်ခဲ့ပြီး ၂၀၁၂ခုနှစ်အလားတူကာလ၌ ၃၁၇,၀၀၀ ကျော်ဝင်ရောက်ခဲ့ကြောင်း ရန်ကုန်လေဆိပ်နိုင်ငံခြားသားဝင်ရောက်မှုစာရင်းများတွင်ဖော်ပြထားသည်။

"ဒီနှစ်က သိသိသာသာတိုးလာတယ်။ မနှစ်ကတစ်ရက်ကိုပျမ်းမျှ ၁,၃၀၀ လောက်ဝင်တယ်။ ဒီနှစ်က ၁,၅၀၀ လောက်ရှိတယ်" ဟု လေကြောင်းညွှန်ကြားမှုဦးစီးဌာနတာဝန်ရှိသူတစ်ဦးကပြောသည်။ ရန်ကုန် လေဆိပ်သို့ ဝင်ရောက်ခဲ့သောနိုင်ငံခြားသားဧည့်သည် လေးသိန်းခွဲနီးပါးအနက် ခရီးသွားဗီဇာဖြင့်ဝင်ရောက်သူ နှစ်သိန်းခြောက်သောင်းကျော်ရှိပြီး အခြားဗီဇာဖြင့် ဝင်ရောက်သူမှာ တစ်သိန်းရှစ်သောင်းကျော် ဝင်ရောက်ခဲ့သည်။

မြန်မာနိုင်ငံသို့ထိုင်း၊တရုတ်လူမျိုးများ ဝင်ရောက်မှု နှစ်စဉ်မြင့်တက်နေသော်လည်း ယခုနှစ်တွင် ဂျပန်နှင့် ကိုရီးယားလူမျိုးဝင်ရောက်မှုလည်းမြင့်တက်လာကြောင်း မြန်မာနိုင်ငံ ဧည့်လမ်းညွှန်အသင်းမှ ကိုအောင်ထွန်းလင်းက ပြောသည်။

ယခုနှစ်တွင်လေကြောင်းဝင်ပေါက်မှ ခရီးသည် မြင့်တက်ခဲ့သော်လည်းရေကြောင်းဝင်ပေါက်မှ နိုင်ငံခြားသား ခရီးသည်ဝင်ရောက်မှုမှာ ၃၀ ရာခိုင်နှုန်း ခန့် လျော့လာကြောင်း မြန်မာ့ဆိပ်ကမ်း အာဏာပိုင်မှ သတင်းရရှိသည်။

လက်ရှိတွင် မြန်မာနိုင်ငံသို့ ဝင်ပေါက် အသီးသီးမှ နိုင်ငံခြားသားဧည့်သည် ဝင်ရောက်မှုမှာ ရှစ်သိန်းခုနစ်သောင်းကျော်ဝင်ရောက်နေပြီး ၂၀၁၃ခုနှစ်ကုန်တွင် ခရီးသည်ဦးရေ၁ဒသမ၈သန်းဝင်ရောက်မည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ခန့်မှန်းထားသည်။

# ဗုဒ္ဓဂယာခရီးစဉ် ဘုရားဖူးမလျော့ဟုဆို

**အိမ့်မွန်ကျော်၊ စိုင်းသာအောင်**

**ရန်ကုန်၊ ဩဂုတ်-၃၁**

ဗုဒ္ဓဂယာတွင် ဗုံးပေါက်ကွဲမှုဖြစ်ခဲ့သော်လည်း ဘုရားဖူးရာသီစတင်ချိန်တွင် ဘုရားဖူးများ လျော့ကျသွားခြင်းမရှိကြောင်း ဗုဒ္ဓဂယာဘုရားဖူးဝန်ဆောင်မှု ကုမ္ပဏီအများစုက ပြောသည်။

"ပုံမှန်အတိုင်းပဲ သွားကြပါတယ်။ ဟိုမှာဗုံးပေါက်လို့ မသွားတာမရှိပါဘူး" ဟု ဘုရားဖူးပို့ဆောင်ရေးကုမ္ပဏီတစ်ခုက ပြောသည်။ ဗုဒ္ဓဂယာသို့ ဘုရားဖူးဧည့်သည်များ ပုံမှန်သွားလာလျက်ရှိပြီး အချို့ခရီးသွားကုမ္ပဏီများတွင် ဘွတ်ခ်ကင်များပြည့်လုနီးပါး ရှိနေသည်ဟု သိရသည်။

ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များမှာ အောက်တိုဘာမှ ဧပြီလအထိ ရှိသော်လည်း အချို့ခရီးသွားကုမ္ပဏီများက စက်တင်ဘာလကတည်းက စတင်ထွက်လေ့ရှိသည်။

"ပုံမှန်အတိုင်းပါပဲ။ စက်တင်ဘာနောက်ဆုံးပတ်ထွက်ဖြစ်မယ်" ဟု နီလာဗုဒ္ဓဂယာ ဘုရားဖူးဝန်ဆောင်မှုမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။


ဗုဒ္ဓဂယာသို့ဘုရားဖူးခရီးစဉ်အများစုမှာ ရှစ်ညအိပ်၊ ကိုးရက်ခရီးစဉ်၊ ၁၄ ညအိပ် ၁၅ ရက် ခရီးစဉ်များရှိသည်။ "သက်ကြီးရွယ်အိုတွေအတွက် အဆင်ပြေအောင် သုံးညအိပ်လေးရက်၊ လေးညအိပ်ငါးရက် စီစဉ်နေပါတယ်။ အဲဒါကတော့ ဂယာအနားတစ်ဝိုက်ပဲပေါ့" ဟု မဇ္ဈိမအလင်း ဘုရားဖူး ဝန်ဆောင်မှုမှ တာဝန်ရှိသူက ပြောကြားသည်။

ဇူလိုင်လ ၇ ရက်က အိန္ဒိယနိုင်ငံ၊ဗုဒ္ဓဂယာတွင် ဗုံးပေါက်ကွဲခဲ့သောကြောင့် အိန္ဒိယအစိုးရက လုံခြုံရေးတိုးမြှင့်ဆောင်ရွက်ထားကြောင်း သတင်းရရှိသည်။ ဗုံးပေါက်ကွဲမှုများဖြစ်ပွားခဲ့သော်လည်း ဗုဒ္ဓဂယာတွင် ငြိမ်းချမ်းနေပြီဖြစ်ပြီး အိန္ဒိယအစိုးရကလည်း လုံခြုံရေးများ တိုးမြှင့်ထားသဖြင့် အန္တရာယ်များ ကင်းစင်နေပြီဖြစ်၍ နိုင်ငံတကာမှ ဘုရားဖူးများ ငြိမ်းချမ်းစွာလာရောက် ဘုရားဖူးနိုင်ပြီဖြစ်ကြောင်း ဗုဒ္ဓဂယာ မဟာဗောဓိစေတီတော်မြတ် စောင့်ရှောက်ရေးအဖွဲ့ တတိယအကြီးအကဲဆရာတော် Bhante Monoj က မိန့်ကြားသည်။


"ပုံမှန်အတိုင်း သွားကြပါတယ်။ ဘွတ်ခ်ကင်တွေတောင်ပြည့်တော့မယ်။ ဟိုမှာလည်း လမ်းတွေမှာရော လုံခြုံရေး ထပ်ချထားတာပဲ" ဟု အောင်ချမ်းသာ ဘုရားဖူး ဝန်ဆောင်မှုကုမ္ပဏီမှ တာဝန်ရှိသူက ပြောသည်။

ဇူလိုင် ၇ ရက်က ဗုဒ္ဓဂယာတွင် ဗုံးပေါက်ကွဲမှုများကြောင့် သံဃာတော်နှစ်ပါးအပါအဝင် လူငါးဦးခန့် ဒဏ်ရာရရှိသွားခဲ့သည်ဟု သတင်းရရှိသည်။



7 DAY NEWS JOURNAL
Vol.12, No.26 • SEPTEMBER 4 , 2013















7DAY NEWS JOURNAL
Vol.12, No.26 • SEPTEMBER 4 , 2013



# “ကျွန်တော် ဆုံးဖြတ်ချက်မချရသေးပါဘူး”

— အမေရိကန်သမ္မတ ဘားရက်အိုဘားမား

# “ဆီးရီးယားဟာ ဘယ်တော့မှ ဩဇာခံရုပ်သေးရုပ်ဖြစ်လာမှာမဟုတ်ဘူး”

— ဆီးရီးယားသမ္မတ ဘာရှားအာဆတ်

ကျော်မျိုး

ဆီးရီးယားကို အမေရိကန်တို့ ဝင်တိုက်ဖို့ကိစ္စဟာ ဒီရက်ပိုင်းအတွင်းလူပြောအများဆုံးကိစ္စဖြစ်နေပါပြီ။ ဩဂုတ် ၂၁ ရက်က မြို့တော်ဒမတ်စကတ်စ်မှာ အတိုက်အခံတပ်ဖွဲ့တွေအပါအဝင် ကလေးတွေပါဝင်တဲ့ အပြစ်မဲ့အရပ်သားလူထောင်ချီခန့်ကို အဆိပ်ဓာတ်ငွေ့နဲ့ တိုက်ခိုက်ကာ သေဆုံးစေခဲ့မှုကြောင့် စစ်ရေးအရအရေးယူဖို့စဉ်းစားချက်တွေ ထွက်ပေါ်လာစေခဲ့တာဖြစ်ပါတယ်။ ဆီးရီးယားကိုတိုက်ခိုက်အရေးယူဖို့မဲခွဲဆုံးဖြတ်ရာမှာ ဗြိတိသျှပါလီမန်မဲခွဲဆုံးဖြတ်မှုမှာတော့ ဝန်ကြီးချုပ်ကင်မရွန်းရဲ့အဆို ရှုံးနိမ့်သွားခဲ့တာကြောင့် ဗြိတိန်အနေနဲ့မဟာမိတ်အမေရိကန်နဲ့တွဲကာ စစ်ရေးအရပါဝင်နိုင်ခြေမရှိတော့ပါဘူး။ ဒါပေမဲ့ အမေရိကန်ဘက်ကတော့ ဆီးရီးယားအာဆတ်အစိုးရဟာ ဓာတုလက်နက်သုံးပြီး အရပ်သားတွေကို တိုက်ခိုက်ခဲ့တာသေချာတဲ့ အထောက်အထားတွေ ရှိနေတာကြောင့် သမိုင်းပေးတာဝန်အရတုံ့ပြန်ဆောင်ရွက်ရဖို့ရှိတယ်လို့ နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီကိုယ်တိုင်ကထုတ်ပြောထားပါပြီ။ ဒါကြောင့် ဩဂုတ် ၃၁ ရက် သတင်းများအရတော့ ကန်သမ္မတအိုဘားမားဟာ ဂျီ-၂၀ နိုင်ငံများထိပ်သီးအစည်းအဝေးအတွက် ဆွီဒင်နဲ့ ရုရှားကို စက်တင်ဘာ ၃ ရက်မှာ ခရီးထွက်ဖို့ရှိတာကြောင့် အဲဒီနောက်ပိုင်းမှာ ဆီးရီးယားကို အမေရိကန်တို့ စစ်ရေးအရ အရေးယူရေးကိစ္စဖြစ်လာနိုင်ဖွယ်ရှိနေလို့ သတင်းများက သုံးသပ်နေပါတယ်။ ဒါကြောင့် အိုဘားမားနဲ့ ပီဘီအက်စ်သတင်းဝက်ဘ်ဆိုက်ရဲ့ News-hour အစီအစဉ်မှာ ဆီးရီးယားအရေး ဩဂုတ် ၂၈ ရက်က အင်တာဗျူး ကောက်နုတ်ချက်များနဲ့ zerohedge.com မှာ တင်ဆက်ခဲ့တဲ့ ဩဂုတ် ၂၇ ရက်စွဲအင်တာဗျူးကောက်နုတ်ချက်များကို ယှဉ်တွဲသုံးသပ်နိုင်အောင် ကောက်နုတ်တင်ဆက်ပေးလိုက်ပါတယ်။

**သမ္မတအိုဘားမားနှင့် ဂျူဒီဝုဒ်ရက်ဖ်တို့၏ အင်တာဗျူး**

**သမ္မတကြီးရှင့် မကြာခင်ကပဲ အကြမ်းမဖက်လှုပ်ရှားမှုဖြစ်တဲ့ ဝါရှင်တန်ချီတက်ပွဲ၊ မာတင်လူသာကင်းမိန့်ခွန်း နှစ်(၅၀)ပြည့် အခမ်းအနားမှာ မိန့်ခွန်းပြောပြီး ပြန်လာခဲ့ပါတယ်။ ဒါပေမဲ့ အရင်ဆုံးအနေနဲ့ ဆီးရီးယားလိုနေရာမျိုးမှာ အကြမ်းဖက်မှုတွေ အများကြီးဖြစ်နေတာကို မေးချင်ပါတယ်။ သမ္မတကြီးအနေနဲ့ စစ်ရေးအရ ဆီးရီးယားကိုတိုက်ဖို့ ဘယ်လောက်နီးစပ်နေပါပြီလဲ။ ပြီးတော့ အီရတ်နဲ့ အာဖဂန်မှာ ဖြစ်ခဲ့သလိုမျိုး ဒီလိုလုပ်ရင် နိုင်ငံဟာ ကမ္ဘာတစ်ဝန်းမှာ နောက်ထပ် တိုးလိုးတန်းလန်း စစ်ပွဲတစ်ရပ်ထဲ ထပ်နစ်သွားတာမျိုးမဖြစ်အောင် အမေရိကန်ပြည်သူတွေကိုရော သမ္မတကြီး အာမခံပေးနိုင်ပါသလား။**

ဟုတ်ကဲ့ အရင်ဆုံးပြောရရင်တော့ ကျွန်တော် ဆုံးဖြတ်ချက်မချရသေးပါဘူး။ ကျွန်တော့်အနေနဲ့ စစ်တပ်ဘက်အပိုင်းက ရွေးချယ်စရာတွေကို ရထားပါတယ်။ ကျွန်တော့်ရဲ့ အမျိုးသားလုံခြုံရေးအဖွဲ့နဲ့ ဆွေးနွေးမှုတွေ အများအပြားပြုလုပ်နေပါတယ်။ အာဆတ်အစိုးရဟာ သူ့ရဲ့ပြည်သူတွေကို ဓာတုလက်နက်တွေသုံးပြီး တိုက်ခိုက်ခဲ့ရင် ကျွန်တော်တို့ရဲ့ တွက်ချက်လုပ်ဆောင်ပုံတွေလည်း ပြောင်းလဲသွားရမှာပါ။ ကိုင်တွယ်လုပ်ဆောင်ရမှာကလည်း နိုင်ငံတကာစံနှုန်းသတ်မှတ်ချက်တွေနဲ့ သာမက အမေရိကရဲ့ ပင်မအကျိုးစီးပွားနဲ့လည်း သက်ဆိုင်လာရမှာပါ။ ကျွန်တော်တို့ဟာ ဓာတုလက်နက်တွေသုံးတာကို ဆန့်ကျင်တဲ့ ခိုင်မာတဲ့နိုင်ငံတကာစံနှုန်းတွေရှိထားတဲ့ အခြေအနေတစ်ရပ်မှာ ရှိထားပါတယ်။ ဆီးရီးယားဟာ ကမ္ဘာမှာ ဓာတုလက်နက်တွေ အများဆုံးရှိတဲ့နိုင်ငံ ဖြစ်နေတာပါ။ ဒီတိုင်းပြည်ဟာ အဆိုးဆုံးဒေသထဲမှာရှိနေတဲ့ အဆိုးဆုံးနိုင်ငံတစ်နိုင်ငံပါ။ ဆီးရီးယားပတ်လည်မှာက ကျွန်တော်တို့ရဲ့ မဟာမိတ်တွေရှိထားပါတယ်။ တူရကီနိုင်ငံဟာ နေတိုးမဟာမိတ်ပါ။ ဂျော်ဒန်က ကျွန်တော်တို့နဲ့ အလုပ်အများကြီးတွဲလုပ်ဖူးတဲ့ နီးစပ်တဲ့မိတ်ဆွေနိုင်ငံပါ။ အစ္စရေးကလည်း ကျွန်တော်တို့နဲ့ အရမ်းနီးစပ်တယ်။ ဒီဒေသထဲမှာ ကျွန်တော်တို့ရဲ့ အခြေစိုက်စစ်စခန်းတွေ အများကြီးရှိပါတယ်။ လူတွေအားလုံးရဲ့ လက်ထဲမှာ ဓာတုလက်နက်တွေကျရောက်သွားပြီး အစုအပြုံလိုက်သေစေနိုင်တဲ့ လက်နက်တွေ မပြန့်ပွားရေးထိန်းချုပ်မှု ကျိုးပေါက်သွားမှာကို ကျွန်တော်တို့ မမြင်နိုင်ပါဘူး။ ဒါကြောင့် ကျွန်တော်ပြောတာကတော့ ကျွန်တော်တို့ ဆုံးဖြတ်ချက်တော့ မချရသေးဘူး။ ဒါပေမဲ့ နိုင်ငံတကာစံနှုန်းကို ဆန့်ကျင်ပြီး ဓာတုလက်နက်သုံးတာကိုတော့ ထိန်းဖို့လိုနေတယ်။ ပြီးတော့ ဆီးရီးယားနိုင်ငံမှာ ပြည်သူတွေကို ဓာတုလက်နက်တွေသုံးပြီး တိုက်ခိုက်နေတာကို ဘယ်သူကမှ ငြင်းချက်ထုတ်ဖို့ မလွယ်ပါဘူး။

ကျွန်တော်တို့ အထောက်အထားအားလုံးကို ကြည့်ပြီးသွားပါပြီ။ (ဆီးရီးယား)အတိုက်အခံဟာ ဗျူလက်နက်တွေ (သို့မဟုတ်) အဲဒီလိုမျိုး ဓာတုလက်နက်တွေကို ပိုင်ဆိုင်ထားတယ်လို့လည်း မတွေ့ရပါဘူး။ အတိုက်အခံသူပုန်တွေဘက်ကလည်း ဒုံးကျည်တွေသုံးပြီး ဒီလိုအဆိပ်ဓာတ်ငွေ့တွေ လွှတ်ချတိုက်နိုင်တာမျိုးရှိတယ်လို့ ကျွန်တော်တို့ မယုံကြည်ပါဘူး။ ကျွန်တော်တို့ နိဂုံးချုပ်သုံးသပ်တာကတော့ အမှန်က ဆီးရီးယားအစိုးရကပဲ ဒါတွေကို လုပ်ခဲ့တာပါ။ ဒါကြောင့် ဒီလိုဖြစ်ခဲ့တယ်ဆိုရင်တော့ နိုင်ငံတကာနောက်ဆက်တွဲကိစ္စတွေကို လုပ်ဆောင်ဖို့ လိုအပ်လာပါပြီ။

**ဒါပေမဲ့ သမ္မတကြီးရှင့် အားလုံးကို တွက်ကြည့်လိုက်ရင် အဲဒါဘာများ အောင်မြင်မှု ရနိုင်မလဲ။ ကျွန်မဆိုလိုတာက သမ္မတကြီးဟာ ဆီးရီးယားကို တိုက်ခိုက်ဖို့အတွက် အကန့်အသတ်နဲ့ တိုက်မှာလား။ ဒါမှမဟုတ် အချိန်အကန့်အသတ်နဲ့လားဆိုတာကို အချက်ပြရမယ့်သူလို့ အမေရိကန်ပြည်သူတွေကမှတ်ယူထားသူပါ။ ဒီတော့ တိုက်တာက အာဆတ်အစိုးရကို ထိခိုက်မှုအများကြီးမရှိဘူးဆိုရင် သမ္မတကြီးအနေနဲ့ ဘာများအောင်မြင်မှုရမလဲ။**

ဟုတ်ကဲ့ ဂျူဒီရေ။ တစ်ခါထပ်ပြောရရင်တော့ ကျွန်တော် ဆုံးဖြတ်ချက်မချရသေးပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့အနေနဲ့ ဓာတုလက်နက်တွေကို အာဆတ်ကိုဆက်ပြီး အသုံးပြုခွင့်ပေးလိုက်မယ်ဆိုရင် ပြည်တွင်းစစ်တိုက်နေတဲ့ ဒီအစိုးရဟာ နောက်တစ်ကြိမ်လုပ်လို့တော့ မကောင်းတော့ဘူးလို့ဆိုတဲ့ အချက်ပြမှုကို လက်ခံရရှိသွားမှာပါ။ ခင်ဗျားသိတဲ့အတိုင်း ဒါက ဆီးရီးယားနိုင်ငံထဲက ပြဿနာတွေအားလုံးကို မဖြေရှင်းနိုင်ဘူးပေါ့။ နိုင်ငံထဲမှာ အပြစ်မဲ့ပြည်သူတွေ သေဆုံးနေတာကိုလည်း မရပ်တန့်နိုင်ဘူးပေါ့။ ကျွန်တော်တို့ မျှော်လင့်တာကတော့ အဆုံးစွန်အားဖြင့်တော့ ဆီးရီးယားမှာ နိုင်ငံရေးအသွင်ကူးပြောင်းမှုတစ်ရပ်ဖြစ်လာနိုင်ပါတယ်။ ရုရှားအပါအဝင် အခြားနိုင်ငံတွေနဲ့ ပူးတွဲလုပ်ဆောင်သွားဖို့ ကျွန်တော်တို့ ပြင်ဆင်ပြီးပါပြီ။ ဒါပေမဲ့ အာဆတ်အစိုးရကို ကျွန်တော်တို့သိစေချင်တာကတော့ ကိုယ့်ပြည်သူတွေ၊ မိန်းမတွေ၊ ကလေးငယ်လေးတွေကို ဓာတုလက်နက်အမြောက်အမြားသုံးပြီး တိုက်ခိုက်တာဟာ နိုင်ငံတကာစံနှုန်းတွေကို ချိုးဖောက်နေရုံသာမကဘဲ အမေရိကန်ရဲ့ အမျိုးသားအကျိုးစီးပွားတွေကိုပါ ထိခိုက်တဲ့အခြေအနေကို ဖန်တီးမိလျက်သား ဖြစ်နေတာပဲဆိုတာဖြစ်ပါတယ်။

မှတ်ချက်-(သမ္မတအိုဘားမားကဆီးရီးယားကိုတိုက်ခိုက်ဖို့ အရေးအတွက် စစ်ဦးစီးချုပ် တစ်ဦးရဲ့ အာဏာကို တိုက်ရိုက်မသုံးဘဲ ကွန်ဂရက်ကို အတည်ပြုပေးဖို့ ဩဂုတ်၃၁ ညပိုင်းမှာ တောင်းဆိုလိုက်ပါပြီ။ အိုဘားမားက “ဒီနေ့တော့ ကမ္ဘာကြီးကိုအသိပေးရင်း ကွန်ဂရက်ကို ကျွန်တော်တောင်းဆိုလိုက်ရပါတယ်။ ကွန်ဂရက်က အမတ်တိုင်းနဲ့ ကမ္ဘာ့အသိုင်းအဝိုင်းအဖွဲ့ဝင်တိုင်းကို မေး ချင်တာက အာဏာရှင်တစ်ယောက်ဟာ ကလေးတွေကို ရာနဲ့ချီပြီး ဓာတ်ငွေ့တွေနဲ့ သတ်ဖြတ်နေရင်၊ ဘာတာဝန်ခံမှုမှ မပေးရင် ဘယ်လိုသတင်းစကားမျိုး ကျွန်တော်တို့ ပါးရမလဲ” လို့ ဆိုခဲ့ပါတယ်။ ကွန်ဂရက်မှာ ဆီးရီးယားကို တိုက်ဖို့ကိစ္စ ဆွေးနွေးပြီး ဆုံးဖြတ်ချက်ချဖို့ အနည်းဆုံး ၁၀ ရက်ခန့် အချိန်ယူရပါမယ်။)

■

ဆီးရီးယားသမ္မတ အာဆတ်ကတော့ အနောက်နိုင်ငံနဲ့အမေရိကန်နိုင်ငံရဲ့ ၎င်းရဲ့အစိုးရအပေါ် တိုက်ခိုက်လာနိုင်ခြေရှိတာတွေနဲ့ ပတ်သက်လို့ အစိုးရက တိုက်နေတာဟာ အယ်လ်ကိုင်ဒါအကြမ်းဖက်အဖွဲ့နဲ့ ဆက်နွှယ်နေတဲ့ တက်ဖီရီအဖွဲ့တွေဖြစ်ကြောင်း ဆိုပါတယ်။ ဓာတုလက်နက်တွေ သုံးတယ်ဆိုတဲ့ စွပ်စွဲချက်တွေနဲ့ ပတ်သက်လို့လည်း ငြင်းဆန်ထားပြီး အနောက်နိုင်ငံတွေဟာ သူတို့ပြည်သူတွေရဲ့ ဆန္ဒကို မလေးမစားလုပ်ကာ စွပ်စွဲနေကြောင်း၊ ကမ္ဘာမှာ စူပါပါဝါနိုင်ငံကြီးတစ်ခုကနေ အချက်အလက်တွေရှာ သက်သေပြပြီး စွပ်စွဲတာ

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.12, No.26 • SEPTEMBER 4 , 2013

မျိုးကို ခွင့်ပြုတဲ့အဖွဲ့ အစည်းမရှိပါဘူးလို့ဆိုပါတယ်။ အောက်ပါအင်တာဗျူးကောက်နုတ်ချက်ကတော့ သမ္မတအာဆတ်နဲ့ ရုရှားသတင်းစာ အစ်ဇ်ဗဘက်တီယာတို့ရဲ့ တွေ့ဆုံမှုမှ ကောက်နုတ်တင်ပြထားချက်များ ဖြစ်ပါတယ်။

**သမ္မတအာဆတ်ခင်ဗျာ။ ဒီနေ့မေးချင်တာကတော့ ဆီးရီးယားရဲ့ လက်ရှိအခြေအနေပါ။ နိုင်ငံရဲ့ ဘယ်အစိတ်အပိုင်းတွေဟာ သူပုန်တွေရဲ့ လက်အောက်မှာ ရှိနေဆဲဖြစ်ပါသလဲ။**

ကျွန်တော်တို့ ရှုထောင့်က ကြည့်ရင်တော့ သူပုန် (သို့မဟုတ်) အစိုးရကထိန်းချုပ်ထားတဲ့ နယ်မြေတွေကို တံဆိပ်သတ်မှတ်တာမျိုးက အဓိကကိစ္စမဟုတ်ပါဘူး။ ကျွန်တော်တို့က ဒေသတွေ၊ မြို့တွေ၊ မြို့တော်အစွန်အဖျားဧရိယာတွေကို စိမ့်ဝင်လာနေတဲ့ အကြမ်းဖက်သမားတွေကို တိုက်နေတာပါ။ သူတို့က အခြေခံအဆောက်အအုံတွေကို ဖျက်ဆီးပြီး လူတွေကို သတ်ဖြတ်တယ်။ ဒါကြောင့်စစ်တပ်က အဲဒီနေရာတွေကိုသွားရောက်ပြီး ချေမှုန်းဖယ်ရှားတော့ သူတို့ အခြားနေရာကို ထွက်ပြေးကြတယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ လုပ်ဆောင်မှုက အကြမ်းဖက်ဝါဒကို တိုက်ဖျက်နေတာပါ။ နိုင်ငံခြားတိုင်းပြည်တွေကဝင်လာနေတဲ့ အကြမ်းဖက်သမားတွေကလည်း ထောင်၊ သောင်းနဲ့ချီရှိနေတယ်လို့ ခန့်မှန်းထားပါတယ်။ ကျွန်တော်တို့ တိုက်နေတဲ့သူတွေ အများစုက အယ်ကိုင်ဒါမူဝါဒကို ယူထားတဲ့ တက်ဖီရီအဖွဲ့တွေဖြစ်ပါတယ်။ ဒါကြောင့် အကြမ်းဖက်ဝါဒကိုဘယ်နေရာမှာဖြစ်ဖြစ်ကျွန်တော်တို့က ပြန်တိုက်သွားမှာဖြစ်ပါတယ်။

**အနောက်နိုင်ငံ မီဒီယာတွေကတော့ အကြမ်းဖက်သမားတွေက နိုင်ငံရဲ့ ၄၀ မှ ၇၀ ရာခိုင်နှုန်းအထိကို ထိန်းချုပ်ထားနိုင်ပြီလို့ ဆိုနေပါတယ်။ ဒါဆို အမှန်က ဘာများဖြစ်မလဲ။**

နိုင်ငံရဲ့နေရာတိုင်းမှာ စစ်တပ်ကို အပြည့်အဝချထားနိုင်တဲ့ နိုင်ငံမျိုး ကမ္ဘာမှာ ဘယ်မှာမှ မရှိပါဘူး။ အကြမ်းဖက်သမားတွေက ဒါကိုအခွင့်အရေးယူနေတာပါ။ တပ်မရှိတဲ့နေရာတွေကိုထိုးဖောက်နေတာပါ။ သူတို့ဟာ တစ်နေရာက တစ်နေရာကို လွတ်မြောက်ထွက်ပြေးနေပြီး ဒီနေရာတွေကို ကျွန်တော်တို့က အောင်မြင်မှုအပြည့်နဲ့ လိုက်ပါချေမှုန်းနေပါတယ်။ ဒါကြောင့် ဒီကိစ္စက သူတို့သိမ်းယူတပ်စွဲထားတဲ့နေရာတွေရဲ့ ပမာဏမဟုတ်ပါဘူး။ ပြင်ပကနေ ဝင်လာနေတဲ့အကြမ်းဖက်သမားတွေရဲ့ စီးဝင်မှုကြောင့်ပါ။

**သမ္မတကြီးခင်ဗျာ။ ဒီအင်တာဗျူးကို နိုင်ငံတကာဘာသာပေါင်းစုံနဲ့ ပြန်ဆိုကြမှာဖြစ်ပြီး ကမ္ဘာ့ခေါင်းဆောင်တွေကလည်း ဖတ်မိကြမှာပါ။ တချို့ကလည်း သမ္မတကြီးကို ဆန့်ကျင်တဲ့သူတွေ ဖြစ်ကောင်းဖြစ်မှာပါ။ သူတို့ကို ဘာများပြောချင်ပါသလဲ။**

ယနေ့ခေတ်မှာအနောက်နိုင်ငံ နိုင်ငံရေးသမားတွေက အများကြီးပဲ။ ဒါပေမဲ့ လူနည်းနည်းကပဲ တိုင်းပြုပြည်ပြုပုဂ္ဂိုလ် Statemen တွေ ဖြစ်ကြပါတယ်။ တချို့နိုင်ငံရေးသမားတွေဆိုရင် သမိုင်းမသိဘူး။ သင်ခန်းစာမယူတတ်ကြဘူး။ တချို့ကျတော့လည်း မကြာသေးမီက အဖြစ်အပျက်တွေကိုတောင် မမှတ်မိနိုင်ကြဘူး။ ဗီယက်နမ်စစ်ပွဲကစလို့ စစ်ပွဲကိုစတင်ခဲ့တဲ့သူတွေဟာ ရှုံးခဲ့တာချည်းပဲဆိုတာကို သူတို့မသိကြရှော့သလား။ ဒီစစ်ပွဲတွေကနေ သူတို့ဝင်တိုက်တဲ့နိုင်ငံတွေ ပျက်စီးတာကလွဲလို့ ဘာမှမရခဲ့ဘူးဆိုတာ မသိဘူးလား။ ဒါတွေက အရှေ့အလယ်ပိုင်းဒေသနဲ့ အခြားကမ္ဘာ့နေရာတွေကိုသာ မတည်ငြိမ်စေတဲ့ အကျိုးဆက်တွေသာ ဖြစ်စေလိမ့်မယ်။

ကမ္ဘာကို ကျွန်တော်ပေးချင်တဲ့ သတင်းစကားကတော့ တစ်ခုတည်းပါပဲ။ ဆီးရီးယားဟာ ဘယ်တော့မှ အနောက်နိုင်ငံ ဩဇာခံရုပ်သေးရုပ်တစ်ရုပ်ဖြစ်လာလိမ့်မယ် မဟုတ်ပါဘူး။ ကျွန်တော်တို့က လွတ်လပ်တဲ့နိုင်ငံတစ်ခုဖြစ်ပြီး အကြမ်းဖက်ဝါဒကို ဆက်တိုက်သွားမှာပါ။ ဆီးရီးယားပြည်သူတွေ အကျိုးစီးပွားအတွက် အကောင်းဆုံးထိုက်တန်တဲ့ နိုင်ငံတွေနဲ့ ဆက်ဆံရေးတွေကို လွတ်လပ်စွာတည်ဆောက်သွားမှာပါ။

**ဩဂုတ် ၂၁ ရက်က ဆီးရီးယားအစိုးရဟာ ဓာတုလက်နက်တွေသုံးပြီး တိုက်ခိုက်ခဲ့တယ်လို့ သူပုန်တွေက စွပ်စွဲခဲ့ကြပါတယ်။ တချို့အနောက်နိုင်ငံခေါင်းဆောင်တွေကလည်း ဒီစွပ်စွဲချက်တွေကို လက်ခံခဲ့ကြပါတယ်။ သမ္မတကြီးအနေနဲ့ ဒါကို ဘယ်လိုတုံ့ပြန်မှာလဲ။**

အမေရိကန်အစိုးရနဲ့ အနောက်နိုင်ငံတချို့ဟာ သူတို့ပြည်သူလူထုရဲ့ အမြင်တွေကို မလေးစားဘဲ အဓိပ္ပာယ်မရှိတဲ့ကြေညာချက်တွေ ထုတ်ခဲ့ပါတယ်။ စူပါပါဝါနိုင်ငံတစ်ခုကနေပြီး စွပ်စွဲချက်တွေထုတ် ပြီးတော့ သက်သေပြဖို့ အထောက်အထားတွေရှာဖွေမယ်ဆိုတာမျိုး ကမ္ဘာမှာ ဘယ်အဖွဲ့အစည်းမှ အဲဒီလိုမရှိပါဘူး။ အမေရိကန်တွေက ဗုဒ္ဓဟူးနေ့က ကြေညာချက်ထုတ်ပြီး နောက်နှစ်ရက်လောက်ကြာတော့ အထောက်အထားတွေ စတင်စုဆောင်းတော့မယ်ပြောတယ်။ အဝေးကြီးမှာနေပြီး ဘာအထောက်အထားတွေ စုဆောင်းမှာလဲ။ ဒီစွပ်စွဲချက်တွေဟာ လုံးဝပဲနိုင်ငံရေးအရလုပ်တာဖြစ်ပြီး အကြမ်းဖက်သမားတွေကို ဆီးရီးယားအစိုးရက အသာစီးရနေတာကို တန်ပြန်တိုက်ခိုက်တာပါပဲ။

အကြမ်းဖက်သမားတွေက အလက်ပိုမြို့တော်ပြင်ပကို ဒုံးကျည်တွေနဲ့ပစ်ပြီး အဆိပ်ဓာတ်ငွေ့တွေ ကြဲချတော့ ကုလဦးဆောင်တဲ့ စုံစမ်းစစ်ဆေးမှုတွေ လုပ်ဖို့ အရင်ဆုံးတောင်းဆိုတာ ကျွန်တော်တို့ပါ။ ဒီတိုက်ခိုက်မှုမဖြစ်ခင် လပေါင်းများစွာကတည်းက အမေရိကန်နဲ့ အနောက်နိုင်ငံမီဒီယာတွေက ဆီးရီးယားအစိုးရက ဓာတုလက်နက်တွေ သုံးလာနိုင်တယ်ဆိုတဲ့ အမြင်မျိုး ပြည်သူတွေမှာ ရှိလာအောင်ပြင်ဆင်ခဲ့ပြီးသွားပါ။ ဒါက သူတို့ဟာ အကြမ်းဖက်သမားတွေက ဒီလက်နက်တွေသုံးဖို့ ရည်ရွယ်ထားတာတွေကို ဆီးရီးယားအစိုးရအပေါ် အပြစ်ပုံချဖို့လားဆိုတဲ့ ကျွန်တော်တို့ သံသယရှိထားတာကိုပိုပြီးတိုးလာနေစေပါတယ်။

*—Ref: 1. President Obama: 'I Have Not Made a Decision' on Syria, pbs.org. 28th August.*
*2. Assad Warns: "Syria Will Never Become A Western Puppet State" Inerview, zerohedge.com, 27th August.*

## Leader's Profile

## မက်စီဒိုးနီးယားသမ္မတ ဂျော်ဂျီအီဗာနော့ဗ်

ရဲမင်း



ဒေါက်တာ ဂျော်ဂျီအီဗာနော့ဗ်သည် ၂၀၀၉ ခုနှစ်မှစ၍ မက်စီဒိုးနီးယားနိုင်ငံသမ္မတအဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်သည်။

မက်စီဒိုးနီးယားနိုင်ငံ ဗာလန်ဒိုဗိုမြို့၌ ၁၉၆၀ ပြည့်နှစ် မေလ ၂ ရက် က မွေးဖွားခဲ့သူ အီဗာနော့ဗ်သည် ယင်းမြို့လေးမှာပင် အခြေခံပညာသင်ယူခဲ့ပြီး အသက်(၂၇) နှစ်အထိ မွေးရပ်မြေမှာပင်နေထိုင်ခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် အီဗာနော့ဗ်သည် မက်စီဒိုးနီးယား ရေဒီယိုနှင့် ရုပ်မြင်သံကြားဌာနတွင် အယ်ဒီတာတစ်ဦးဖြစ်လာသည်။

မက်စီဒိုးနီးယားနိုင်ငံ မြို့တော်စကော့ပ်ဂျီတက္ကသိုလ်၌ တက်ရောက်ခဲ့သော အီဗာနော့ဗ်သည် နောက်ပိုင်းတွင် ယင်းတက္ကသိုလ်မှာပင် နိုင်ငံရေးသီအိုရီနှင့် နိုင်ငံရေးအတွေးအခေါ် ဘာသာရပ်ကို သင်ကြားပို့ချသည်။ ၁၉၉၉ ခုနှစ်တွင် ဂရိနိုင်ငံ အေသင်တက္ကသိုလ်၌ ဥရောပအရှေ့တောင်ပိုင်း အစီအစဉ် ညှိနှိုင်းပါမောက္ခအဖြစ် သွားရောက်တာဝန်ထမ်းဆောင်သည်။ ဘိုလော့နာတက္ကသိုလ်၊ ဆာရာဂျေဗိုတက္ကသိုလ်များတွင်လည်း သင်ကြားပို့ချမှုတာဝန်များ ထမ်းဆောင်ခဲ့သူ အီဗာနော့ဗ်သည် မက်စီဒိုးနီးယားနိုင်ငံ အဆင့်မြင့်ပညာအကဲဖြတ်ကောင်စီတွင် တာဝန်ပြန်လည်ထမ်းဆောင်ခဲ့သည်။

မစ္စတာအီဗာနော့ဗ်သည် ယူဂိုစလားဗီးယားခေတ်မှာပင်နိုင်ငံရေးတွင် တက်ကြွစွာပါဝင်ခဲ့ပြီး နိုင်ငံရေးဗဟုဝါဒနှင့် ဈေးကွက်စီးပွားရေးကို တွန်းအားပေးခဲ့သည်။ မက်စီဒိုးနီးယားနိုင်ငံရေးသိပ္ပံအစည်းအရုံးကို တည်ထောင်သူနှင့် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌလည်းဖြစ်သည်။ ထို့အပြင် မစ္စတာအီဗာနော့ဗ်သည် နိုင်ငံရေးစီမံခန့်ခွဲမှုကဏ္ဍတွင် အထူးပြုသော အရပ်ဘက်လူ့အဖွဲ့အစည်း ထိပ်သီးကျွမ်းကျင်သူအဖြစ် ယူဆခြင်းခံရသည်။

၂၀၀၉ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် မက်စီဒိုးနီးယားပါလီမန် အင်အားအကောင်းဆုံး VM-RO-DPMNE ကွန်ဆာဗေးတစ်ပါတီက မစ္စတာအီဗာနော့ဗ်ကို ၎င်းတို့၏ သမ္မတလောင်းအဖြစ် ခန့်အပ်ခဲ့သည်။ ပါတီဝင်မဟုတ်သော်လည်း ပါတီကိုယ်စားလှယ်များက သမ္မတလောင်းအဖြစ် လက်ခံခဲ့သည်။ အကယ်၍ သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရပါက နိုင်ငံအမည် အငြင်းပွားမှုနှင့်ပတ်သက်၍ ဂရိသမ္မတနှင့် တွေ့ဆုံသွားမည်ဟု ပြောကြားသည်။

သမ္မတရွေးကောက်ပွဲဒုတိယအကျော့တွင် ဆိုရှယ်ဒီမိုကရက်ပါတီ သမ္မတလောင်း ဖရစ်ကိုစကီးကို မဲအပြတ်အသတ်ဖြင့် အနိုင်ရရှိခဲ့ပြီး နောက်တစ်ရက်မှာပင် ဂရိသမ္မတ ပါပိုလီယက်စ်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ အားလုံးပေါင်းစည်းရေး ဒီမိုကရက်တစ် ပြည်ထောင်စုပါတီဥက္ကဋ္ဌ အလီအာမက်တီနှင့်လည်း တွေ့ဆုံခဲ့ပြီး အယ်လ်ဘေးနီးယားလူမျိုး ပညာတတ်များကို သမ္မတ၏ အစိုးရအဖွဲ့တွင် ထည့်သွင်းသွားမည်ဟု ပြောကြားခဲ့သည်။

မစ္စတာအီဗာနော့ဗ်သည် ၂၀၀၉ ခုနှစ် မေလ ၁၂ ရက်တွင် မက်စီဒိုးနီးယားနိုင်ငံ၏ စတုတ္ထမြောက် သမ္မတအဖြစ် စတင်တာဝန်ယူခဲ့သည်။ ကျမ်းသစ္စာကျိန်ဆိုပြီး ပါလီမန်၌ စကားပြောရာတွင် အီးယူနှင့် နေတိုးအဖွဲ့ဝင်ဖြစ်ရေး၊ စီးပွားရေးပြန်လည်နာလန်ထူရေး၊ ပြည်တွင်းတည်ငြိမ်မှု၊ လူမျိုးအချင်းချင်း ဆက်ဆံရေး၊ အိမ်နီးချင်း၊ အထူးသဖြင့် ဂရိနိုင်ငံနှင့် ဆက်ဆံရေးကောင်းထားရှိရေး နိုင်ငံအတွက် ၎င်း၏ဦးစားပေးအစီအစဉ်များကို ထုတ်ဖော်ပြောကြားသည်။

မက်စီဒိုးနီးယားသမ္မတ မစ္စတာ အီဗာနော့ဗ်သည် ဇနီးသည် မာဂျာအီဗာနိုဗာနှင့် သားတစ်ဦး ထွန်းကားထားသည်။

*—Ref: Wikipedia*

# ကြယ်တာရာစစ်ပွဲဒုံးကျည်စနစ် ၂၀၁၇တွင် ရုရှား အကောင်အထည်ဖော်မည်

**မော်စကို၊ ဩဂုတ်-၃၁**

ရုရှားကာကွယ်ရေးဝန်ကြီးဌာနသည် ၂၀၁၇ခုနှစ်တွင် အာကာသတွင်းမှ ပစ်မှတ်များကိုပစ်ခတ်နိုင်သော အဆင့်မြင့်ဒုံးကျည်စနစ်များ ချထားမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနအဆင့်မြင့်အရာရှိကြီးတစ်ဦးက ရုရှားသတင်းဌာနများအားပြောသည်။

"အားကိုးအားထားပြုနိုင်မယ့် S-500 လေကြောင်းကာကွယ်ရေးဒုံးကျည်စနစ်တွေကို ထုတ်လုပ်နေတဲ့ အဆင့်ရောက်နေပါပြီ။ ၂၀၁၇ ခုနှစ်မှာ ချထားဖို့စီစဉ်ထားပါတယ်"ဟု သတင်းရင်းမြစ်ကိုကိုးကား၍ ရုရှားအင်တာဖက်စ်သတင်းဌာနကပြောသည်။

ယင်းတာဝေးပစ်စနစ်သည် အာကာသထဲတွင် ရှိနေသောပစ်မှတ်များကိုပင်ဖျက်ဆီးနိုင်စွမ်းရှိပြီး ရုရှားနိုင်ငံဒေသအားလုံးကို လွှမ်းခြုံမှုရှိကြောင်း သတင်းရင်းမြစ်က ဆက်လက်ပြောသည်။

ရုရှားသည် ဥရောပတိုက်အတွက် အမေရိကန်တည်ဆောက်နေသော ဒုံးကျည်ကာကွယ်ရေး အစီအစဉ်များကို ဆန့်ကျင်နေစဉ်မှာပင် အဟန့်အတား အဖြစ်အသုံးပြုနိုင်ရန် ပိုမိုထိရောက်သော ဒုံးကျည်ကာကွယ်ရေးစနစ်များဖော်ထုတ်နေသည်။

ရုရှားနိုင်ငံတွင် လက်ရှိအသုံးပြုနေသော လေကြောင်းရန်ကာကွယ်ရေး၊ ဒုံးကျည်ကာကွယ်ရေးစနစ်မှာ S-400 စနစ်ဖြစ်ပြီး ကီလိုမီတာ ၄၀၀ အထိလက်လှမ်းမီသည်။ ရုရှားစစ်တပ်သည် လာမည့်ဆယ်စုနှစ်အတွင်း S-400 ဒုံးခွင်းဒုံးစနစ် ၂၈ခုကို ရယူသွားမည်ဖြစ်ကြောင်း သမ္မတဗလာဒီမာပူတင်ကပြီးခဲ့သည့်နှစ်ကပြောကြားခဲ့သည်။

*—Ref: AP*

7 DAY NEWS JOURNAL
Vol.12, No.26 • SEPTEMBER 4 , 2013

# အိန္ဒိယတွင် အစ္စလာမ်ဘာသာရေး ခေါင်းဆောင်များက ကာတွန်းကားမကြည့်ရန် အမိန့်ထုတ်ပြန်

**နယူးဒေလီ၊ဩဂုတ်-၃၁**

အိန္ဒိယနိုင်ငံတွင်ရှိသော အစ္စလာမ်ဘာသာရေးခေါင်းဆောင်များသည် ကာတွန်းရုပ်ရှင်များကြည့်ခြင်းသည် အစ္စလာမ်ဘာသာ အခြေခံများနှင့် ဆန့်ကျင်သည်ဟုသတ်မှတ်ကာဖတ္တဝါခေါ် ဘာသာရေးတားမြစ်အမိန့် ထုတ်ပြန်လိုက်သည်။

ဘန်ဂလိုအခြေစိုက် ဒက်ကန်ဟာရယ်သတင်းတွင် ဖော်ပြချက်အရ ဝါရင့်အစ္စလာမ်ဆရာတစ်ဦးဖြစ်သော မတ်ဖတီအာရစ်ဖ်ကွာစမီက "ကာတွန်းဆိုတာရုပ်ပုံတစ်ခုဖြစ်ပါတယ်။ ဒါ့အပြင် ကလေးတွေအတွက်လည်းမဟုတ်ပါဘူး။ ဒါကိုမကြည့်သင့်ပါဘူး" ဟုပြောသည်။ သို့သော် အစ္စလာမ်ဘာသာတွင် သက်ဝင်လှုပ်ရှားနေသော အန်နီမေးရှင်းကာတွန်းရုပ်ရှင်များကို ကြည့်ရှုခြင်းနှင့်ပတ်သက်၍ ဘုရားသခင်အလ္လာ၏ ပုံရိပ်ကို အတုပြု၍ လုပ်ဆောင်ဖန်တီးခြင်းကိုသာ တားမြစ်သင့်ကြောင်း ကန့်သတ်ချက်ရှိသည်ဟု အနက်ဖွင့်ကြသည်။ သို့သော် အချို့သော ဘာသာရေးသုတေသီများကလည်း ဓာတ်ပုံများနှင့် ဗီဒီယိုများကိုမူ ကြည့်ခွင့်ပြုသင့်ကြောင်း ဆိုသည်။ အစ္စလာမ်ပညာရှင်များပြုလုပ်ခဲ့သည့် ယင်း Darul Uloom စည်းဝေးပွဲတွင် ထိုသို့ ဆုံးဖြတ်ခဲ့မှုကို All India Personal Law Board အဖွဲ့မှ အဖွဲ့ဝင်တစ်ဦးက ဆုံးဖြတ်ချက်သည် အစ္စလာမ်ဘာသာကို လှောင်ပြောင်နေသည့်သဘောဆောင်ကြောင်း ဝေဖန်ခဲ့သည်။ "ဒီဖတ္တဝါကို ထုတ်ပြန်တဲ့ မတ်ဖတီတွေဟာ ကာတွန်းအနုပညာကို စိတ်ထဲမှာနားလည်နိုင်လောက်တဲ့ အသိပညာရှိမယ်လို့ ကျွန်တော်တော့ မထင်ဘူး" ဟု ၎င်းကပြောသည်။

ယခုတစ်ကြိမ်သည် အဆိုပါအဖွဲ့၏ဆွေးနွေးပွဲမှ ထုတ်ပြန်သော ပထမဆုံးအကြိမ် အငြင်းအခုံဖြစ်ဖွယ်ရာ ဆုံးဖြတ်ချက်မဟုတ်ပေ။ ယခင်ကလည်း ထိုဘာသာရေးဆရာများ၏ ဆွေးနွေးပွဲသည် အမျိုးသမီးများအား ရေမွှေးတွင် အယ်လ်ကိုဟောပါဝင်နေသည့်အတွက် အသုံးမပြုရန်၊ ဆေးမင်ကြောင်မထိုးရန်၊ ဂျင်းဘောင်းဘီ မဝတ်ရန်နှင့် အနောက်တိုင်းဆံပင်ပုံစံများမထားရန် ကန့်သတ်တားမြစ်ခဲ့ဖူးသည်။ *—Ref: BBC*



ANINDITO MUKHERJEE/REUTERS

*အရပ်ဝတ်နှင့်ရဲများက ခေါင်းတွင်ပဝါဖြင့်အုပ်ထားသော ဒေလီအဓမ္မမှုမှ တရားခံဆယ်ကျော်သက်လူငယ်ကို ခြံရံ၍ခေါ်လာစဉ်။ ထိုလူငယ်အား တရားရုံးမှ ပြုပြင်ရေးစခန်းတွင် သုံးနှစ်နေရန် အမိန့်ချမှတ်ခဲ့ပြီး ထိုဆုံးဖြတ်ချက်မှာ တရားရုံးတင်စစ်ဆေးပြီးနောက် ပထမဆုံးချမှတ်ခဲ့သည့် စီရင်ချက်လည်း ဖြစ်သည်။*

# နယူးဒေလီ အုပ်စုလိုက်အဓမ္မမှုမှ လူငယ်တရားခံအား ပြုပြင်ရေးစခန်းတွင် သုံးနှစ်နေရန် အမိန့်ချ

**နယူးဒေလီ၊ဩဂုတ်-၃၁**

၂၀၁၂ ဒီဇင်ဘာက တစ်နိုင်ငံလုံးတွင် ကန့်ကွက်ဆန္ဒပြမှုများကိုဖြစ်ပေါ်စေခဲ့သည့် နယူးဒေလီ၌ ဆေးကျောင်းသူတစ်ဦးအား အုပ်စုလိုက်အဓမ္မပြုမှုတွင် ပါဝင်ခဲ့သူတစ်ဦးဖြစ်သည့် ဆယ်ကျော်သက်လူငယ်အားတရားရုံးစစ်ဆေးခဲ့ရာတွင် အပြစ်ရှိကြောင်းတွေ့ရ၍ လူငယ်ပြုပြင်ရေးစခန်း၌ သုံးနှစ်နေထိုင်ရန် ပြစ်ဒဏ်ချမှတ်ခဲ့သည်။

ထိုလူငယ်မှာ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ခဲ့သူများအနက် အငယ်ဆုံးဖြစ်ကာ ပြစ်မှုကျူးလွန်စဉ်ကာလက အသက်မပြည့်သေးဘဲ ၁၇ နှစ်သာ ရှိခဲ့သည်။ ၎င်းသည် အခြားဖမ်းဆီးခံရသည့် အရွယ်ရောက်သူအမျိုးသားလေးဦးကဲ့သို့ ပင်ပြစ်မှုကျူးလွန်ခြင်းမရှိကြောင်း ငြင်းဆန်ခဲ့သည်။ သို့သော် တရားရုံးက ပြစ်မှုကျူးလွန်ကြောင်း ဆုံးဖြတ်ခဲ့ကာ ယခုကဲ့သို့ ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။ တရားရုံး ပြစ်ဒဏ်ကြောင့် တရားခံလူငယ်၏ မိခင်မှာ မျက်ရည်များဖြင့်ရှိနေခဲ့ကာ မိဘနှစ်ပါးလုံးက ပြစ်ဒဏ်ကြောင့် စိတ်ပျက်ရကြောင်း ပြောသည်။ သို့သော် တရားရုံးအပြင်ဘက်တွင် ဆန္ဒပြသူအနည်းငယ်က လူငယ်အား သေဒဏ်ပေးရန် တောင်းဆိုနေခဲ့သည်။

ဒေလီအုပ်စုလိုက်အဓမ္မမှုတွင် တရားခံခြောက်ဦးရှိရာ တစ်ဦးမှာ မတ်လက ၎င်းကိုချုပ်နှောင်ထားရာ အကျဉ်းခန်းတွင် သေဆုံးသွား၍ လူကြီးလေးဦးနှင့် လူငယ်တစ်ဦးသာ တရားခံများစာရင်းတွင်ကျန်ရှိနေခြင်းဖြစ်သည်။ ကျန်ရှိသည့် အရွယ်ရောက်သူ တရားခံလေးဦးမှာ တရားရုံးပြစ်ဒဏ်များအရ သေဒဏ်ချမှတ်ခံရနိုင်ဖွယ်ရှိသည်။ အမှုများကိုစက်တင်ဘာလအတွင်း စီရင်ချက်ချမှတ်သွားရန်ရှိသည်။ *—Ref: BBC*


## SCG Sharing the Dream

အရှေ့တောင်အာရှနိုင်ငံများအဖွဲ့(ASEAN) ၏ ရှေ့ဆောင်လုပ်ငန်းစုကြီးတစ်ခုဖြစ်သော SCG သည် ရန်ကုန်တိုင်းဒေသကြီးနှင့်မွန်ပြည်နယ်တို့ရှိ အထက်တန်းကျောင်းသူကျောင်းသား ၂၀၀ တို့အား ပညာသင် ဆုများပေးအပ်ထားပါသည်။



လိုအပ်ချက်များ
- အခြေခံပညာအထက်တန်း အဆင့်နဝမတန်း(Grade 10) (သို့မဟုတ်) ဒသမတန်း (Grade 11) တွင်လက်ရှိ ပညာသင်ကြားနေသူ ဖြစ်ရပါမည်။
- ရန်ကုန်တိုင်းဒေသကြီး (သို့မဟုတ်) မွန်ပြည်နယ်တို့တွင် အမြဲတမ်းနေထိုင်သူဖြစ်ရပါမည်။
- ပညာသင်ဆုအား ဂုဏ်ငွေနည်းပါးသော မိဘားစုများမှ ကျောင်းသူကျောင်းသားများ မည်သူမဆိုဝင် ရောက်လျှောက်ထားနိုင်ပါသည်။ အရွေးချယ်ခံရသူများအားတစ်ဦးလျှင် ပညာသင်ထောက်ပံ့စရိတ် နှင့် ကျောင်းသုံးပစ္စည်းများဝယ်ယူရန်အတွက် ငွေကျပ် ၂၀၀,၀၀၀ မျှပေးအပ်သွားမည်ဖြစ်သည့်အပြင် ပညာရေးဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲတစ်ခုသို့လည်း တက်ရောက်ခွင့် နှင့် ပညာသင်ဆုပေးအပ်ချီးမြှင့်ပွဲ အပြီးတွင် ကျင်းပသွားရန်ရှိသည့် လူမှုအကျိုးပြု လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ခွင့် ရရှိမည်ဖြစ်ပါသည်။

လျှောက်ထားခြင်း
- လျှောက်ထားမည့်ကျောင်းသူကျောင်းသားများအနေဖြင့်အချက်အလက်များဖြည့်သွင်းရန်ပုံစံ အား သက်ဆိုင်ရာ ကျောင်းရုံးခန်းတွင်ထုတ်ယူပြီးပြည့်စုံစွာဖြည့်သွင်း ကြရမည်ဖြစ်ပါသည်။ အချက်အလက် ပုံစံတွင် အိမ်တွင်မိဘများအားမည်သို့မည်ပုံကူညီလုပ်ကိုင်ပေးသည် ဆိုသည့်အချက် များပြည့်စုံစွာ ဖော်ပြရေးသားထားသော စာပိုဒ် တစ်ပိုဒ် ပါဝင်ရမည်ဖြစ်ပါသည်။
- အချက်အလက်ပုံစံအားပြန်လည်ပေးပို့ရာတွင် မိမိ၏ ဓါတ်ပုံတစ်ပုံ၊ အတန်းပိုင်ဆရာ၏ ထောက်ခံချက်၊ မိမိ၏ ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံ၊ ဆက်သွယ်ရန် တယ်လီဖုန်း နံပါတ်များကို ထည့်သွင်း ဖော်ပြပေးရပါမည်။
- အချက်အလက်ပုံစံနှင့် အခြားလိုအပ်သည့် စာရွက်စာတမ်းအပြည့်အစုံအား ၂၀၁၃ခုနှစ်၊ စက်တင် ဘာလ ၂ ရက်နေ့မှ စက်တင် ဘာလ ၂၀ ရက်နေ့ ကာလအတွင်း ပြန်လည်ပေးပို့လျှောက် ထားကြရမည်ဖြစ်ပါသည်။



ပိုမိုသိရှိလိုပါကအောက်ဖော်ပြပါ လိပ်စာအတိုင်း ဆက်သွယ်စုံစမ်းနိုင်ကြပါသည်။
Myanmar Business Executive (MBE)
ဆက်သွယ်ရမည့် သူ ....................မရွှေစင်နွယ်
ရုံးသုံးတယ်လီဖုန်း......................၀၁ ၅၁၆၆၃၉
ရုံးလိပ်စာ.................အခန်းနံပါတ် ၆၀၄၊ ပန်ဩ တာဝါ၊ အမှတ် (၈) ဘားဂရာလမ်း၊ ဘားဂရာလမ်းနှင့် မဟာဗန္ဓု
လလမ်းထောင့်၊စမ်းချောင်း မြို့နယ်၊ရန်ကုန်။

100 SCG


# ကိုလိုနီခေတ်က ကျူးလွန်ခဲ့သော သုတ်သင်မှုများအတွက် အင်ဒိုနီးရှားပြည်သူများကို နယ်သာလန်အစိုးရ တောင်းပန်မည်

**သည်ဟိဂ်၊ဩဂုတ်-၃၁**

နယ်သာလန်အစိုးရသည် ၎င်း၏ ကိုလိုနီဟောင်း အင်ဒိုနီးရှားနိုင်ငံတွင် ၁၉၄၅-၄၉ ကာလအတွင်း ဒတ်ချ်တပ်မတော်က လုပ်ဆောင်ခဲ့သည့် သုတ်သင်သတ်ဖြတ်မှုများအတွက် အများပြည်သူသို့တောင်းပန်ဝန်ချမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

နယ်သာလန်ဝန်ကြီးချုပ်မာတ်ရက်တီက ၎င်းတို့သည် ထိုစဉ်က သေဆုံးခဲ့ရသူများအတွက် ယူရိုနှစ်သောင်းပေးလျော်သွားမည်ဖြစ်ကြောင်း ကြေညာခဲ့ကာ အစိုးရ၏ နိုင်ငံတော်အဆင့် တောင်းပန်မှုကို ဂျကာတာတွင် စက်တင်ဘာ ၁၂ ရက်၌ အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ နယ်သာလန်သံအမတ်ကြီးက ဆောင်ရွက်သွားမည်ဟု အစိုးရ၏ပြန်တမ်းတွင် ဖော်ပြသည်။ နယ်သာလန်အစိုးရသည် အင်ဒိုနီးရှားနိုင်ငံတွင် ကိုလိုနီခေတ်က သုတ်သင်မှုများအတွက် ယခင်ကလည်း တောင်းပန်ခဲ့ကာ သက်ဆိုင်ရာအမှုများတွင် ကျန်ရစ်ခဲ့သည့် ဆွေမျိုးသားချင်းများအား လျော်ကြေး များထုတ်ပေးခဲ့သော်လည်း မှားယွင်းကြောင်း ဝန်ချတောင်းပန်ခြင်းကိုမူ တစ်ခါမျှမပြုလုပ်ခဲ့ဖူးပေ။

နယ်သာလန်တပ်ဖွဲ့များသည် အင်ဒိုနီးရှားတို့၏ ကိုလိုနီလွတ်မြောက်ရေးကာလအတွင်း နှိပ်ကွပ်သုတ်သင်မှုများ ပြုလုပ်ခဲ့ပြီး ၁၉၄၉ တွင် ပြီးဆုံးသည့် အင်ဒိုနီးရှားလွတ်မြောက်ရေးစစ်ပွဲကာလအတွင်း လူပေါင်းထောင်နှင့်ချီ၍ အသက်ဆုံးရှုံးခဲ့ရသည်။ ထိုစစ်ပွဲကာလအတွင်းနယ်သာလန်တပ်ဖွဲ့များ၏ ဆောင်ရွက်ချက်မှာ နှစ်နိုင်ငံကြား နှစ်ပေါင်းခြောက်ဆယ်ခန့်ကြာအောင် ရှုပ်ထွေးသော ပြဿနာတစ်ရပ်အဖြစ် တည်ရှိခဲ့ရသည်။ *—Ref: AP*

Entertainment

7DAY NEWS JOURNAL

Vol.12, No.26 • SEPTEMBER 4 , 2013



# နန်းတွင်းဒရာမာဇာတ်လမ်းတွဲမှာ ဗီလိန်အဖြစ် သရုပ်ဆောင်မယ့် ဆိုဝူး

**ဆိုးလ်၊ ဩဂုတ်-၃၀**

တောင်ကိုရီးယားသရုပ်ဆောင်မင်းသမီးဆိုဝူးသည် MBC ရုပ်သံလိုင်း၏ နန်းတွင်းဒရာမာဇာတ်လမ်းတွဲသစ်တွင် ဗီလိန်ဇာတ်ကောင်တစ်ဦးအဖြစ် သရုပ်ဆောင်မည်ဖြစ်သည်။

ဆိုဝူးပါဝင်သရုပ်ဆောင်မည့်ဇာတ်လမ်းတွဲသစ်မှာ 'Emperor's Daughter, Soo Baek Hyang 'ဖြစ်ပြီး ယင်းဇာတ်လမ်းတွဲ၌ ဆိုဝူးသည် ယောကျ်ားများကို ညှို့ယူဖမ်းစားနိုင်သော ရက်စက်သည့် မိန်းကလေးတစ်ဦးအဖြစ် သရုပ်ဆောင်မည်ဖြစ်ကြောင်း အေဂျင်စီက ဩဂုတ် ၃၀ရက်တွင် အတည်ပြုပြောကြားသည်။

ယင်း ဇာတ်လမ်းတွဲသည် တောင်ကိုရီးယားရှေးဟောင်း ဘတ်ဂျယ်ခေတ်နန်းတွင်းဇာတ်လမ်းကိုဇာတ်အိမ်တည်ထားသည်။ ဆိုဝူးသည် ဇာတ်လမ်းတွဲ၌ အာဏာနှင့်ကြွယ်ဝချမ်းသာမှုတို့ အတွက် အလှအပကို အသုံးချနေသော ရည်မှန်းချက်ကြီးသည့် 'ဆိုဟီး'အဖြစ် သရုပ်ဆောင်ရမည်ဖြစ်သည်။

ယင်းဇာတ်လမ်းတွဲသည် သရုပ်ဆောင်ဆိုဝူးအတွက် ဒုတိယမြောက် နန်းတွင်းဒရာမာဇာတ်လမ်းတွဲဖြစ်သည်။ အဆိုပါဇာတ်လမ်းတွဲကို စက်တင်ဘာလကုန်တွင် MBC ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

*—Ref: TenAsia*

# "သီချင်းမြူးမြူးရေးရတာ အချစ်သီချင်းထက်ပိုခက်တယ်"

**Bobby Soxer နှင့် တွေ့ဆုံခြင်း** ဇွဲဉာဏ်

ရက်ပ်သီချင်းစာသားမြန်မြန် သီဆိုသူများကို ပရိသတ်များက Twitter ဟု သတ်မှတ်လေ့ရှိကြရာ ယင်းကဲ့သို့သီဆိုမှုများတွင် Bobby Soxer ကို ပရိသတ်များက အမျိုးသမီး Twitter အဖြစ် သတ်မှတ်ထားသည်။ အသက်ငယ်သော်လည်း ရက်ပ်သီချင်းများကို ပိုင်ပိုင်နိုင်နိုင်သီဆိုရုံသာမက ကိုယ်တိုင်ဖန်တီးမှုအားကောင်းသော Bobby Soxer ကို ပရိသတ်များ အသိအမှတ်ပြုခဲ့ပြီး ရှေ့မှ နောင်တော်များကလည်း လက်ကမ်းကြိုခဲ့ကြသည်။ လွှမ်းပိုင်နှင့် လိုက်ဖက်ညီညီသီဆိုထားသော စုံတွဲခွေဒုံးပုံစီးရီး ထွက်ရှိခဲ့ရာတွင် ယခင်ထက်အောင်မြင်မှု ပိုမိုရရှိလာခဲ့ပြီး ဖျော်ဖြေပွဲတိုင်းလိုလိုတွင် ပရိသတ်အားပေးမှုအပြည့် ရရှိနေသည့် Bobby Soxer နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။



ဓာတ်ပုံ-ကျော်ဇင်သန်း

**ဖျော်ဖြေပွဲတစ်ခုမှာပါဝင်ဖို့ ဘာကိုကြည့်ပြီး ရွေးချယ်ဖြစ်လဲ။**

ထက်ထက်ကစီစဉ်သူကိုရွေးချယ်တာတော့မရှိပါဘူး။ ဒါပေမဲ့ဖျော်ဖြေပွဲတစ်ခုက အဆိုတော်အမိုက်စားတွေခေါ်ရုံနဲ့မပြီးဘူး။ ပိုက်ဆံရှိလို့ ပွဲတစ်ပွဲလုပ်တိုင်း အောင်မြင်ချင်မှ အောင်မြင်တာလေ။ အဆိုတော်တွေ ကောင်းဖို့လိုသလို ကြော်ငြာတဲ့အပိုင်း အများကြီးပါပဲ။ ပွဲတစ်ပွဲလုပ်တာက အရမ်းမလွယ်တော့ ကိုယ်နဲ့လက်တွဲနေကျယုံကြည်ရတဲ့ စီစဉ်သူဆိုရင်တော့ သီချင်းဆိုရတာ ယုံကြည်မှုရှိတယ်။ ဒီပွဲအောင်မြင်ပါ့မလား။ ပရိသတ်ရှိပါ့မလားဆိုပြီး စိုးရိမ်စိတ်တွေခေါင်းထဲမှာ ထားစရာမလိုဘူးပေါ့။

**အခုဖျော်ဖြေပွဲတွေအများကြီး သီဆိုပြီးတော့ အဲဒီအပေါ်မှာ ငြီးငွေ့တာမျိုးဖြစ်ဖူးလား။**

ဖျော်ဖြေပွဲဆိုရင်ငြီးငွေ့တယ်တော့မရှိပါဘူး။ ဒါပေမဲ့ သီချင်းရွေးချယ်မှုအပိုင်းမှာတော့ သီချင်းသစ်ဆိုရင် ပရိသတ်တွေက နားထောင်နေကျမဟုတ်တဲ့အတွက် ဘာသီချင်းလဲဆိုပြီး လိုက်နားထောင်နေရတော့ မမြူးဘူး။ အဲဒါကြောင့် သီချင်းဟောင်းတွေ ချည်းပဲဆိုရတဲ့အပေါ်မှာတော့ ငြီးငွေ့မှုရှိတယ်။ ပရိသတ်တွေ ဒီသီချင်းတွေပဲ အမြဲနားထောင်နေရတာ ဘယ်လိုဖြစ်မလဲဆိုတာကိုတွေးပြီး အကအဖွဲ့တွေနဲ့ တင်ဆက်မှုတွေ လုပ်မလား၊ စင်ပေါ်တက်တဲ့အခါမှာလည်း ရိုးရိုးမတက်ဘဲ ပရိသတ်ထင်မထားတဲ့ ပုံစံမျိုးနဲ့ တက်မလား၊ အဲဒီလိုမျိုးတစ်ဖွဲ့နဲ့တစ်ဖွဲ့ မထပ်အောင်တော့ စဉ်းစားရတာပေါ့။

စာ(၄၁)သို့



7 DAY NEWS JOURNAL
Vol.12, No.26 • SEPTEMBER 4 , 2013

# ဘောလိဝုဒ်ဝင်ငွေစံချိန်တင်တဲ့ 'Chennai Express'

**မွမ်ဘိုင်း၊ ဩဂုတ်-၃၁**

အိန္ဒိယသရုပ်ဆောင်မင်းသား ရှာရွတ်ခန်းပါဝင်သရုပ်ဆောင်ထားသော 'Chennai Express' ဘောလိဝုဒ်ရုပ်ရှင်ကားသည် ကမ္ဘာတစ်ဝန်းရုံတင်ပြသနေသည့် သီတင်းပတ်သုံးပတ်အတွင်း ဘောလိဝုဒ်ဝင်ငွေစံချိန်သစ်တင်နိုင်ခဲ့သည်။

Chennai Express ရုပ်ရှင်ကားသည် ပြီးခဲ့သော လေးနှစ်က အမေရိကန်ဒေါ်လာ ၃၂ သန်းဖြင့် အိန္ဒိယနိုင်ငံ၌ ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားဖြစ်ခဲ့သော '3 Idiots' ဇာတ်ကား၏စံချိန်ကိုဖြတ်ကျော်၍ အမေရိကန်ဒေါ်လာ ၃၅ သန်း၊ ဝင်ငွေရရှိမှုဖြင့် စံချိန်သစ်တင်ခဲ့သည်။ ထို့အပြင် 'Chennai Express' ရုပ်ရှင်ကားသည် အိန္ဒိယတွင်သာမက ကမ္ဘာတစ်ဝန်းလုံးတွင်ပါ ဝင်ငွေအကောင်းဆုံးဘောလိဝုဒ်ရုပ်ရှင်ကားဖြစ်လာမည်ဟု ခန့်မှန်းထားကြသည်။

ယင်းဇာတ်ကား ပထမဆုံးရုံတင်ပြသချိန် သီတင်းပတ်သုံးပတ်အတွင်း ရုံးပိတ်ရက်များစွာရှိခဲ့ကြောင်းနှင့် ဇာတ်ကား ကြော်ငြာပွဲများတွင် စူပါစတား ရှာရွတ်ခန်းကိုယ်တိုင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် အောင်မြင်မှုရရှိခဲ့ခြင်းဖြစ်ကြောင်း ဘောလိဝုဒ်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ အချစ်နှင့်ဟာသ ပေါင်းစပ်ထားသော ဇာတ်ကားသည် မွမ်ဘိုင်းမြို့မှ ခရီးထွက်လာသော လူတစ်ဦးနှင့် တက္ကသိုလ်ဆရာတစ်ဦး၏ သမီးတို့ ချစ်ကြိုက်မိပြီးနောက် တွေ့ကြုံရသည်များကို အခြေပြုရိုက်ကူးထားခြင်းဖြစ်သည်။ *—Ref: AFP*












စာ(၄၁)မှ

# Bobby Soxer နှင့် တွေ့ဆုံခြင်း

**ပရိသတ်ရလာတာနဲ့အမျှ ဖျော်ဖြေပွဲတွေကလည်း များလာတော့ တစ်နှစ်မှာ ဘယ်နှပွဲဖျော်ဖြေမယ်ဆိုပြီး သတ်မှတ်ထားတာရှိလား။**

အဲဒီလိုသတ်မှတ်ထားတာတော့မရှိပါဘူး။ ရန်ကုန်မှာဆိုရင် ပွင့်လင်းရာသီတွေမှာတော့ တစ်လကို တစ်ပွဲနှုန်းလောက်ကိုဖြစ်တယ်။ တစ်နှစ်ကို ရန်ကုန်မှာဆိုရင် ရှစ်ပွဲ၊ ကိုးပွဲလောက်တော့ ဖျော်ဖြေဖြစ်တယ်။

**နယ်ဖျော်ဖြေပွဲတွေရော သွားဖျော်ဖြေဖြစ်လား။ နယ်ပွဲတွေကို ဘယ်လိုသတ်မှတ်ချက်တွေနဲ့ ဆက်ဆံဖြစ်လဲ။**

နယ်ဖျော်ဖြေပွဲကိုလက်ခံရင်တော့ဝေးတာ၊နီးတာကိုမစဉ်းစားဖြစ်ဘူး။ ဘယ်နေရာ၊ ဘယ်ဒေသချောင်ကျတဲ့နေရာကပဲဖြစ်ဖြစ် ထက်ထက်ကိုလာငှားရင် လက်ခံဖြစ်တယ်။ ဖျက်မရတဲ့ အလုပ်ရှိရင်တော့ညှိရတာပေါ့။ နယ်ဆိုရင် အဓိကကတော့ ကိုယ့်ရဲ့လုံခြုံရေးတစ်ခုပဲကြည့်တယ်။ ကျန်တာကတော့ ပရိသတ်ဘယ်နေရာပဲ ရောက်နေ၊ ရောက်နေ သွားဖျော်ဖြေဖြစ်တယ်။

**“ဒုံးပျံ”စီးရီးကိုလည်း ဒီဗီဒီထွက်ဖို့ ပရိသတ်ကမျှော်နေပြီဆိုတော့ ဒီခွေမှာ ထူးထူးခြားခြား ဘာတွေပါမလဲ။**

ပရိသတ်ကြီးမြင်ရင်တွေ့မှာပါ။ သီချင်းက ၁၈ပုဒ်ပါတာဆိုတော့ ဒီဗီဒီအနေနဲ့လည်း ထုတ်လို့မရဘူး။ ဒီဗီဒီအနေနဲ့တောင် ဒီဗီဒီအနေနဲ့ထုတ်ရမယ့်အနေ အထားပါ။ ဘယ်လောက်လုပ်ထားမလဲဆိုတာက အခွေကို ကြည့်ရင်ပရိသတ်ကြီးသိမှာပါ။ ရိုက်ကူးရေးပိုင်းမှာလည်း ရင်းနှီးတဲ့အစ်ကိုတွေဆိုတော့ စိတ်ပါလက်ပါလုပ်ပေးတယ်။ ပရိုဂျူဆာကလည်း ငွေရေးကြေးရေးပိုင်းကို မပြောဘူး။ ထက်ထက်တို့ချဲ့ချင်ရင် ချဲ့သလောက် လုပ်ပေးထားတာဆိုတော့ အားရပါတယ်။

**“ဒုံးပျံ”ထဲက သီချင်းတွေဟာ ငယ်ဘဝကသီချင်းတွေဆိုတော့ ဒီဗီဒီရိုက်တဲ့အခါပြန်ပြီး ဆိုချင်တဲ့ စိတ်ပေါ်သေးလား။**

သီချင်းဟောင်းကိုပြန်ပြီး ပြုပြင်ချင်တဲ့စိတ်တော့မရှိဘူး။ နောက်ထပ်ထွက်လာမယ့်သီချင်းတွေကတော့ ရင့်ကျက်လာမှာပါ။ ဒါပေမဲ့ ငယ်ငယ်တုန်းက သီချင်းဆိုတာလည်း တစ်ချိန်ချိန်ကိုယ်အသက်ကြီးလို့ ပြန်နားထောင်တဲ့အခါ ငယ်ငယ်တုန်းကငါရဲ့ငယ် Mood လေးကဒီလိုပါလားဆိုပြီး တွေးရတာကို သဘောကျတယ်။

**တစ်ကိုယ်တော်ခွေကရော ဘယ်အခြေအနေရောက်ပြီလဲ။ သီချင်းပုံစံတွေကရော ဒုံးပျံထဲက သီချင်းပုံစံတွေနဲ့ အတူတူပဲ ဖြစ်မလား။**

တစ်ကိုယ်တော်ခွေကတော့ ဒုံးပျံနဲ့လည်းတူမှာ မဟုတ်ဘူး။ ထက်ထက်ရဲ့ ပုံစံကလည်း လုံးဝကွဲသွားလိမ့်မယ်။ ပုံစံကွဲသွားမယ်ဆိုတာက ပရိသတ်အခုမြင်နေရတဲ့ပုံစံနဲ့လုံးဝမတူတဲ့ ပုံစံနဲ့ထွက်လာဖို့ရှိပါတယ်။ အခုတော့ သီချင်းတွေစစုနေတုန်းပဲရှိသေးတယ်။

**ဒုံးပျံမှာ ကိုယ်တိုင်ရေးတဲ့သီချင်းတွေပါတော့ တစ်ကိုယ်တော်ခွေအတွက် သီချင်းတွေရေးနေပြီးလား။**

သီချင်းတွေကတော့ စရေးနေပါပြီ။ ဒီအရွယ်က အချစ်သီချင်းရေးရတာကောင်းတဲ့ အရွယ်ဆိုတော့ အချစ်သီချင်းတော့များတာပေါ့။ ဒါပေမဲ့ထက်ထက်အတွက် သီချင်းမြိုးမြိုးရေးရတာ အချစ်သီချင်းထက်ပိုခက်တယ်။ အလကားလျှောက်ဆိုနေတဲ့ သီချင်းအမြိုးကြီးလည်းမဖြစ်ချင်တော့ အကြောင်းအရာတစ်ခု ကို သေချာစဉ်းစား၊ သေချာထည့်ပြီး မှတစ်ပုဒ်လုံးရေးတာများတယ်။ အချစ်သီချင်း ထက်စာရင်အမြိုးသီချင်းတွေက ပိုပြီးခေါင်းစားတယ်။ အချိန်လည်းပိုပေးရတယ်။

**ဒုံးပျံစီးရီးမှာ အောင်မြင်ထားပေမယ့် တစ်ကိုယ်တော်ခွေက ထက်ထက်အတွက် စိန်ခေါ်မှုလို့ ပြောနိုင်လား။**

စိန်ခေါ်မှုအသစ်လို့ ပြောနိုင်ပါတယ်။ စိန်ခေါ်မှုတွေကစိတ်လှုပ်ရှားဖို့ ကောင်းသလို ပျော်ဖို့လည်း ကောင်းတယ်။ အဲဒီလိုစိတ်လှုပ်ရှားရတဲ့အလုပ်တွေလုပ်ရတာကိုလည်း ကြိုက်တယ်။

**အသက်ငယ်ငယ်နဲ့အခုလိုအောင်မြင်မှုရတဲ့အတွက် ထက်ထက်ကို အားကျကြတယ်ဆိုတော့ ကိုယ့်အတွက် တာဝန်ပိုကြီးလာတယ်လို့ထင်လား။**

အသက်ငယ်တဲ့အခါ ကျတော့ မနိုင်ဝန်ထမ်းရတာမျိုးလည်း ရှိတယ်။ လူကြီးတွေနဲ့ စကားပြောတဲ့အခါမှာ ကိုယ့်ကိုလူရာမသွင်းတာလည်းရှိတယ်။ သူ့အနေအထားနဲ့သူပေါ့။ ဒီအလုပ်ကိုစလုပ် ကတည်းက အဖေ၊ အမေတွေက ချုပ်ချယ်တာတစ်ခုမှမရှိဘူး။ ဘယ်အလုပ်လက်ခံချင်လဲ၊ လက်ခံချင်တဲ့အလုပ်က်ခံ။ လက်မခံချင်ရင်လက်မခံနဲ့။ အဲဒီလိုမျိုးထက်ထက်ရဲ့ အချိန်တွေကိုကိုယ်တိုင် management လုပ်ခဲ့ရတာဆိုတော့အားကျ တဲ့လူတွေ ရှိသလို အသက်ငယ်တဲ့လူက အလုပ်လုပ်တာကို အသိအမှတ်မပြုတဲ့ လူတွေလည်း ရှိပါတယ်။

**အလုပ်လုပ်တဲ့နေရာမှာ အသက်ငယ်လို့ ဆိုပြီး အသိအမှတ်မပြုတဲ့ လူတွေနဲ့ ရော ကြုံဖူးလို့ လား။**

ကြုံတယ်ဆိုတာကလည်း ထက်ထက်က(၁၆)နှစ်လောက်ကတည်းက ဒီလောကထဲမှာစလုပ်ခဲ့တာဆိုတော့ ခုအသက်(၂၀)အထိ ဖြတ်သန်းလာတဲ့ လေးနှစ်အတွင်းမှာ တခြားပုံမှန်ဆယ်ကျော်သက်အရွယ်မိန်းကလေးထက်တော့ အများကြီးကြုံရတာပေါ့။

**အသက်ငယ်ငယ်လေးနဲ့ ကိုယ့်ဘဝကိုယ် management လုပ်ရတော့ တခြားလူတွေနဲ့စာရင် ဘာတွေကွာခြားနိုင်လဲ။**

မိုက်ပါတယ်။ မိုက်တယ်ဆိုပေမယ့် နည်းနည်းတော့ စိတ်ညစ်ရတဲ့အချိန် အာရုံနောက်ရတဲ့အချိန်တွေတော့ကြုံရတာပေါ့။ ဒါပေမဲ့ငယ်ငယ်ရွယ်ရွယ်နဲ့ လူတွေအကြောင်းကို သိတယ်။ အဲဒီတော့နေတတ်သွားတယ်။ လူကြားထဲမှာဆိုရင် အပိုစကားမပြောတာ အကောင်းဆုံးပဲ။ ရှုးချင်ယောင်ဆောင်တတ်ရတယ်။ တစ်ခါတလေကိုယ်က ဘာမှပြဿနာသွားမရှာ၊ မရှုပ်ဘဲနဲ့တောင် ကိုယ့်ကိုလာရှုပ်တာတွေရှိတော့ ရှုးချင်ယောင်ဆောင်ပြီး ကိုယ့်ဟာကိုယ်နေတတ်ဖို့လိုတယ်။


**ကျေးဇူးတင်ပါတယ်။**

# ငြိမ်းချမ်းရေးဖျော်ဖြေပွဲ ကျင်းပမည်

**ဖွဲ့ညက်**

**ရန်ကုန်၊ စက်တင်ဘာ ၂**

ကမ္ဘာ့ငြိမ်းချမ်းရေးနေ့တွင် ဒုတိယအကြိမ်မြောက် ငြိမ်းချမ်းရေးဖျော်ဖြေပွဲတစ်ခုပြုလုပ်ရန် အစီအစဉ်ရှိကြောင်း Peace Music Group မှ လင်းထက်က ပြောသည်။




ယင်းဖျော်ဖြေပွဲကို စက်တင်ဘာ ၂၁ ရက်ည ၇ နာရီမှ ၁၀ နာရီအထိအမျိုးသားကဇာတ်ရုံတွင်ပြုလုပ်ရန်စီစဉ်ထားပြီးလူငယ်များဦးဆောင်ပြုလုပ်နေခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

ဖျော်ဖြေပွဲတွင် နယ်ပယ်အသီးသီးမှအနုပညာရှင်၊အတတ်ပညာရှင်များ၊ လူငယ်အနုပညာရှင်များ ပါဝင်မည်ဖြစ်ပြီး ငြိမ်းချမ်းရေး၏ အဓိပ္ပာယ်ကို ဖော်ဆောင်ပေးနိုင်ရန် အဓိကထားပြုလုပ်မည်ဖြစ်ကြောင်းလင်းထက်က ပြောသည်။

“အနုပညာပွဲတော်သို့ ပြောလို့ရတယ်။ ပန်းချီပြခန်းတွေလည်းပါမယ်။ Performance Art တွေပါမယ်။ Graffiti Art တွေပါမယ်။ Design နဲ့ပတ်သက်တဲ့ Art တွေပါမယ်”ဟု လင်းထက်က ဆိုသည်။

ဝင်းကြေးအဖြစ်ငါးထောင်မှ တစ်သောင်းကျပ်အတွင်းသတ်မှတ်ရန် စီစဉ်ထားပြီး ရရှိမည့် အကျိုးအမြတ်များကိုမြန်မာနိုင်ငံ ငြိမ်းချမ်းရေးဖြစ်စဉ်များ တိုးတက်ရေးနှင့် စစ်ဘေးရှောင်ဒုက္ခသည်များအတွက် ပေးလှူမည်ဖြစ်ကြောင်း လင်းထက်ကပြောသည်။

“အဆိုတော်တွေပါမယ်။ အများကြီးတော့မဟုတ်ဘူး။ မနှစ်ကထက်တော့ခမ်းနားတဲ့ပွဲဖြစ်မှာပါ”ဟု ၎င်းကပြောသည်။

၂၀၁၂ ခုနှစ်စက်တင်ဘာ ၂၁ ရက် ကမ္ဘာ့က ပထမဆုံးအကြိမ်အဖြစ် Peace Music Concert 2012 ကို အမျိုးသားကဇာတ်ရုံတွင်ပြုလုပ်ခဲ့သည်။


## TOP 10 MOVIES IN AMERICA

**ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ**

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Lee Daniels' The Butler | The Weinstein Company | ၅၁,၇၆၀,၆၀၀ | ၂ |
| ၂။ | We're the Millers | New Line Cinema & Warner Bros.Pictures | ၉၁,၂၈၇,၃၀၀ | ၃ |
| ၃။ | The Mortal Instruments: City Of Bones | Screen Gems | ၁၄,၀၈၈,၄၀၀ | ၁ |
| ၄။ | The World's End | Focus Features | ၈,၇၉၀,၂၄၀ | ၁ |
| ၅။ | Disney's Planes | Walt Disney Pictures | ၅၉,၅၉၉,၉၀၀ | ၃ |
| ၆။ | You're Next | Lionsgate | ၇,၀၂၀,၂၀၀ | ၁ |
| ၇။ | Elysium | Sony Pictures Releasing & Tri Star Pictures | ၆၈,၈၈၀,၂၀၀ | ၃ |
| ၈။ | Percy Jackson:Sea of Monsters | 20th Century Fox | ၄၈,၄၂၁,၂၀၀ | ၃ |
| ၉။ | Kick Ass 2 | Universal Pictures | ၂၂,၅၂၆,၄၀၀ | ၂ |
| ၁၀။ | Blue Jasmine | Sony Pictures Classics | ၁၄,၄၇၁,၅၀၀ | ၅ |

## Movie Review

### 99%:The Occupy Wall Street Collaborative Film




၂၀၁၁ ခုနှစ်ကမ္ဘာ့ဘဏ္ဍာရေးအကျပ်အတည်းကာလက အမေရိကန်နိုင်ငံ၌ဖြစ်ပေါ်ခဲ့သော“ဝေါလ်စထရီလမ်းမကြီးကိုသိမ်းပိုက်ကြ” (Occupy Wall Street)လှုပ်ရှားမှုမှ စိတ်ဝင်စားဖွယ်အကြောင်းအရာများကို ရိုက်ကူးထားသောမှတ်တမ်းတင်ရုပ်ရှင်ဖြစ်သည်။ OWS လှုပ်ရှားမှုမည်သို့ဖြစ်လာသည်၊ ဘာကြောင့်ဖြစ်လာသည်နှင့် လှုပ်ရှားမှုတွင်ပါဝင်ခဲ့သူများ အကြောင်းကိုမှတ်တမ်းတင်ရိုက်ကူးထားခြင်းဖြစ်သည်။

ယင်းမှတ်တမ်းတင်ရုပ်ရှင်ကားကို ဒါရိုက်တာ Aaron Aites နှင့် Audrey Ewell တို့ရိုက်ကူးထားပြီး Participant Media က စက်တင်ဘာ ၆ ရက်တွင်ဖြန့်ချိမည်ဖြစ်သည်။ Matt Taibbi, Naomi Wolf နှင့် Boots Riley တို့ပါဝင်သရုပ်ဆောင်ထားသည်။

Sports
7 DAY NEWS JOURNAL
Vol.12, No.26 • SEPTEMBER 4 , 2013

**၂၀၁၃ အာဆီယံအမျိုးသမီး ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ မြန်မာအသင်းပွဲစဉ်များ**

| | |
|---|---|
| ၁၀-၉-၁၃ - | မြန်မာ - လာအို |
| ၁၄-၉-၁၃ - | မြန်မာ - ဖိလစ်ပိုင် |
| ၁၆-၉-၁၃ - | မြန်မာ - အင်ဒိုနီးရှား |
| ၁၈-၉-၁၃ - | မြန်မာ - ဂျပန်ယူ-၂၃ |



ဓာတ်ပုံ - ဗိုလ်ဗိုလ်ဝင်း

# ဆီးဂိမ်းအကြို အကောင်းဆုံးစမ်းသပ်မည့်ပွဲ

ဗိုလ်ဗိုလ်ဝင်း

၂၀၁၃ အာဆီယံ အမျိုးသမီး ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၉ ရက်မှ ၂၂ ရက်အထိ ရန်ကုန်မြို့တွင် လက်ခံကျင်းပမည်ဖြစ်ရာ ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲအကြိုအဖြစ် မြန်မာအမျိုးသမီးဘောလုံးအသင်း၏ ခြေစွမ်းကို အိမ်ကွင်း၌ မြန်မာပရိသတ်များအားပေးနိုင်တော့မည် ဖြစ်သည်။

သုဝဏ္ဏကွင်း၌ လက်ခံကျင်းပမည့် အဆိုပါ ပြိုင်ပွဲတွင် အာဆီယံဒေသတွင်းမှ ခုနစ်သင်းနှင့် ဩစတြေးလျယူ-၁၉ အသင်း၊ ဂျပန်ယူ-၂၃ အသင်းနှင့် ဂျော်ဒန်လက်ရွေးစင်အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အိမ်ရှင်မြန်မာအသင်းသည် အုပ်စု(ခ)တွင် ဂျပန်ယူ-၂၃၊ လာအို၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား အသင်းတို့နှင့် ကျရောက်နေပြီး အုပ်စု(က)တွင် ဩစတြေးလျယူ-၁၉၊ ဗီယက်နမ်၊ ထိုင်း၊ မလေးရှား၊ ဂျော်ဒန်အသင်းများ ပါဝင်လျက်ရှိသည်။

အာဆီယံအမျိုးသမီး ဘောလုံးလောက၏ အမြင့်ဆုံးပြိုင်ပွဲဖြစ်သည့် အဆိုပါ ပြိုင်ပွဲကို လာမည့်ဆီးဂိမ်းမတိုင်မီ အိမ်ကွင်းတွင် ယှဉ်ပြိုင်ရခြင်းသည် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းအတွက် ဆီးဂိမ်းအကြိုအကောင်းဆုံး ပြင်ဆင်မှုတစ်ရပ်လည်း ဖြစ်သည်။ ယခုပြိုင်ပွဲတွင် ဒေသတွင်းအသင်းများ သာမက ဂျပန်ယူ-၂၃၊ ဩစတြေးလျယူ-၁၉၊ ဂျော်ဒန် စသည့် အာဆီယံပြင်ပအသင်းများ ပါဝင်လာသည့်အတွက်ပြိုင်ပွဲအဆင့်အတန်းကမြင့်မားသည်ဟု ဆိုနိုင်သည်။

အုပ်စုအနေအထား အရ အုပ်စု(ခ)တွင် မြန်မာအသင်းအတွက် အဓိကပြိုင်ဘက်မှာ ဂျပန်ယူ-၂၃ အသင်း ဖြစ်သည်။ သို့သော် မြန်မာအမျိုးသမီးအသင်းအနေဖြင့် လက်ရှိခြေစွမ်းပိုင်းတွင် လာအို၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား အသင်းများအပေါ် အသာရမှုရှိနေသော်လည်း ပွဲစဉ်တိုင်းကို ပေါ့ဆ၍ ရမည်မဟုတ်ပေ။

အုပ်စု(က)တွင်မူ ဩစတြေးလျယူ-၁၉၊ ထိုင်း၊ ဗီယက်နမ်အသင်းသုံးသင်းက အကြိုဗိုလ်လုပွဲသို့တက်ရောက်ရန် ရေပန်းအစားဆုံးဖြစ်သည်။ အုပ်စု(ခ)အနေအထားထက် ပိုမိုကျပ်တည်းသည်ဟု ဆိုနိုင်သည်။ ယခုပြိုင်ပွဲ၏ ၂၀၁၁ ချန်ပီယံ ထိုင်းအသင်းနှင့် လက်ရှိ ၂၀၁၂ ချန်ပီယံ ဗီယက်နမ်အသင်းတို့၏ အုပ်စုတွင်းတွေ့ဆုံမှုကလည်း စိတ်ဝင်စားဖွယ်ကောင်းနေသည်။

အာဆီယံအမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲကို ၂၀၀၄ ခုနှစ်မှ စတင်ကာ ကျင်းပခဲ့ပြီး မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့သည် ပြိုင်ပွဲသက်တမ်းတစ်လျှောက် နှစ်ကြိမ်စီ ဗိုလ်စွဲထားကာ အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေသည်။ မြန်မာအမျိုးသမီးအသင်းသည် ၂၀၀၄ ခုနှစ်နှင့် ၂၀၀၇ ခုနှစ်တွင် ချန်ပီယံဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။

မြန်မာအသင်းသည် ၂၀၀၇ ခုနှစ်က အဆိုပါ ပြိုင်ပွဲကို ရန်ကုန်မြို့၌ လက်ခံကျင်းပခဲ့ခြင်းဖြစ်ပြီး ဗိုလ်လုပွဲစဉ်တွင် ထိုင်းအသင်းကို ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ယူကာ ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ခြောက်နှစ်အကြာတွင် အိမ်ရှင်အဖြစ် ပြန်လည်လက်ခံကျင်းပသည့် ယခုပြိုင်ပွဲတွင် မြန်မာအမျိုးသမီးအသင်းအနေဖြင့် ဗိုလ်စွဲရန် ပြင်ဆင်ထားသော်လည်း အာရှအဆင့်မြင့် ဂျပန်၊ ဩစတြေးလျ အသင်းများ ပါဝင်လာသည့်အတွက် ခက်ခဲသည့်အနေအထားတွင် ရှိနေသည်။

မြန်မာအမျိုးသမီး အသင်းနည်းပြချုပ်ဂျပန်လူမျိုး ကူမာဒါက မြန်မာအသင်းနှင့်ပတ်သက်၍ ပြင်ဆင်မှု အနေအထားအရ အသင်း၏လက်ရှိအခြေအနေမှာ အကောင်းဆုံးရှိနေကြောင်း၊ ဆီးဂိမ်းပြိုင်ပွဲ အဓိကရည်မှန်းချက်ဖြစ်သော်လည်း ပြိုင်ပွဲဝင်အနေအထားအရ ယခုပြိုင်ပွဲက ပိုမိုအဆင့်မြင့်သည်ဟု ဆိုနိုင်ကြောင်း၊ ပြိုင်ပွဲတွင် အကောင်းဆုံးယှဉ်ပြိုင်မည်သာမက လာမည့် ဆီးဂိမ်းအတွက်လည်း ဆက်လက်ပြင်ဆင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထိုင်း၊ဗီယက်နမ်အသင်းများအနေဖြင့်လည်း လာမည့်ဆီးဂိမ်း အိမ်ရှင်ပြုလုပ်မည့် အဓိကပြိုင်ဘက်မြန်မာအသင်းကို ကြိုတင်လေ့လာနိုင်ရန်အတွက် ယခုပြိုင်ပွဲအတွက် အကောင်းဆုံးပြင်ဆင်လာမည်သာ ဖြစ်သည်။

"ဂျပန်၊ဩစတြေးလျအသင်းတွေ ပါဝင်တဲ့အတွက် မြန်မာအမျိုးသမီး ဘောလုံးအသင်းအနေနဲ့ ခက်ခဲမယ့် အနေအထားတော့ ရှိပါတယ်။ ဒါပေမဲ့ မြန်မာအသင်းအနေနဲ့ အကောင်းဆုံး ယှဉ်ပြိုင်နိုင်မယ်ဆိုတာ ယုံကြည်ပါတယ်။ မြန်မာအမျိုးသမီးအသင်းရဲ့ အဓိက အားသာချက်ကတော့ စိတ်ဓာတ်အကောင်းဆုံး အခြေအနေရှိနေတာပါပဲ"ဟု မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းကို ၂၀၀၆ မှ ၂၀၁၀ အထိ ကိုင်တွယ်ခဲ့သည့် ယခင်နည်းပြချုပ်ဟောင်း ဦးအေးကြူကြီးက သုံးသပ်သည်။

ထို့ပြင် အိမ်ရှင်လက်ခံကျင်းပခဲ့သည့် ၂၀၀၇ ပြိုင်ပွဲတွင် မြန်မာအသင်းချန်ပီယံ ဖြစ်ခဲ့ခြင်းတွင် ပရိသတ်များ၏ အားပေးမှုမှာလည်း အဓိကကျကြောင်း၊ ယခု နှစ်ပြိုင်ပွဲတွင်လည်း မြန်မာအမျိုးသမီးအသင်းအား ပရိသတ်များအနေဖြင့် ကွင်းထဲအထိ လာရောက်အားပေးရန် မျှော်လင့်ပါကြောင်း ဦးအေးကြူကြီးက ဆိုသည်။

"အားကစားသမားနဲ့ အားပေးတဲ့ပရိသတ်ဆိုတာ အမြဲတမ်း ဒွန်တွဲနေတာပါ။ ဒါပေမဲ့ပရိသတ်တွေရဲ့ အားပေးမှုရဖို့အတွက်ဆိုရင် ဘောလုံးသမားတွေအနေနဲ့ ခြေစွမ်းကောင်းပြသဖို့ လိုအပ်မှာပါ။ ခြေစွမ်းမကောင်းတဲ့ အသင်းကို ဘယ်သူကမှ အားပေးချင်မှာမဟုတ်ပါဘူး။ မြန်မာအမျိုးသမီးအသင်းကို စိတ်ဓာတ်၊ စည်းကမ်း၊ ကြိုးစားယှဉ်ပြိုင်တဲ့ အသင်းအဖြစ်မြင်တွေ့စေရမှာပါ" ဟု နည်းပြချုပ် ကူမာဒါက ပြောသည်။

သို့သော် မြန်မာအမျိုးသမီးအသင်း နည်းပြချုပ်အနေဖြင့် ဒေသတွင်း ပြိုင်ဘက်များ၏ အခြေအနေကို ယခင်ပြိုင်ပွဲများတွင် ယှဉ်ပြိုင်ထားသည့် အနေအထားအရ ခန့်မှန်းနိုင်သော်လည်း အခြားပြိုင်ပွဲဝင် အသင်းများ၏ အချက်အလက်များကိုမူ လေ့လာရန် ခက်ခဲကြောင်း ဆိုသည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်၏ အကောင်းဆုံးနည်းပြဆုရရှိထားသည့် ကူမာဒါကိုင်တွယ်နေသည့် မြန်မာအမျိုးသမီးဘောလုံးအသင်းသည် ၂၀၁၄ အာရှဖလားနောက်ဆုံးအဆင့်သို့တက်ရောက်ထားသည့် အသင်းဖြစ်ပြီး ပြီးခဲ့သည့်လပိုင်းအတွင်းကလည်း ဂျပန်နိုင်ငံတွင် ပူးတွဲလေ့ကျင့်မှုများ သွားရောက်ပြုလုပ်ထားသည်။

"အာဆီယံချန်ပီယံရှစ်ပြိုင်ပွဲမှာ အသင်းကြီးတွေပါတာလည်း ပိုကောင်းတယ်လို့ ပြောလို့ရပါတယ်။ ဆီးဂိမ်းအတွက် ပြင်ဆင်နေတဲ့ မြန်မာအသင်းရဲ့ အားသာချက်၊ အားနည်းချက်တွေကိုလည်း ပိုမြင်နိုင်မှာပါ။ လက်ရွေးစင်အမျိုးသမီးအသင်းကတော့ အကောင်းဆုံးကြိုးစားသွားမှာပါ" ဟု မြန်မာအသင်း တိုက်စစ်မှူးခင်မာလာထွန်းက ပြောသည်။

မြန်မာ့ အကောင်းဆုံးအမျိုးသမီးဘောလုံးသမားဆု ပူပူနွေးနွေးရရှိထားသည့် ခင်မာလာထွန်းအနေဖြင့် ၂၀၀၇ ချန်ပီယံဆုရအသင်းတွင် လူငယ်ကစားသမားအဖြစ် ရှိသေးသော်လည်း လာမည့်ပြိုင်ပွဲဝင် မြန်မာအသင်းတွင်မူ အမာခံကစားသမားတစ်ဦး ဖြစ်နေပြီ ဖြစ်သည်။

အာဆီယံချန်ပီယံရှစ် အမျိုးသမီးဘောလုံးပြိုင်ပွဲကို ၂၀၀၇ ခုနှစ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပစဉ်က ချန်ပီယံအဖြစ် စွမ်းဆောင်ထားနိုင်ခဲ့သော မြန်မာအမျိုးသမီးဘောလုံးအသင်းအနေဖြင့် ဒုတိယအကြိမ်မြောက် အိမ်ရှင်ပြုလုပ်မည့် ယခုနှစ်ပြိုင်ပွဲတွင်မူ မည်သို့စွမ်းဆောင်နိုင်မည်လဲ ဆိုသည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

YOUR BEST JAPANESE CAR BUSINESS PARTNER

JPC MYANMAR
JAPANESE AUTO SERVICES FOR YOUR CAR



Model မြင့်ကားများအား ယုံကြည်စိတ်ချစွာ အပ်နှံပြင်ဆင်နိုင်မည့် ဂျပန်ပညာရှင်များ ဦးစီးသော JPC Myanmar Auto Services အား အမှတ် (3/4), နဝဒေးလမ်းသွယ်ဆိပ်ကမ်းသာ, လှိုင်သာယာ မြို့နယ်, ရန်ကုန်မြို့ တွင်ဖွင့်လှစ်လိုက်ပါပြီ။

Phone No : 01-685978, 01-685979

အခမဲ့ ဝန်ဆောင်မှုများနှင့် Bonus Point များ ရရှိနိုင်မည့် Member Ship Plan များ
Platinum Member နှင့် Gold Member Card ပိုင်ဆိုင်ထားသူများအတွက် အထူး
Discount Plan များ နှင့် အထူးအခမဲ့ဝန်ဆောင်မှုများ ရရှိနိုင်ပါသည်။

myanmarautoservices.jpctrade@gmail.com

လူကြီးမင်းတို့လိုအပ်သော ဂျပန်နိုင်ငံထုတ် Car Spare Parts များကို JPC Myanmar Auto Services တွင်မှာယူရရှိနိုင်ပါသည်။

# ကမ္ဘာ့အဆင့်မီပြိုင်ပွဲများ ဝင်ရောက်ရန် MMA အဖွဲ့ချုပ်ဖွဲ့စည်းမည်



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**ချစ်ဝိုင်း**

**ရန်ကုန်၊ ဩဂုတ်-၃၁**

ကိုယ်ခံပညာရပ်ပေါင်းစုံ အသုံးပြုယှဉ်ပြိုင်သည့် MMA Mixed Material Arts ကစားနည်းကိုကမ္ဘာ့အဆင့်မီဝင်ရောက်ယှဉ် ပြိုင်ထိုးသတ်ရန်အတွက် MMA အဖွဲ့ချုပ်တည်ထောင်သွားမည်ဖြစ်ကြောင်း နိုင်ငံတကာ လက်ဝှေ့ပွဲများ စီစဉ်နေသူ ဦးဝဏ္ဏကပြောသည်။

"ကမ္ဘာ့နိုင်ငံတွေနဲ့ ဝင်ထိုးဖို့ဆိုရင် MMA အဖွဲ့ချုပ် ရှိမှရမယ်။ အဖွဲ့ချုပ်မရှိဘဲနဲ့တော့ ဒီလိုပြိုင်ပွဲတွေမှာ ဝင်ထိုးလို့မရဘူး။ မြန်မာမှာက သိုင်းအားကစားနည်းတွေက ကွဲနေတယ်။ MMA အဖွဲ့ချုပ်တည်ထောင်နိုင်ပြီဆိုရင် ဒါတွေအားလုံးတစ်စုတစ်စည်းတည်းဖြစ်သွားမယ်"ဟုဦးဝဏ္ဏကပြောသည်။

MMA အဖွဲ့ချုပ်တည်ထောင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ အဆင့်ဆင့်တင်ပြဆောင်ရွက်သွားမည်ဖြစ်ပြီး မျိုးဆက်သစ်ကစားသမားများကို နိုင်ငံတကာပွဲများတွင် ဝင်ရောက်ထိုးသတ်စေလိုကြောင်း၊ မြန်မာကစားသမားများကို နိုင်ငံကျော်၊ ကမ္ဘာကျော်ကစားသမားဖြစ်ရန် ပျိုးထောင်ပေးသွားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

MMA ပွဲစဉ်များသည် ငါး မိနစ်သုံးချီယှဉ်ပြိုင်ထိုးသတ်ရပြီး သံဆန်ခါကြိုးဝိုင်းအတွင်း ယှဉ်ပြိုင်ထိုးသတ်ရသည့် ပြိုင်ပွဲဖြစ်ကာ သရေပွဲမရှိဘဲ အမှတ်ပေးဒိုင်များ၏ အဆုံးအဖြတ်ဖြင့် အနိုင်အရှုံးသတ်မှတ်သည့် ပြိုင်ပွဲအမျိုးအစားဖြစ်သည်။ MMA ၏ ထူးခြားချက်အချို့မှာ လဲကျနေစဉ်ဒူးဖြင့်တိုက်ခွင့်မရှိသော်လည်း လက်ဖြင့်ဆက်လက်ထိုးသတ်နိုင်သည်။

အဆိုပါ MMA ပြိုင်ပွဲကို အရှေ့တောင်အာရှနိုင်ငံများမှ ဝင်ရောက်ယှဉ်ပြိုင်ရှိပြီး မြန်မာနိုင်ငံမှ MMA World League တွင်အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် ဝင်ရောက်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

## ဆီးဂိမ်းအကြို ဂျပန်ရိုးရာ ကိုယ်ခံအားကစားနည်းကမ်ပိုပြိုင်ပွဲ ရန်ကုန်တွင်ကျင်းပမည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ စက်တင်ဘာ-၁**

ပြိုင်ပွဲဝင်ခြောက်နိုင်ငံဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၁၃ ဆီးဂိမ်းအကြိုကမ်ပို(ဂျပန်ရိုးရာကိုယ်ခံအားကစားနည်း) ပြိုင်ပွဲကို ရန်ကုန်မြို့တွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အင်ဒိုနီးရှား၊ တီမော၊ ဘရူနိုင်း၊ လာအို၊ ဗီယက်နမ်နှင့် အိမ်ရှင်မြန်မာမှ အားကစားသမားတစ်ရာဝန်းကျင်ဝင်ရောက်ယှဉ်ပြိုင်မည့် ဆီးဂိမ်းအကြိုကမ်ပိုအားကစားပြိုင်ပွဲကို စက်တင်ဘာ ၁၄ ရက်မှ ၁၅ ရက်အထိ ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၊ သုဝဏ္ဏ၌ ကျင်းပသွားမည်ဖြစ်သည်။

လာမည့်ဆီးဂိမ်းပြိုင်ပွဲ၏ ကမ်ပိုပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစား ၁၈မျိုးထည့်သွင်းကျင်းပမည်ဖြစ်သော်လည်း ဆီးဂိမ်းအကြိုပြိုင်ပွဲတွင်မူ ပြိုင်ပွဲအမျိုးအစား ၁၀ မျိုး(အတိုက်လေးမျိုး၊ အပြခြောက်မျိုး)ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံကမ်ပိုအဖွဲ့ချုပ်မှ သတင်းရရှိသည်။


ဂျပန်ရိုးရာကိုယ်ခံအားကစားနည်းဖြစ်သည့် ကမ်ပိုအားကစားနည်းကို ပြီးခဲ့သည့် (၂၆)ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲတွင် စတင်ထည့်သွင်းကျင်းပခဲ့ခြင်းဖြစ်သည်။ မြန်မာကမ်ပိုအားကစားအဖွဲ့အနေဖြင့် ယခုနှစ်ဇန်နဝါရီလဆန်းမှစတင်ကာ ပဏာမလက်ရွေးစင် ၈၀ ကျော်ဖြင့် စခန်းသွင်းလေ့ကျင့်ခဲ့ခြင်းဖြစ်သည်။

မြန်မာကမ်ပိုအားကစားအဖွဲ့ချုပ်ကို ၂၀၁၃ ခုနှစ်၊ မတ်လတွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ပထမဆုံးနိုင်ငံတကာပြိုင်ပွဲအဖြစ် ပြီးခဲ့သည့်ဇွန်လအတွင်းက အင်ဒိုနီးရှားဖိတ်ခေါ်ကမ်ပိုပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။


မြန်မာကမ်ပိုအားကစားအဖွဲ့သည် ၎င်းပြိုင်ပွဲတွင် အားကစားသမား ၂၂ ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ် ၂ခု၊ ငွေတံဆိပ် ၃ခု၊ ကြေးတံဆိပ် ၄ခုရရှိခဲ့သည်။ မြန်မာကမ်ပိုအားကစားအဖွဲ့အတွက် ရန်ကုန်တွင်ပြုလုပ်မည့် ဆီးဂိမ်းအကြိုပြိုင်ပွဲသည် ဒုတိယအကြိမ်ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံတကာပြိုင်ပွဲဖြစ်လာမည်ဖြစ်သည်။

"ကမ်ပိုအားကစားနည်းအတွက် စတင်စခန်းသွင်းစဉ်က တိုက်ကွမ်ဒို၊ ကရာတေးဒို၊ လက်ဝှေ့၊ ပန်ကြပ်ဆီလတ်စတဲ့ အားကစားသမားတွေကိုအခြေခံပြီး ရွေးချယ်ခဲ့ပါတယ်။ ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲဟာ မြန်မာကမ်ပိုအားကစားအဖွဲ့ရဲ့ပထမဆုံးဝင်ရောက်ယှဉ်ပြိုင်မယ့် ဆီးဂိမ်းပြိုင်ပွဲဖြစ်ပြီး အကောင်းဆုံးကြိုးစားပြင်ဆင်နေပါတယ်"ဟုမြန်မာကမ်ပိုအဖွဲ့ချုပ်တာဝန်ရှိသူကပြောသည်။

လက်ရှိအချိန်တွင်မြန်မာကမ်ပိုအားကစားအဖွဲ့ကိုပဏာမလက်ရွေးစင် ၃၅ ဦးဖြင့် အင်ဒိုနီးရှားနည်းပြဆရာနှစ်ဦးနှင့် ပြည်တွင်းနည်းပြဆရာလေးဦးတို့က နေပြည်တော်တွင်စခန်းသွင်းလေ့ကျင့်လျက်ရှိသည်။ ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲ ကမ်ပိုအားကစားနည်းကို ရန်ကုန်မြို့ရှိ သုဝဏ္ဏအမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၌ လက်ခံကျင်းပသွားမည်ဖြစ်သည်။



7DAY NEWS JOURNAL
Vol.12, No.26 • SEPTEMBER 4 , 2013









7 DAY NEWS JOURNAL
Vol.12, No.26 • SEPTEMBER 4 , 2013

# ဖူကူရှီးမားဓာတ်ရောင်ခြည် ယိုစိမ့်မှု ထင်မှတ်ထားသည်ထက် ၁၈ ဆ များ

**တိုကျို၊ စက်တင်ဘာ-၁**

ဖူကူရှီးမားနျူးကလီးယား စက်ရုံမှ အဆိပ်သင့်ဓာတ်ငွေ့ယိုစိမ့်မှုမှာ မူလကထင်မှတ်ထားသည်ထက် ၁၈ ဆပို၍ မြင့်မားကြောင်း ဂျပန်အာဏာပိုင်များက သတိပေး ပြောကြားလိုက်သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်ကပင် ယင်းစက်ရုံလည်ပတ်သော ကုမ္ပဏီက သိုလှောင်ကန်တစ်ခုမှ ရေဒီယိုသတ္တိကြွရေများ မြေအောက်အတွင်း စိမ့်ဝင်နေကြောင်း အသိပေးပြောကြားခဲ့သည်။

ဖူကူရှီးမားနျူကလီးယားဓာတ်အားပေးစက်ရုံမှာ ၂၀၁၁ ခုနှစ်က ဖြစ်ပေါ်ခဲ့သော မြေငလျင်နှင့် ဆူနာမီလှိုင်းများကြောင့် အကြီးအကျယ် ထိခိုက်ပျက်စီးခဲ့ရသည်။

ဓာတ်ရောင်ခြည်ယိုစိမ့်မှုမှာ တစ်နာရီလျှင် ၁၀၀ မီလီစီးဗတ်ရှိကြောင်း တိုကျိုလျှပ်စစ်ဓာတ်အားပေးကုမ္ပဏီ (Tepco) က စောစောပိုင်းက ပြောကြားခဲ့သည်။ သို့သော် တိုင်းတာသော ကိရိယာမှာ ၁၀၀ မီလီစီးဗတ်အထိသာ တိုင်းတာနိုင်ကြောင်းလည်း ကုမ္ပဏီက ပြောကြားသည်။

ပို၍အသေးစိတ်အာရုံခံနိုင်သော ကိရိယာဖြင့် အသစ်တစ်ဖန် ထပ်မံတိုင်းတာသောအခါ ဓာတ်ရောင်ခြည်ယိုစိမ့်မှုမှာ တစ်နာရီလျှင် ၁၈၀၀ မီလီစီးဗတ်အထိ ရှိနေကြောင်း တွေ့ရှိခဲ့သည်။ ထို့အပြင် အခြားပိုက်တစ်ခုတွင်လည်း တစ်နာရီလျှင် ၂၃၀ မီလီစီးဗတ်နှုန်းနှင့် ယိုစိမ့်နေသောနေရာတစ်ခုကို တွေ့ရှိခဲ့ကြောင်း ယင်းကုမ္ပဏီက ပြောကြားသည်။

—*Ref: BBC*




# အသုံးပြုပြီး iPhone များ အရောင်းဆိုင်များတွင် အလိုက်ပေး၍ အသစ်ဝယ်ယူနိုင်

**ဆန်ဖရန်စစ္စကို၊ ဩဂုတ်-၃၁**

iphoneအသုံးပြုသူများအတွက် အသုံးပြုပြီးဖုန်းများကိုအလိုက်ပေးကာ ဖုံးအသစ်များဝယ်ယူနိုင်မည့် အစီအစဉ်တစ်ရပ်ကို Apple ကုမ္ပဏီက စီစဉ်နေသည်။

စမတ်ဖုန်းပြန်လည်ရောင်းချသည့် ဈေးကွက်မှာကျဉ်းနေဆဲပင်ဖြစ်သော်လည်း အလျင်အမြန်ကြီးထွားလာနေကြောင်း ဘန်းစတိန်းသုတေသနလုပ်ငန်း၏ လတ်တလောစစ်တမ်းအရသိရသည်။ အသုံးပြုပြီး စမတ်ဖုန်းဈေးကွက်သည် အလုံးရေ၅၃ သန်းရှိခဲ့ရာမှ ၂၀၀၈ ခုနှစ်တွင် ၂၅၇ သန်းသို့ တစ်ဟုန်ထိုးတိုးတက်လာကြောင်း ယင်းသုတေသနအဖွဲ့ကပြောသည်။ ပြီးခဲ့သည့်နှစ်အတွင်း ရောင်းချခဲ့သည့် အသုံးပြုပြီးစမတ်ဖုန်းများ၏ ထက်ဝက်ခန့်မှာ iphone များဖြစ်မည်ဟု ယင်းအဖွဲ့က ခန့်မှန်းထားသည်။

Apple ကုမ္ပဏီက iphone အသုံးပြုသူများအတွက် ဖုန်းအဟောင်းသွင်း၍ အသစ်ကိုရောင်းချပေးမည့် အစီအစဉ်အရ နောက်ထပ်ထွက်ရှိမည့် iphone အသစ်စတင် မရောင်းမီ သုံးစွဲသူများကို တွန်းအားပေးရန် ရည်ရွယ်ထားခြင်းဖြစ်သည်။

ယင်းအစီအစဉ်အရ iphone အသုံးပြုသူများသည်အသုံးပြုပြီး iphone များပြန်ရောင်းချပါက ဒေါ်လာ ၁၂၀မှ ၂၈၀ အထိရရှိနိုင်မည်ဖြစ်သည်။ သို့သော် ၎င်းတို့ရောင်းချမည့် ဖုန်းများမှာ ရေကြောင့်ပျက်စီးမှုများမရှိရဘဲ အကောင်းပကတိအသုံးပြုနိုင်မည့်အခြေအနေရှိရမည်ဖြစ်ကာ ယင်းဖုန်းကိုတန်ဖိုးဖြတ်ပြီးပါက ၂နှစ်သက်တမ်းရှိဝန်ဆောင်မှုစာချုပ်တစ်ရပ် ချုပ်ဆိုရန်လည်းလိုအပ်ကြောင်း သိရသည်။

Bsest Buy ကုမ္ပဏီက သုံးစွဲသူများအတွက် iphone 5 တစ်လုံးဝယ်ယူလျှင် ၅၀ရာခိုင်နှုန်းဈေးအနေဖြင့် ကန်ဒေါ်လာ ၁၀၀မှ ၁၅၀ အထိတန်ဖိုးရှိလက်ဆောင်ကတ်တစ်ကတ်ရရှိမည်ဟု ကမ်းလှမ်းထားသည်။

—*Ref: AP*

# နိုင်ဂျီးရီးယားစစ်သွေးကြွဟု သံသယရှိသူများ တိုက်ခိုက်မှုကြောင့် လူ ၃၈ ဦးသေဆုံး

**လားဂို့စ်၊ စက်တင်ဘာ-၁**

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း ဘော်နိုပြည်နယ်တွင် ဘိုကိုဟာရမ်စစ်သွေးကြွများဟု သံသယရှိသူများ၏ တိုက်ခိုက်မှုများကြောင့် အနည်းဆုံး လူ ၃၈ ဦး သေဆုံးပြီး အခြား ၃၄ ဦးပျောက်ဆုံးနေကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ဩဂုတ် ၃၁ ရက်တွင် ပြောသည်။

နိုင်ဂျီးရီယားနိုင်ငံ အရှေ့မြောက်ပိုင်းဘော်နိုပြည်နယ်ရှိ ကျေးရွာတစ်ခုတွင် သေနတ်သမားများ၏ တိုက်ခိုက်မှုကြောင့် ၁၄ ဦးသေဆုံးကြောင်း ဒေသဆိုင်ရာ အစိုးရကိုယ်စားလှယ် အယ်လ်ဟာဂျီဂါဘာအလီက သတင်းထောက်များအား ပြောသည်။

ဘော်နိုပြည်နယ်ရှိ တောအုပ်တစ်ခုအတွင်း သီးခြားတိုက်ခိုက်မှုတစ်ခုတွင် စေတနာ့ဝန်ထမ်း ကင်းထောက်အဖွဲ့ဝင် အနည်းဆုံး ၂၄ ဦးသေဆုံးခဲ့ကြောင်း အခြားအမည်မဖော်လိုသူ ဒေသဆိုင်ရာ အရာရှိတစ်ဦးက ပြောသည်။

လက်နက်ကိုင်တိုက်ခိုက်သူများသည် စစ်ဘက်ဝတ်စုံများဝတ်ဆင်ထားကြပြီး စေတနာ့ဝန်ထမ်းကင်းအဖွဲ့က အစိုးရစစ်သားများဟုထင်မှတ်ကာနှင့်နောက်မှလိုက်လာခဲ့ကြကြောင်း ယင်းအရာရှိက ပြောသည်။ အလောင်း ၂၄ လောင်း တွေ့ရှိထားပြီး အခြားသော လူ ၃၄ ဦး ပျောက်ဆုံးနေကြောင်း ၎င်းက ပြောသည်။

ဘိုကိုဟာရမ် စစ်သွေးကြွများကို ခြေရာခံနိုင်ရန်အတွက် နိုင်ဂျီးရီးယားအစိုးရစစ်တပ်က စေတနာကင်းအဖွဲ့များ ဖွဲ့စည်းရေး တိုက်တွန်းထားသည်။

နိုင်ဂျီးရီးယားနိုင်ငံကို အစ္စလာမ်မစ်နိုင်ငံတော် ဖြစ်ရေးအတွက် တိုက်ခိုက်နေခြင်းဖြစ်ကြောင်း ဘိုကိုဟာရမ်အဖွဲ့က ပြောကြားထားသည်။ ဘိုကိုဟာရမ်အဖွဲ့၏ ဆူပူအုံကြွမှုများကို အဆုံးသတ်စေရန် နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းဒေသများတွင် အရေးပေါ်အခြေအနေ ပြဋ္ဌာန်းပြီးချိန် မေလအတွင်း စစ်တပ်က ပြင်းထန်စွာထိုးစစ်ဆင်ခဲ့ပြီး ၂၀၀၉ ခုနှစ်မှစ၍ ဘိုကိုဟာရမ်အဖွဲ့၏ ဆူပူအုံကြွမှုကြောင့် လူပေါင်း ၃,၆၀၀ ကျော် သေဆုံးခဲ့သည်။

—*Ref:AFP*




7 DAY NEWS JOURNAL
Vol.12, No.26 • SEPTEMBER 4 , 2013

နောက်ကျောဖုံး မှ

## ပေါ်တူဂီနိုင်ငံတွင် တောမီးများ ထပ်မံလောင်ကျွမ်း

ရဟတ်ယာဉ်နှစ်စီးနှင့် လေယာဉ်ပျံများနှင့်အတူ မီးသတ်သမား ၂၅၄ ဦးက ငြိမ်းသတ်ပေးနေရသည်။

တောမီးလောင်ကျွမ်းမှုသည် ဓာတ်ဆီဆိုင်တစ်ခုဘက်သို့ နီးကပ်လာသောကြောင့် အနီးအနားရှိ နေအိမ် ၁၀ လုံးမှ အိမ်သားများအား ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း ဂွန်ဒိုမာမြို့ရှိ ကောင်စီအဖွဲ့ဝင် ဖာနန်ဒိုပေါ်လိုက ပြောသည်။

နိုင်ငံတောင်ပိုင်း ဆီဗာဒိုဗော်ဂါမြို့အနီးတွင် တောမီးများ လောင်ကျွမ်းနေသောကြောင့် ဩဂုတ်၃၁ရက်က ရောက်ရှိလာသော ခရိုအေးရှား လေယာဉ်များ၏ အကူအညီဖြင့် ပေါ်တူဂီမီးသတ်သမား ၁၀၀ က ငြိမ်းသတ်ပေးနေရသည်။

လူသုံးဦးသေဆုံးပြီး ငါးဦး ပျောက်ဆုံးသွားခဲ့သည့် ကာရာမူလိုတောင်တန်းဒေသတွင် လောင်ကျွမ်းခဲ့သည့် တောမီးများကို အောင်မြင်စွာငြိမ်းသတ်နိုင်ခဲ့ပြီးနောက် ပေါ်တူဂီနိုင်ငံတွင်ဩဂုတ် ၃၀ ရက်အထိတောမီးလောင်ကျွမ်းမှုများ ခေတ္တငြိမ်းနေခဲ့သည်။

ထပ်မံလောင်ကျွမ်းသော တောမီးများငြိမ်းသတ်ရာတွင်အင်အားဖြည့်တင်းရန် ပေါ်တူဂီနိုင်ငံ၏ ဥရောပအိမ်နီးချင်းနိုင်ငံများဖြစ်သော စပိန်၊ ပြင်သစ်နှင့် ခရိုအေးရှားနိုင်ငံများကို ပေါ်တူဂီအစိုးရက ပန်ကြားထားပြီး ခရိုအေးရှားနိုင်ငံက လေယာဉ်များစေလွှတ်ကူညီပေးခဲ့သည်။

စက်တင်ဘာ၃ရက်အထိ အပူချိန်မြင့်မားကာ လေတိုက်နှုန်း ပြင်းထန်မည်ဟု ကြေညာထားသော ရာသီဥတုခန့်မှန်းချက်များကြောင့် ပေါ်တူဂီမီးသတ်သမားများကို တပ်လှန့်ထားဆဲဖြစ်သည်။

—*Ref: AFP*



AHMAD YUSNI/EPA

*ကွာလာလမ်ပူမြို့ အပြင်ဘက် ကလန်းအရပ်တွင် တရားမဝင်နိုင်ငံခြားသားလုပ်သားများအား ဝင်ရောက်စီးနင်းရှာဖွေမှုတစ်ခု၌ ဖမ်းဆီးရမိသော လုပ်သားတစ်ဦး။ မလေးရှားအစိုးရသည် ခန့်မှန်းခြေ အားဖြင့် လေးသိန်းခန့်ရှိသော တရားမဝင်လုပ်သားများကို စက်တင်ဘာ ၁ ရက်က စတင်ဖြိုခွဲနေသည်။*

## ပီရူးနှင့် ဘိုလီးဗီးယားတွင် ဆီးနှင်းမိုးများကြောင့် လူခြောက်ဦးနှင့် တိရစ္ဆာန် သုံးသောင်းကျော်သေဆုံး

**လီမာ၊ စက်တင်ဘာ-၂**

ပီရူးနှင့် ဘိုလီးဗီးယားနိုင်ငံများရှိ ကုန်းမြင့်လွင်ပြင်များတွင် အပူချိန်ကျဆင်းကာ ပြင်းထန်သော ဆီးနှင်းများ ရွာချသောကြောင့် ပြီးခဲ့သည့်သီတင်းပတ်အတွင်း အနည်းဆုံးလူခြောက်ဦး သေဆုံးကာ သိုးများ၊ ကျွဲ၊ နွားများ အပါအဝင် ခြံမွေးတိရစ္ဆာန် ၃၀,၀၀၀ ကျော် သေဆုံးခဲ့ရကြောင်း အာဏာပိုင်များက ပြောသည်။

တိရစ္ဆာန်သေဆုံးမှုအများစု ဖြစ်ပေါ်ခဲ့သည့် ပီရူးနိုင်ငံတောင်ပိုင်းရှိ တောင်တန်းများတွင် စက်တင်ဘာ ၂၀ ရက်အထိ အရေးပေါ်အခြေအနေကြေညာထားသည်။ ခြံမွေးတိရစ္ဆာန်နှင့် ကောက်ပဲသီးနှံများအပေါ် လုံးဝမှီခိုနေရသည့် ကုန်းမြင့်ဒေသများတွင် နေထိုင်သူ ဆင်းရဲသား ၈၀,၀၀၀ ခန့်မှာ အအေးလွန်ကဲသောရာသီဥတုကြောင့် ကျွဲ၊ နွားများ သေဆုံးကာ ကောက်ပဲသီးနှံများ ပျက်စီးခဲ့၍ ထိခိုက်ခဲ့ရသည်။ ပီရူးနိုင်ငံ ပူနိုခရိုင်တွင် ဆီးနှင်းများ သုံးပေနီးပါးထိ ကျရောက်ခဲ့သည်။

ယင်းရာသီဥတု မူမမှန်မှုများမှာ နှစ်ပေါင်း ၃၀ အတွင်း ချီလီနိုင်ငံ အန်တာကာမာကန္တာရ၌ ဆီးနှင်းများပထမဆုံးအကြိမ်ကျဆင်းခြင်းလည်း ပါဝင်ကြောင်း မိုးလေဝသပညာရှင် နေဆင်ကွီစပက်က ပြောကြားသည်။

—*Ref: AP*

နောက်ကျောဖုံး မှ

## ရာသီဥတုပြောင်းလဲမှုကြောင့် သီးနှံဖျက်ပိုးများ ကမ္ဘာတစ်ဝန်းပျံ့နှံ့

ပိုးမွှားများသည်၎င်းတို့နှင့်ကိုက်ညီသည့် ရာသီဥတုအခြေအနေရှိသော ဒေသများတွင် အမြစ်တွယ်နေထိုင်ကြသော်လည်း ကမ္ဘာကြီးပူနွေးလာမှုကြောင့် ဝင်ရိုးစွန်းဒေသများ၌ပင်အသက်ရှင်နေထိုင်လာနိုင်ပြီဟု သုတေသနပညာရှင်များက ပြောကြားသည်။ —*Ref: BBC*

နောက်ကျောဖုံး မှ

## ဆီးရီးယားစစ်ပွဲဆင်နွှဲမည်ဆိုပါက အသင့်ရှိစေရန် ကန်လေယာဉ်တင်သင်္ဘောအုပ်စု လမ်းကြောင်းပြောင်းခုတ်မောင်း

ဒါမှလဲ လိုအပ်လာခဲ့ရင် အတတ်နိုင်ဆုံး အဆင်သင့်ဖြစ်နေအောင်လို့ပါ”ဟု ဒုတိယအရာရှိတစ်ဦးက ပြောကြားသည်။

ဆီးရီးယားနိုင်ငံကို ဒုံးကျည်များဖြင့် တိုက်ခိုက်မည့်အရေးကန် သမ္မတအိုဘားမားက လွှတ်တော်အတည်ပြုချက် ရယူမည်ကို ပြောဆိုရင်း ကိုးရက်ခန့် နောက်ဆုတ်သွားစေခဲ့ရာ စစ်ရေးစီစဉ်သူများမှာ မြေထဲပင်လယ်တွင် သင်္ဘောနှင့် လက်နက်များပြင်ဆင်ချထားရေးအတွက် အချိန်ပိုမိုရရှိသွားသည်။

ကန်ရေတပ်သည်ပြီးခဲ့သည့် သီတင်းပတ်အတွင်း မြေထဲပင်လယ်အရှေ့ပိုင်းတွင် ရေတပ်အင်အား နှစ်ဆနီးပါးတိုးမြှင့်လိုက်ပြီး ဖျက်သင်္ဘောသုံးစီးမှ ငါးစီးအထိ တိုးမြှင့်ချထားလိုက်သည်။ ယင်းဖျက်သင်္ဘောငါးစီးတွင် တွမ်မဟော့ပဲ့ထိန်းဒုံးကျည် ၂၀၀ ခန့် ပါဝင်သည်။ သို့သော် ယင်းအရေအတွက်၏ ထက်ဝက်အသုံးပြုလျှင်ပင် ဆီးရီးယားကိစ္စ ပြီးပြတ်နိုင်သည်ဟု အရာရှိများက ပြောကြားသည်။

—*Ref: Reuters*









7 DAY NEWS JOURNAL
Vol.12, No.26 • SEPTEMBER 4 , 2013

# ကွန်ဂိုသူပုန်များ ဆုတ်ခွာ

**ဂိုမာ၊ စက်တင်ဘာ-၁**

ကုလသမဂ္ဂကျောထောက်နောက်ခံ တပ်ဖွဲ့များနှင့် ရက်ပေါင်းများစွာ တိုက်ခိုက်ပြီးနောက် ကွန်ဂိုနိုင်ငံအရှေ့ပိုင်းမှ M23 သူပုန်တပ်ဖွဲ့များ ဆုတ်ခွာတော့မည်ဖြစ်ကြောင်းပြောသည်။

၎င်းတို့၏ တပ်ဖွဲ့များကို ရှေ့တန်းစခန်းများမှ သုံးမိုင်ဆုတ်ခွာထားပြီးဖြစ်ကြောင်း M23 အရာရှိမူစီဗီနီဘန်ဒူဂိုက ဘီဘီစီသတင်းဌာနအား ပြောကြားသည်။

ယင်းသို့ဆုတ်ခွာပေးလိုက်ရခြင်းဖြင့် ဩဂုတ် ၂၉ ရက်တွင် ဗုံးဆန်၊ အမြောက်ဆန်များ ရဝမ်ဒါနိုင်ငံဘက်သို့ မည်ကဲ့သို့ ကျရောက်သွားသည်ကို အမှီအခိုကင်းစုံစမ်းစစ်ဆေးမှုများလုပ်ရန် အခြေအနေကောင်းသွားပြီဖြစ်ကြောင်း သူပုန်အဖွဲ့ခေါင်းဆောင် ဘာထရန်ဘီစင်ဝါက ပြောကြားသည်။

ကွန်ဂိုစစ်တပ်က ၎င်းတို့ဘက်ကိုပစ်ခတ်ကြောင်း ရဝမ်ဒါနိုင်ငံက စွပ်စွဲထားပြီး ကွန်ဂိုနိုင်ငံက ငြင်းဆိုထားသည်။

ကွန်ဂိုနိုင်ငံကလည်း M23 သူပုန်အဖွဲ့ကို ရဝမ်ဒါက ထောက်ပံ့နေကြောင်း စွပ်စွဲထားပြီး ရဝမ်ဒါကလည်း ငြင်းဆိုထားသည်။

ကွန်ဂိုတပ်ဖွဲ့များသည် ယခင်ရက်သတ္တပတ်မှစတင်၍ ရဝမ်ဒါနိုင်ငံနှင့် နယ်စပ်ဂိုယာမြို့အနီး သူပုန်များ၏ တပ်စခန်းများကို အမြောက်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

ရဝမ်ဒါနိုင်ငံသည် ၁၉၉၀ ပြည့်နှစ်များအတွင်း ကွန်ဂိုနိုင်ငံကို နှစ်ကြိမ်တိုင်တိုင် ကျူးကျော်ခဲ့ဖူးပြီး နယ်စပ်ဒေသ၌ နှစ်ပေါင်း ၂၀ ခန့် မငြိမ်မသက်မှုများရှိခဲ့ကြောင်း သိရသည်။

*—Ref: BBC*


*မြို့တော်ဂိုမာတွင် ကွန်ဂိုအစိုးရစစ်တပ်၏ တင့်ကားတစ်စီးရှေ့မှ ကလေးချီလျက်ဖြတ်လျှောက်သွားသော အမျိုးသမီးတစ်ဦး*

CARL DE SOUZA/AFP



7DAY NEWS JOURNAL

# International

Vol.12, No.26 • SEPTEMBER 4 , 2013



PETE SOUZA/THE WHITE HOUSE/AFP

*အိုဟိုင်းယိုးပြည်နယ် ရီပက်ဘလီကန်အမတ်ဖြစ်ပြီး အောက်လွှတ်တော်ဥက္ကဋ္ဌဖြစ်သည့် ဂျွန်ဘိုနာနှင့် ဖုန်းပြောနေသော သမ္မတ အိုဘားမားကို ဒုတိယသမ္မတ ဂျိုးဘိုင်ဒန်နှင့်အတူ ဩဂုတ် ၃၁ ရက်က အိမ်ဖြူတော်ရှိ ဘဲဥပုံရုံးခန်းထဲ၌ တွေ့ရစဉ်*

## ရာသီဥတု ပြောင်းလဲမှုကြောင့် သီးနှံဖျက်ပိုးများ ကမ္ဘာတစ်ဝန်းပျံ့နှံ့

**အော်စလို၊ စက်တင်ဘာ-၁**

ရာသီဥတုပြောင်းလဲမှုသည် သီးနှံများကို ဖျက်ဆီးသော ပိုးမွှားများနှင့် အနာရောဂါများကို ကမ္ဘာတစ်ဝန်း ပျံ့နှံ့အောင် ပြုလုပ်နေသည်ဟု ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။ ကောက်ပဲသီးနှံဖျက်ပိုးများသည် အီကွေတာဒေသမှနေ၍ တစ်နှစ်လျှင် ပျမ်းမျှသုံးကီလိုမီတာနှုန်းဖြင့် ပျံ့နှံ့ပြီး တောင်နှင့်မြောက်ဝင်ရိုးစွန်းဒေသများသို့ ဦးတည်ရွေ့လျားနေသည်ဟု သုတေသနပညာရှင်များက ပြောကြားသည်။

ကမ္ဘာ့ကောက်ပဲသီးနှံ ၁၀ ရာခိုင်နှုန်းနှင့် ၁၆ ရာခိုင်နှုန်းကြားမှာ ပိုးမွှားများကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည်ဟု သုတေသနပညာရှင်များက ခန့်မှန်းကြသည်။ ကမ္ဘာ့အပူချိန်မြင့်မားလာမှုသည် ယင်းပြဿနာကို ပိုမိုဆိုးရွားစေနိုင်သည်ဟုလည်း သုတေသနပညာရှင်များက သတိပေးထားသည်။ ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးသည် လာမည့်ဆယ်စုနှစ်အနည်းငယ်အတွင်း လူသားများရင်ဆိုင်ရမည့် အဓိကစိန်ခေါ်မှုကြီးတစ်ခုဖြစ်သည်ဟု သုတေသနအဖွဲ့ခေါင်းဆောင် ဒေါက်တာဒန်ဘက်ဘာက ပြောကြားသည်။

သုတေသန ပညာရှင်များသည် အဆိုပါကောက်ပဲသီးနှံပျက်စီးဆုံးရှုံးမှုကို စုံစမ်းစစ်ဆေးရန် ပြီးခဲ့သောနှစ်ပေါင်း ၅၀ ကျော်ကတည်းက စုဆောင်းလာသော ကမ္ဘာ့တစ်ဝန်း ကောက်ပဲသီးနှံဖျက် ပိုးမွှားများနှင့် အနာရောဂါ ၆၂၃ မျိုး၏ မှတ်တမ်းများကို လေ့လာခဲ့ကြသည်။ ထိုသို့လေ့လာရာမှ ကမ္ဘာ့ကောက်ပဲသီးနှံကုန်သွယ်မှုသည် နိုင်ငံတစ်နိုင်ငံမှ တစ်နိုင်ငံသို့ ပိုးမွှားများပျံ့နှံ့မှုနှင့် အဓိကသက်ဆိုင်နေသည်ဟု သိရှိခဲ့သည်။

**စာမျက်နှာ ၄၆ »**

## ဆီးရီးယားစစ်ပွဲဆင်နွှဲမည်ဆိုပါက အသင့်ရှိစေရန် ကန်လေယာဉ်တင်သင်္ဘောအုပ်စု လမ်းကြောင်းပြောင်းခုတ်မောင်း

**ဝါရှင်တန်၊ စက်တင်ဘာ-၂**

ဆီးရီးယားနိုင်ငံအပေါ် အမေရိကန်က အကန့်အသတ်ဖြင့် တိုက်ခိုက်မှုတွင် လိုအပ်ပါက ပါဝင်ကူညီနိုင်ရန် နျူကလီးယားစွမ်းအင်သုံး လေယာဉ်တင်သင်္ဘော USS Nimitz နှင့် ယင်းနှင့်အတူ လိုက်ပါသော တိုက်ခိုက်ရေး သင်္ဘောအုပ်စုသည် ပင်လယ်နီဆီသို့ ဦးတည်ခုတ်မောင်းနေကြောင်း ကာကွယ်ရေးအရာရှိများက ပြောကြားသည်။



ဖျက်သင်္ဘောလေးစီးနှင့် ခရူဆာစစ်သင်္ဘောတစ်စီးပါဝင်သော (Nimitz) လေယာဉ်တင်သင်္ဘော တိုက်ခိုက်ရေးရေယာဉ်အုပ်စုမှာ လောလောဆယ်တွင် မြေထဲပင်လယ် အရှေ့ပိုင်းသို့ သွားရောက်ရန် တိကျသော အမိန့်ထုတ်ပြန်ချက်မပေါ်ထွက်သေးသော်လည်း အမိန့်ပေးပါက ပါဝင်ကူညီနိုင်ရန် အာရေးဗီးယားပင်လယ်အနောက်ပိုင်းတွင် ရွေ့လျားနေသည်။

“လေယာဉ်တင်သင်္ဘောပါဝင်ဖို့နဲ့ တိုက်ခိုက်ရေးရေယာဉ်အုပ်စုရဲ့ စွမ်းရည်လိုအပ်တယ်ဆိုရင် အဆင်သင့်ဖြစ်အောင် ပြင်ဆင်ထားခြင်းပါပဲ”ဟု ကာကွယ်ရေးအရာရှိက ပြောကြားသည်။ “အချိန်နဲ့ နေရာ လျှော့ချဖို့ ကျွန်တော်တို့ကြိုးစားပါတယ်။

**စာမျက်နှာ ၄၆ »**

## ပေါ်တူဂီနိုင်ငံတွင် တောမီးများ ထပ်မံလောင်ကျွမ်း

**လစ္စဘွန်း၊ စက်တင်ဘာ-၂**

ထိန်းချုပ်နိုင်ခဲ့ပုံပေါ်သော ပေါ်တူဂီနိုင်ငံရှိ တောမီးလောင်ကျွမ်းမှုသည် စက်တင်ဘာ ၁ ရက်တွင် ထပ်မံလောင်ကျွမ်းခဲ့ပြီး နိုင်ငံအလယ်ပိုင်းနှင့် မြောက်ပိုင်းသို့ မီးသတ်သမား ၇၀၀ ခန့် စေလွှတ်ခဲ့ရသည်။

ယင်းမီးသတ်သမားများကို ပြင်သစ်နှင့် ခရိုအေးရှားလေယာဉ်ပျံများဖြင့် အကူအညီပေးခဲ့သည်။ ပိုတိုခရိုင် ဂွန်ဒိုမာမြို့ရှိ တောမီးလောင်ကျွမ်းမှုကို ပေါ်တူဂီစစ်တပ်မှ

**စာမျက်နှာ ၄၆ »**



ဂျာနယ် မျက်နှာဖုံး မှ

# ပုဒ်မ ၁၈ ဂယက်

ပုဒ်မ ၁၈ ပယ်ဖျက်ရန် ကန့်ကွက်မှုများအားကောင်းလာချိန်မှာ ဆန္ဒဖော်ထုတ်သူများကို ယင်းပုဒ်မ ၁၈ ဖြင့်ပင် အရေးယူခဲ့သည်။

စစ်အာဏာရှင်စနစ်မှ အသွင်ကူးပြောင်းနေသော မြန်မာနိုင်ငံတွင် အဆိုပါငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဥပဒေသည် ဒီမိုကရေစီစံနှုန်းများနှင့်ကိုက်ညီခြင်းရှိ၊ မရှိ မေးခွန်းထုတ်စရာ ဖြစ်လာသည်။

"ပြတင်းပေါက်ဖွင့်ပေးပြီးမှ သံဆန်ခါပြန်တပ်သလိုဖြစ်နေတယ်။ ပုဒ်မ ၁၈ က ဒီမိုကရေစီစံနှုန်းနဲ့လည်း မညီဘူး၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ အနှစ်သာရနဲ့လည်း ဆန့်ကျင်တယ်"ဟု ပြည်သူ့လွှတ်တော်တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ အတွင်းရေးမှူးဦးဝင်းမြင့်က ထောက်ပြပြောဆိုသည်။

နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး (သို့မဟုတ်) ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့်ဥပဒေများနှင့် မဆန့်ကျင်လျှင် လက်နက်မပါဘဲ ငြိမ်းချမ်းစွာ စုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်ရှိသည်ဟု ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၅၄ တွင်ဖော်ပြထားသည်။

၂၀၁၁ ခုနှစ်က အတည်ပြုပြဋ္ဌာန်းခဲ့သော ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဥပဒေပုဒ်မ ၁၈ တွင်မူ "ခွင့်ပြုမိန့်မရှိဘဲ ငြိမ်းချမ်းစွာစုဝေးစီတန်း လှည့်လည်ကြောင်း ပြစ်မှုထင်ရှား စီရင်ခံရလျှင် တစ်နှစ်ထက်မပိုသည့် ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်"ဟု ပါရှိသည်။

"ဖွဲ့စည်းပုံအခြေခံဥပဒေကို တောင်မယုံကြည်ရဘူးလား၊ မလိုက်နာနိုင်ဘူးလား။ နိုင်ငံသားတိုင်း ရပိုင်ခွင့်အရ လွတ်လပ်စွာ စုဝေးဆန္ဒဖော်ထုတ်ခွင့်ရှိတယ်"ဟု ပုဒ်မ ၁၈ ဖြင့်တရားစွဲဆိုခြင်းခံထားရသော မျိုးဆက်သစ်လူငယ်များအဖွဲ့ (GY)မှ ကိုစည်သူက ဝေဖန်ပြောဆိုသည်။

ငြိမ်းချမ်းစွာစုဝေးလှည့်လည်ခွင့် တရားဝင်ရရှိရန်တင်ခွင့်ပြုမိန့်ကြိုတောင်းခံရာတွင်လည်း အခက်ခဲများကြုံတွေ့နေရသည်ဟု တက်ကြွလှုပ်ရှားသူများကဆိုသည်။ လှည့်လည်ဆန္ဒဖော်ထုတ်ခွင့်ရရှိရန် သက်ဆိုင်ရာမြို့နယ် ရဲတပ်ဖွဲ့မှူးထံသို့ အချက်အလက်ပြည့်စုံစွာဖြင့် အနည်းဆုံး ငါးရက်ကြိုတင် ခွင့်ပြုမိန့်တောင်းခံရမည်ဟု ငြိမ်းချမ်းစွာ စုဝေးစီတန်းလှည့်လည်ခွင့်ဥပဒေက ပြဋ္ဌာန်း ထားသည်။

"ခွင့်ပြုမိန့်ကြိုတောင်းတယ်။ ပယ်ချတယ်။ အယူခံဝင် ပြောတယ်။ မပေးချင်ရင်အကြောင်းအမျိုးမျိုးပြရှေ့တယ်"ဟု ဒီမိုကရေစီအင်အားစုမှဦးသန်းဆွေက ခွင့်ပြုမိန့်ရရှိရန် ကြန့်ကြာပုံကို ဝေဖန်ထောက်ပြသည်။

ဆန္ဒဖော်ထုတ်ခွင့်တောင်းဆိုသောပြည်သူများဘက်က စီတန်းလှည့်လည်ခွင့် ဥပဒေပါ သတ်မှတ်ချက်အတိုင်း ဆောင်ရွက်ရန် အားနည်းနေသည့် အတွက် ခွင့်ပြုမိန့်ပေးရန် အခက်အခဲများရှိသည်ဟုလည်း တာဝန်ရှိသူများကဆိုသည်။

"တချို့က တစ်မိုင်ခရီးလမ်းလျှောက်ဆန္ဒဖော်ထုတ်ဖို့ ခွင့်ပြုချိန် နံနက် ၆ နာရီက ည ၆ နာရီတောင်းတယ်။ ဒါအဓိပ္ပာယ်မရှိဘူး။ တချို့ဆိုသတ်မှတ်ပုံစံမှာပါတဲ့ အချက်တွေမပါဘူး။ ဒါဆိုလက်မခံနိုင်ဘူးပြန်ပြောရတယ်"ဟု ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ရဲအုပ်တစ်ဦးကဆိုသည်။

တာဝန်ရှိအဖွဲ့အစည်းများကမူ ယခုကဲ့သို့ ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းဆဲကာလတွင် နိုင်ငံသားတိုင်းသည် ဥပဒေကိုလေးစားလိုက်နာရန်လိုအပ်ပြီး စည်းကမ်းနှင့်အညီသာ ဆန္ဒဖော်ထုတ်သင့်သည်ဟု တုံ့ပြန်သည်။

"ခွင့်ပြုမိန့်မတင်ဘူး၊ ဒါဆိုရင် ရဲတပ်ဖွဲ့ရဲ့ လုပ်ငန်းအရခွင့်မလွှတ်နိုင်ပါဘူး။ သတ်မှတ်ပုံစံမှာပါတဲ့အချက်အလက်တွေပြည့်စုံရင် ခွင့်ပြုမိန့်ပေးပါတယ်။ ဒါပေမဲ့ ဆန္ဒဖော်ထုတ်ရာမှာ အများနဲ့ဆိုင်တာပဲ ဖြစ်ရမယ်။ ပုဂ္ဂိုလ်တစ်ဦးချင်း မတိုက်ခိုက်ရဘူး။ စည်းကမ်း ရှိရမယ်။ ဥပဒေနဲ့ညီရင် ခွင့်ပြုပေးပါတယ်။ ပြီးရင် ငြင်းပယ်ခံရရင် အယူခံတက်ခွင့်ရှိပါတယ်"ဟု လက်ပံတောင်းတောင်စီမံကိန်း လုံးဝဖျက်သိမ်းရေးဆန္ဒဖော်ထုတ်မှုများကို အမြဲကိုင်တွယ်ဖြေရှင်းနေရသောမုံရွာခရိုင်ရဲမှူးကြီး တင်ထွန်းက ရှင်းပြပြောဆိုသည်။

ထို့ပြင် အချို့ဆန္ဒဖော်ထုတ်မှုများတွင် အများပြည်သူ ပတ်ဝန်းကျင်ကို အနှောင့်အယှက်ဖြစ်စေခြင်း၊ ရပ်ရွာတည်ငြိမ်အေးချမ်းရေးကို ထိခိုက်စေသည့်အပြုအမူများကိုလည်း မြင်တွေ့နေရသည်ဟု ရဲမှူးကြီးက ပြောသည်။

ဥပဒေပညာရှင်များကမူဆန္ဒဖော်ထုတ်ရန် မြို့နယ်တပ်ဖွဲ့မှူးခွင့်ပြုမိန့်စောင့်ရမည်ဆိုခြင်းသည် ဥပဒေတို့၏ ပင်မကျောရိုးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြက်ရယ်ပြုနေခြင်းပင် ဖြစ်သည်ဟု ဝေဖန်ထောက်ပြကြသည်။

"ဥပဒေအထက်မှာ မည်သူမှမရှိစေရတဲ့။ ဖွဲ့စည်းပုံအခြေခံဥပဒေအထက်မှာ မြို့နယ်မှူးရောက်နေတယ်။ လုံးဝမရှိသင့်ဘူးလို့ပြောချင်တယ်"ဟု ရှေ့နေဦးခင်ဇော်(မရမ်းကုန်း)ကဆို သည်။

ထို့ပြင် စီတန်းလှည့်လည်ခွင့်ဥပဒေပါပြဋ္ဌာန်းချက်များအရ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့ကို လုပ်ပိုင်ခွင့်အပြည့်အဝပေးအပ်ထားခြင်းကိုလည်း ကန့်ကွက်သူများက ထောက်ပြကြသည်။ ယင်းဥပဒေတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးသည် အုပ်ချုပ်ရေးမှူးအတည်ပြုချက်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်းပြုလုပ်နိုင်သည်ဟု ဖော်ပြထားသည်။

ဒီမိုကရေစီစနစ်ကို ကျင့်သုံးနေသောနိုင်ငံများတွင်လည်း နိုင်ငံသားတို့ရပိုင်ခွင့်အရ လွတ်လပ်စွာဆန္ဒဖော်ထုတ်ခွင့်ကို အပြည့်အဝပေးအပ်ထားသည်။

"ဒီမိုကရေစီနိုင်ငံတွေမှာဆိုရင်လည်း ဒီလိုမရှိပါဘူး။ စီတန်းလှည့်လည်ခွင့်ပေးထားတယ်။ ဒါမှဥပဒေချိုးဖောက်ရင် အဲဒီဥပဒေနဲ့အရေးယူတယ်"ဟု ဦးဝင်းမြင့်က သုံးသပ်ပြောဆိုသည်။

ခွင့်ပြုမိန့်တောင်းခံစောင့်ဆိုင်းရခြင်းသည် ဒီမိုကရေစီစနစ်နှင့်မကိုက်ညီဘဲ အာဏာရှင်စနစ်၏ အမွေဆိုးများကို ဆက်လက်ကျင့်သုံးနေခြင်းပင်ဖြစ်သည်ဟုလည်း သုံးသပ်သူများကဆိုသည်။

"ဘယ်ဒီမိုကရေစီနိုင်ငံမှမရှိဘူး။ ဒီမှာပဲတီထွင်ပြီး ပြဋ္ဌာန်းထားတာ"ဟု ဦးခင်ဇော်က ထောက်ပြသည်။

အာဏာရှင်စနစ်မှဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းနေသော မြန်မာနိုင်ငံတွင်မူ ပုဒ်မ ၁၈ အပေါ် ဝေဖန်ကန့်ကွက်မှုများရှိနေသည့်ကြားမှ မိမိတို့၏နစ်နာချက်များကိုငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်ရန် ခွင့်ပြုမိန့်ကြိုတင်တောင်းခံနေရမြဲ။ ခွင့်ပြုမိန့်ကျမည့်ရက်ကို စောင့်ဆိုင်းနေရဆဲ။ ပုဒ်မ ၁၈ ဖြင့် ဖမ်းဆီးအရေးယူမှုများဆက်တိုက်ဖြစ်ပွားနေဆဲပင်ဖြစ်သည်။

လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသော အဖွဲ့အစည်းများစာရင်းအရ ပုဒ်မ ၁၈ ဖြင့်ဖမ်းဆီးအရေးယူခံရမှုပေါင်းမှာ ဩဂုတ်လကုန်အထိ အမှုပေါင်း ၁၄၀ ခန့်ရှိနေပြီဖြစ်သည်။

တစ်နိုင်ငံလုံးတွင် ပုဒ်မ ၁၈ ဖြင့် ဖမ်းဆီးအရေးယူခဲ့သော အမှုပေါင်းကို သိရှိနိုင်ရန် ပြည်ထဲရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရဲချုပ်ရုံးများသို့ 7Day News က ဆက်သွယ်မေးမြန်းခဲ့သည်။ သို့ရာတွင် တယ်လီဖုန်းရှစ်လုံးအဆင့်ဆင့်လွှဲပြောင်း ပေးသော်လည်း တာဝန်ယူ ဖြေကြားမည့်သူမရှိခဲ့ပေ။

ဝေဖန်ကန့်ကွက်မှုများကျယ်လောင်နေသောပုဒ်မ ၁၈ နှင့်ပတ်သက်ပြီး ဆွေးနွေးရန် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်က ပြီးခဲ့သည့်ဖေဖော်ဝါရီလ ၂၇ ရက်က အဆိုတင်သွင်းခဲ့သည်။ သို့သော် ယခုအချိန်ထိတော့ပြည်သူ့အသံ တို့အသံဆိုသည့် လွှတ်တော်တွင်ပုဒ်မ ၁၈ ကိုဆွေးနွေးပြောဆိုခြင်းမရှိသေးပေ။

တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါ် အောင်ဆန်းစုကြည်ကလည်း ငြိမ်းချမ်းစွာစီတန်း လှည့်လည်ခွင့်ဥပဒေကိုပြန်လည် သုံးသပ်နိုင်ရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် လွှတ်တော်သို့ တင်သွင်းမည်ဖြစ်သည်။

ဥပဒေအချို့နှင့် စည်းမျဉ်းစည်းကမ်းအချို့သည် လိုအပ်ချက်များ ရှိနေသောကြောင့် တရားမဝင် ဆန္ဒပြမှု အခြေအနေများထိ အောင် ရောက်ရှိသွားခြင်းဖြစ်သည်ဟုဩဂုတ်လနှောင်းပိုင်းက ပြောကြားထားခဲ့သည်။




*ပုဒ်မ ၁၈ ပယ်ဖျက်ပေးရန် ပုဒ်မ ၁၈ ဖြင့် အရေးယူခံထားရသူများက ဩဂုတ် ၂၇ ရက်တွင် ရန်ကုန်မြို့၌ ဆန္ဒပြနေစဉ်*

ဓာတ်ပုံ- ကျော်ဇင်သန်း